www.burmeseclassic.com

ရွှေပဒေသာစာပေ

# ကြယ်စင်မှူးဝေ

# ပန်းတွေပြိုတဲ့ရာသီ



(အချစ်လုံးချင်းဝတ္ထု)

ဒုတိယအကြိမ်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - | ဒုတိယအကြိမ်၊ ၂၀၁၅၊ ဇန်နဝါရီ၊ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက်၊ အမှတ် (၃၃)၊ ကျိုတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် (၃၃)၊ ကျိုတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | - | ၁၄၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

ကြယ်စင်မှူးဝေ ၈၉၅.၈၃

ဝန်းတွေပြိုတဲ့ရာသီ /ကြယ်စင်မှူးဝေ။ – ရန်ကုန်

ရွှေဥစာပေ ၊ ၂၀၁၅ ။

၂၁၂ – စာ ၊ ၁၂.၃ x ၁၈ စင်တီ ။

(၁) ဝန်းတွေပြိုတဲ့ရာသီ


BURMESE CLASSIC

# ကြယ်စင်မှူးဝေ

# ဝန်းတွေပြိုတဲ့ရာသီ

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူရဲ့
ရက်စက်ကြမ်းရှမှုကြောင့်
စကြဝဠာတစ်ခိုလုံး
ဝတ်မှုန်တွေ တလက်လက်ကြွေလွင့်----
ပန်းကလေးတွေရဲ့ မျက်ရည်ပွင့်တွေ
ပင်လယ်ကြီး ဖြစ်သွားခဲ့ပြီ။ ။

## အခန်း(၁)

ခမ်းနားလှပသည့် ညှော်ခန်းဆောင်ကြီးထဲမှာ တစ်ယောက်တည်း [illegible]တွေပြန်ရင်းဖြင့် 'ခင်သတိုး' ရင်တွေ တုန်နေသည်မှာ စာမရသည့် [illegible]လေးတစ်ယောက် စာမေးပွဲကို ကြောက်သည့်နှယ်။

ကြည့်စမ်း! အဖော်မရှိ ဘာမရှိနှင့် သည့်နေရာရောက်အောင် [illegible] ဘယ်လိုသတ္တိတွေနှင့်များ လာခဲ့မိပါလိမ့်။ ယခုတော့ ခင်သတိုး [illegible]ည် လေအေးစက် ပေးထားသည့် သည့်ခန်းမဆောင်ကြီးထဲက မီးနိုး[illegible]ခိုင်ဆိုဗာ မှိုင်းမှိုင်းအိအိကြီးများပေါ်မှ ဒူးနှစ်လုံးကလည်း ငှက်ဖျားတက်[illegible]မည့်နှယ်။

ပေါ်လီယာနာအတွေးများဖြင့် ခင်သတိုး ကိုယ့်အဖြစ်ကိုယ် တိတ်[illegible]ချရင်း တစ်လှာစီ တစ်ဖတ်စီ ဆန်းစစ်၊ မေးခွန်းထုတ်နေမိပြန်[illegible] ငါ ဘာလို့ ဒီလောက်ကြောက်နေရတာလဲ။ သည့်ခန်းမဆောင်[illegible]က သည့်အိမ်ကြီးက ခန်းနား၊ ဆန်းပြားလွန်းလို့လား။ သည့်ပေးခွန်း[illegible] ခင်သတိုး ဖြေကြည့်လိုက်သည်။

www.burmeseclassic.com



ဟင်း! သည်လိုအိမ်မျိုးထက် ကောင်းတဲ့အိမ်တွေ ကမ္ဘာပေါ်မှာကို အများကြီး။ သူမတို့တိဗွီက တရုတ်ဇာတ်လမ်းတွဲတွေမှာ ဗီဒီယိုတွေထဲမှာ သိပ်ပြီးခမ်းနားတဲ့အိမ်ကြီးတွေ မြင်ဖူးကြည့်ဖူးနေရတာပဲ မဟုတ်လား။ ဘာများဆန်းလို့လဲ။

သည်လိုတွေးလိုက်တော့ သည်မေးခွန်းက ခင်သတိုးအဖို့ လွယ်ကူစွာ ဖြေပြီးဖြစ်သွားသည်။ ကဲ! နောက်မေးခွန်း တစ်ခု။

သူမ ယခုလိုကြောက်နေရတာ လျှောက်ထားတဲ့အလုပ် မရမှာစိုးလို့လား။ ဤမေးခွန်းကိုလည်း ခင်သတိုး ခေါင်းခါလိုက်ပါသည်။ အစကတည်းက ပုလဲနီက ပြောလိုက်ပြီးသား။

"နင် ကမ္ဘာပေါ်မှာ ဇိမ်အကြောင်းဆုံး၊ သဝန်အကြောင်းဆုံး မိန်းမတစ်ယောက်နဲ့ သွားတွေ့ရမယ်။ ကံကောင်းရင် လစာကောင်းကောင်းနဲ့ အဲဒီကလေးထိန်းအလုပ်ဆိုတာကြီးကို ရမယ်။ ငါသာဆိုရင် ခြသော့ပါးစပ်ထဲသာ ခေါင်းထိုးဝင်လိုက်တယ်၊ အဲဒီမိန်းမကြီးနဲ့တော့ မျက်နှာချင်းမဆိုင်ချင်ဘူး"

ကဲ! သည်တော့ အဲဒီအလုပ်ဆိုတာ ရလည်း အမြတ်။ မရလည်း အရင်းပေါ့နော်။

သည်လိုတွေးလိုက်မိမှ ခင်သတိုး အသက်ရှူတွေဘာတွေ မှန်မှန်ဖြစ်သွားပြီး လူလည်း ဆိုဖာပေါ်မှာ ကျကျနနထိုင်နိုင်သွားတော့သည်။ အင်း. . . သူဌေးဆိုတဲ့လူတန်းစားတွေဟာ တော်တော်ကြီးကျယ်ကြတာပဲနော်။ ဘယ်နေရာမှာ ဘာတွေလုပ်နေကြသည်မသိ။ ခင်သတိုး သည်အခန်းထဲမှာ ထိုင်စောင့်နေရတာ နာရီဝက်တိတိရှိပြီဖြစ်ပေမယ့် 'ခဏထိုင်ဦးနော် အစ်မ၊ ကျွန်မ အန်တီယမင်းကို သွားအကြောင်းကြားပေးလိုက်ဦးမယ်' ဆိုသည့် အိမ်ဖော်မလေးကလည်း ပြန်ပေါ်မလာတော့ပါ။



သည်ကနေ့ သည်အိမ်သားတွေ သူမဆီ လာတွေ့မှ တွေ့ကြပါဦးမည်လား။ တစ်ယောက်တည်း ရင်ထဲမှာ ပူလိုက်ချမ်းလိုက် ဖြစ်နေရာမှ စိတ်သက်သာလို သက်သာငြား ခင်သတိုးမှာ ဧည့်ခန်းဆောင်မကြီးတစ်ခုလုံးကို မျက်စိထဲမှတ်မိအောင် လိုက်ကြည့်နေမိပြန်သည်။

ရှင်ဘုရင့်ပုဆိုး ပိုးချည်းပဲဆိုသလို၊ ဧည့်ခန်းတစ်ဆောင်လုံးမှာ အရောင်အဝါတွေ ဖိတ်လက် တောက်ပလွန်းပါ၏။ ခင်သတိုးက တောရွာသူမို့ ဘာတွေ ဘယ်လောက်တန်မှန်းမသိပေမယ့် ခင်းထားသည့် ကော်ဇောကြီးကအစ၊ စိတ်ဝင်စားဖို့ကောင်းတာတော့ သူမ သိပါသည်။

သို့သော် ဘာကြောင့်မသိ၊ တစ်ခန်းမလုံး မီးနီးရောင်မှိုင်းမှိုင်းကြီးတွေ သုံးထားတာကိုတော့ ခင်သတိုး ဘဝင်မကျ။ လှပခမ်းနားလွန်းပေမယ့် သူမစိတ်ထဲ တစ်မျိုးကြီးခံစားနေရသည်။ နေရတာ မသိုးမသန့်ရှိလှပါဘိ။ တကယ်ဆို အခြားအရောင်လှလှလေးတွေ သုံးပါတဲ့လား။

အင်း. . . သူမ၏မှတ်ချက်ကိုသာ ကမ္ဘာပေါ်မှာ ဇိမ်အကြောင်းဆုံးဆိုသည့် ဤအိမ်မှုမိန်းမ ကြားသွားပါက၊ ခင်သတိုး အလုပ်ရမှာ မဟုတ်တော့ပါချေ။ သို့သော် မတတ်နိုင်။ ကြည့်ပါလား. . . စားပွဲပေါ်မှာ အလှပန်းအိုးထိုးထားပုံကအစ စိတ်ရောဂါသည် ဆန်လှချည့်။ ကြံကြံဖန်ဖန် အမည်းဝေဆာနေအောင် ထိုးပဲထိုးထားတတ်ပါပေ၏။

အခန်းထောင့်မှ စန္ဒယားကြီးကလည်း တကယ့်အညှိရင့်ရောင်၊ သွားစမ်းပါ. . . ခေတ်လည်း မရှိတော့။

"ဟိတ်! ဘာတွေလျှောက်ကြည့်နေတာလဲ၊ စပ်စုတာ ငါမကြိုက်ဘူးနော်။ ပြောထားပါပေရဲ့. . . ဒီအိမ်မှာနေရင် ငါ့စကားကို တစ်သွေ

www.burmeseclassic.com



မတ်မဲ့ နားထောင်နိုင်မှ''

"အမေ့!"

နားနားသို့ ကပ်အော်လိုက်သလို စူးရှသည့်အသံတစ်ခုကြောင့် တစ်ခန်းလုံးကိုကြည့်နေမိသည့် ခင်သတိုးမှာ လန့်ဖြန့်တုန်ခါသွားမတတ်။ အသံရှင်ကို ခင်သတိုး မရဲတရဲလှည့်ကြည့်လိုက်တော့ ခေတ်မီစွာ ဝတ်စားဆင်ယင်ထားသည့် အသက်လေးဆယ်ခန့် မိန်းမချောတစ်ဦးကို တွေ့လိုက်ရသည်။

ပုလဲနီပြောသော. . .ကမ္ဘာပေါ်မှာ သဝန်အကြောင်းဆုံး၊ စိတ်အကြောင်းဆုံးဆိုတဲ့မိန်းမကို ခင်သတိုး တွေ့ရချေပြီ။ သူမက ခင်သတိုးရှေ့မှ ဆိုဖာကြီးပေါ်တွင် ညင်သာစွာ ဝင်ထိုင်လိုက်သည်။ ယခုတိုင် တောက်ပ ရွှန်းလက်ဆဲ မျက်ဝန်းများဖြင့် သူမက ခင်သတိုးကို အကဲခတ်ခဲ့သည်။ သူမ၏လက်ထဲမှာလည်း ခင်သတိုး လျှောက်ထားသည့် အလုပ်လျှောက်လွှာစာရွက်များကို ကိုင်ထားချေ၏။

''နာမည်က ခင်သတိုးနော်၊ အီးမေးလ်နဲ့ ဘွဲ့ရထားတယ်ဆိုတော့၊ ဘာအမိပ္ပာယ်တဲ့လဲ။ ဘာလဲ. . .စတန့်ထွင်တာလား''

''ရှင်!''

''ဖြေပါ. . .အားမနာပါနဲ့၊ ရွှေယမင်းတို့က ကိုယ်ပြတ်သားသလို သူများကိုလည်း ပြတ်သားမှုကြိုက်တယ်''

ခင်သတိုးသည် ကမ္ဘာကျော် 'ရွှေယမင်း'နှင့် တွေ့နေသည်မှာ အမှန်ပင်ဖြစ်တော့သည်။ သည်ကလည်း ခင်သတိုးပေမို့ အမှန်တရားကို ဘာမပြောရဲစရာရှိမည်နည်း။ သူမ ရဲရင့်စွာ ရင်ဆိုင်လိုက်သည်။

''ဒီလိုရှိပါတယ် အန်တီ၊ အီးမေးလ်နဲ့ ဘွဲ့ရထားတယ်ဆိုပေမယ့်





ကျွန်မမှာ ဘာအဆက်အသွယ်မှမရှိလို့ အလုပ်မရသေးပါဘူး။ သင်တန်းတွေ လျှောက်ဖြည့်တက်ဖို့လည်း ကျွန်မမှာ အချိန်မပေးနိုင်တော့ဘူး။ မြို့ပြန်ပြီး ကျူရှင်ဖွင့်စားရအောင်ကလည်း ကျွန်မ ဝင်တိုးစရာ နေရာကို မရှိတော့ဘူးလေ။ အိမ်မှာကလည်း ငွေရေးကြေးရေး ကျပ်တည်းလှပါပြီ။ မေမေ့မှာ ကြွေးမှ ကြွေးအေး ကြွေးအသေး အကြီးတွေကလည်း''

"တော်ပါပြီ. . .တော်ပါပြီ. . .ဒီလောက်ဆို လုံလောက်ပါပြီ။ မင်းထိန်းရမယ့် ကလေးရဲ့ရာဇဝင်ရော ဘယ်လောက်သိထားသလဲ''

"ရှင်!"

ကလေးဟာ ကလေးပဲပေါ့။ မဟုတ်ဘူးလား။ သို့သော် ဒေါ်ရွှေယမင်း၏မေးခွန်းကြောင့် ခင်သတိုး တော်တော်ကြောင်သွားခဲ့သည်။ သူမ ဒေါ်ရွှေယမင်းကို နားမလည်သည့်မျက်ဝန်းဖြင့် ပြူးကြည့်နေမိတော့သည်။

"ဒီလိုပါ. . .ကိုယ်ပြောတဲ့အဓိပ္ပာယ်က မင်းကို ကိုယ်တို့ မလိမ့်တပတ်လုပ်တယ်ဆိုတဲ့အဖြစ်မျိုး မရောက်ချင်လို့ပါ။ ကလေးနာမည်က 'ရွှေစင်မြင့်ခေါင်'တဲ့''

"ရွှေစင်မြင့်ခေါင်''

ဒေါ်ရွှေယမင်းစကားကို ပဲ့တင်သံပြုရင်း ခင်သတိုး၏မျက်ဝန်းများ စိတ်ဝင်စားမှုကြောင့် လက်ဖြာသွားခဲ့သည်။

"ဟုတ်တယ်. . .ရွှေစင်မြင့်ခေါင်၊ ကလေးက မိန်းကလေး၊ အသက်က ရှစ်နှစ်ရှိပြီ။ ပြီးတော့ အရမ်းဆိုးတယ်။ ဘယ်တော့မှ ကလေးထိန်း မမြဲဘူး။ သူ့ကိုသည်းခံနိုင်ရင် အလွန်ဆုံး နှစ်လပဲ၊ တို့မှာ သူ့ကြောင့် အမြဲအလုပ်ရှုပ်ရတယ်။ ကိုယ်က မင်းသိအောင် ကြိုပြောထား



www.burmeseclassic.com

www.burmeseclassic.com



တာနော်။ မင်းစိတ်ပျက်သွားဖို့ ပြောတာမဟုတ်ဘူး"

"ဩော်. . . ဒါကြောင့် ကလေးထိန်းလခက တစ်လ ငါးသောင်း ဖြစ်နေတာကိုး"

ခင်သတိုး တီးတိုးစွာ ညည်းတွားမိသည်။

"အခု ခဏခဏ ကလေးထိန်းရှာမပေးနိုင်ဘူး၊ အကြောင်းစုံ ပြောထားပါလျက်နဲ့ မင်းစိတ်ဝင်စားသေးတယ်ဆိုရင် ဒီအလုပ်ကို အနည်းဆုံး ခြောက်လစာချုပ် ချုပ်ရမယ်။ ငွေလည်း တစ်ခါတည်းပေးလိုက်မယ်။ ဘယ့်နှယ်လဲ. . . စဉ်းစားဦးမလား"

တကယ်က သည်သတင်းတွေကို ခင်သတိုး ပုလဲနီထံမှ အနည်းအပါး ကြားပြီးဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပုလဲနီနှင့်သူမသည် အဆောင်တစ်ခုတည်းမှာ အတူနေကြသည့်အပြင် ပုလဲနီသည် ဦးမြင့်ခေါင်၏ အတွင်းရေးမှူးတစ်ယောက်လည်းဖြစ်သည် မဟုတ်ပါလား။ သို့သော် အသေးစိတ်အချက်အလက်များကတော့ သည်ရောက်မှ သိရခြင်း ဖြစ်ပါသည်။

"ကလေးကို ကျွန်မ ကြည့်ခွင့်ရမလား"

"မရဘူး. . . ကလေးက အိမ်မှာမရှိဘူး။ သူ့မိခင်ဘက်က အဘိုးအဘွားဆီ အလည်သွားတယ်၊ မနက်ဖြန်မှ ပြန်လာလိမ့်မယ်။ ခင်သတိုး စိတ်မနိုင်ရင်လည်း ပြန်သွားပါ၊ တို့ နောက်တစ်ယောက် ရှာလိုက်မယ်"

ရွှေယမင်း၏ ခပ်တင်းတင်းစကားကြောင့် ခင်သတိုး ဆတ်ခနဲ တုန်လှုပ်ရသည်။ သူမ မေမေ့မျက်နှာညှိုးညှိုးလေးကို ပြေးပြီးမြင်ယောင်လိုက်ပါ၏။ မေမေ့မှာ အကြွေးတွေ ဝိုင်းနေသည်။ ကလေးဟာ ကလေးလောက်ပဲ ဆိုးမှာပေါ့။ သူမ တွေဝေနေလို့မဖြစ်။





"လုပ်မယ်. . . ကျွန်မ လုပ်ပါ့မယ်၊ အန်တီ့စည်းကမ်းချက်တွေ အားလုံးကို ကျွန်မ လိုက်နာပါ့မယ်"

"ကောင်းပြီ. . . အခု ငွေချေမယ်၊ စာချုပ်ချုပ်မယ်၊ နောက် မင်းကိုပြောထားချင်တာ တစ်ခုရှိတယ်၊ ကိုယ့်ကို 'အန်တီ'လို့ မခေါ်နဲ့၊ 'မမကြီး' လို့ပဲခေါ်ပါ"

"ဟုတ်ကဲ့. . . ကျွန်မ မှတ်ထားပါ့မယ်"

"နောက်တစ်ချက်. . . သည်အိမ်မှာနေရင် ဟိုပါ သည်ပါ ဟိုစပ်စု သည်စပ်စု. . . မလုပ်ပါနဲ့။ ကိုယ့်အလုပ်ပဲ ကိုယ် ကျေပွန်အောင် လုပ်ပါ။ မင်းအလုပ်က ရွှေစင်မြင့်ခေါင်ကို ထိန်းကျောင်းဖို့တစ်ခုပဲ"

ဒေါ်ရွှေယမင်း၏ ခပ်တင်းတင်းစကားများကို နားထောင်ရင်း ခင်သတိုးရင်ထဲ တင်းကျပ်လာသလို ခံစားရသည်။ သို့သော် သူမ ခေါင်းညိတ်ပြလိုက်ပါသည်။ ဘာမဖြစ်နိုင်စရာရှိမလဲ။

"ကောင်းပြီ. . . ဒါဆို မနက်ဖြန် နံနက်ရှစ်နာရီကစပြီး အလုပ်ဝင်ရမယ်"

မည်သို့ပင်ဖြစ်စေ၊ ဒေါ်ရွှေယမင်း ပြသောစာချုပ်မှာ ခင်သတိုး လက်မှတ်ထိုးပြီး ခြောက်လစာ ငွေသုံးသိန်းကို ထုတ်ယူခဲ့မိပါချေပြီ။

ဤသို့ထုတ်ယူခဲ့မိခြင်းကြောင့် ခင်သတိုးဘဝမှာ မျက်ရည်ပွင့်တွေ ပင်လယ်ကြီးလောက် ကြွေကျရတော့မည်ဆိုတာကိုတော့ သူမ မတွေးမိခဲ့ပါချေလေ။

◙◙◙



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

နံနက်ရှစ်နာရီမှ စတင်ပြီး အလုပ်ဝင်ခဲ့သော်လည်း ရွှေစင်မြင့်ခေါင်ကို ယခုထိ ခင်သတိုး မတွေ့ရသေး။ ကလေးက ယခုထိ သူ့အဘိုးအဘွားများထံမှ ပြန်မလာသေးပါ။ ဒေါ်ရွှေယမင်းက သည်အိမ်မှာနေလျှင် စပ်စပ်စုစုမလုပ်ပါနှင့်ဆို၍ ခင်သတိုး မစပ်စုရဲပါ။ ထို့ကြောင့် ရွှေစင်မြင့်ခေါင်၏ အဘိုးအဘွားတွေ ဘယ်မှာနေသလဲ၊ ကလေး၏မိခင်ဖြစ်သူ အဘယ်ကြောင့် ရုတ်တရက် ဆုံးပါးသွားရသလဲ. . . ဆိုတာတွေ ခင်သတိုး မသိရပါသေး။

ကြီးမားကျယ်ဝန်းသော နှစ်ထပ်တိုက်ကြီး၏ အဆောင်ဆောင် အခန်းခန်းတွေကြားမှာ လူတွေ ဘယ်နှယောက် နေကြသလဲ။ ရဲတိုက်ကြီးနှယ် အဆောက်အအုံကြီး၏အငွေ့အသက်တွေကို မသိုးမသန့်ရှူရှိုက်ရင်း 'ငါ အလုပ်လက်ခံမိတာ မှားသွားပြီလား'ဟု ခင်သတိုး နောင်တရချင်ချင်။ သို့သော် ငွေများကိုလည်း မေမေ့ထံသို့ လူကြုံနှင့်ပို့ပြီးဖြစ်သလို သူမကလည်း ဤအိမ်သို့ အထုပ်အပိုးများနှင့် ရောက်ရှိလာခဲ့ပြီးဖြစ်သည်။





အလို! ခင်သတိုးဆိုတာ ဘယ်အလုပ်ကိုပဲဖြစ်ဖြစ် တွေဝေ တွန့်ဆုတ်တတ်သူမဟုတ်ပါဘဲနှင့် ယခုမှ ဘာဖြစ်နေရတာတဲ့လဲ။ မိမိကိုယ်ပြန်လည်ရှုံ့ချပြီးနောက် ခင်သတိုး ခေါင်းမော့ ရင်ကော့လိုက်သည်။ ကိုသွင်းလိုက်တာပေါ့။ ဟုတ်တယ်. . . သူမသည် ယုန်ကလေးတစ်ကောင်လို နူးညံ့သိမ်မွေ့သော်မှ အသည်းနှလုံးကတော့ မာကျော နိုင်ကျည်ခဲ့သူဖြစ်သည်။ အရာရာကို ရဲရင့်စွာ ရင်ဆိုင်လိုက်မှာပေါ့။

ယခုမှ ခင်သတိုး နေလို့ထိုင်လို့ကောင်းသွားခဲ့သည်။ ကလေး၏အခန်းနှင့်ကပ်လျက်မှာ နေရာချထားပေးခဲ့သည်မို့ ခင်သတိုး၏အခန်းသည် အပေါ်ထပ်နေရောင်ခြည်ရသော၊ ပန်းခင်းများနှင့် ခြံရှေ့တစ်ခုလုံးကို ဆီး၍မြင်ရသော အကောင်းစားအခန်းတစ်ခုဖြစ်သည်။

ရွှေစင်မြင့်ခေါင်၏ အသုံးအဆောင်များလောက် မခမ်းနားဟုတော့ ပြောလို့မရ။ သူဌေးအိမ်မှ ပရိဘောဂ၊ အသုံးအဆောင်များပေမို့ ခင်သတိုး၏အခန်းသည်လည်း စမတ်ကျလှသည်။

နံနက်ရှစ်နာရီကတည်းက ရွှေစင်မြင့်ခေါင်ကို စောင့်နေခဲ့ရသည်မှာ ယခု နေ့လယ်ဆယ့်နှစ်နာရီ ထိုးပေပြီ။ ထမင်းကို ဘယ်အချိန်မှာ ဘယ်လိုကျွေးမှာပါလိမ့်ဟု ခင်သတိုး စဉ်းစားနေမိဆဲ၊ မနေ့ကတွေ့ခဲ့သည့် ကောင်မလေး သူမ၏အခန်းထဲသို့ ဝင်လာလေ၏။

"ထမင်းစားကြရအောင်"

ခင်သတိုး အားတုံ့အားနာ၊ အူကြောင်ကြောင်ဖြင့် ထရပ်လိုက်ရသည်။ ကောင်မလေးက သူမကို မရွှံ့မရဲပြုံးပြ၏။

"နေ့တိုင်းလာခေါ်ရရင် ဘယ်ကောင်းမလဲနော်၊ မမကို စားရမယ့်အချိန်သာ ပြောပြပါ။ အိမ်ရှင်တွေရော စားပြီးကြပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှူး..."

ဤမျှလောက်စကားကိုပင် ကောင်မလေးက နှုတ်ခမ်းပေါ် လက်ညှိုးထောင်ပြီး ပိတ်လိုက်တော့၊ ခင်သတိုး ကြောင်သွားရပြန်သည်။ ဘယ်လိုလဲ...သည်အိမ်မှာ စကားမပြောရဘူးလား။

ထို့နောက် ကောင်မလေး၏နောက်ကိုသာ ခင်သတိုး ခပ်သွက်သွက်လိုက်သွားရသည်။ ထမင်းစားရအောင် သွားရတာကလည်း သေပြေးရှင်ပြေး။ တော်တော်တော့ စိတ်ညစ်စရာကောင်းနေပြီဖြစ်သည်။

မကြာမီ သူမတို့ ထမင်းစားခန်းကြီးထဲသို့ ရောက်သွားကြသည်။ နံရံကပ်ဗီရိုမှာ ငွေထည်ကြွေထည်တွေဖြင့် တောက်ပခမ်းနားနေသည့် ထမင်းစားခန်းကြီးမှာ ဧည့်ခန်းလိုပင် သပ်ရပ်လှပနေပါ၏။ မျက်နှာကျက်မှာ မီးပန်းဆိုင်းတွေ ချိတ်ထားသည်။ နိုင်ငံခြားကားထဲမှ အိမ်ကြီးတွေ သဖွယ်။ သို့သော် သူမတို့ ဤနေရာမှာ စားရဟန်မတူ။

"လာ...မမ"

ထမင်းချက်သည့်အခန်းကလည်း မတ်တပ်လျှပ်စစ်မီးဖို သုံးလေးခုတွဲဖြင့် လှလှပပ။ ထမင်းတွေ ဟင်းတွေ တစ်ပြိုင်တည်း လျှင်မြန်စွာ ချက်လို့ရတာပေါ့။ ခင်သတိုးက အပေါ်မော့ပြီး လေ့လာနေသည်။ အခန်းထောင့်တစ်နေရာမှ စားပွဲခုံနိမ့်နိမ့်လေးကိုပင် မမြင်မိ။ စားပွဲခုံနိမ့်နိမ့်လေးမှာ လာခေါ်သည့်ကောင်မလေးအပြင် နောက်ထပ်ကောင်မလေး နှစ်ယောက်နှင့် ခပ်ဝဝအဒေါ်ကြီးတစ်ယောက်ပါ တွေ့ရသည်။ ထမင်းစားပွဲမှာ ဆောင့်ကြောင့်လေးဝင်ထိုင်ရင်း အားလုံးကို သူမ ပြုံးပြလိုက်သည်။

"ကျွန်မနာမည် ခင်သတိုးပါ။ ကလေးထိန်းမယ့်သူလေ။ အားလုံးယားလား...နာနီလားပေါ့နော်"





ရင်းနှီးကျွမ်းဝင်လိုမှုဖြင့် ခပ်နောက်နောက် ပြောပြသော်လည်း သူတို့မျက်နှာများက စိုးစိုးရွံ့ရွံ့။ ဘုရားရေ...ဘယ်လိုဖြစ်နေကြပါလိမ့်။

"အားနာလိုက်တာကွယ်"

အဒေါ်ကြီးဝဝ၊ ဖြူဖြူ၏စကားကြောင့် ခင်သတိုး အံ့သြရသည်။ ဘာဖြစ်လို့လဲ။ ကျန်ကောင်မလေး သုံးယောက်မှာလည်း ခင်သတိုးကို အံ့သြစရာတစ်ခုကြည့်နည်းဖြင့် ကြည့်နေကြလေ၏။ သူမ မနေတတ်တော့။ ဆာလှသည်မဟုတ်ပေမယ့် ထမင်းစားဖို့ပဲ ခင်သတိုး စိတ်ကူးလိုက်သည်။ အင်း...ဟင်းမကောင်းလို့ အားနာနေကြတာပဲ ဖြစ်ရမယ်။ ဟင်းပန်းကန်များကို ခင်သတိုး ကြည့်လိုက်မိသည်။ ချဉ်ပေါင်ရွက်ချဉ်ရည်ဟင်းနှင့် ပဲငါးပိကြော်။ မဆိုးပါဘူး။ မရှိမရှားမိသားစုမှ ဆင်းသက်လာသည့် ခင်သတိုးအတွက် ကြက်သား၊ ဝက်သားတွေ နေ့တိုင်းစားခဲ့ရသည်မဟုတ်သည့်အတွက် သည်ဟင်းက မဆိုးလှပါ။

"စားကြမယ်လေ...လုပ်လေ"

အသက်အကြီးဆုံးဖြစ်သည့် အဒေါ်ကြီးဝဝကို ပဲငါးပိကြော် တစ်နှန်း ဦးချလိုက်ပြီးနောက် ကောင်မလေးသုံးယောက်ကိုလည်း ခင်သတိုး တစ်ဇွန်းဆီ ထည့်ပေးလိုက်သေးသည်။ သည်ပိုင်းမှာ ခင်သတိုးက ပြောင်ပြောင်ရောင်ရောင်ရှိသည်လေ။ မည်သူမျှ အားနာရှက်ရွံ့ မနေကြရအောင် ခင်သတိုး ကြိုးစားအားထုတ်နေမိခြင်းသာဖြစ်သည်။ သို့သော် သူတို့အဖွဲ့က ယိမ်းတိုက်ထားသည့်နှယ် ခုထိ မလှုပ်ကြပေ။ ပါးချိုင့်ကလေးများ ခွက်အောင် ခင်သတိုး ပြုံးရယ်မိတော့ချေပြီ။

"ဘာလဲဗျ...ဆန္ဒပြနေကြတာလား။ ဘာလဲ...ဒီကျွန်မှာပေါ်မှာ ခင်သတိုးလောက် ချောတဲ့လှတဲ့မိန်းကလေး မမြင်ဖူးကြသေးလို့လား။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက တောသူနော်၊ အစားတော့ နည်းနည်းကြီးတယ်။ သူများနှစ်ယောက်စာလောက် စားပစ်လိုက်မှာ''

ကြည့်နေ. . . သူတို့ဘာသာ ဘာကြီးပဲဖြစ်နေဖြစ်နေ. . . နားမလည်နိုင်သည့်နောက်တော့ ထမင်းစားခြင်းအလုပ်ကိုသာ တာဝန်တစ်ရပ်နှယ် ခင်သတိုး ထမ်းဆောင်နေလိုက်သည်။ တကယ်စားကြည့်တော့လည်း မဆိုးလှပါ။ ချဉ်ပေါင်ဟင်းက ငါးတွေဘာတွေနှင့် ချက်ထားပြီး ပဲငါးပိကြော်ကလည်း ပုစွန်ခြောက်လေး၊ ငရုတ်သီးစိမ်းတောင့်လေးများတွေ့ရပါလေ၏။ ခင်သတိုးက ကျောင်းတက်လာခဲ့ရသည့် သက်တမ်းတစ်လျှောက်မှာလည်း ဒီလိုပဲ စားခဲ့သောက်ခဲ့ရသည်မို့ စားလို့မြိန်ပါသည်။

''သည်တစ်ခါ မမကြီးက ဘာသဘောနဲ့ ဒီလောက်ချောချောလေးကို ခန့်တယ်မသိဘူးနော်''

''အေးနော်. . . တို့တွေ စိတ်မချမ်းသာစရာတွေ မြင်ရဦးမှာပဲ။ ခါတိုင်းက ရွှေစင် ဘယ်လောက်ပဲရိုင်းရိုင်း. . . နာနီတွေကလည်း ခပ်ကြမ်းကြမ်း၊ အရုပ်ဆိုးဆိုးကြီးတွေမို့ မြင်ရတာ သက်သာသေးတယ်''

''မမကြီးမှာ ဘာအကြံအစည်တွေ ရှိပြန်တယ်မသိဘူး''

သူတို့လေးယောက် ခပ်တိုးတိုးအသံများနှင့် စကားတွေပြောပြီးနောက် ထမင်းကို စားကြသည်။ ခင်သတိုးကိုမူ ကွက်ကြည့် ကွက်ကြည့်။ မကြာခင် ခင်သတိုး စားလို့ပြီးသွားသည်။ ရေသောက်ဖို့ ဟိုကြည့်ဒီကြည့် ကြည့်မိသည်။ အစေအပါးတို့သည် ရေခဲသေတ္တာထဲက ရေကိုတော့ သောက်ခွင့်ရှိမည်မဟုတ်။ မမကြီး ဒေါ်ရွှေယမင်း၏သဘောထားကိုလည်း ယခုလောက်မျှနှင့်ပင် ခင်သတိုး သဘောပေါက်ပါသည်။ ဘာပဲဖြစ်ဖြစ် မိမိအတွက် စရိတ်ငြိမ်း တစ်လငါးသောင်းဆိုတော့လည်း နည်းသည့်ဝင်ငွေ မဟုတ်။

သည်စဉ် ကောင်မလေးတစ်ယောက်က ရေခဲသေတ္တာအတွင်းမှ ရေသန့်တစ်ဘူး ထုတ်ယူပေးပါ၏။

''ဖြစ်ပါ့ရဲ့လား ညီမရယ်၊ တော်ကြာ. . .''

''ရတယ် မမ၊ ရေကတော့ ဖြစ်တယ်။ ဒါ သူတို့စက်ရုံက ထုတ်တာလေ၊ ကြိုက်သလောက် သောက်''

''သြော်. . . ဒီလိုလား''

သည်တော့မှ ပါးချိုင့်ကလေးခွက်အောင် ပြုံးပြီး၊ ခင်သတိုး ရေကို အားရပါးရသောက်လိုက်သည်။

သူတို့နှင့်ရင်းနှီးလိုသည်မို့ ထမင်းစားပြီးသော်လည်း ခင်သတိုး ကိုယ့်နေရာသို့မပြန်သေးဘဲ ထမင်းဝိုင်းမှာ ဆက်ထိုင်မိပြန်သည်။ သူမသဘောထားကို သူတို့အားလုံး ရိပ်မိကြပုံရသဖြင့် အဒေါ်ကြီးဝဝက စတင်ပြီး ခင်သတိုးကို မိတ်ဆက်သည်။

''အဒေါ့်နာမည်က ဒေါ်ဆုံပါ၊ အညာသူ''

''သြော်. . . ဒေါ်ဒေါ်က အပျိုကြီးလား။ အညာက လာနေတယ်ဆိုလို့ပါ''

''မဟုတ်ပါဘူး. . . အဒေါ်က မုဆိုးမပါ''

ဒေါ်ဆုံ၏ခပ်ဆတ်ဆတ်အသံကြောင့် ခင်သတိုး ဇက်ပုသွားရသည်။ စပ်စုသလိုကြီးဖြစ်သွားခဲ့ရသည်မို့ သူမ နောင်တရချင်ချင်။ နောက်စကားပြောဆင်ခြင်ရမည်။

''ကျွန်မကတော့ အငယ်လေးပါ၊ ကျောင်းနာမည်က ဝင်းစန်ဒီ''





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခင်သတိုးကိုလာခေါ်သည့် အသားညိုညို၊ ခပ်သွယ်သွယ်၊ ရှက်ကြမ်းရေကျိုကောင်မလေးက မိတ်ဆက်ပြန်သည်။ မျက်ခုံးမွေး ခပ်ပါးပါး၊ မျက်လုံးပြူးပြူးနှင့် သွားအနည်းငယ် ခေါနေသော်လည်း သဘောကောင်းပုံရသူလေးဖြစ်သည်။

ကျွန်နှစ်ယောက်ကတော့ ထမင်းကိုသာ ရမယ်ရှာပြီး အတွင်ငုံ့စားနေသဖြင့် ခင်သတိုး စိတ်မကောင်းဖြစ်ရသည်။ သူမကို သိချင်ပုံမရ။ သို့မဟုတ် အကြောက်လွန်နေကြသည်လားတော့မသိ။ သည်နေ့အဖို့တော့ တော်လောက်ပါပြီ။ ကိုယ့်အခန်းပြန်တက်ဖို့ စိတ်ကူးစဉ်မှာပဲ အိမ်ရှေ့ကားရပ်သံ ကြားလိုက်ရပြီး၊ ဒေါ်ရွှေယမင်း၏ ကြက်တူရွေးသံနှယ် အသံစူးရှရှကို ကြားရပါတော့သည်။

▣

မနေ့ကထက် ပိုလှနေသည့် ဒေါ်ရွှေယမင်းမှာ မနေ့က ဟန်အမူအရာမျိုးမရှိတော့။ ခင်သတိုး မျက်မှောင်အနည်းငယ်ကြုတ်မိသည်။ ငါဟာ သက်ဦးဆံပိုင်ဘုရင်ခေတ်ကို ပြန်ရောက်နေတာလား။ ကြမ်းပြင်မှာဝပ်ပြီး မခစားရရုံတမယ်။ ဒေါ်ရွှေယမင်း၏အသွင်က မောက်မာလွန်းနေသည်။ သည်မိန်းမကြီးဟာ မင်းမျိုးမင်းနွယ်က ဆင်းသက်လာတာမို့လား။ ဒါမှမဟုတ် သိပ်ချမ်းသာလို့ ငွေဂုဏ်မောက်တာလည်း ဖြစ်မည်။ ဦးမြင့်ခေါင်ဆိုတာကိုတော့ ခင်သတိုး ယခုထိ မမြင်ဖူးသေး။ သို့သော် ဒေါ်ရွှေယမင်းတစ်ယောက်နှင့်ပင် လုံလောက်နေပြီဖြစ်သည်။

"ညည်း. . .ဘယ်အချိန်က ရောက်သလဲ"

"နံနက်ရှစ်နာရီက ရောက်ပါတယ် မမကြီး"





"သေချာရဲ့လား. . .ညည်းလာတော့ အိမ်မှာ ဘယ်သူတွေရှိသလဲ၊ မောင်ခေါင်နဲ့ရော တွေ့သေးလား"

"ဘယ်သူမှ မတွေ့ပါဘူး၊ အငယ်လေး တံခါးလာဖွင့်ပေးပြီး နေရာချပေးပါတယ်"

မီးနိုးရောင်ညှိခန်းဆောင်ကြီးထဲမှာ ရွှေယမင်းနှင့် သူမ မတ်တပ်ရပ် မျက်နှာချင်းဆိုင်ပြီး အမေးအဖြေပြုလုပ်နေကြခြင်းဖြစ်သည်။

"ဘယ်အခန်းမှာ နေရာချထားပေးသလဲ"

"ကလေးရဲ့ခြေရင်းဘက်၊ ကပ်လျက်အခန်းမှာပါ။ ခါတိုင်းလည်း ကလေးထိန်းတွေ အဲဒီအခန်းမှာ နေရတယ်လို့ပြောပါတယ်"

သူမစကားကို ဒေါ်ရွှေယမင်း သဘောကျပုံမရ။ မျက်မှောင်ကြုတ်ပြီး ခပ်ဆတ်ဆတ်ပြောလာသည်မှာ. . .

"ညည်း မရှည်ပါနဲ့၊ ခါတိုင်းနဲ့ခု မတူဘူး။ လာ. . .အခု အခန်းပြောင်းရမယ်။ ညည်း ရွှေစင့်အခန်းထဲမှာပဲ နေရမယ်"

"ကလေးက သဘောကျပါ့မလား"

သူမ၏စိုးရိမ်စကားကြောင့် ဒေါ်ရွှေယမင်း မျက်မှောင်ထပ်ကြုတ်ပြန်သည်။

"ဒီအိမ်မှာ ငါ့စကားဟာ ဥပဒေ၊ ငါ့စကားကိုပဲ နာခံရမယ်"

အတ္တတွေ သိပ်များနေသည့် ဒေါ်ရွှေယမင်းနောက်သို့ ခင်သတိုးနှင့် အငယ်လေး ခပ်ကုပ်ကုပ်လိုက်သွားကြရသည်။ ခင်သတိုးရင်ထဲမှာ ကျေနပ်စိတ်တွေက ဆောင်းနံနက်က နှင်းတွေနှယ် တဖွားဖွား။ သို့သော် သူ့ငွေ သုံးသိန်းကို မနက်စောစောကပဲ မေမေ့ထံ လွှကြုနှင့်ပို့ပြီးသွားပြီ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်တော့ ရှိမှာပေါ့လေ။ ငါ့အသားပဲ့သွားတာမှ မဟုတ်တာဟု တွေးတောဖြေသိမ့်ပြီး ခင်သတိုး အပေါ်ထပ်သို့ ရောက်လာခဲ့သည်။ သူက ရွှေ့ဆိုလည်း ရွှေ့လိုက်ရရုံသာ။

ကျယ်ဝန်းလှပသော ရွှေစင်မြင့်ခေါင်၏ စပယ်ရှယ်အခန်းကြီးထဲမှာ ကုတင်တစ်လုံး ထပ်တိုးသွား၏။

"ကလေးထိန်းဆိုတာ ကလေးနဲ့အတူနေမှ သဘာဝကျမှာပေါ့။ အစက ဒီအကြောင်းတွေ ငါမသိခဲ့လို့ ကလေးထိန်းတွေ တစ်ယောက်ပြီးတစ်ယောက် လဲနေရတာ။ ညည်း ဒီအခန်းထဲမှာပဲ နေရမယ်"

"ဟုတ်ကဲ့"

မကြာမီ အခန်းထဲမှ ဒေါ်ရွှေယမင်း ထွက်ခွာသွားပါ၏။ အငယ်လေးလည်း ဘယ်အချိန်က ပြန်ပြေးဆင်းသွားလေသည်မသိ။ ခင်သတိုးမှာ အရမ်းဆိုးပါသည်ဆိုသည့် ရွှေစင်မြင့်ခေါင်ကိုသာ တရားခံတစ်ဦးနှယ် တထိတ်ထိတ် စောင့်ကြိုနေရပေတော့သည်။

◙

"မမရေ. . . မရွှေစင် ဒီနေ့ပြန်မလာဘူးတဲ့။ ညနေက မမကြီးဆီ ဖုန်းဝင်လာတယ်။ အငယ်လေး နိုးနားထောင်တာပေါ့. . . ဟီးဟီး"

ညနေခြောက်နာရီခန့်မှာ အပေါ်ထပ်သို့ အငယ်လေး လှစ်ခနဲ ရောက်လာရင်း သတင်းပို့သည်။

"အမယ်လေးဟယ်. . . လာမှာဖြင့်လည်း မြန်မြန်လာပါတော့ ငါ ရင်တွေတုန်လှပြီ။ နေစမ်းပါဦး. . . ရွှေစင်လေးက တကယ်ပဲ ဆိုးသလားဟင်"





ခင်သတိုးအမေးကို အငယ်လေးက ရှုံ့ရှုံ့မဲ့မဲ့ဖြင့် ဟန်ပါပါဖြေ၏။

"ဟာ!. . . ဆိုးတာတော့ ဘာဆိုးသလဲပဲ။ တစ်နေ့တစ်နေ့ သူ့ကြောင့် ပန်းကန်တွေ အိုးတွေ ကွဲတာလည်း မနည်းဘူး။ သူက စိတ်ထင်ရင် မထင်သလို ပေါက်ခွဲပစ်တာပဲ။ သူ့စကား ကိုယ်မသိ၊ ကိုယ့်စကား သူမသိနဲ့ တစ်ခန်းဆို ဖမ်းကိုက်၊ ထုရိုက်၊ တွေ့ရာနဲ့ ကောက်ပေါက်တာပဲ"

"ဟင်! သူ့စကားကို ဘာလို့ အငယ်လေးတို့က မသိတာလဲ။ သူခိုင်းတာ လုပ်ပေး၊ သူလိုတာ ဖြည့်ဆည်းပေးရင် မရဘူးလား"

ခင်သတိုး၏စကားကြောင့် အငယ်လေးက တောင်ကြည့်မြောက်ကြည့် ကြည့်ပြီးမှ တိုးတိုးဖြေ၏။

"ဘယ်နားလည်မလဲ၊ ရွှေစင်မြင့်ခေါင်က စကားမပြောတတ်ဘူးလေ"

"အို!"

ခင်သတိုး၏နားထဲမှာ ဗုံးဆံကြီးတစ်လုံး ပေါက်ကွဲသွားသလို ထင်လိုက်ရပြီး ရင်ထဲမှာတော့ နင့်ခနဲ ခံစားလိုက်ရပါ၏။ ဩော်. . . စကားမပြောတတ်တဲ့ကလေးလေးကိုး။ ဒီတော့ လောကကြီးအပေါ် မကျေနပ်ပြီး ဆိုးလို့နေတော့တာပေါ့။

"မွေးကတည်းက မပြောတတ်တာလားကွယ်. . . သနားစရာကောင်းလိုက်တာနော်"

"မဟုတ်ဘူး မမရဲ့. . . ဟိုလေ"

သည်စဉ် လှေကားထိပ်မှ ကောင်မလေးတစ်ယောက် ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး အငယ်လေးကို လှမ်းအော်ချေ၏။

"အငယ်လေး...နင့်ကို မမကြီးခေါ်နေတယ်"

မမကြီးဆိုသည်နှင့် အငယ်လေး လှစ်ခနဲပြေးဆင်းသွားပုံက လေ၏အလျှင်နှယ်။ ခင်သတိုးမှာ အံ့အားသင့်ပြီးသာ ကျန်ခဲ့ရပါ၏။

အင်း...ဒီအိမ်ကြီးမှာ မမကြီးဟာ တော်တော်ဩဇာညောင်း ပုံပါပဲ။ မမကြီးနှင့် ရွှေစင်မြင့်ခေါ် ဘယ်သူက ဇာတ်လိုက်လဲ၊ ဘယ်သူ က ပိုဆိုးသလဲ။ ဦးမြင့်ခေါင်ဆိုတာကရော။ ပုလဲနီပြောပုံအရတော့ တော် တော်ပေါ်ပြူလာဖြစ်တဲ့ လူကြီးပဲ။ အင်းလေ...သူ့ငွေလည်း သူ့ငွေ ရုပ်ကလည်း စမတ်ကျတယ်ဆိုတော့ မုဆိုးဖိုဆိုတဲ့အမည်းစက်တော ပျောက်နေတာပေါ့။ ဒါ ငါနဲ့မဆိုင်ပါဘူး၊ ငါ့အလုပ် မဟုတ်ပါဘူး။ ငါ့ အလုပ်က ရွှေစင်မြင့်ခေါင်ကိုထိန်းဖို့ပဲ။ အင်း...ဦးမြင့်ခေါင်နဲ့ပတ်သက် လို့ကတော့ လုံးဝမဖြစ်ဘူး။ သူနဲ့နည်းနည်းပတ်သက်မိရင်တောင် ပုလဲ နဲ့ အရင်သတ်ရမည်။ ပုလဲနီက ဒီလူကြီးကို အရမ်းကြွေနေတာဖြစ်သည်

ရွှေစင်မြင့်ခေါင်၏အခန်းထဲမှာ ပစ္စည်းများ၊ အဝတ်အစားမျာ အရုပ်များကို နေသားတကျသိမ်းရင်း ဆည်းရင်း ခင်သတိုး အတွေးမျာ နေမိသည်။ အပြင်လူတွေ ဘယ်လောက်ပဲ သိမ်းပေးပေး၊ ကလေးက ထင်သလိုကြဲထားပုံရသဖြင့် ယခုမှ ကလေးမရှိတုန်း ခင်သတိုး စိတ်ကြိုက် သိမ်းဆည်းပေးနေရသည်။

ကြည့်စမ်းပါဦး...တစ်ဦးတည်းသော သမီးလေးပီပီ၊ ကစာ စရာအရုပ်တွေကလည်း မုန့်ရှိုးကော့စ်တစ်ခုလုံး ပြည့်နှက်လျှက်။ တီဗွီနှ ကလေးအခွေဆိုတာလည်း မရေတွက်နိုင်။ သို့သော် ကလေးကြည့် အခွေတွေထဲမှာ မော်ကား စုန်းကားတွေ ပါနေတာတော့ ခင်သတို





မနှစ်သက်။ ဦးမြင့်ခေါင်ဟာ ဒီလောက်ကလေးတောင် မသိဘူးတဲ့လား။

ကလေးအခန်းတစ်ခုလုံး အရုပ်အိမ်ကလေးသဖွယ် သပ်ရပ်လှပ နေတော့မှ သိမ်းဆည်းခြင်းအလုပ်ကို အပြီးသတ်ပြီး၊ ခင်သတိုး ရေချိုး လိုက်သည်။ ရွှေစင်မြင့်ခေါင်၏အခန်းထဲမှာပင် မှန်တင်ခုံနှင့် ပစ္စည်းပစ္စယ အစုံ တွေ့ရသည်။ ဒါ သူ့မေမေရဲ့ပစ္စည်းတွေလား။ ကလေးတစ်ယောက် နှင့်တော့ မလိုက်ဖက်သေး။ အိမ်နေရင်းမို့ သနပ်ခါးရေကြဲလေးလောက် သာလိမ်းပြီး အဝတ်အစားကိစ္စကျမှ ခင်သတိုး စဉ်းစားရပြန်သည်။ သူမ မှာ သိပ်စုတ်ပြတ်သည့်အဝတ်တွေတော့ မရှိ။ သို့သော် အများကြီးလည်း မရှိပါချေ။ ခါတိုင်း အဆောင်နေရင်း၊ အိမ်နေရင်း ဝတ်သည့်ဂါဝန်က သုံးလေးထည်။ နောက် အပြင်ဝတ်သည့်ဝတ်စုံက လေးငါးစုံ။

သူများအိမ်မှာမို့ ဂါဝန်တွေလည်း မဝတ်ချင်။ လုံလုံခြုံခြုံ လှလှ ပပ၊ အပြင်ဝတ်သည့်ဝတ်စုံလေးတွေ ဝတ်ရကောင်းမည်လား။ နောက် တော့ နုမြောမြောနှင့်ပင် ဝတ်စုံလှလှ အိအိလေးတစ်စုံ ထုတ်ဝတ်ရတော့ သည်။ တောင်းမှာ အကွပ်၊ လူမှာ အဝတ်တဲ့။ သည်ပန်းဖျော့ရောင် ဝတ်စုံလေးဟာ ခင်သတိုးနှင့်လိုက်ဖက်သည့် ဝတ်စုံလေးဖြစ်ပါသည်။

သည်စဉ် အခန်းထဲသို့ အငယ်လေး ဝင်လာပြန်၏။

"ဟာ! မမရယ်၊ လှလိုက်တာ...တကယ်...တကယ်၊ မမ ဟာ အိမ်ကြီးရှင် လုပ်ဖို့ပဲကောင်းတယ်။ မမကြီးထက်တောင် အသွေး အမွေးပြောင်သေးတယ်"

အငယ်လေး၏စကားကြောင့် မျက်မှောင်ကြုတ်မိသည်။ ဖိုးကြားသွားလျှင် အားလုံးပြေးပေါက်မှားရမည့်အဖြစ်။

"အငယ်လေး စကားကိုဆင်ဆင်ခြင်ခြင်ပြောစမ်းပါ။ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက သူ့ကိုမှီခိုနေရတာ၊ အငြိုငြင်ခံရမယ့်စကားတွေ မပြောနဲ့။ သွားစို့. . . ထမင်းစား လာခေါ်တာမဟုတ်လား''

သူမတို့နှစ်ယောက် အိမ်ပေါ်မှဆင်းလာခဲ့စဉ် တိုင်ကပ်နာရီကြီးမှ ရှစ်ချက်တီတီ ကြားလိုက်ရ၏။ အစေအပါးတို့ရဲ့ညစာစားချိန်ဟာ ညရှစ်နာရီပေါ့။ သို့သော် ဒါ ဝမ်းနည်းစရာမဟုတ်ပါ။ ရောမ ရောက်လျှင် ရောမပဲ ဖြစ်ရမှာပေါ့။

''နောက်နေ့တွေ ငါ့ကိုလာမခေါ်ရပါဘူးဟာ၊ မနက်စာက ၉နာရီ၊ နေ့လယ် ဆယ့်နှစ်နာရီ၊ ညစာက ညရှစ်နာရီ. . . ဟုတ်လား။ ငါ ဆင်းလာခဲ့မယ်''

''မဟုတ်ဘူး မမရဲ့၊ အလျဉ်းသင့်သလို စားရမှာ။ အလုပ်ရှုပ်ရင် ရှုပ်သလို၊ ရှင်းရင်ရှင်းသလို စားရမှာ''

''ဘုရားရေ! နင်တို့ညစ္စာကြီးကလည်း ငါ့မှာ အစာအိမ်ရှိတယ်ဟ။ ဒီလိုအချိန်မမှန်ရင်တော့ ဒုက္ခပါပဲ''

''ကျွန်မတို့လည်း အစာအိမ်ရှိတာပါပဲ၊ နို့ပေမယ့် ဘယ်တတ်နိုင်မလဲနော်''

ခင်သတိုးပြောသည့် အစာအိမ်ဆိုတာကြီးကို အငယ်လေးက သဘောပေါက်လွဲနေပြန်ပါ၏။

''မဟုတ်ဘူး. . . ငါပြောတဲ့အစာအိမ်ဆိုတာက ငါ့မှာ အစာအိမ်ရောဂါရှိတာကိုပြောတာ''

''ဪ. . . မသိပါဘူး''

တိုးတိုးခစ်ခစ်ရယ်ရင်း သူမတို့ ထမင်းစားဆောင်သို့ ဝင်လာခဲ့စဉ် ထမင်းစားပွဲမှာ ကိုယ်ရောင်ကိုယ်ဝါတွေဖြင့် တောက်ပ လင်းထင်





နေသည့် စမတ်ကျကျလူတစ်ယောက်ကို ခင်သတိုး တွေ့လိုက်ရသည်။ အငယ်လေးက ဖက်ပုသွားခဲ့သည်။

ဪ. . . ဒါ ပုလဲနီပြောပြောနေတဲ့ ဦးမြင့်ခေါင်ဆိုတာ ဖြစ်ရသည်။ နိုင်ငံခြားမင်းသားတစ်ယောက် ပိုစတာထဲမှ ခုန်ထွက်လာသည့်ပိုင်များများနှင့် ထွားထွားမြင့်မြင့်၊ ခန့်ခန့်ချောချော၊ သူ့ရုပ်သွင်က ပုလဲနီ စွဲမည်ဆိုလည်း စွဲစရာ။ သို့သော် ခင်သတိုးကတော့ သူ့အကြောင်း သိထားပြီးသူမို့ တစ်ပန်းသာလိမ့်မည်ထင်ပါသည်။ သူက လူချောလူပွေကြီးမဟုတ်လား။

''ဟော့! အငယ်လေး. . . လာဦး။ နှစ်ယောက်စလုံး လာခဲ့။ သူက ဘယ်သူလဲ။ မမကြီးဆီ လာတာလား။ ညီသည်လား''

''ဟုတ်ကဲ့ ကိုကိုကြီး၊ လာ. . . မမ''

ဦးမြင့်ခေါင်က ထမင်းစားစားပွဲမှာ အရက်သောက်နေရင်း လှမ်းခေါ်ခြင်းဖြစ်သည်။ အငယ်လေးက သူမလက်ကိုပါ ဆွဲခေါ်ပြီး သက်ဦးဆိုင်ဘုရင်တစ်ပါးထံ ချဉ်းကပ်သွားသည့်နှယ် ခေါ်သွားတော့၊ ခင်သတိုး ကိုယ့်လက်ကို ဆွဲရုန်းလိုက်သည်။

မလိုက်ချင်ပါဘူး။ ငါက ကလေးထိန်းလုပ်မှာပဲ။ သူနဲ့ ဘာဆိုင်သေး တစ်အိမ်လုံးကို အောက်ကျို့မပေးနိုင်ပါဘူးနော်။ နောက်ပြီး ဒါ အသောက်ဆိုင်တွေမှာ စားပွဲထိုးလုပ်နေတာ မဟုတ်ဘူး။ အရက်သမားဆို ခင်သတိုး အလွန်မုန်းသည်။ လူကြီးလူကောင်းလိုပဲ သောက်သောက်၊ ဖွတ်ရေကျပဲ သောက်သောက်၊ အရက်သောက်တာ သောက်တာပဲ။ အရက်သမားဟာ အရက်သမားပဲ။ ကိုယ့်ဖေဖေလည်း အရက်ကြောင့် သေဆုံးသွားခဲ့ရသည်ဖြစ်၍ အရက်ဆိုလျှင် ခင်သတိုး အလွန်မုန်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“လာပါ မမရယ်၊ ကိုကိုကြီးက သဘောကောင်းပါတယ်။ သူ မမကို မသိသေးလို့ ခေါ်မေးမလို့ပါ”

“သူမသိလည်း နှင်ပြောပြလိုက်ပါ၊ ငါ ထမင်းဆာပြီ၊ ငါ့ဗိုက်ထဲက အောင့်လာပြီ. . . သိလား”

အငယ်လေးကို ထားပစ်ခဲ့ပြီး ခင်သတိုး မီးဖိုဘက်သို့ ဆက်လျှောက်ခဲ့သည်။ တကယ်ပါပဲ ဗိုက်ထဲက ဆာလွန်းသဖြင့် အောင့်လာနေပြီဖြစ်သည်။

“လာ. . . ခင်သတိုး၊ ဒေါ်ဆုံတောင် ဆာလို့စားနေပြီ။ လင်းလင်း. . . ကိုကိုကြီး ဘာလိုသလဲ သွားကြည့်လုပ်ပေးလိုက်ဦးလေ။ ဒီကောင်မလေးဟာ အစားကိုငမ်းတယ်”

အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်း၊ ကိုယ်လုံးထွားထွားနှင့် လင်းလင်းဆိုသည့် ကောင်မလေးက ထမင်းကိုသေပြေးရှင်ပြေးစားနေရာမှ ခင်သတိုးကို မျက်ခုံးပင့်ပြ နှုတ်ဆက်သည်။

“နေပါစေ ဒေါ်ဆုံ. . . အငယ်လေး လုပ်ပေးလိမ့်မယ်။ လာ! မမ”

ခင်သတိုးလည်း ထမင်းတစ်ပန်းကန်လှမ်းယူပြီး ဒေါ်ဆုံ့အနားမှာ ကပ်ထိုင်စားလိုက်သည်။ ယခု ညနေဟင်းကတော့ မဆိုး။ သီးစုံချဉ်ရည်ဟင်းနှင့် ဗာလချောင်ကြော်။

“ဗာလချောင်ကြော်တွေ ဘာတွေနဲ့နော်။ ဘယ်ဆိုးလို့လဲ၊ မမကြီးက သဘောကောင်းသားပဲ”

တကယ်က သူတို့နှင့် ရင်းနှီးကျွမ်းဝင်လိုသဖြင့် ခင်သတိုး စကားမရှိစကားရှာနေတာဖြစ်သည်။ ဘာနဲ့ပဲစားရစားရပေါ့နော်။ လောကကြီးမှာ သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် လူသားတွေ ဘယ်လိုရုန်းကန်ရသလဲ ဆိုတာ ခင်သတိုး သိသည်ပင်။ သို့သော် လင်းလင်းဘေးမှ ညိုချောလေးက ရှုံ့ရှုံ့မဲ့မဲ့လေးနှင့် ဝင်ပြောပါလေ၏။



“အမယ်လေး! သူကျွေးတယ် မထင်ပါနဲ့ မမရယ်။ ခြေရင်းအိမ်က အလှူလုပ်တာ အေမိသွားကူလို့ အပြန်မှာ ထည့်ပေးလိုက်တာပါ”

“ဪ”

ယခုတော့ ခင်သတိုး သည်အိမ်မှ ဝိုင်းတော်သားတွေအားလုံးကို သိရပေပြီ။ ဒေါ်ဆုံရယ်၊ နောက် ကောင်မလေး သုံးယောက်နာမည်က အငယ်လေး၊ လင်းလင်းနှင့် အေမိ။ ရှေးပဒေသရာဇ်ခေတ်က ရှင်ဘုရင်များနှယ် ဤအိမ်ကြီးရှင်တို့သည် ရုပ်ရည်ချောမောသူများကိုမှ အလုပ်ခန့်သည်ထင်ပါသည်။ အားလုံး ရုပ်ရည်သန့်ပြန့်ကြပါသည်။

ခင်သတိုးမှာ ထမင်းစားနေရင်းမှ ထမင်းစားခန်းဘက်မှ စကားသံများကို ကြားနေရပါသည်။ ထမင်းစားခန်းနှင့် မီးဖိုက ခပ်နီးနီးမို့ အားလုံးကြားနေရခြင်းဖြစ်သည်။

“သူက မမကြီးခန့်လိုက်တဲ့ မရွှေစင်ရဲ့ ကလေးထိန်းအသစ်ပါ”

“ဟင်. . . ဒီတစ်ခါ မမကြီး ဘာစိတ်ကူးပေါက်သွားတာလဲ။ ခါတိုင်း ကလေးထိန်းတွေဆို အရုပ်ဆိုးလိုက်သမှ တာတေလန်နေတာပဲ၊ ငါက ဧည့်သည်များလားလို့”

“ဒါတော့ အငယ်လေး မသိဘူး ကိုကိုကြီး။ ပြီးတော့ မမက အီးမေဂျာနဲ့ ဘွဲ့ရပြီးသားတဲ့”

“ဟာ! ဘာကြောင်တာလဲ၊ အေးလေ. . . တစ်လ ငါးသောင်းမက်လို့နေမှာပေါ့။ မိန်းမမှန်ရင် ငွေမက်ကြတဲ့သူချည်းပဲ။ နေစမ်းပါဦး၊

www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်က ဘယ်သူတဲ့လဲ''

''ခင်သတိုးပါ''

''အင်း. . . နာမည်ကတော့ လှသားပဲ၊ လူလည်းလှပါတယ်။ ဒါပေမဲ့ ဒီလောက် ဘဝင်မြင့်စရာတော့ မလိုဘူးထင်ပါတယ်။ ကိုကိုကြီးရဲ့ကမ္ဘာကြီးကို တစ်နေ့လောက်ခေါ်သွားပြမှနဲ့တူတယ်။ ဒါမှ မိန်းမလှကျွန်းကို ရောက်ဖူးသွားပြီး ဘဝင်မြင့်တာတွေ ပျောက်သွားအောင်''

''မမက သဘောကောင်းပါတယ် ကိုကိုကြီးရယ်၊ သူက အရက်နံ့ မခံနိုင်လို့ ဖြစ်ပါလိမ့်မယ်''

''အရက်နံ့များ မခံနိုင်လို့ကတော့ သူ အပျိုကြီးဖြစ်မှာပဲ။ နေစမ်းပါဦး. . . သမီးရဲ့ ဘွဲ့ရထားတဲ့ ကလေးထိန်းဆရာမကို မမကြီးကနင်တို့နဲ့ တစ်သဘောတည်းထားတာတော့ မကောင်းဘူးထင်တယ်။ နေဦး. . . ငါ သူ့ကို ထမင်းစားသွားဖိတ်ဦးမယ်''

ကြားလိုက်ရသည့်အသံကြောင့် ခင်သတိုး ကိုယ်လေး တောင့်တင်းသွားသလို ဒေါ်ဆုံတို့သုံးယောက်လည်း မျက်လုံးပြူးသွားကြပါချေသည်။

''ဒုက္ခပဲ. . . ကိုကိုကြီးက မူးရင် နည်းနည်းဆိုးတယ်''

''အခု သူမူးပြီလား''

ခင်သတိုးမှာ ထမင်းကို လျင်မြန်စွာ တစ်လုပ်ပြီးတစ်လုပ် စားရင်း ရင်ထဲမှာ ပူလောင်နာကျင်လာခဲ့သည်။ ပိုက်ဆံမရှိလို့ နွမ်းပါးချို့တဲ့လို့ ကိုယ့်ထံ အလုပ်ဝင်လာသူ၊ အစေအပါးတစ်ယောက်ကို သူက ဘယ်လိုနှိပ်ချ နှိပ်စက်ချင်လို့တဲ့လဲ။ နားထဲမှာ ကြားနေရသည့် ခြေသံတရှပ်ရှပ်သည် ချိန်ကိုက်ဗုံးတစ်လုံး ပေါက်ကွဲဖို့ တာရှူလာသည့်နှယ်။





''မခင်သတိုး. . . ဟုတ်လား၊ သမီးရဲ့ဆရာမအသစ်ကို ကိုကိုကြီးနဲ့ထမင်းစားဖို့ ဖိတ်ခေါ်ပါတယ်''

ညင်သာညွတ်ပျောင်းသည့် သူ့ဟန်က ပကတိ တည်ငြိမ် ခန့်ညားလျက်။ ကပျက်ကချော်၊ မထီတထီရုပ် လုံးဝမပေါက်။ ဦးမြင့်ခေါင်သာ မင်းသားလုပ်စားရလျှင် အကယ်ဒမီတွေ အော်စကာတွေ သူပဲ ဒိုင်ခံရလောက်သည်။

''နေပါစေရှင်. . . ကျွန်မ ဒီမှာစားပြီးနေပါပြီ။ ပြီးတော့ ဦးမြင့်ခေါင် အထင်မှားနေပါတယ်၊ ကျွန်မက ကလေးထိန်းပါ၊ နာနီပါ။ ဆရာမ မဟုတ်ပါဘူး''

ခင်သတိုး သူ့ထံမှမျက်နှာလွှဲပြီး ကိုယ့်ထမင်းကိုယ် ဆက်စားနေလိုက်သည်။ တော်တော်တော့ စိတ်ညစ်စရာကောင်းသည်။ အစကဒါတွေ သူမ ကြိုတင်မတွေးမိပါ။ ကလေးထိန်းဆိုလျှင်ဖြင့် ကလေးနှင့်နှစ်ယောက်တည်းပဲ ဆက်ဆံရမည်မှတ်ထင်မိခဲ့၏။ ယခုတော့ မမကြီးရော ကိုကိုကြီးရော၊ နောက် ဖေဖေကြီးတွေ မေမေကြီးတွေပါ ဘယ်နှယောက် ပေါ်လာဦးမည်မသိ။

''ဟာကွာ. . . ဒီလိုမဟုတ်ပါဘူး မခင်သတိုးရယ်၊ သမီးဟာ ကိုကိုကြီးရဲ့အသက်ပါ။ အသည်းနှလုံးပါ။ သွားလေသူ ကိုယ့်ချစ်ဇနီးရဲ့ ချစ်သူရဲ့ ကိုယ်ပွား ကိုယ်စားလေးပါ။ ကိုယ့်အသည်းတုံးလေးပေါ့။ ဒီတစ်ခါ သမီးအတွက် ပညာတတ်ပြီး အဆင့်အတန်းရှိတဲ့ ခင်သတိုးကို ရှာပေးတဲ့အတွက် ကိုယ် မမကြီးကို အရမ်းကျေးဇူးတင်တယ်။ မင်းဟာ ခါတိုင်းလို အာယား နာနီအဆင့် မကပါဘူး။ ကိုကိုကြီးရဲ့သမီးအတွက် မင်း တစ်ခုခု လုပ်ပေးနိုင်မယ်လို့ ကိုကိုကြီး မျှော်လင့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



စောစောက မင်းကို သေချာမမြင်ရသေးလို့ ကပျက်ကချော်ပြောမိတာတွေ မေ့လိုက်ပါ။ ကိုကိုကြီး တောင်းပန်ပါတယ်နော်။ ထပါ. . . ကိုကိုကြီးနဲ့ ထမင်းအတူစားဖို့ လေးစားစွာ ဖိတ်ခေါ်ပါတယ်''

အပြောကတော့ ကျလောက်ပါပေသည်။ ဒါလည်း သူ့အရည်အချင်းတစ်ရပ်ပါပဲ။ ပုလဲနီ ပြောဖူးသည်။ သိန်းပေါင်းများစွာ ကြွယ်ဝပြီး လုပ်ငန်းပေါင်းများစွာမှာ သရုပ်ဆောင်းနေသည့် သူ့လိုလူတစ်ယောက်အတွက် 'စကားပြောကောင်းခြင်း''ဆက်ဆံရေးပြေပြစ်ခြင်း''လူကဲခတ်ကောင်းခြင်း'ဆိုတာတွေဟာ သူ့အရည်အချင်းများပဲပေါ့။

ခင်သတိုးဟာ ဘယ်တော့မှ သူ့ရုပ်သေးရုပ်ကလေး မဖြစ်စေရ။

သူမက ထမင်းပဲ ဆက်စားလို့နေသည်။ ဘာပဲဖြစ်ဖြစ် အစာအိမ်ရှိသူမို့ ထည့်ထားသည့်ထမင်းလေးကိုတော့ တာဝန်တစ်ရပ်နှယ် ကုန်အောင်စားရမည်။ တကယ်က စိတ်ရှုပ်ထွေးခြင်းကြောင့် ထမင်းစားလိုစိတ်ပင် မရှိတော့ပါ။ သူအရမ်းမူးနေပြီလား။ ခင်သတိုး နိုး၍စွေစောင်းကြည့်မိ၊ အကဲခတ်မိသည်။ ဒါလည်း သူမြင်တာပါပဲ။ နတ်ဒေဝတာတစ်ပါးနှယ်၊ ခန့်ညားဝင်းပနေသူကြီးက စိတ်ရှည်စွာ ပြုံးပြနှစ်သိမ့်မြဲ။

''ဘာလဲ. . . ကိုကိုကြီးကို မူးနေတယ်ထင်လို့လား။ မှတ်ထား။ လူကြီးလူကောင်းဆိုတာ ဘယ်တော့မှ ပုဆိုးကျွတ်အောင်၊ အဲ! ဘောင်းဘီကျွတ်အောင် မသောက်ဘူး။ လဲနေအောင် မသောက်ဘူးပေါ့ကွာ။ ကဲပါ. . . လာပါ၊ ကိုကိုကြီး ထမင်းဆာနေပြီကွ။ မင်းကတော့ တစ်ပန်းကန် ကုန်တော့မယ်''

ယခုမှမြင်ပြီး ယခုလောက် ရင်းနှီးကျွမ်းဝင်ပြနေလျှင်ဖြင့် ရှေ့လျှောက် ခင်သတိုး အလွန်စိတ်ညစ်ရပါလိမ့်မည်။ အသည်းတွေဘာတွေ ကွဲဖူးသော်ငြား၊ သူ့ကိုချစ်မိလို့ ပုလဲနီတစ်ယောက် စိတ်ဒုက္ခရောက်နေမှုကို ခင်သတိုးမြင်ခဲ့ပြီးဖြစ်သဖြင့် သူနှင့်ဝေးဝေးပဲ နေလိုက်ချင်၏။

''ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ ဝသွားပါပြီ''

ပန်းဝင်သွားသည့် ကစားသမားတစ်ဦးနှယ် ပြောင်သွားသည့် ထမင်းပန်းကန်ကို ရေစင်မှာ ရေသွားဆေးရင်း ခင်သတိုး အားလုံးကို အပြုံးတစ်ချက် ဝင့်လျက် နှုတ်ဆက်လိုက်သည်။

ထို့နောက် သူမ ဦးမြင့်ခေါင်ရပ်နေသည့် အဝင်အထွက်တံခါးပေါက်မှ ခေါင်းငုံ့ဖြတ်ကျော်ခဲ့လေသည်။







www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

တော်တော်တော့ စိတ်ညစ်စရာကောင်းတာပဲ။ ယခုထိ အရာ ရာသည် အဆင်သင့်မဖြစ်သေး။ ခင်သတိုး ရောက်ရှိနေတာသည် အိပ် မက်သဖွယ်။

လှပခမ်းနားသော စံအိမ်ကြီးအတွင်းမှာ သူမဟာ ရံရွှေတော် တစ်ဦးလား။ ယခုထိတော့ ဘာမှမလုပ်ရသေး။ ဘာမှဖြစ်မလာသေး အငယ်လေးတို့၊ ဦးမြင့်ခေါင်တို့ ပြောစကားအရဆိုလျှင်ဖြင့် မမကြီး ဒေါ် ရွှေယမင်းသည် သည်တစ်ခါ ဘာစိတ်ကူး ဘာအကြံအစည်ဖြင့် ရွှေစင် မြင့်ခေါင်အတွက် သူမကိုခန့်လိုက်ပါသနည်း။

မစဉ်းစားတာဘဲ ကောင်းပါတယ်။ အရွယ်တူ၊ အရောင်တူ အဆင်အပြင်တွေပါ တူသည့် ကုတင်လေးနှစ်လုံးမှာ အိပ်ခန်းကျယ်ကြီး ထဲ မျက်နှာချင်းဆိုင်။ ပန်းရောင်မွေ့ရာ၊ ပန်းရောင်ခြင်ထောင်၊ ပန်းရောင် အပွင့်လှလှအိပ်ရာဖုံးတို့ဖြင့် လှပနေသည့် အိပ်ရာကုတင်လေးများ သည် ပန်းလှလှနှစ်ပွင့်နှယ်။





သို့သော် ခင်သတိုး စိတ်မချမ်းသာ။ ဘာတွေလဲဟာ...ဘယ် သိုစိတ်ကူးတွေနဲ့ ဒီလိုပြင်ဆင်ထားပေးတာတဲ့လဲ။ ကလေးက ကြိုက်မှ ကြိုက်ပါ့မလား။ အိုလေ...ကလေး ဘယ်လောက်ပဲဆိုးဆိုး၊ ငါ သူ့ အပေါ် ကြင်နာမှုနဲ့ ဆက်ဆံမယ်။ တကယ့်စေတနာအရင်းခံနဲ့ပဲ ဆက်ဆံ မယ်။ ဟန်ဆောင်ပန်ဆောင် မူယာမာယာတွေ ဘယ်တော့မှ မလုပ်ဘူး။ ကလေးမကြိုက်လျှင်လည်း မတတ်နိုင်။ သည်လိုတွေးလိုက်မှ ခင်သတိုး နေလို့ထိုင်လို့ရသွားသည်။

ရွှေစင်မြင့်ခေါင်လေး ဘယ်အချိန်ပြန်လာမလဲ၊ ပျော့ရှင်နှစ်သက် စွာ စောင့်ကြိုရင်း အခန်းပြတင်းမှ ခြံထဲသို့ သူမ လှမ်းမျှော်ကြည့်မိသည်။ ဆောင်းနှောင်းရာသီပေမယ့် စံပယ်လေးတွေ ပွင့်နေပုံက မနို့တရိနှင့် သနားစရာ။ သည်စံပယ်လေးဟာ အပယ်ခံလေးပါ။ ခမ်းနားလှပသည့် အိမ်ကြီးရဲ့ ခြံထောင့်လေးမှာ ကပ်ရပ် နိုးပွင့်နေရှာသည့် စံပယ်ရုံလေးကို ခင်သတိုး အလွန်စိတ်ဝင်စားသွားသဖြင့် အခန်းထဲမှ စံပယ်ရုံလေးဆီ ဘယ်လိုရောက်သွားမှန်းပင် မသိတော့။

"မမ...ဘယ်လဲ၊ အစာအိမ်က ဆာပြီလား...ခစ်...ခစ်"

ထမင်းစားခန်းမှ ဖြတ်ကျော်စဉ် အငယ်လေးက လှမ်းပြီးနောက် ပြောင်သည်။ သူတို့တွေမှာ အိမ်ကြီးရှင်တို့၏ လက်ဖက်ရည်ပွဲ စားသောက် ပွဲအတွက် ပျားပန်းခပ်မျှ အလုပ်ရှုပ်နေပုံရ၏။ နံနက်ခြောက်နာရီ ရှိပြီကိုး။

"မဆာပါဘူးဟာ...ကိစ္စရှိလို့"

ခင်သတိုး မီးဖိုဘက်မှ ခြံထဲသို့ ထွက်လိုက်သည်။ ညှိခန်းဘက် သော့ မထွက်ချင်။ အိမ်ကြီးရှင်များနှင့် တစ်ခါရင်ဆိုင်တိုးရလျှင် တစ် ခါ စိတ်မသက်သာလည်း မဖြစ်ချင်။ တတ်နိုင်သမျှ မိမိ၏နှလုံးသားလေး



www.burmeseclassic.com

www.burmeseclassic.com



ကို အနာတရ ကင်းစင်စွာ ဖြူစင်သန့်ရှင်းစွာ တယုတယ ထားချင်မိတာ ခင်သတိုး၏ ရိုးရိုးသားသား စိတ်ဆန္ဒဖြစ်သည်။

"ဟော..."

အဝေးတစ်မြင်မှပင် သူမကို စိတ်ချမ်းသာမှုတွေ ပေးစွမ်းနိုင် သည့် စံပယ်ရုံလေးသည် သူ့အနား ရောက်သွားတော့လည်း ခင်သတို ကို နွေးထွေးစွာ ကြိုလေ၏။ မခို့တရို့လေး ပွင့်နေသည့် စံပယ်ပွင့်လေ တစ်ပွင့်ကို လှမ်းခူးပြီး ခင်သတိုး အားရပါးရ နမ်းရှိုက်ပစ်လိုက်မိသည် အား...ရင်ထဲကို အေးသွားတာပဲ။

ဝေ့ဝေ့ဝိုင်းဝိုင်းရှိနေသည့် စံပယ်ရုံလေးကြောင့် စောစောက တင် ကျပ်နေသည့် ခင်သတိုး၏စိတ်များ အတန်ငယ်ပြေပျောက်သွားကြသည် စံပယ်ရုံကလေး ရှိနေလေသဖြင့် သည်အိမ်ကြီးကလည်း ထင်သလော မခြောက်သွေ့တော့။

တိုက်ရှေ့မှာ အလှစိုက်ထားသည့် တော်ဝင်အလှပန်းတွေရဲ့ကြ မှာ မျက်နှာမငယ်ပါနဲ့၊ အားမငယ်ပါနဲ့ စံပယ်ရုံကလေးရယ်။ နှင့်ကိုငါချ မယ် သိလား။ လောကကြီးထဲမှာ လူအများကြီးက ဂရုမစိုက်တော တစ်ယောက်သောသူက တကယ့်နှလုံးသားနဲ့ချစ်လို့ နှစ်သက်မယ်ဆို နင် နေသာထိုင်သာရှိတော့ပေါ့။

စံပယ်ရုံလေးဘေးမှာ ပေါက်နေသည့် မြက်ပင်လေးများကို နှု ပစ်ပြီး ခင်သတိုး စံပယ်ရုံလေးကို ရေလောင်းဖို့ ရှာကြည့်လိုက်သည် ကိုယ့်နေရာမဟုတ်တော့ ဘယ်မှာဘာရှိမှန်းမသိတာကလည်း ခက် မကြာမီ ရေတိုင်နှင့်ရေပိုက်လေးတစ်ခု တွေ့သွားသဖြင့် ခင်သတိုး ဝ သာအားရ သွားယူလိုက်ပြီး တစ်ဆောင်းတွင်းလုံး ရေငတ်နေပုံရသ





စံပယ်ရုံလေးကို ရွှဲနစ်နေအောင် ရေဖျန်းလိုက်လေသည်။

"အို...အို...ဒီလောက်အပြုံးတကြီးလောင်းနေတော့ စံပယ် ရုံကလေးခမျာ ခိုက်ခိုက်တုန်ရောပေါ့။ သူ့ခမျာ ဆောင်းတွင်းကြီးထဲကွယ်၊ ကိုယ်ချင်းစာစမ်းပါ"

နောက်ဘက် ခပ်လှမ်းလှမ်းမှအသံကြောင့် ခင်သတိုး လန့်ဖျပ် သွားပြီး ဆတ်ခနဲလှည့်လိုက်သဖြင့် ရေပိုက်က သူ့ကိုပါ ရွှဲစိုသွားစေတော့ သည်။ သူ...ဦးမြင့်ခေါင်။

"ဟ! ကိုယ့်ကိုပါ လောင်းနေတော့တာပါလား။ ညက ကိုယ် ရေချိုးခဲ့ပါတယ်ကွယ်။ တယ်ဆိုးတဲ့ကလေးလေးပဲ"

နံနက်ဦး၏ မှိန်ပျပျအလင်းမှာ ညအိပ်ဝတ်ရုံ ဂွမ်းသားအဝါရှည် ကြီးဖြင့်ပင် တင့်တယ်ချောမောနေနိုင်သေးသည့် ဦးမြင့်ခေါင်၏ အိပ်ရာ ထ ကျက်သရေကိုလန်ပြီး၊ ရေတွေ တသွင်သွင် စီးဆင်းနေတာ ခင် သတိုး မေ့သွားသည်။

သူက ရယ်ဟာဟာရုပ်ဖြင့် ရေတိုင်ကို သွားပိတ်လိုက်စဉ် ခင်သတိုး ကြောင်နေ၏။ အိမ်ပေါ်ပြေးတက်ရမလား။ အို...ရှုပ်ပျက်တယ်။ ငါ စံပယ်ပန်းလည်း မခူးရသေးဘူး။ ခင်သတိုးမှာ ဦးမြင့်ခေါင် ပြန်လှည့် မလာခင် စံပယ်ပန်းကလေးများကို လျှင်မြန်စွာခူးယူပြီး မိမိ၏ဂါဝန်အင်္ကျီ အိတ်ကလေးထဲသို့ ထည့်လိုက်သည်။ သည်နေရာက မြန်မြန်ပြေးမည်။ သူ့ကိုကြောက်လို့တော့မဟုတ်။ သို့သော် ဦးမြင့်ခေါင်နှင့် စကားတွေ ရှည်ရှည်ဝေးဝေး ပြောမနေချင်။

ကလေးလေးများသဖွယ် ရင်ဘတ်မှာ တပ်ထားသည့် အိတ် ကလေးထဲ စံပယ်ပန်းများ တစ်ဝက်လောက်ရောက်ချိန်မှာပင် ဦးမြင့်ခေါင်



www.burmeseclassic.com

www.burmeseclassic.com





သူမထံသို့ ပြန်ရောက်လာပြန်သည်။ သူ့အသွင်က ရယ်ချင်တာကို မျို သိပ်ထားရသည့်ရုပ်ကြီးနှင့်။

"ဘယ်သူ. . . မင်းနာမည် ခင်သတိုးဟုတ်လား။ ခင်သူနိုးတော့ မဟုတ်ပါဘူးနော်"

"ဘာရှင့်! "

ဦးမြင့်ခေါင်၏စကားကြောင့် နူးလက်စလက်က တန့်ခနဲ ရပ် သွားပြီး ခင်သတိုး သူ့ကို မလိုတမာအကြည့်၊ ရန်လိုသည့်အကြည့်များ ဖြင့် တုံ့ပြန်မိသည်။ သူ ခြံထောင့်က သူ့စွန့်ပစ်ထားတဲ့အပင်ကိုတောင် လိုက်ပြီး ဗိုလ်ကျနေတာပဲ။

ဦးမြင့်ခေါင်က ခင်သတိုး၏ အိပ်ရာထအလှ မှုန်မှုန်ဖောင်းဖောင်း နှင့် ဒေါ်ဖောင်းနေသည့်ရုပ်ကိုကြည့်ပြီး မအောင့်နိုင်သဖြင့် ရယ်လိုက်၏။

"မင်း ငယ်ငယ်က သဘာဝပေါက်ပင်နဲ့ စိုက်ပျိုးပင်အကြောင်း သင်ဖူးပါတယ်နော်"

"အဲဒါနဲ့ ဘာဆိုင်လဲ"

"မဟုတ်ပါဘူး၊ ကိုကိုကြီးက အကောင်းပြောမလို့ပါ။ သဘာဝ ပေါက်ပင်ထဲမှာ စံပယ်ပန်းပါရဲ့လားလို့ မေးမလို့ပါ"

သူ့အပြောနှင့်အပြုံးက မခံချင်စရာ။ သို့သော် ခင်သတိုးမှာ သူမရင်ဘတ်ထဲမှ စံပယ်ပွင့်လေးများကို နှမြောတသနေမိဆဲ။ ပြန်မပေး ချင်။ ဒါဖြင့် သူမ သည့်ခြံထဲမှာ နေရလျက် သည့်စံပယ်ပင်လေးနှင့် မသက်ဆိုင်ရတော့ဘူးပေါ့။

ခင်သတိုး ကိုယ့်ကိုယ်ကိုယ် တရားချနေရပါ၏။ သူတစ်ပါး မပေးလိုသောပစ္စည်းကို မမက်မောဖို့ အတန်ကြာ စိတ်ကိုဖြည်လျှော့နေ ပါသည်။ ဝမ်းနည်းရိပ်က ရင်မှာပြည့်သိပ်လျက်။ မကြာမီ စံပယ်ပန်း လေးများကို သူမစွန့်လွှတ်နိုင်လာသည်။ ဘာလုပ်မလဲနော်။ လောက ကြီးဟာ ဘာမှအဓိပ္ပာယ်မရှိဘူး။ ငါလည်း အဓိပ္ပာယ်မရှိဘူး။ စံပယ်ပွင့် လေးတွေလည်း ဘာအဓိပ္ပာယ်မှမရှိဘူး။

မထူးစိတ်ကို မွေးလိုက်မှ သူမရင်ထဲ နေသာထိုင်သာရှိသွား သည်။ ယခုတိုင် ခပ်လှောင်လှောင်အပြုံးနှင့် သူမကိုငုံ့ကြည့်နေသည့် ပေါ်စီးမှုလူကြီးကို ခင်သတိုး ခပ်တင်းတင်းမော့ကြည့်ပစ်လိုက်သည်။

"ရော့! ရှင့်စံပယ်ပွင့်တွေ"

"လှူမိခါမှ ပြန်ပေးတော့ ဘယ်ကောင်းမလဲ"

"ဒါဖြင့် ကျွန်မက ဘာလုပ်ရမှာလဲ၊ ပန်းခိုးမှုနဲ့ ထောင်ချပစ် လိုက်ပေါ့။ ရှင့်သဘောပဲ. . . ကျွန်မ လုံးဝဂရုမစိုက်ဘူး"

ခင်သတိုး ရှက်ရမ်းရမ်းနေမိသလား မပြောတတ်။ ရင်ထဲမှာ စံပယ်ပွင့်ကလေးများအတွက် ကြေကွဲနေမိပါသည်။ အလိုလိုငိုချင်နေမိ သည် ဘာကြောင့်မသိ။ သူ့ကိုကြောက်လည်း မကြောက်၊ တွေ့လည်း တွေ့ချင်တော့။

"မင်းကို ကိုကိုကြီးရဲ့ကမ္ဘာထိကို တစ်နေ့လောက် ခေါ်သွားဦး မယ်"

သူ့စကားကို မိုက်ကြည့်ကြည့်ပစ်လိုက်ခြင်းဖြင့် ခင်သတိုး အာခံ သည်။

"ဒါမှ ကိုကိုကြီးကို လူတွေ အထူးသဖြင့် ကောင်မလေးတွေ ဘယ်လောက် သဲသဲလှုပ် ပြာယာခတ်အောင် လေးစား ကြောက်ရွံ့ တယ်ဆိုတာကြောင်း မင်း အတုယူနိုင်မှာ"

www.burmeseclassic.com



သူ့ကို သူ့လိုပင် မထီတထိရုပ်ဖြင့် ခင်သတိုးက ပခုံးတွန့်ပြ လိုက်သည်။ အိတ်ထဲမှ ချူးပြီးသား စံပယ်ပွင့်လေးများကို သူ့ခြေရင်းမှ ဖွဖွလွှတ်ချလျက် သူမ အိမ်ပေါ်သို့ အိမ်နောက်ဘက်မှ ပြေးတက်လာ ခဲ့တော့သည်။

◘◘◘

## အခန်း(၄)

"အဲဒါ သမီးအတွက် ကလေးထိန်းလေ၊ သဘောကျလား"

ဒေါ်ရွှေယမင်းက နှိမ်နှိမ်ချချ မိတ်ဆက်ပေးစဉ် ခင်သတိုးက ပင်ကိုအပြုံးဖြင့်ပင် ရွှေစင်မြင့်ခေါင်လေးကို အကဲခတ်သည်။ အသက်ရှစ် နှစ်အရွယ် ဖြူဖြူထွားထွား၊ သန့်စင်ကြည်လင်သည့်ရုပ်ကလေးမှာ ဗိုလ်မ ရုပ်ကလေးနှင့် တူပေစွ။ မျက်လုံးဝိုင်းဝိုင်းတောက်တောက်၊ မျက်ခုံးလှလှ၊ မျက်တောင်ကော့ကော့တို့အပြင် သန့်စင်သည့်အသားအရေက နို့နှစ် ရောင်သဖွယ်။ သို့သော် ကလေး၏ရုပ်က မိုက်တီမိုက်ကန်း၊ ဂျစ်ကန် ကန်။ လိုရာပုံသွင်းယူလို့ရသည့်အရွယ်မှာ အဘယ်သူကများ မိုက်သွေး တွေ နိုးထည့်ပေးနေပါလိမ့်။

ရွှေစင်မြင့်ခေါင်ကလည်း ခင်သတိုးကိုပြန်လည်အကဲခတ်သည်။ ရှုတည်တည်ရုပ်ကလေးနှင့်။ နှင်းဆီပွင့်လေးတစ်ပွင့်နှယ် လှပထူးဆန်း သည့်မမဟာ သူ့ကလေးထိန်းတဲ့။ အံ့သြစရာ ဂုဏ်ယူစရာ။

"သမီးလေး. . . သူ့ကိုခိုင်းချင်တာခိုင်း၊ လုပ်ချင်သလို လုပ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘာမှအားနာစရာမရှိဘူး သိလား။ အန်တီ သူ့ကို သမီးအတွက် ပိုက်ဆံပေးပြီး ဝယ်ထားတာ၊ အရုပ်ကလေးတွေ လက်ဆောင်ပေးသလိုမျိုးပေါ့ကွယ်။ အနည်းဆုံး သူ့ကို သမီးလေး ခြောက်လပိုင်တယ်''

ဒေါ်ရွှေယမင်း၏စကားကြောင့် ခင်သတိုး မျက်နှာပင့်မိသွား၏။ တရားခံက သူကိုး။ ခင်သတိုး ကလေး၏အနေအထားကို သဘောပေါက်သွားသည်။ လူဆိုးတို့လက်မှာ ကျရောက်နေသည့် ကျေးသားလေးမှို ရွှေစင်မြင့်ခေါင် ဒီလောက်ရိုင်းနေခြင်းဖြစ်ပါသည်။

''ကဲ! သမီးလေး၊ ဆော့ကျန်ခဲ့တော့. . .လိုတာ သူ့ကိုနိုင်း။ အန်တီယမင်း အောက်ထပ်မှာရှိမယ်နော်. . .ဘိုင့်ဘိုင်''

ကလေးကိုနှုတ်ဆက်ပြီး ဒေါ်ရွှေယမင်း အောက်ထပ်သို့ဆင်းသွားတော့ ရွှေစင်မြင့်ခေါင် ခင်သတိုးဘက်သို့ လှည့်လိုက်သည်။ ရုပ်ကလေးချောသလောက် ဘဝအကြောင်း မကောင်းရှာသူလေးအား ခင်သတိုး သနားကြင်နာမိသည်။ သူကလေး ပျော်အောင် ဘယ်လိုထားရမလဲ။ သူကလေးရဲ့ဘဝ တိုးတက်အောင် ဘယ်လိုလုပ်ပေးရမလဲ။ သူမစဉ်းစားနေမိစဉ် အခန်းဝမှာ ဦးမြင့်ခေါင် ပေါ်လာ၏။

''သမီးလေး. . .ဘိုးဘိုးတို့အိမ်က ဘာစားခဲ့ရသလဲ''

ကလေးက ထွားထွားကြီးပေမယ့် ဖအေကလည်း သန်မာထွားကျိုင်းသူမို့ သမီးကို သူပွေ့ချီနိုင်ပါ၏။ သမီးက အမူအရာဖြင့်လုပ်ပြသည်။ လက်ဖက်ရည်ဖျော်သည့်ပုံစံနှင့် လက်ကလေးနှစ်ချောင်း လိမ်ပြသည်။

''ဩော်. . .လက်ဖက်ရည်နဲ့ အီကြာကွေးလား''

သမီးက ခေါင်းညိတ်ပြတော့ ဖအေက တဟားဟားရယ်နေသည်။ ကလေးမှာ ဖအေနှင့်တော့ ပြုံးနေလေ၏။





''ကဲ! သမီးလေး အောက်ဆင်းဦး။ ဖေဖေကြီး အလုပ်သွားဦးမယ်။ သမီးရဲ့ဆရာမနဲ့ တည့်အောင်နေနော်၊ အဲဒါ ဘွဲ့ရပြီးသား၊ သမီးကိုလည်း စာသင်ပေးလိမ့်မယ်။ ဟုတ်ပြီနော်. . .ဖေဖေကြီး သူ့ကိုမှာစရာရှိတာ မှာလိုက်ဦးမယ်''

သမီးက နာခံစွာပင် ဦးမြင့်ခေါင်ကျောပေါ်မှ လျှောဆင်းပြီး တီဗွီရှေ့သို့ရောက်သွား၏။ အခွေတစ်ခုကို ရွေးချယ်ထည့်လိုက်ပြီး ကုလားထိုင်ပေါ်မှ ထိုင်ကြည့်နေသည်မှာ အေးအေးဆေးဆေးပင်။

''ပြောစရာရှိလို့ အပြင်ခဏလောက် လိုက်ခဲ့ပါဆရာမ''

သူ့စကားကြောင့် ခင်သတိုး တွန့်သွားသည်။ စံပယ်ပွင့်ကိစ္စကြောင့် သူ့ကိုအခဲမကျေ။ ဝေးဝေးက ရှောင်လိုတာ အမှန်။

''ကျွန်မကို မလျှောင်ပါနဲ့၊ ကလေးထိန်းဟာ ကလေးထိန်းပေါ့။ ရှင်နဲ့လည်း အပြင်ကို မလိုက်နိုင်ပါဘူး''

''ဟာကွာ. . .သဘောပေါက်လွဲနေရပြန်ပြီ။ အခန်းပြင်တင် ခေါ်တာပါ။ ပြီး. . .သမီးကိစ္စလေးတွေ ဆွေးနွေးချင်လို့ပါ''

သူ့စကားကြောင့် ခင်သတိုး ရှက်သွားရသည်။ သမီးကိစ္စဆိုတော့လည်း မလိုက်လို့မရ။ သူမ သူ့နောက်သို့ လိုက်ရသည်။ သူက အခန်းပြင်မှတစ်ဆင့် လသာဆောင်အထိ ခေါ်သွားလေ၏။ လသာဆောင်မှာ ကျောက်သလင်းစိမ်မှာန်လေးနှယ် ဖွေးဖွေးလျှလျှ။ လပြည့်ညတွေဆို ပျော်စရာကောင်းမှာပဲ။

''ထိုင်ပါ မခင်သတိုး၊ မင်းကို ကိုကိုကြီး နောက်ပြောင်မိတဲ့ဆွေအတွက် ခွင့်လွှတ်ပါလို့ ကိုယ်အနူးအညွတ်တောင်းပန်ပါရစေ။ ဟုတ်တယ်. . .တကယ်က ကိုကိုကြီး မင်းကို မနောက်ပြောင်သင့်ဘူး။ သမီး



www.burmeseclassic.com

www.burmeseclassic.com



ဘဝရဲ့ရှေ့ရေးဟာ မင်.အပေါ်မှာ မူတည်နေတယ်ဆိုတာ ကိုကိုကြီး သိဖို့ကောင်းပါတယ်''

လသာဆောင်မှ ခုံပုလေးများမှာ သူတို့မျက်နှာချင်းဆိုင်။ ခင်သတိုး နားမလည်နိုင်ဖြစ်ရ၏။ ဘာဖြစ်လို့လဲ၊ သူမဟာ ကလေးထိန်းရုံပဲ မဟုတ်လား။ ဦးမြင့်ခေါင်က ဆက်လက်ပြောပြနေသည်။

''သမီးဟာ မေတ္တာငတ်နေရှာတယ်၊ ကိုကိုကြီးကျတော့လည်း အလုပ်က အရမ်းရှုပ်တော့ ကလေးအတွက် အချိန်အပြည့်မပေးနိုင်ဘူး။ မမကြီးကျတော့လည်း သူ့ကိစ္စနဲ့သူ။ သမီးကိုတော့ ချစ်ပုံရပါတယ်''

''. . .''

''ဒါပေမဲ့ ကလေးက သူ့ကြောင့် ပျက်စီးနေတာ။ သူချစ်တာက နှစ်နေတာနဲ့ပဲ တူတယ်။ ကိုကိုကြီးရဲ့သမီးကို သူဖျက်နေတာ''

''ဒီလိုလည်း မယူဆပါနဲ့ရှင်၊ ကလေး စကားမပြောတတ်တာကရော ဘယ်တုန်းက ဘယ်လိုဖြစ် . . . အို! ကျွန်မမေးမိတာ မှားသွားသလား''

ခင်သတိုး၏မေးခွန်းကြောင့် အလုပ်သွားခါနီး ရှင်းသန့်ပြီး စမတ်ကျနေသည့် ဦးမြင့်ခေါင်၏ရုပ်က နာကျင်အိုစာသွားခဲ့သည်။

''မမှားပါဘူးကွယ်၊ ဟုတ်တယ် . . . အဲဒါ ကိုယ်ပြောမလို့ပါပဲ။ သမီးစကားပြောလို့မရတာ အခု ဒီဇင်ဘာဆို နှစ်နှစ်တင်းတင်းပြည့်ပြီ''

ပြောပြီး သူက စကားဖြတ်ကာ အဝေးသို့ငေးနေပြန်၏။ အတန်ကြာမှ စီးကရက်တစ်လိပ်ကိုမီးညှိပြီး ဖွာရှိုက်ရင်း စကားဆက်၏။

''အဲဒီနေ့က သမီးရဲ့မေမေ မနွေ ဆုံးတယ်''

''ရှင်! . . .''





ခင်သတိုး၏ အာမေဋိတ်သံက အပြင်သို့မထွက်။ ဦးမြင့်ခေါင်ကလည်း အိပ်မက်မက်သူနှယ် အဝေးသို့ငေးရင်း စကားတွေက အလျဉ်မပြတ်။

''အဲဒီနေ့က သမီးက ပန်းခြံထဲမှာ ဆော့ကစားနေတယ်၊ ကိုကိုကြီးက ခြံထောင့်က စံပယ်ရုံလေးအနားမှာ''

ဪ . . . သူ့စံပယ်ရုံဆိုတာ ခင်သတိုး လက်ခံရသည်။

''ကိုယ်တို့အနားယူနေကြတုန်း အိမ်ပေါ်ထပ် လသာဆောင်၊ ဒီလသာဆောင်ပေါ်ကပေါ့ကွာ . . . မနွေ ပြုတ်ကျလာခဲ့တယ်''

''ဟင်! ''

ဓာတ်လမ်းကို ခင်သတိုး အရမ်းစိတ်ဝင်စားသွားသဖြင့် မျက်လုံးများ ပြူးကျယ်လာခဲ့၏။

''သမီးအနားမှာ ပုံပျက်ပန်းပျက် သွေးသံရဲရဲနဲ့ မနွေ သေဆုံးသွားရသလို သမီးလည်း မအေ့အဖြစ်ဆိုးကိုမြင်ပြီး စကားပြောလို့မရတော့တာ ခုထိပါပဲကွယ်။ ဆရာဝန်တွေကတော့ ပြောတယ်၊ နောက်ထပ်မမျှော်လင့်တဲ့ စိတ်လှုပ်ရှားစရာ တစ်ခုခုတွေ့ရင်တော့ စကားပြန်ပြောနိုင်ချင် ပြောနိုင်မယ်တဲ့။ ကံတရားပါပဲလေ''

ဆွေးဆွေးမြည့်မြည့် သူ့အသံကိုနားထောင်ပြီး ခင်သတိုး ရင်နင့်ရသည်။ သမီးလေးတစ်ယောက်တည်းမို့ သူ တော်တော်ခံစားနေရမှာပါပဲ။

''သမီးက စကားမပြောတတ်ပေမယ့် ကျန်တာ အကောင်းပဲ မဟုတ်လား။ နားကြားတယ်ဆိုရင် လူတွေနဲ့ဆက်သွယ်လို့ ရတာပဲလေ။ ကျောင်းလည်းဆက်တက်လို့ ရတာပေါ့။ သမီး ဘယ်နှတန်းနဲ့ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်ထားရတာလဲ''

''ပထမတန်း ဖြေပြီးသွားပြီ ကလေးက သာမန်မဟုတ်တော့ ကိုယ်လည်း မထားဖြစ်တော့ဘူး''

''ဒီနှစ်တော့ ရှိပါစေတော့၊ နောက်နှစ်ခါကျရင် ပြန်ထားစေချင်တယ်။ ကျွန်မ အခုကတည်းက ကြိုတင်လေ့ကျင့်ကြည့်မယ်''

''ခင်သတိုး သဘောပါ၊ ကိုကိုကြီးကတော့ သမီးကောင်းဖို့အတွက်ဆိုရင် အားလုံးသဘောတူပါတယ်။ နောက်တစ်ခုလည်း ကိုကိုကြီး တောင်းပန်ပါရစေ''

''ပြောပါ''

''သမီး ဘယ်လောက်ဆိုးဆိုး သမီးကိုပစ်မသွားပါနဲ့နော်။ ကိုကိုကြီးရဲ့သမီးလေးအပေါ် စာနာနားလည်မှုနဲ့ ဖျောင်းဖျတည့်မတ်ပေးပါလို့ တောင်းပန်ပါရစေ''

''ဒါ. . . ပြောနေစရာတောင် မလိုပါဘူး။ အစိုးရိမ်မကြီးပါနဲ့ ဦးမြင့်ခေါင်၊ ကျွန်မက အနည်းဆုံး ခြောက်လ စာချုပ်ထားရတာပဲ''

''ဟာ. . . ကိုကိုကြီး ဆိုလိုချင်တာ ဒီသဘောမဟုတ်ရပါဘူး။ ခင်သတိုးရဲ့ရင်ထဲက စေတနာ မေတ္တာကိုသာ လိုချင်တာပါ''

ဦးမြင့်ခေါင်၏စကားကို နားထောင်ရင်း ခင်သတိုး ပြုံးယောင်သန်းသွားသည်။ သမီးကိုတော်တော်ချစ်တဲ့ ဖခင်ပါပဲ။

''စိတ်ချပါ ဦးမြင့်ခေါင်၊ ကျွန်မမှာ ငါးသောင်းတန်တဲ့ စေတနာတွေ အပြည့်ရှိပါတယ်''

''ဟာကွာ''

''ဒါပဲမဟုတ်လား. . . ကျွန်မ သွားတော့မယ်''



အလုပ်သွားခါနီး ရှင်းသန့်စိုပြည်နေသည့် ဦးမြင့်ခေါင်အနားမှ ခင်သတိုး ထွက်လာခဲ့သည်။

မပတ်သက်ချင်ပါဘူးနော်။ ကြောက်လွန်းလို့။ ရွှေမင်းသားကြီးရဲ့ ရွှေရောင်မီးလျှံတွေကို ဝေးဝေးကပဲ ကျွန်မ ရှောင်ပါရစေ။

ခင်သတိုး အခန်းထဲပြန်ဝင်လာတော့ စောစောက ရှင်လန်းတက်ကြွနေသည့် သမီးအသွင်က စူစူပုပ်ပုပ်လေးဖြစ်နေသည်။ ဘုရားရေ. . . ငါဘာမှားမှားသလဲ။ သူမစဉ်းစားရင်း ကလေးအနားမှာ သွားထိုင်သည်။ ကလေးက ခင်သတိုးကို မျက်စောင်းထိုးလေသည်။

''သမီး ဘာတွေကြည့်နေသလဲ၊ စုန်းကားကြီးပါလား။ သမီးဘ သတ္တိသိပ်ကောင်းတာပဲနော်။ အန်တီဆို မကြည့်ရဲဘူး''

ခင်သတိုးက ချီးကျူးသော်လည်း ကလေးက ဆတ်ခနဲ ထပိတ်လိုက်၏။ ပြီး အခန်းထဲက ထွက်ပြေးပြီး လသာဆောင်မှ သူ့ဖေဖေထွက်အလာကို ကြည့်လေသည်။ ခင်သတိုး တစ်စုံတစ်ရာကို သဘောပေါက်သွား၏။ ဖအေက သမီးကိုသိပ်ချစ်သလို သမီးကလည်း ဖအေကိုအရမ်းချစ်ပုံရသည်။ သူမ သတိထားရပေမည်။ ခင်သတိုး ကလေးနောက်သို့ လိုက်သွား၏။

ကလေးက လသာဆောင်မှနေပြီး သူ့ဖေဖေကို အားရပါးရ လက်ပြနေလေသည်။ ဦးမြင့်ခေါင်ကလည်း မြင်ပါ၏။ ခင်သတိုး စိုးရိမ်နေမိသည်။ ဒီလသာဆောင်ကပဲ ဦးမြင့်ခေါင်၏ဇနီး လိမ့်ကျသေဆုံးခဲ့သည်။ လသာဆောင်က လက်ရမ်းများသည် နိမ့်လှသည်။ ကလေးနှင့်ယှဉ် ဒူးဆစ်လောက်ရှိ၏။ ဦးမြင့်ခေါင်ကလည်း လက်တပြပြနှင့် သူ့သမီးကို နှုတ်ဆက်ပြီးမှ ကားပေါ်တက်ပြီး ထွက်ခွာသွားလေသည်။

ရွှေဝဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"လာ. . . သမီး အန်တီ သမီးအတွက် အချိန်ဇယားလေး လုပ်ပေးမယ်။ လူဆိုတာ သူ့အချိန်နဲ့သူ လှုပ်ရှားရတယ် သမီးရဲ့။ ဒါမှ အချိန်တွေ တန်ဖိုးရှိမယ်လေ"

ခင်သတိုး၏ ညင်သာသောအပြုံးမှာ ရွှေစင်မြင့်ခေါင် လိုက်ပါလာခဲ့သည်။ ကျယ်ဝန်းသောအိပ်ခန်းထဲမှာ ကိုယ်ပိုင်ညှေ့ခန်းသဖွယ် ဆက်တီတစ်စုံလည်းရှိ၏။ ခင်သတိုးနှင့် ရွှေစင်မြင့်ခေါင် မျက်နှာချင်းဆိုင် ထိုင်ကြသည်။

"သမီး. . . မနက်ဆို ဘယ်အချိန်ထိ အိပ်သလဲ၊ အန်တီဆို ခြောက်နာရီ အမြဲထတယ်၊ စာကျက်စရာရှိတုန်း စာကျက်တယ်။ အခု စာကျက်စရာမရှိတော့လည်း အလုပ်တွေဘာတွေလုပ်တယ်လေ။ ကမ္ဘာကြီးရဲ့နေထွက်ချိန်ကို သမီးစောင့်ကြည့်ခဲ့ဖူးသလား။ အရုဏ်တက်ချိန်လောက် မင်္ဂလာရှိတာ ဒီကမ္ဘာကြီးထဲမှာ မရှိတော့ဘူး။ သမီးနဲ့အန်တီ တစ်နေ့လောက် ကမ္ဘာကြီးရဲ့နေထွက်ချိန်ကို စောင့်ကြည့်ကြမယ်နော်"

ခင်သတိုးက သမီးလေးကို သူလိုချင်သည့်အတိုင်း စတင်ဖုံသွင်းသည်။ ရွှေစင်မြင့်ခေါင်မှာ ခင်သတိုး၏ပင်ကိုအပြုံးနှင့် စေတနာစကားများအပေါ် နှစ်သက်လာသဖြင့် စောစောက ရှုပ်နေသောရုပ်လေး ပျောက်သွားသည်။ ကလေးအပေါ် နားလည်ဖို့တော့ ခင်သတိုး အကင်းပါးရမည်၊ စိတ်ရှည်ရပါမည်။

"ကဲ! ဒါဖြင့် သမီးရဲ့အိပ်ရာထချိန်ကို အန်တီ ဘယ်လိုရေးရမလဲ။ အန်တီ့ရဲ့တစ်နေ့တာ အချိန်ဇယားကတော့ နံနက်ခြောက်နာရီက စတယ်၊ တို့တွေ ကမ္ဘာကြီးကို အစောဆုံး စတင်ရင်ဆိုင်ကြမယ်လေ သူများတွေထက် တစ်ပန်းသာတာပေါ့နော်။ နံနက်စောစောမှာ ငှက်





ကလေးတွေ အိပ်တန်းထတာကို တို့တွေ နားဆင်ကြမယ်။ ပန်းကလေးတွေ ပွင့်အာမွှေးပျံ့လာတာကို ကြိုဆိုနမ်းရှိုက်ကြမယ်။ ကဲ. . . ပြော၊ သမီး ကမ္ဘာကြီးကို ဘယ်နှနာရီကနေ စတင်ရင်ဆိုင်မလဲ"

ခင်သတိုးကမေးတော့ ရွှေစင်မြင့်ခေါင်မှာ မျက်လုံးလေးပိတ်အောင် ပြုံးရင်း၊ လက်ခြောက်ချောင်း ထောင်ပြ၏။

"အိုကေ. . . နံနက်ခြောက်နာရီမှာ အိပ်ရာထမယ်၊ နောက်ဆယ်မိနစ်က ပြင်ဆင်ချိန်ကွာ၊ ခြောက်နာရီဆယ်မိနစ်မှာ အိမ်ရှေ့ လမ်းမကြီးတစ်လျှောက် အရုဏ်တက်ချိန်ကိုစောင့်ကြိုရင်း တို့တစ်တွေ နာရီဝက် လမ်းလျှောက်ကြမယ်။ ဘယ့်နှယ်လဲ. . . လျှောက်မလား သမီး"

ခင်သတိုး၏အမေးကို ကလေးက လက်ခုပ်ကလေးများ တီးရင်း ခေါင်းတဆတ်ဆတ်ညိတ်လျက် ကြိုဆိုထောက်ခံ၏။ ကိုယ့်ဟာနဲ့ကိုယ်တော့ ဟုတ်နေတာပဲနော်။ အချိန်ဇယားရေးမည့် ကတ်ပြားဖြူဖြူလေးပေါ်မှာလည်း ဇယားကွက်များရေးဆွဲပြီး အချိန်နာရီပါ မှတ်လိုက်၏။

"အဲ. . . ခုနစ်နာရီထိုးဖို့ မိနစ်နှစ်ဆယ် လိုသေးတယ်ကွ၊ အဲဒီ မိနစ်နှစ်ဆယ်ကတော့ ခြံထဲမှာပဲ ပန်းကလေးတွေ လျှောက်ကြည့်ကြမယ်။ ပန်းကလေးတွေ ဘယ်နှပွင့် ပွင့်သလဲဆိုတာ ရေတွက်ရင်း အလှဆုံးပန်းတစ်ပွင့်ကို ဒီသမီးရဲ့ပန်းအိုးလေးထဲထိုးဖို့ ခူးကြမယ်နော်"

ရွှေစင်မြင့်ခေါင်မှာ ခင်သတိုး၏စကားများအပေါ် ပျော်ရွှင်လွန်းသဖြင့် ဆက်တီပေါ်မှာ ခုန်ဆွခုန်ဆွဖြစ်နေတော့၏။ ဖြစ်နိုင်လျှင် ကလေးက ယခုပဲ မိုးပြန်လင်းချင်တော့သည့်ပုံ။ အလို! အစတုန်းက ကလေးထိန်းတွေဟာ ကလေးကို ဘယ်လိုထိန်းခဲ့ကြပါလိမ့်။ ရွှေစင်မြင့်ခေါင်



www.burmeseclassic.com

www.burmeseclassic.com



သည် ထင်သလောက် မဆိုးသဖြင့် ခင်သတိုး နည်းနည်းစိတ်ချမ်းသာရသည်။ လျှော့တွက်လို့တော့ မရသေး။

"နောက် ရှစ်နာရီအထိ တစ်နာရီတီတီက သမီး အစာစားချိန်၊ နံနက်စာ ဘရိတ်ဖတ်စ်ပေါ့ကွာ. . . ဟုတ်လား။ အချိန်လောက်ပါတယ်နော်။ သမီးက လိပ်ကလေးလို နှေးသလား. . . လိပ်လေ. . . ဩော်"

ကလေးက ခင်သတိုးပြောသည့် လိပ်ကို မမြင်ဖူးကြောင်းပြောသဖြင့် သူမမှာ အခန်းထဲမှာရှိသည့် ပို့ကဒ်ဘုတ်ပေါ်မှာ လိပ်ပုံဆွဲပြရသည်။ သူမက တစ်ကြောင်းဆွဲပန်းချီကျွမ်းသဖြင့် ရွှေစင်မြင့်ခေါင် သဘောကျနေလေတော့သည်။

"အဲဒီ လိပ်တွေ ကျားကြီးတွေ ဆင်ကြီးတွေ တိရစ္ဆာန်ဥယျာဉ်ထဲမှာ အစုံရှိတယ် သမီးရဲ့။ သမီးရောက်ဖူးလား၊ သမီးက ရန်ကုန်သူပဲနော်။ ခဏခဏရောက်ဖူးမှာပေါ့. . . ဟုတ်လား။ အန်တီတို့ ငယ်ငယ်တုန်းကဆို တစ်ခေါက်တည်းပဲ မေမေက ပို့ပေးဖူးတယ်။ အန်တီတို့နေတဲ့ မြန်အောင်နဲ့ ရန်ကုန်က အဝေးကြီးလေ"

သို့သော် ကလေးက ခေါင်းခါ လက်ခါပြပြီး သူသွားချင်ကြောင်း ဟန်အမူအရာတွေနှင့် လုပ်ပြနေသဖြင့် ခင်သတိုး အကြံအိုက်သွားသည်။ ကိုယ့်ရှူးတော့ ကိုယ်ပတ်နေပြီဖြစ်သည်။ တစ်နေ့နေ့မှာတော့ ရောက်အောင်ပို့ပေးဖို့ ခင်သတိုး ဆုံးဖြတ်သည်။

"ကဲ! နောက်နေ့တွေ ပို့ပေးမယ်ကွာ၊ အခု အချိန်ဇယားကိုတောင် ဆွဲမပြီးသေးဘူးလေ"

ခင်သတိုးပြောသော်လည်း မရတော့။ ရွှေစင်မြင့်ခေါင်မှာ အမြဲတမ်း လက်ညှိုးညွှန်ရာ ရေဖြစ်သူပီပီ၊ ခြေဆောင့် ငိုတော့မည်မို့ ခင်





သတိုး ချွေးပြန်လာရတော့သည်။

"အခု ဘယ်လိုသွားမလဲ သမီးရဲ့၊ အန်တီတို့ ဘယ်သူ့ကိုပြောသွားမလဲ။ သမီးရဲ့ဖေဖေလည်း အလုပ်သွားတယ်လေ။ အန်တီယမင်းကလည်း အပြင်ထွက်သွားပြီမဟုတ်လား"

သို့သော် ရွှေစင်မြင့်ခေါင်မှာ ခေါင်းခါမြဲ၊ ခြေဆောင့်မြဲ။ ပြီး ခင်သတိုးကိုလက်ဆွဲခေါ်ပြီး အခန်းထောင့်စင်ကလေးပေါ်မှ တယ်လီဖုန်းနီနီလေးထံသို့ ခေါ်သွားခဲ့သည်။ ကလေးက လက်ဟန်ခြေဟန်တွေဖြင့် ပြသော်လည်း ခင်သတိုး နားမလည်သေး။ ဘယ်ကိုဆက်ခိုင်းတာလဲ။ သူ့ဖေဖေဆီကိုလား။ အန်တီယမင်းဆီကိုလား။ ခင်သတိုး စဉ်းစားနေဆဲ ကလေးက ဂဏန်းများကို လျှောက်နှိပ်တော့သည်။ ပြီး. . . ဖုန်းခွက်ကိုယူပြီး ဟန်ကျပန်ကျ နားထောင်နေ၏။ သူမ ပဟေဠိဖြစ်နေဆဲ တစ်ဖက်မှ အသံကိုကြားရသည်နှင့် ရွှေစင်မြင့်ခေါင်က သူမထံ ဖုန်းထိုးပေးခဲ့လေသည်။

"ဟဲလို. . . သမီးလား။ ဖေကြီးဆီက ဘာပူဆာမလို့လဲ။ ပြောနိုင်းလေ"

သမီးအစား ခင်သတိုး ပြောရပေတော့မည်။ ရွှေစင်မြင့်ခေါင်မှာ သူမကိုကြည့်ပြီး ကျေနပ်အားရနေလေသည်။ ဩော်. . . သနားစရာကလေးလေးပဲ။ ခါတိုင်းလည်း ဒီလိုပဲ တစ်ဆင့်ခံ ဆက်သွယ်နေရသည်ဖြစ်မည်။

"ပြောလေ သမီးရဲ့၊ ဘာလုပ်ပေးရမလဲ။ မြန်မြန်ပြောနိုင်းကွာ၊ အကြီး မအားဘူးကွ"

ကလေးနှင့် နှစ်ယောက်အတူ နားထောင်နေသည်မို့ ရွှေစင်မြင့်ခေါင်



www.burmeseclassic.com

www.burmeseclassic.com



ဇ၏ မေတ္တာဖြင့် ပြည့်ဝပျော်ဝင်သော စကားများကို သူမတို့ ကြားနေရပါသည်။ ကလေးက သူမကိုမော့ကြည့်ပြီး ဖုန်းခွက်ကို လက်ညှိုးထိုးပြနေပြန်၏။ ခင်သတိုးမှာ ဦးမြင့်ခေါင်ကိုပြောဖို့ရာ နှုတ်တွန့်နေမိသည်။ နောက်မှ အားတင်းပြီး ပြောချလိုက်ရသည်။

"ဦးမြင့်ခေါင်...ကျွန်မ အနားမှာရှိပါတယ်၊ ကလေးကို စကားပြောရင်း ဟို...လိပ်...လိပ်အကြောင်းပါသွားတော့ စကားတွေကျွ ရင်း တိရစ္ဆာန်ရုံအကြောင်း ကျွန်မ အာချောင်မိပါတယ်...အဲဒါ"

"ကိုယ်သဘောပေါက်ပြီ၊ တိရစ္ဆာန်ရုံကို သွားချင်တယ်ဆိုပါတော့။ ရတယ်လေ...ကိုယ့်ဒရိုင်ဘာ ပြန်လွှတ်လိုက်မယ်။ မင်းနဲ့အတူသွားပေါ့။ အိမ်က ကလေးမလေးတစ်ယောက် အဖော်ခေါ်သွား။ အငယ်လေးဖြစ်ဖြစ်။ အင်း...အခု ဆယ်နာရီထိုးပြီ၊ နေ့လယ်စာ ဟိုမှာပဲ စားလိုက်။ စားဖို့ပါ စီစဉ်သွား။ တကယ်က အေးအေးဆေးဆေး စီစဉ်ရမှာ ဒါပေမဲ့ ကိုယ့်သမီးကလည်း ကိုယ့်လိုပဲ။ ကိုကိုကြီးလိုပဲ၊ လိုချင်ပြီဆို ချက်ချင်း..."

"ရပါတယ်...ကျွန်မ ချက်ချင်းစီစဉ်လိုက်ပါ့မယ်...ဒါပါပဲ"

"နေဦး...ဖုန်းချမပစ်နဲ့ဦး၊ အနားမှာ သမီးရှိလား"

"ဟင့်အင်း...သမီး အငယ်လေးတို့ဆီ ဆင်းသွားပြီ။ သူ သွားသတင်းပေးမလို့နဲ့တူတယ်"

"ဒါဆို ကိုယ်ပြောမယ်၊ မင်းက လိပ်အကြောင်းဆိုလို့ ကိုယ်ကြီး စဉ်းစားကြည့်တယ်။ ဘာလဲ...မယ်ထွေးလေးရဲ့ လိပ်ကမ္ဘာပြ ပုံပြင် ပြောပြလိုက်တာလား။ မိထွေးမကောင်းတဲ့ပုံပြင်တွေဘာတွေဆော ကျေးဇူးပြုပြီး မပြောလိုက်ပါနဲ့ကွာ၊ ကိုကိုကြီး အခု မိန်းမယူချင်မိ





ပေါက်နေပြီ...သိလား"

"ဝွမ်!"

သူ့စကားမဆုံးမီ ဖုန်းကိုလွှတ်ချလိုက်ပြီးမှ ခင်သတိုး နောင်တရသွားသည်။ ဘာဆိုင်လို့လဲနော်။ သူ့ဘာသာ မိန်းမယူမှာ သူမနဲ့ဘာဆိုင်လဲ။ အိုးမလုံ အုံပွင့်လို့ သူထင်သွားမှာ ခင်သတိုး အရမ်းပူပင်သွားတော့သည်။

◙◙◙



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

"မမရဲ့ရွှေစင်လေးက အရမ်းသနားဖို့ကောင်းတယ်၊ ခါတိုင်းဆို ဒီလို တစ်ခါမှ ကလေးခများ လွတ်လွတ်လပ်လပ်မရှိဘူး။ သူ့အန်တီယမင်းက အပြင်ကို သူလည်းမခေါ်ဘူး၊ ဘယ်သူနဲ့မှလည်း ပေးမလွှတ်ဘူး"

"ဟင်! ဒါဆို တို့တွေ အလုပ်ပြုတ်တော့မှာပဲ"

တီရှတ္တာန်ရုံတစ်လျှောက် ခင်သတိုးနှင့် အငယ်လေးမှာ ဖြည်းညှင်းစွာသွားရင်း စကားတွေ ပြောနေဖြစ်သည်။ ရွှေစင်မြင့်ခေါင်ကတော့ ငှက်ကမ္ဘာကိုကြည့်ရင်း အလွန်ပျော်မြူးနေလေသည်။ ကလေးမှာ သူမတို့၏ရှေ့မှ ပြေးလိုချည်သွားနေတော့၏။

"သမီးရေ. . .မောနေမယ်နော်၊ အန်တီတို့ကိုစောင့်ဦး"

"နေပါစေ မမရာ၊ ခုမှ လျောင်ချိုင့်စံအိမ်ကလေး လွတ်လပ်ခွင့်ရတာ"

"အငယ်လေးကလည်းဟယ်၊ မမကြီးက သူ့တူမလေးကို မျိုးမတတ် ချစ်ပုံရပါတယ်"





ခင်သတိုး၏စကားကို အငယ်လေးက ရှုံ့မဲ့ပြသည်၊ သူမတို့
ခပ်လှမ်းလှမ်းမှာလည်း ဦးမြင့်ခေါင်၏ဒရိုင်ဘာဦးလေးကြီးက လိုက်
နေသည်။ ဒါ သူ့ဆရာ၏အမိန့်ဖြစ်မည်။

"သူချစ်တာက တစ်မျိုးကြီးပါ မမရယ်"

"သူ့မောင်လေးကိုလည်း အရမ်းချစ်တယ်နော်၊ ဟျာယာကိုခတ်
တာပဲ။ ဒေါ်ရွှေယမင်းငယ်ငယ်က တော်တော်ချောမယ်။ ခုတောင်
နေအောင် လှတုန်း"

"မမခင်သတိုးလောက် မလှပါဘူးနော်၊ သူ့အလှက ပြင်မှဆင်
လှတဲ့အလှ"

"ဘယ်လိုနည်းနဲ့လှလှ၊ လှရင်ပြီးတာပါပဲကွယ်။ ဟိုဒင်း. . .စိန်
လေးတွေ အရောင်လက်တာလည်း သွေးထားလို့မဟုတ်လား။ အရိုင်း
ဆိုင်းဆိုရင် ဘယ်လှမလဲ"

ခင်သတိုးစကားကို အငယ်လေးက ခေါင်းခါပြပြီး ဆွဲထားသည့်
ခြင်းကို လက်ပြောင်းသည်။

"ပေးပေး. . .အငယ်လေး၊ မမ တစ်လှည့်ယူမယ်"

"ဘယ်. . .မဟုတ်တာ၊ အငယ်လေး ဆွဲနိုင်ပါတယ်။ ဒါလေး
အငယ်လေးပြောတာသာ နားထောင်စမ်းပါ"

"နင် တော်တော်စကားများတယ်နော်"

ခင်သတိုးမှတ်ချက်ကို အငယ်လေးက ရယ်ကျဲကျဲဖြင့် ခေါင်း

"အားလုံးက ဒီလိုပဲ မှတ်ချက်ချပါတယ်။ ဒါပေမဲ့ အငယ်လေး
ဟုတ် ဘွင်းဘွင်း. . .ဟုတ် ဘွင်းဘွင်းသမား။ ဘယ်သူ့ကိုမှ မမုန်

www.burmeseclassic.com



တာ မပြောဘူး။ မမုန်တာ မလုပ်ဘူး။ ကဲပါ...အငယ်လေးပြောတာ နားထောင်စမ်းပါ။ မမနဲ့ မမကြီးအလှကို နှိုင်းယှဉ်ပြမယ်နော်၊ မမကြီးရဲ့အလှက အရိုးပေါ်အရွက်ဖုံးထားတဲ့အလှ၊ ပကာသနတွေနဲ့ ခြယ်သထားတဲ့အလှ။ မမရဲ့အလှကမှ တကယ့်ပင်ကိုအလှ။ ကြည့်ပါလား...အသားအရေကအစ ကျောက်ဖြူသားလို့ ဖွေးနုစ်ကြည်စင်..."

"နှင့်အဘိုးအေ...ဒါဖြင့် ငါက ကျောက်ရုပ်ကြီးပေါ့"

နှစ်ယောက်သား တခစ်ခစ်ရယ်ရင်း ကလေးနားသို့ ရောက်သွားကြသည်။ ကလေးက သစ်ကုလားအုတ်မိသားစုလေးကို လက်ညှိုးတထိုးထိုးဖြင့် သဘောကျနေသည်။ ခင်သတိုး မိမိလက်မှာ ပတ်ထားသည့်နာရီလေးကို ကြည့်လိုက်သည်။ ဆယ့်နှစ်နာရီထိုးတော့မည်။ ကလေးလည်း ညောင်းရောပေါ့။

"ကဲ! သမီးရေ၊ အန်တီတို့ ထမင်းစားရအောင်နော်။ တို့တွေ မောမောနဲ့ ထမင်းစားလို့သိပ်ကောင်းမှာပဲ။ လာဟေ့ အငယ်လေး၊ ဟိုရှေ့နားက အရိပ်မှာ ခင်းကြ ပြင်ကြမယ်။ ဗျို့...ဦးလေးကြီး၊ လာ ကျွန်မတို့နဲ့အတူ ထမင်းစားကြရအောင်"

လူအနည်းငယ်ရှင်းသည့်အရိပ်မှာ ပါလာသည့်အခင်းခင်းခြင်း သယ်လာသည့်ချိုင့်များ ဖြုတ်ချပြင်ဆင်ခြင်းတို့ ပြုလုပ်စဉ် ရွှေစင်မြင့်ခေါ်မှာ အလွန်ပျော်ရွှင်နေလေသည်။ ဒီနေ့တစ်နေ့လုံး ကလေးမှာ ဆိုးဖို့ သတိမရ။

ဒရိုင်ဘာဦးလေးကြီးမှာ ထမင်းမစားဘဲ ငြင်းနေသဖြင့် သူ့ထို့ အတင်းခေါ်ကျွေးရ၏။

"သမီးက ခါတိုင်းဆို ဟင်းအရမ်းရွေးများတာ မမရဲ့"





အငယ်လေးက တိုးတိုးသတင်းပေးသော်လည်း ကလေး ကြားသောက်၏။ ကလေးကိုထမင်းခွံ့ပေးရင်း ခင်သတိုး ပြောရသည်။

"ဒါပေမဲ့ ကြည့်နေ...ဒီနေ့ကစပြီး သမီးဟာ အလိမ္မာတုံးလေး ဖြစ်တော့မှာ။ ဘယ်တော့မှ မဆိုးတော့ဘူးနော် သမီး။ မမအငယ်လေးကို ခေါင်းညိတ်ပြလိုက်လေ"

ကလေးက ခေါင်းညိတ်ပြုံးပြသဖြင့် အငယ်လေးပင် ကြည်နူးသွားရ၏။ ခင်သတိုးမှာ သမီးကို ကြက်အသည်းအမြစ်နှင့် ထမင်းခွံ့ပေးနေ၏။ ကျန်ဟင်းများကိုလည်း အစုံကျွေးသည်။

"ကလေးဆိုတာ အစုံစားမှ အားရှိတာ သမီးရဲ့။ အန်တီက အားကစားချန်ပီယံ။ ခွေးလိုက်ရင် လွတ်အောင်ပြေးနိုင်တယ်။ သမီးကိုလည်း အစုံသင်ပေးမယ်နော်"

ထမင်းစားရင်း ကလေးက ရေကူးဟန်လုပ်ပြနေပြန်သည်။

"သြော်...ရေကူးလား၊ အင်း...ရေကူးလည်း ချန်ပီယံပဲ။ အန်တီတို့ မြန်အောင်မှာ ရေဝတီမြစ်ကြီးရှိတယ်။ မြင်ရတာပြောပါတယ်၊ ဆင်းတော့မဆင်းရဲဘူး"

အားလုံးဝိုင်းရယ်နေကြသဖြင့် ခင်သတိုးတို့အုပ်စုက ပျော်စရာမိသားစုလေးသဖွယ်။ တကယ်တော့ တစ်ယောက်နှင့်တစ်ယောက် ဘာမှ မတော်ကြ။ သို့သော် စေတနာ မေတ္တာအရင်းခံတွေ ဖြူစင်ကြယ်ပါလျှင် လောကကြီးတစ်ခုလုံး သာယာချမ်းမြေ့ရပါသည်။ ယခုထိတော့ ကလေးက ဘာပြဿနာမျှ မရှိသေး ကိုယ်ကိုင်တွယ်တတ်သလို ခပ်ရွရွကိုင်တွယ်နေသော်ငြား ခင်သတိုးမှာ ကလေးကို ပင်ကိုအတိုင်းပဲ ဆက်ဆံသည်။

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးစီးကြတော့ သူမတို့အုပ်စု တီရှော့ခန်းရုံထဲမှ ဟက်ပီးဝေါလ်သို့ ဆက်သွားကြသည်။ ဝင်လျှင်ဝင်ချင်း မိုးပျံရထားကြီး ပျော်ရွှင်စွာ စီးနေကြသည်နှင့် သွားတိုးသဖြင့် ကလေးက ဆွေ့ဆွေ့ခုန်အောင် ပျော်သွား၏။ ကိစ္စမရှိ။ သူလည်း လက်ညှိုးတထိုးထိုးနှင့် ခင်သတိုးကို အတင်းဆွဲခေါ်နေတော့သည်။ ကျန်လူများမှာ မျက်လုံးပြူးနေကြသည်။

"မမ ဖြစ်ပါ့မလား။ ကလေးက ရှေ့လိုဥထားတဲ့ကလေး။ ပြီးတော့ ပုံမှန်လည်းမဟုတ်ဘူး။ ကျွန်မတော့ ကြောက်တယ်၊ တော်ကြာ မူးမေ့လဲသွားမှဖြင့်"

အငယ်လေးစကားကို ဒရိုင်ဘာဦးလေးကြီးကလည်း ထောက်ခံ၏။ သူတို့ကြောက်နေကြသော်လည်း ကလေးကမူ ခင်သတိုးကိုလက်ဆွဲပြီး မိုးပျံရထားဆီသို့ ပြေးတော့သည်။

"ဦးလေး လက်မှတ်နှစ်စောင် သွားဆုတ်ပါ။ သူများတွေတောင် စီးနေကြတာပဲ။ ဘာမှမဖြစ်ပါဘူး။ တစ်ခုခုဆိုလည်း ကျွန်မ တာဝန်ယူတယ်"

မကြာမီ မိုးပျံရထား၏ရှေ့ဆုံးထိုင်ခုံမှာ ခင်သတိုးတို့နှစ်ယောက် နေရာယူကြသည်။ ရထားက လှုမပြည့်သေး၊ ကလေးက ယခုတော့ ပျော်ရွှင်နေလေ၏။

"သမီး. . . ဒုံးပျံကြီးတွေ အာကာသယာဉ်တွေ မြင်ဖူးသလား။ တီဗွီထဲမှာ လာတာလေ။ အနောက်နိုင်ငံတွေကနေ အာကာသထဲ လွှတ်တင်တဲ့ ဂြိုဟ်တုတွေ မြင်ဖူးတယ်မဟုတ်လား"

ကလေးက မျက်လုံးလေးတလက်လက်ဖြင့် ခေါင်းညိတ်ပြပြီး သူပါ လက်ဟန်ခြေဟန်တွေဖြင့် ဂြိုဟ်တုတက်ဟန် လုပ်ပြသည်။





"အေး. . . အဲဒီအာကာသထဲ သမီးတို့ အန်တီတို့လို မိန်းကလေးတွေ ပါသွားတာဗျ။ မှတ်ထား. . . မိန်းမဆိုတာ ယောကျ်ားတွေထက် သတ္တိကောင်းတယ်"

ကလေးက ခေါင်းတညိတ်ညိတ်ဖြင့် ရှင်လန်းအားတက်နေတာသေချာမှ ခင်သတိုး တိတ်တခိုးသက်ပြင်းချရသည်။ ရွှေစင်မြင့်ခေါင်ကိုကိုင်တွယ်ရတာမလွယ်။ ကလေးက စိတ်အတက်အကျမြန်သဖြင့် မိုးပျံရထားပေါ်မှာ ဒုက္ခမရောက်ရေး တရားဟောရခြင်းဖြစ်သည်။

လူပြည့်သွားသောအခါ မိုးပျံရထားကြီး စတင်ထွက်ဖို့ အချက်ပေးလေသည်။ အမြင့်ဆုံးသို့ ဖြည်းဖြည်းချင်း တက်နေသည်က အသည်းယားစဖွယ်။ ထိုင်ခုံခါးပတ်တွေ ပတ်ထားသည့်ကြားမှပင် ကလေးကို ဆက်တစ်ဖက်မှ မသိမသာ ဖေးမဆုပ်ကိုင်ထားမိသည်။ ဒါ ပြဿနာတုံးလေး မဟုတ်ပါလား။

"ဟေး. . ."

ရထားပေါ်မှ ကလေးအပေါင်း၏ ပျော်ရွှင်စွာ ဟစ်အော်သံထဲမှာ ခင်သတိုးတို့နှစ်ယောက်လည်း ပါဝင်အော်ဟစ်လိုက်ကြသည်။ ကျည်ဆန်လွှတ်သည့်နှယ်၊ ဂြိုဟ်ပတ်လမ်းတွေနှယ်၊ ရထားကြီးစီးဆင်းရာတစ်လျှောက် ပျော်ရွှင်စွာ အော်ဟစ်ကြပြီးနောက် မိုးပျံရထားစီးခြင်း ပြီးဆုံးသွားသည်။

ကလေးတော့ မသိ၊ ခင်သတိုးမှာ ဆော့ကစားပွဲတစ်ခုပြီးဆုံးသည့်နှယ်။ နှစ်ယောက်သား ရင်တွေတုန်ပြီး ဒူးတွေပင် ခွေလုလု။ သို့သော် ရထားပေါ်မှ အောက်သို့အဆင်းမှာ အငယ်လေးတို့နှင့်အတူ လက်ခုပ်တီးပြီး ကလေးကို ကြိုဆိုပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးက သဘ္ဘိသိပ်ရှိတာပဲဟော့၊ အန်တီဖြင့် အံ့ရော။ အန်တီဆို ခုမှစီးရဲတာ။ ယယ်ယယ်က မစီးရဲဘူး"

ခင်သတိုး၏စကားကြောင့် ရွှေစင်မြင့်ခေါင်လေး အလွန်ပျော်သွားသည်။ သူမတို့အုပ်စု ရှေ့ဆက်လျှောက်ကြပြန်သည်။ ရှင်လန်းတော်ကြွနေသည့်ကလေးကို ကြည့်ရသည်မှာ အလွန်စိတ်ချမ်းသာစရာကောင်းနေသည်။ ကလေးက ခင်သတိုး၏လက်ကို မြဲမြဲဆုပ်ကိုင်ထားခဲ့သည်။

တစ်နေရာမှာ စက်ဝိုင်းပုံလှည့်နေသည့် သစ်သားမြင်းလှည်းရုပ်များကို တွေ့ရပြန်သည်။ မြင်းရုပ်များက နိမ့်ချည်မြင့်ချည် ချီတက်ရင်း စက်ဝိုင်းပုံ လှည့်လည်နေ၏။

"သမီး စီးဦးမလား"

ကလေးက ခေါင်းညိတ်ပြသဖြင့် ပျော်ရွှင်စွာ ဟစ်အော်စီးနေကြသည့် ကလေးအုပ်ထဲမှာ ရောထွေးတင်ပေးလိုက်သည်။ မြင်းစီးပြီးတော့ သူမတို့ တိုက်ကားစီးကြပြန်သည်။ ရာဘာတုံးတွေနှင့် ရောထွေးတည်ဆောက်ထားသည့်ကားထဲမှာ ခင်သတိုးတို့နှစ်ယောက် ပျော်ရွှင်နေကြ၏။ အချိန်နာရီများကိုပင် ခပ်မေ့မေ့။

"သမီးရေ. . .အန်တီပါရောပြီး ပျော်နေလိုက်တာ၊ ခုမှ သူငယ်ပြန်ရတယ်။ အေးလေ. . .အသက်နှစ်ဆယ်ဆိုတာလည်း ဘာရှိသေးတာမှတ်လို့"

ကိုယ့်တရားကိုယ်စီရင်ရင်း နှစ်ယောက်သား ပျော်ရွှင်မြူးကြနေခိုက်၊ ဦးလေးကြီးက အနားသို့ကပ်လာ၏။

"မလေး. . .ဆရာက ညနေသုံးနာရီမှာ ကားပြန်လာကြိုခိုင်းတယ်။ အခု နှစ်နာရီကျော်ပြီ"



"အို. . .ဟုတ်လား၊ ဒါဆို ကျွန်မတို့ပြန်ရတော့မှာပေါ့နော်။ အချိန်တွေကလည်း ကုန်လွယ်လိုက်တာ။ ကဲ! သမီးရေ၊ တို့တွေပြန်ကြစို့၊ နောက်တစ်ပတ်မှ တစ်ခါလာကြမယ်နော်"

သို့သော် သူမတို့ အခက်တွေ့ချေပြီ။ ကလေးက ခေါင်းတခါခါ၊ လည်တခါခါဖြင့် ခုန်ပေါက်ဆန့်ကျင်နေတော့၏။ သူ မပြန်ချင်သေး။

"အငယ်လေးရေ. . .လုပ်ပါဦးဟ၊ ငါတို့ ဘယ်လိုစီမံကြမလဲ"

"အငယ်လေးတော့ မပြောတတ်တော့ဘူး၊ ပြဿနာပဲ။ အခုဒီကို ကျွန်မတို့လာတာ မမကြီးလည်း မသိဘူးနော်။ ကိုကိုကြီးက အပြင်သွား၊ အငယ်လေးတော့ နီးရာဓားကို ပိုကြောက်တယ်"

"နင်ကလည်း အရေးထဲ ဖြဲခြောက်နေရပြန်ပါပြီ၊ သမီးကလည်း ခေါင်းမာလိုက်တာဟယ်"

ခင်သတိုးတို့ အခက်တွေ့နေဆဲ ကလေးကလည်း ခြေတဆောင့်ဆောင့်ဖြင့် သူမလက်ကိုဆွဲကာ၊ ကလေးများ ရေချိုးနေသည့် ရေကန်တိမ်တိမ်လေးဆီသို့ ခေါ်နေချေတော့သည်။ ခင်သတိုး ဆုံးဖြတ်ရပါ၏။

"ကဲ! ဒီလိုလုပ်ပါ ဦးလေးကြီး၊ ကျွန်မတို့သုံးယောက် ဒီမှာ ကလေးကျေနပ်တဲ့အထိ နေကျန်ခဲ့မယ်။ ဦးလေးကြီး. . .ဦးမြင့်ခေါင်ဆီ ပြန်သွားပါ။ နောက် သူ့ကိုပြောပြပြီး ကျွန်မတို့ကိုလာကြိုပေါ့နော်"

နောက်ဆုံး ထိုအကြံအတိုင်းပဲ အားလုံးလက်ခံလိုက်ကြရသည်။ အငယ်လေးကတော့ ခြေမှုန့်ဖြင့် နှုတ်ခမ်းတို့နေချေတော့သည်။

"ညက အငယ်လေး အိပ်မက်မက်တာလေ၊ ခေါင်းဆင်နှင်းတယ်တဲ့။ ကျိန်းသေတယ်. . .ဒီနေ့တော့ ခေါင်း ဆင်နှင်းခံရမယ့်အဖြစ်"

"ဆင်နှင်းခံရလည်း တို့နှစ်ယောက် အတူတူပေါ့ဟာ၊ ငါတို့

www.burmeseclassic.com

www.burmeseclassic.com



ဘက်မှာ တစ်ယောက်ယောက်တော့ ရှိမှာပေါ့”

“ရှိမယ် အားကြီး. . . ကိုကိုကြီးက ဘာဖြစ်လို့လဲမသိဘူး။ သူ့မရီးကို အရမ်းကြောက်ရတယ်”

“ဘယ်လို! ဘယ်လို! မမကြီးက ဦးမြင့်ခေါင်ရဲ့အစ်မ မဟုတ်ဘူးလား”

“မဟုတ်ဘူး မမရဲ့၊ ကိုကိုကြီးနဲ့ ဘာမှမတော်ဘူး။ မမကြီးက ကိုကိုကြီးရဲ့မိန်းမ ဒေါ်နွေယမင်းရဲ့မမ”

ကြောက်ရွံ့စိုးရိမ်စိတ်ထဲမှာ အံ့ဩစိတ်တို့ အလေးကဲလျက် ခင်သတိုး မျက်လုံးပြူးနေလေတော့သည်။

◙◙◙



## အခန်း(၆)

နေ့တစ်နေ့၏အရုဏ်ကို မော်ဖူးနိုင်ဖို့အတွက် ခင်သတိုးနှင့် ရွှေစင်မြင့်ခေါင်တို့ နံနက်ခြောက်နာရီမှာ အိပ်ရာထကြသည်။ ကလေးကို ချက်နှာသစ်၊ သွားတိုက်လုပ်ပေးခြင်း၊ ကိုယ်တိုင်သန့်ရှင်းရေး လုပ်ခြင်းများနှင့် အဝတ်လဲခြင်းတို့မှာ ဆယ်မိနစ်ပင် မကြာ။ နံနက်ခြောက်နာရီဆယ်မိနစ်မှာ ခင်သတိုးနှင့် ရွှေစင်မြင့်ခေါင်တို့ အိမ်ရှေ့လမ်းမကြီးပေါ်သို့ ရောက်သွားကြသည်။

ကလေးက အတွေ့အကြုံသစ်မှာ လွန်စွာရွှင်လန်း ဝမ်းမြောက်နေသလို ခင်သတိုးမှာလည်း ညက ဆင်နွှဲခဲ့ရသည့် အိမ်တွင်းတိုက်ပွဲအတွက် ကျေနပ်ပီတိဖြစ်နေမိသည်။ စိတ်ပုပ်တာတော့ မဟုတ်ပါဘူး။ သို့သော် မမကြီးကို ဒီတစ်ချက်အနိုင်ရှုံ့နိုင်ခဲ့တာတော့ ခင်သတိုး ကျေနပ်သည်။

ခေါင်းစွပ်အဝါ၊ ဆွယ်တာအဝါ၊ ဘောင်းဘီအဝါတို့ဖြင့် ရွှေစင်မြင့်ခေါင်လေးက ရွှေရုပ်ကလေးနှင့်တူနေသလို ခင်သတိုးကလည်း အက်ကြီးမိုးရုပ်နှင့် တူနေပါ၏။ ခေါင်းစွပ်အဖြူ၊ ဆွယ်တာပွပွအဖြူနှင့်လေး။



www.burmeseclassic.com

www.burmeseclassic.com



ကလေးကိုလက်ဆွဲပြီး အိမ်ရှေ့လမ်းမကြီး၏ မဆုံးနိုင်သောခရီး ကို သူမတို့လျှောက်ကြမည်။ နောက် အရုဏ်တက်ချိန်ကို ကြည့်ကြမည်။ ငှက်ကလေးများ၏အသံကိုလည်း ချိုသာစွာ ကြားနေရသေး၏။

လမ်းလျှောက်ရင်း ခင်သတိုး၏အတွေးများက မနေ့ညဆီ ပြန်ရောက်သွားခဲ့သည်။

◙

ခင်သတိုးတို့ တိရစ္ဆာန်ရုံမှ ပြန်ရောက်တော့၊ ညနေငါးနာရီ ရှိပေပြီ။ အငယ်လေးနှင့်သူမမှာ မျက်နှာငယ်ချင်ချင်။ ဘယ်သူတွေက ဘယ်လိုဆူလိုက်မလဲဟုတွေးရင်း . . . ကားပေါ်မှဆင်းရသည်။

"မမရေ့ . . . အငယ်လေးတော့ လစ်ပြီ"

မီးဖိုထဲသို့ ကြွက်တစ်ကောင်နှယ် လှစ်ခနဲပြေးဝင်သည့် အငယ် လေးအား အသံတိတ်မေတ္တာပို့ပြီး ခင်သတိုးနှင့် ရွှေစင်မြင့်ခေါင်တို့ အပေါ် ထပ်သို့ တက်ခဲ့ကြသည်။ ကလေးကို ရေချိုးပေးရဦးမည်။

ကံကောင်းထောက်မစွာပင် ယခုထိ မမကြီးကိုမတွေ့ကြရသေး၊ သူမတို့ ကိုယ့်အခန်း (ကလေး၏အခန်း)ထဲသို့ လျှင်မြန်စွာ ဝင်ရောက်ပြီး ကလေးကို ချက်ချင်းရေချိုးပေးလိုက်သည်။

ရေချိုးပြီးတော့ ဂါဝန်လှလှလေး လဲ၊ သနပ်ခါးဖွေးဖွေး လိမ်း ပေးနေစဉ်၊ အခန်းထဲသို့ ဦးမြင့်ခေါင် ဝင်လာခဲ့သည်။

"ဟား . . . သမီးက သိပ်လှနေပါလားဟေ့၊ ဖေကြီးကိုပြော ပါဦး။ ဒီကနေ့ သမီးအရမ်းပျော်နေတယ်ဆို"

ကလေးက သူ့ဖခင်အား ထခုန်ဖက်ပြီး နေ့ခင်းက အတွေ့အကြုံ





များအား ခြေဟန်လက်ဟန်တွေရော၊ ကိုယ်အမူအရာတွေရောဖြင့် ပြောပြနေ၏။ ရွှေစင်မြင့်ခေါင် တက်ကြွလန်းဆန်းနေသဖြင့် ဦးမြင့်ခေါင် ဝမ်းသာပီတိဖြစ်နေလေ၏။

"ခင်သတိုးကို ကိုကိုကြီး အရမ်းကျေးဇူးတင်တာပဲ။ သမီးရဲ့ဘဝ ခုမှ အဓိပ္ပာယ်ရှိတော့တယ်"

ပြောပြီး ဦးမြင့်ခေါင် ကလေးကို သူ့အခန်းသို့ခေါ်သွားသည်။ ခေတ္တအားခိုက် ခင်သတိုး ရေချိုးရသည်။ ရေချိုးပြီး အဝတ်လဲပြီးစမှာပင် သူမထံသို့ မမကြီး ဒေါ်ရွှေယမင်း ယမ်းပုံမီးကျအသွင်ဖြင့် ရောက်လာခဲ့တော့သည်။ ခင်သတိုးမှာ သူ့ကိုကြောက်မိပေမယ့် ဣန္ဒြေဆည်ရင်း မမကြီးကိုကြည့်နေမိသည်။

ဆတ်ဆတ်တုန်မျှ ဒေါသထွက်နေပုံအား အံ့လည်းအံ့ဩမိပါ၏။

"ကလေးကိုဖျက်ဆီးတာ၊ ကလေးကို နင်ဖျက်ဆီးနေတာ။ ပြီးတော့ စကားမပြောတတ်တဲ့ကလေးကို လူတွေကြားထဲခေါ်ပြီး သက်သက်မဲ့ အရှက်ခွဲတာ။ ကလေးရော လူကြီးတွေရော အားလုံးဂုဏ်သတင်းမဲ့အောင် နင် သက်သက်မဲ့ တို့အရှက်ကိုခွဲတာ။ ဟင် . . . နောက်တစ်ခါ သူလည်လုပ်ဦး၊ နင့်ကိုအလုပ်ဝင်စကတည်းက ပြောခဲ့သားပဲ။ ဒီအိမ်မှာ ငါ့စကားနားထောင်၊ ငါ့အမိန့်နာခံရမယ်လို့ နင့်ကိုပြောပြီးသား။ ကဲဟယ်! ကဲဟယ်! "

ခင်သတိုးအရပ်က ဒေါ်ရွှေယမင်းထက် ခေါင်းတစ်လုံးစာမျှ ကျော်နေသည်မို့ မမကြီးခုန်ရိုက်နေသမျှ သူမ ရှောင်နေရပါ၏။ ပါးရိုက်တာတော့ သူမ မခံနိုင်။ ရှောင်ရင်းတိမ်းရင်း ဝရန်းသုန်းကားဖြစ်နေခိုက် အခန်းထဲသို့ ဦးမြင့်ခေါင်တို့သားအဖ ပြေးဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရှင်းပြပါရစေ မမကြီး၊ ကျွန်မ ကလေးကိုအရှက်ခွဲတာ မဟုတ်ပါဘူး။ မမကြီးတို့ကိုလည်း အရှက်မခွဲပါဘူး။ ကလေး စကား မပြောတတ်တာ ရှက်စရာမဟုတ်ပါဘူး မမကြီး။ သိမ်ငယ်စရာလည်း မဟုတ်ပါဘူး။ ကျွန်မစေတနာက ကလေးကို ပုံမှန်ကလေးတွေအတိုင်း ပညာရေး၊ လူမှုဆက်ဆံရေးတွေမှာ ရောထွေးပါဝင်စေချင်လို့ပါ"

"လွှတ်. . . နင် ငါ့လက်ကိုလွှတ်၊ ကလေးကဝ အစေအပါး က လူပါးဝလို့၊ နင် ဆရာကြီးလုပ်စရာမလိုဘူး။ နင့်တာဝန်က ကလေး ထိန်းဖို့ပဲ။ ကလေးခိုင်းတာမှန်သမျှ လုပ်ပေးဖို့ပဲ၊ ကလေးကိုပြုစုပေးဖို့ပဲ။ နောက်တစ်ခါ ဒီလိုလုလည်ကျရင် နင့်ကိုအလုပ်ဖြုတ်ပစ်မယ်။ အလကား ကိုယ် အလေနတောလျှောက်သွားချင်တိုင်း ကလေးကိုမြှောက်ပေးနေ တယ်။ ကလေးကိုပျက်စီးအောင် ဖျက်နေတာ"

ဒေါ်ရွှေယမင်း၏စွပ်စွဲချက်များက ပြင်းထန်သလို၊ သူ့ဒေါသက လည်း ပေါက်ပေါက်ကွဲကွဲ။ ခင်သတိုးကိုချုပ်ကိုင်ထားသည့် သူ့လက်ကို လွှတ်ပေးလိုက်သည်။

"ဟင်! "

လက်ဝါးဖြင့်အုပ်ရင်း သူမ ငေးကြောင်နေမိကာ၊ အံ့အားသင့်စွာ ငြိမ်သက်နေသည့် ဦးမြင့်ခေါင် ဆတ်ခနဲနိုးကြားသွားခဲ့သည်။

"မမကြီး ဘယ်လိုလုပ်လိုက်တာလဲ၊ မမကြီးအယူအဆတွေ မှားနေတယ်။ မမကြီးလုပ်ပုံလုပ်နည်းတွေ မှားနေတယ်။ ဒါ သက်ဦးဆံ ပိုင်ခေတ် မဟုတ်တော့ဘူး။ ကျွန်ပိုင်ရှင်ခေတ် မဟုတ်တော့ဘူး။ လူလူ ချင်း အဆင့်အတန်းခွဲတာ၊ တစ်ဆင့်နိမ့် ဆက်ဆံတာ ကျွန်တော် လုံး လက်မခံနိုင်ဘူး"





တိုးညှင်းသော်လည်း ရဲရင့်ပြတ်သားသည့် သူ့စကားများက တစ်လုံးချင်း ပီပီသသ။ မမကြီး၏ဒေါသမြှားဦးက ဦးမြင့်ခေါင်ဘက်သို့ ဆတ်ခနဲ လှည့်သွားသည်။

"ဘာပြောတယ်. . . ဘာပြောလိုက်တယ် ကိုခေါင်။ မင်းစကား ကို ထပ်ပြောလိုက်ပါဦး။ မင်းက ငါ့ကို ဘယ်တုန်းက အာခံဖူးလို့လဲ။ ခါတိုင်း ငါလုပ်သမျှ ကြည့်နေတဲ့ကောင်က ဒီအာယားမနဲ့ကျမှ ငါ့ကိုပြန် ပြီး တော်လှန်နေပါလားကွ. . . ဟင်"

ဒေါ်ရွှေယမင်း၏စကားများက ရင့်ရင့်သီးသီး။ သို့သော် ဦးမြင့် ခေါင် စိတ်ရှည်စွာ ထပ်မံရှင်းပြသည်။

"ဒါပေမဲ့ မမကြီးလုပ်တာတွေ လွန်လာပြီလေ။ ခါတိုင်းလို လွှတ် ထားရင် ဒီအိမ်ဟာ သားရဲတွင်းနဲ့ပဲ တူတော့မယ်။ သားသတ်ရုံနဲ့ပဲ တူ တော့မယ်။ နောက် ကျွန်တော့်ရှေ့မှာရော ကွယ်ရာမှာပါ ဒီလိုအနိုင် အထက်ကျင့်တာ၊ လူလူချင်း စော်ကားနိမ့်ချတာတွေ မမြင်ချင်ဘူး"

"မမြင်ချင်တော့ မင်းက ငါ့ကိုဘာလုပ်မှာလဲ"

ဒေါ်ရွှေယမင်း၏ရုပ်က မိုက်မိုက်မဲမဲ။ ခင်သတိုး မှင်သက်မိစွာ ကြည့်နေမိသည်။ ဦးမြင့်ခေါင်က ခပ်ပြုံးပြုံးပင် ပြောလိုက်သည်။

"မမကြီးကို ကျွန်တော် ဘာမှမလုပ်ပါဘူး။ ကျွန်တော် လုပ် နိုင်တာ တစ်ခုပဲရှိတယ်။ ကျွန်တော်တို့သားအဖ ဒီအိမ်ပေါ်က ဆင်းသွား မယ်။ ဒါပဲပေါ့"

ဦးမြင့်ခေါင်စကားက ဒေါ်ရွှေယမင်း၏ ဟတ်(တ်)ကို ထိသွား ပုံရ၏။ ဒေါသ မာန်မာနများဖြင့် တံခွန်ထူနေသည့်မိန်းမကြီးမှာ တစ်ခါ တည်း ဦးကျိုးသွားချေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . . ကိုခေါင်၊ မင်းတို့မဆင်းရဘူး။ မင်းတို့သားအ
ကို မမကြီး မခွဲနိုင်ဘူး။ မင်းသဘောကျ မမကြီး လိုက်လျောပါ့မယ်"

"ကျွန်တော် အနိုင်ကျင့်တာ မဟုတ်ဘူးနော်၊ မမကြီးမှာ အ
တွေ သိပ်များနေတယ်။ ကျွန်တော်တောင်းဆိုချင်တာ နှစ်ခုတည်း
တစ်ခုက ကျွန်တော့်သမီးလေး စိတ်ချမ်းသာဖို့၊ နောက်တစ်ခုက
သတိုးကို နှိမ်နှိမ်ချချ ချိုးချိုးဖွဲ့ဖွဲ့ မဆက်ဆံဖို့"

"ဒါပဲလား"

"ခင်သတိုးရဲ့အရည်အချင်းကို ကျွန်တော် ယုံကြည်တယ်
ကြီး။ သမီးဘဝလေး ပုံမှန်ပြန်ဖြစ်လာဖို့ သူကြိုက်သလို ပဲ့ပြင်ချည်ကိုင်
ပါစေ။ မမကြီး အသာကြည့်နေလိုက်ပါနော်"

ခံပြင်းသောမျက်နှာကြီးနှင့် အတန်ကြာ ငြိမ်သက်နေပြီးမှ ဒေါ်
ရွှေယမင်းက ကတိပေးခဲ့သည်။

"ကောင်းပြီလေ၊ ငါက မင်းတို့သားအဖကို မခွဲနိုင်တဲ့အတွက်
မင်းတောင်းဆိုတဲ့အတိုင်း လိုက်လျောလိုက်ပါတယ်"

◙

ကလေး၏လက်ကိုဆွဲပြီး လမ်းလျှောက်နေရင်းမှ ခင်သတိုး စိတ်
မသက်မသာဖြင့် သက်ပြင်းချမိသည်။ နောင်ရိုးတိုက်ပွဲပါပဲ။ သူ့မှာ နောက်
ဆုတ်စရာလမ်း မရှိတော့။ ခြောက်လစာလခကိုလည်း မေမေ့ထံ အပ်
ပေးအပ်ပြီးခဲ့ပြီ။ ခင်သတိုးရဲ့ရှေ့ခရီးလမ်းမှာ သူမကိုစုန်အုပ် ဝါးစားမည့်
ခြင်္သေ့တွေ ကျားဆိုးတွေပင် ရှိစေဦးတော့။ ခင်သတိုး နောက်ဆုတ်
မရပါတော့ပြီ။





ကလေးက အတိုင်းမသိ ရွှင်လန်းခုန်ပေါက်နေသော်လည်း ခင်
သတိုးမှာ ရင်က ခပ်လေးလေး။ ဖအေကတစ်မျိုး၊ အဒေါ်ကတစ်မျိုး၊
သမီးကတစ်မျိုးနှင့်။ သူတို့တစ်ယောက်စီဟာ ခင်သတိုးကို တစ်မျိုးစီ
စိတ်ညစ်စေကြမှာပါပဲ။ သူမ၏လည်ကိုညှစ်မည့် ကြိုးများပင်လော မပြော
တတ်။

အိုလေ. . . ဒါ ငါ အပျက်ဘက်ကပဲ တွေးနေမိတာပါ။ အခြေ
အနေကို ပါးနပ်စွာ ဖြတ်ကျော်ရမှာပါပဲ။

နို့နေစမ်းပါဦး။ ဒေါ်ရွှေယမင်းဟာ ဦးမြင့်ခေါင်အပေါ်မှာ မျှတား
မတတ် ဂရုစိုက်လွှမ်းလှတယ်။ သူ့မောင်လေးလည်း မဟုတ်ဘဲနဲ့။ မတ်
တိုများ. . . ကဲလေ. . . ဒါ ငါ့အကြောင်းမဟုတ်ပါဘူး။

"ကောက်ညှင်းပေါင်း"

အနားမှာ ကပ်အော်လိုက်သည့် လမ်းလျှောက်ဈေးသည်၏အသံ
ကြောင့် ခင်သတိုး လန့်သွားခဲ့၏။ ကိုယ်က တောသားပီပီ ကောက်ညှင်း
ပေါင်းပူပူနွေးနွေးကိုလည်း မက်မောတတ်သည်။ ပြီး. . . ဟိုအိမ်မှာ သူမ
တို့လိုအစေအပါးတွေအတွက် နံနက်စာစားစရာ ဘာရယ်လည်း ရှိ
တတ်တာမဟုတ်။ ခြောက်လစာလုံးလုံး မေမေ့ကိုအပြီးအပ်ပြီးဖြစ်ပေမယ့်
သူမမှာ လက်ကျန်ငွေလေး နည်းနည်းပါးပါးရှိသေးသည်။

"နေပါဦး. . . ဘယ်လောက်ဖိုး အနည်းဆုံးရောင်းသလဲ"

ဟုတ်တယ်. . . နည်းနည်းပဲ ဝယ်စားနိုင်မှာ။ လမ်းက နေ့တိုင်း
လျှောက်မှာ မဟုတ်လား။ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်ချိုချို
ပူပူလေးနဲ့ နံပြားလေးဘာလေး စားနိုင်ရင်တော့ ကောင်းမှာပဲ။ သို့သော်
ပိုက်ဆံနည်းနည်းနှင့် ဗိုက်ပြည့်ဖို့သာ အရေးကြီးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရယ်တော့ ရယ်စရာကြီး။ ရဲတိုက်ကြီးတမျှ ခမ်းနားသည့်အိမ်မှာ နေရသော်လည်း ကောက်ညှင်းပေါင်း နှစ်ဆယ်ဖိုး အစိတ်ဖိုးပင် ချင့်ချိန်နေရပါလေ၏။

"အစိတ်ဖိုးတော့ ယူလိုက်ပေါ့၊ နှစ်ထုပ်လား"

ဈေးသည်၏အမေးကြောင့် ခင်သတိုး ကလေးကိုကြည့်လိုက်သည်။ ကလေးက ခေါင်းညိတ်ပြပါ၏၊ ဣန္ဒြေမပျက်. . .

"ဟုတ်ကဲ့. . . နှစ်ထုပ်ပေးပါ"

ထို့နောက် ကောက်ညှင်းပေါင်းပူပူနွေးနွေးများကို သူမတို့နှစ်ယောက် လမ်းလျှောက်ရင်း စားပစ်လိုက်ကြသည်။

ကားအသွားအလာ သိပ်မများလှသေးသည့် လမ်းမကြီးတစ်လျှောက် လျှောက်သွားရင်း၊ မကြာမီ သူမတို့ အင်းလျားကန်ဘောင်ပေါ်သို့ ရောက်သွားကြသည်။ လမ်းလျှောက်သည့်ပထမဆုံးနေ့မို့ ခရီးကလည်း တွင်လှသည်။ ခြောက်နာရီခွဲပင် ရှိပေပြီ။ အပြန်ခြေလျင်လျှောက်နိုင်ဖို့ ကလေးကို တော်တော်စည်းရုံးရမှာပါပဲ။

ကန်ပတ်လမ်းမှ ခုံတန်းလေးတစ်ခုမှာ နှစ်ယောက်အတူ ထိုင်ကြပြီး နေထွက်ချိန်ကို သူမတို့စောင့်ကြိုကြ၏။ ရေကန်ထဲမှ နေလုံးကြီး ထွက်လာခန်းအား သူမတို့လက်ခုပ်တီးပြီး ကြိုဆိုနေကြဆဲ၊ ခင်သတိုးတို့နှစ်ယောက်၏ခေါင်းများကို ဒေါင်ခနဲ ဒေါင်ခနဲ အခေါက်ခံလိုက်ကြရသည်။

နှစ်ယောက်သား စိတ်ဆိုးမာန်ဆိုးဖြင့် ရန်တွေ့ဖို့ လှည့်ကြည့်လိုက်ကြ၏။

"ဟင်! ဦးမြင့်ခေါင်"





"လာခဲ့. . . လာခဲ့. . . တော်တော်ခြေရှည်တဲ့ဟာလေးတွေပဲ။ ဖေကြီးဖြင့် ရှာလိုက်ရတာ။ အငယ်လေးက ဒီဘက်လျှောက်သွားတယ် ဆိုတာနဲ့ ကားနဲ့လိုက်လာတာတောင် အဝေးကြီးပဲ"

ရွှေစင်မြင့်ခေါင်မှာ လွှပ်လပ်စွာ နေထိုင်၊ လမ်းလျှောက်ရသည့်အပြင် သူ့ဖခင်ကပါ လိုက်လာသဖြင့် အပျော်ဆုံးဖြစ်နေလေတော့သည်။ သို့သော် ခင်သတိုးကတော့ မပျော်။ တကယ့်ဆူးကြားက ဖူးပါပဲ။ ဒေါ်ရွှေယမင်းရော ရွှေစင်မြင့်ခေါင်ပါ ဦးမြင့်ခေါင်နှင့်ပတ်သက်လာလျှင် အရူးတို့ သဝန်တိုတတ်ကြမှန်း သူမ သိပါသည်။

ခင်သတိုးကလည်း သူ့ကိုမခေါ်ချင်ပါဘူးနော်။ တကယ်ပါပဲ စိတ်ညစ်တယ်။ သူက ရွှေမင်းသားတစ်ယောက်လို ချောမောနေတာနှင့် သူတိုင်းကို သူ့ရဲ့ရွှေတော်လို သဘောထားတာ သူမ သည်းမခံနိုင်ပါ။ သူဆိုတာ မာနနဲ့ပါပဲ။ ကိုယ့်ကိုယ်ကို တန်ဖိုးထားတယ်၊ သူ အရောတဝင်နေတာ၊ မထီမဲ့မြင်ရှိတာ၊ မလေးမစားလုပ်တာ အားလုံးကို ခင်သတိုး နစ်သက်ပါ။

"ကဲ. . . ကန်ပေါင်ရိုးမှာ လမ်းလျှောက်ကြရအောင်"

ဦးမြင့်ခေါင်က ကလေးကိုဆွဲထူ၏။ သားအဖနှစ်ယောက် ပျော်ရွှင်ချမ်းမြေ့နေပုံက ဘေးလူကိုပါ ဓာတ်ကူးစေသည်။ သို့သော် ခင်သတိုး ခံစ္စာနေလိုသည်။

"ကျွန်မ ထိုင်လိုက်ဦးမယ်နော်၊ နေထွက်လာတဲ့ရှုခင်းက အရမ်းလှတာပဲ"

"ဟာကွာ. . . လမ်းလျှောက်ရင်းကြည့်လည်း ရပါတယ်။ လာ



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းမှ ဦးမြင့်ခေါင်က သူမလက်ကို ဆွဲခေါ်သည်။ သူကြည့်ရတာ မိန်းကလေးများနှင့် လက်ပွန်းတတီး နေနေကျဖြစ်မည်။ ရွှေစင်မြင့်ခေါင်လေး မျက်နှာပျက်ကျသွားတာ ခင်သတိုး လှမ်းမြင်လိုက်ရသည်။ ဖခင်ကိုအရမ်းချစ်သည့် သမီးလေးပါပင်။

"ကျွန်မလည်း မောနေလို့ပါနော်၊ ဟိုမှာ သမီးစိတ်ဆိုးတော့မယ်။ ဦးမြင့်ခေါင်တို့သားအဖပဲ လျှောက်လိုက်ပါ"

သူကလည်း ကလေးကို သတိထားမိသွားသဖြင့် သားအဖနှစ်ယောက်တည်း လမ်းလျှောက်နေရလေတော့သည်။ သူတို့သားအဖကို ကြည့်ရင်း ခင်သတိုး ကိုယ့်ဖေဖေကို သတိရသွားပြန်၏။ ဖေဖေသာရှိလျှင် သူမ ယခုလို သူတစ်ပါးအိမ်မှာ အလုပ်လုပ်နေရမှာမဟုတ်။ ဖေဖေဟာ မူးပေမယ့် သားသမီးအပေါ်တော့ ကြင်နာတတ်ပါတယ်။

ကလေးက ရှေ့မှပြေးပြီး ဦးမြင့်ခေါင်က နောက်မှလိုက်နေပုံမှာ သမီးကိုသိပ်ချစ်သည့်ဖခင်မှန်း သိသာစေသည်။ ခါတိုင်းက ဒီလိုနေဖူးပုံမရကြ။ ဒီလောက်ချစ်ကြသည့်သားအဖနှစ်ဦးကြားမှာ ခင်သတိုး ခေတ္တ ရှောင်ထွက်နေလိုက်ချင်သဖြင့် အနားမှ စုံတွဲထံ အမှာစကားပါးခဲ့သည်။

"ဟော့! ဒီမှာ ဟိုးက အဝါရောင်လေးနဲ့သားအဖကို ပြန်လာရင် တို့ပြန်နှင့်ပြီလို့ ပြောပေးပါနော်"

ခင်သတိုး ကန်ဘောင်ပေါ်မှဆင်းပြီး လမ်းမပေါ်သို့ရောက်သောအခါ ဖဆောင်းနံနက်ပီပီ နှင်းများဖြင့် ဝေ့ဝဲဖြူဖွေးလျက်။ လမ်းလျှောက်ကြသူများ၊ အပြေးလေ့ကျင့်ကြသူများကြားမှာ သူမလည်း ခပ်မှန်မှန်ပင် ပြေးနေခဲ့သည်။ ခင်သတိုးဆိုတာ အားကစားမယ်တစ်ဦးပါပဲ။ အနည်းဆုံး အပြေးချန်ပီယံတော့ ဖြစ်ခဲ့သည်။ ထရပ်ဆုဘောင်းဘီအပြာနှင့်မို့ ပြေးဖို့





စိတ်ကူးရပြီး သူမ ပြေးပစ်လိုက်သည်။ ကလေးက သူ့ဖခင်၏ကားနှင့် လိုက်လာလိမ့်မည်။

သို့သော် အဲဒီလိုပြေးလိုက်မိခြင်းအတွက် ရင်ဆိုင်စရာပြဿနာ တစ်ခုက အိမ်ပေါက်ဝမှ ဆီးကြိုနေမည်ဖြစ်ကြောင်း သူမကတော့ ကြိုတင်မတွေးမိခဲ့ပါချေ။

◙

ခင်သတိုး အိမ်ပေါက်ဝသို့ ပြန်ရောက်တော့ နံနက်ခုနစ်နာရီ ထိုးတော့မည်။ အင်းလျားကန်ဘောင်နှင့် လမ်းမကြီးတစ်လျှောက် ပြေးလာခဲ့သည်မို့ အိမ်ရောက်လျှင်ရောက်ချင်း ခြံထောင့်မှ စံပယ်ရုံလေးမှာ ခင်သတိုး ပစ်လှဲချလိုက်သည်။

တစ်ညလုံး နှင်းတွေဖြင့် စိုစွတ်နေသည့်မြက်ခင်းပေါ်မှာ သူမက အေးအေးမြမြ။ မျက်လုံးမှိတ်ရင်း စံပယ်ရနံ့တို့ကိုရှူသွင်းနေခိုက် လောကကြီးကိုရော၊ ဒုက္ခများကိုရော အရာအားလုံးကို သူမ တဒင်္ဂမေ့သွားခဲ့သည်။ သူမ၏မျက်နှာမှာ ပီတိတို့ တဝေဝေ။ သိပ်ချစ်ဖို့ကောင်းတဲ့ စံပယ်နံ့လေးတွေပဲ။

သည်စဉ် မြေလျှောက်လှုပ်သည်လား ထင်ရသည့်ခြေသံတစ်စုံကို ခင်သတိုး ကြားလိုက်ရသည်။

"သမီးရော. . .ညည်း တော်တော်ခက်နေပါလား။ ဒါ ပေါက်ထွတ်ပဲစားကလေး မဟုတ်ဘူးအေ့။ ဆင်းရဲသားတွေလို လမ်းလျှောက်တာ ပြေးလားလွှားလားအကျင့်တွေ ညည်းသင်ပေးစရာ မလိုဘူး။ ပြော! ကလေး ဘယ်မှာလဲ၊ ညည်းတာဝန်က ကလေးထိန်းဖို့၊ ကလေးနဲ့ညည်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အမြဲအတူရှိနေရမယ်။ ညည်းကိုခန့်မိတာ ငါတော့ ဂြိုဟ်ကြီးရှစ်လုံး ဝင်တာပဲ''

''ကလေးက သူ့အဖေနဲ့ ကျန်ခဲ့တယ်''

''ဘာ! ''

ဒေါ်ရွှေယမင်းအသံကြီးက ကမ္ဘာပျက်တော့မည့်နှယ်။ ခင်သတိုး မှာ လန့်လည်းလန့်၊ အံ့လည်းအံ့ဩရပါ၏။

''ဘာပြောတယ်၊ ဒါဖြင့် ညည်းက အကြံအစည်နဲ့ လမ်းထ လျှောက်တာပေါ့။ ဟန်ရေးပြတာပေါ့. . . ဟုတ်လား။ ကြည့်ပါဦးတော် ကိုခေါင်ကလည်း ခါတိုင်း ရှစ်နာရီလောက်မှ အိပ်ရာထတဲ့သူက ခြောက် နာရီခွဲနဲ့ အိပ်ရာထသတဲ့။ ဟင်. . . ညည်း ဘာတွေဖြစ်လာခဲ့သလဲ ပြော စမ်း။ သူက ညည်းကိုသဘောကျအောင် ညည်း ဘယ်လိုမြူဆွယ်ဖြား ယောင်းခဲ့သလဲ။ ညည်းရုပ်ကြည့်ရတာ ပီတိတွေနဲ့ ပြုံးချိုနေတာပဲ။ မှန် မှန်ပြောစမ်း. . . ငါ အရမ်းစိတ်ကြီးလာပြီနော်''

ဒေါ်ရွှေယမင်း၏စွပ်စွဲနေပုံကြီးက မခံချင်စရာ။ သို့သော် ရည်း စားလူလု၊ အူနုကျွဲခတ်ဆိုတာလို ဒေါ်ရွှေယမင်းသည် သူ့မတ်ကိုကြိုက် နေလို့များလား။ ဒီလိုတော့လည်း မဟုတ်တန်ရာ။ အသက်ချင်းကလည်း ကွာသည်။ မောင်လေးလို ချစ်တာပဲဖြစ်မည်။

''မမကြီးရယ်. . . ကျွန်မက ကလေးကျန်းမာရေးကောင်းအောင် စေတနာနဲ့ လေ့ကျင့်ပေးနေတာပါ။ ဦးမြင့်ခေါင်ကို ကျွန်မ မပစ်မှားပါဘူး ပြီးတော့ သူ့မှာ သူ့ရည်းစားနဲ့သူပါ။ သူ့အတွင်းရေးမှူးမလေးနဲ့ မကြာ ခင် ယူတော့မှာမဟုတ်လား။ ကျွန်မက သူတို့သားအဖ အေးအေးဆေး ဆေးနေပါစေဆိုပြီး အပြေးလေ့ကျင့်ရင်း ပြန်လာခဲ့တာပါ''





''ငါမယုံဘူး. . . သူ့မှာ ရည်းစားရှိတာမှန်ပေမယ့် ကိုခေါင်က ဘယ်မိန်းမကိုမှ လက်ထပ်ဖို့စိတ်ကူးတာ မဟုတ်ဘူး။ သူက သူ့သမီး ကို သိပ်ချစ်တာ''

မမကြီး၏စကားကြောင့် ခင်သတိုး မခံနိုင်ဖြစ်သွားသည်။ ဒါ ကြောင့် ပုလဲနီစိတ်ညစ်နေရတာများလား။

''ဒါတော့ ကျွန်မ မသိဘူး၊ ကျွန်မသိတာ ပုလဲနီနဲ့ မကြာခင် လက်ထပ်တော့မယ်ဆိုတာပဲ။ သူများသားသမီးကို မယူနိုင်ရင် မကြိုက် နဲ့ပေါ့။ ဒါကြောင့် ဦးမြင့်ခေါင်ကို အသည်းစားတဲ့ ရွှေမင်းသားလို့ခေါ် ကြတာပဲ''

ပုလဲနီအတွက် မခံချင်စိတ်ဖြင့် ခင်သတိုး မစဉ်းမစားပြောချပစ် လိုက်သည်။ ဟုတ်တယ်. . . သူ့ကို လူတွေက ဒီလိုပဲပြောနေကြတာ။ သူမ၏စကားတွေအတွက် မမကြီး ဆွေ့ဆွေ့ခုန်လေ၏။

''အဲဒါ ညည်းကိစ္စမဟုတ်ဘူး၊ ညည်းဝေဖန်စရာမလိုဘူး။ ကို ခေါင်ဘာသာ ဘယ်သူ့ကိုပဲကြိုက်ကြိုက်. . . ညည်းသာ လွတ်အောင် ရှောင်နိုင်ပါစေ။ ညည်း မြဲမြဲမှတ်ထားဖို့က ကိုခေါင်ဟာ ဘယ်မိန်းမကို မှ အတည်တကျ လက်မထပ်ဘူးဆိုတာပဲ။ သမီးကလည်း သူ့အဖေကို ဘယ်မိန်းမနဲ့မှ တွဲတာမကြိုက်ဘူး။ ညည်း သတိထားပါ''

နိုင့်ထက်စီးနင်းပြောပြီး ဒေါ်ရွှေယမင်း ထွက်သွားတော့၊ ခင် သတိုး၏ သာယာချမ်းမြေ့နေသည့် ကမ္ဘာလေး ပျက်စီးသွားသည်။ ယခု ထိ စပ်ဖျဉ်းဖျဉ်းရှိဆဲ ညာဘက်ပါးလေးကို အုပ်မိုးရင်း ခင်သတိုး ရေ ရွတ်နေမိသည်။

''မေမေရေ. . . မေမေသုံးရမယ့် ငွေသုံးသိန်းဟာ သမီးရဲ့မာန



www.burmeseclassic.com

www.burmeseclassic.com



တွေကို အရည်ဖျော် ပို့လိုက်တဲ့ငွေပါ။ သမီးရဲ့ပျော်ရွှင်မှုတွေကို စတေး လိုက်ရတဲ့ငွေပါ''

သို့သော် မေမေ ဒီအကြောင်းတွေ ဘယ်တော့မှ မသိစေရဟု ခင်သတိုး ဆုံးဖြတ်ချက်ချမိသည်။

◙◙◙



## အခန်း(၅)

သမီး၏စာသင်ချင်စိတ်ကို နှိုးဆွပေးနိုင်သဖြင့် ခင်သတိုး ကလေးကို ဒုတိယတန်းစာများ သင်ကြားပေးခဲ့သည်။ မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာနှင့် သိပ္ပံ။ ကလေးမှာ စကားမပြောနိုင်သည်ကလွဲပြီး ကျန်အာရုံများ အားလုံးကောင်းသဖြင့် စာသင်ကြားရတာ ထိရောက်လွန်းသည်။ အသက်ကလည်း ရှစ်နှစ်ရှိပြီမဟုတ်ပါလား။ အထူးသဖြင့် ကလေးက ဉာဏ်လည်း အလွန်ကောင်းသည်။ ကလေးက စိတ်ပါလက်ပါရှိသည့်အပြင် တစ်ဦးတည်း စပါယ်ရှယ်သင်ခွင့်ရသဖြင့်လည်း သင်ကြားရေးက တိုးတက်လှသည်။

ရှေ့နှစ်ကျောင်းဖွင့်ချိန်မှာ ကျောင်းပြန်ထားလျှင် အထောက်အကူဖြစ်ရန် ဒုတိယတန်းသင်ရိုးကုန်မှဖြစ်မည်။ ယခု နိုဝင်ဘာ၊ ရှေ့နှစ် ဖွင့်ရောက်ခင် ခြောက်လတိတိ အချိန်ရသေးသည်။ အတော်ပါပဲ။ သူမလည်း စာချုပ်ပြည့်လျှင် ကလေးကို ပုံမှန်ဘဝနှင့် ထားခဲ့တော့မည်။ ဒီကြားထဲ ကံကောင်းလျှင်လည်း ကလေးက စကားပြောနိုင်လိမ့်မည်။

www.burmeseclassic.com



ပုံမှန်ကျောင်းတက်ချိန်လို နံနက်ကိုးနာရီမှ ဆယ့်နှစ်နာရီအထိ သူမတို့ စာသင်ကြသည်။ စာသင်ခန်းကိုလည်း စာသင်ခန်းနှင့်တူအောင် ခင်သတိုးတို့ တည်ဆောက်ထားကြသည်။ ပထမ ကလေးထိန်းများနေရသည့်အခန်းကို သူမတို့ စာသင်ခန်းလုပ်ထားကြသည်။ အလင်းရောင်များဖြင့် ဝင်းလက်နေသည့် ထိုအခန်းထဲမှာ ကလေးအတွက် desk နှင့် chair တစ်စုံ။ လွယ်အိတ်တွေဘာတွေနှင့်။ ခေါင်းရင်းခန်းနှင့် ခြေရင်းခန်းသို့ ကူးပြောင်းကာ ကျောင်းတက်ရလင့်ကစား ကလေး၏စိတ်မှာ လေးလေးနက်နက်ဖြစ်စေရေးအတွက် သူမတို့နှစ်ယောက်စလုံး ဝတ်စုံပြည့်ဖြင့် ကျောင်းတက်သည်။

နံနက်ကိုးနာရီထိုးလျှင် နှစ်ယောက်စလုံး ကျောင်းဝတ်စုံ အဖြူနှင့်အစိမ်းလှလှလေးများဖြင့် ကလေးက လွယ်အိတ်လွယ်ကာ၊ ခင်သတိုးက ဆွဲခြင်းဆွဲကာ၊ တစ်ဖက်ခန်းရှိ စာသင်ခန်းသို့ ဝင်ကြသည်။ မမကြီးကတော့ 'အရှုံးတွေ'ဟု သြဘာပေးခဲ့သည်။

အတွေးများဖြင့် ခင်သတိုး စိတ်ပျံ့လွင့်နေဆဲ၊ သမီးက သူအလွတ်ရေးပြီးသွားသည့် မြန်မာစာအုပ်ကို သူမရှေ့သို့ လာပြသည်။ တကယ့်ဆရာတပည့်တွေနှယ်။ ကစားနည်းတစ်ခုကို ကစားနေကြသည်နှယ်လည်း တူ၏။ ကလေးတွေ ကစားကြသလို ဆရာမလုပ်တမ်း၊ တပည့်လုပ်တမ်းပေါ့။ သည်လိုပဲ ခင်သတိုး ကလေးကို စတင်စည်းရုံးခဲ့ရသည်။ ကလေးက မမကြီးဖျက်ဆီးထားသဖြင့် မနည်းအဖတ်ဆည်ယူရတော့မည်လေ။

ကလေးရေးထားသည့် 'တို့မေမေ'ကဗျာကို ခင်သတိုး ဖတ်ကြည့်လိုက်သည်။ လက်ရေးနုလေးများ လှပသေသပ်သည့်အပြင် သတ်ပုံ





လည်း တစ်ချက်မှမမှား။

"ဟယ်! သမီးလေးက တော်လိုက်တာတော်၊ ကျောင်းမှာဆို သမီး ပထမရမှာပဲ။ ကဲ. . .တို့အတန်းထဲမှာလည်း သမီး ပထမ၊ အန်တီက ဒုတိယ. . .ဟုတ်ပြီလား"

ကလေးက လက်ခုပ်လက်ဝါးတီးကာ ခုန်ပေါက်ပျော်ရွှင်နေသည်။ မြန်မာစာပြီးတော့ အင်္ဂလိပ်အချိန်။ သင်ခန်းစာအသစ်အတွက် စာလုံးပေါင်းများရေးပေးပြီး သမီးကို ဖြည်းဖြည်းချင်း အသံထွက်တွေ နှုတ်ပြရ၏။ ကလေးက အသေအချာအာရုံစိုက်ပြီး အသံတွေကိုမှတ်၏။ သူအသံမထွက်နိုင်သော်ငြား စိတ်နှာ၊ စိတ်မျက်စိဖြင့် သေချာစွာ နာယူမှတ်သားသည်။

ဦးမြင့်ခေါင် စီမံပေးထားသဖြင့် သူမတို့မှာ သင်ပုန်းကြီး၊ မြေဖြူ သောဖျက်တို့အပြင် သင်ထောက်ကူ ကားချပ်တွေ၊ ဘာတွေကအစ စာသင်ခန်းထဲမှာ ပြည့်စုံနေလေတော့သည်။ ယုတ်စွအဆုံး အမှိုက်တောင်းတွေဘာတွေနှင့် တကယ့်စာသင်ခန်းလေးနှယ်။

"ကဲ. . .သမီး၊ အန်တီပေးထားတဲ့ စာလုံးပေါင်းဆယ်လုံးကို အာဂုံကျက်လိုက်နော်။ ရရင် အန်တီ့ကို အလွတ်ရေးပြရမယ်"

ကလေးက ခေါင်းညိတ်ပြီး သူ့နေရာသူသွား၍ စာကျက်သည်။ ခေတ္တအားလပ်သွားသဖြင့် ခင်သတိုး ပြတင်းမှတစ်ဆင့် ခြံထဲသို့ လှမ်းကြည့်မိသည်။ ပန်းကလေးတွေ ပွင့်ဖူးဝေဆာလျက်။ ယခုလည်း ဒီခြံထဲ၌ အဖိုးအတန်ဆုံး ပန်းဖူးကလေး စတင်ပွင့်ဖူးဝေဆာဖို့ သူမ အစွမ်းကုန်ကြိုးစားနေခဲ့ပါပြီ။ စာသင်ရင်းနှင့် ကလေးလည်း ပြုံးစုစောင့်ရှောက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမုန်းမည်၊ ရှောင်တိမ်းမည်ဆိုခါမှ သူ့အကြောင်းတွေ ခင်သတိုးရင်ဘဲသို့ တရစ်ဝဲဝဲ ရောက်လာရပြန်သည်။ သူက သိပ်ကိုချော မော၊ စမတ်ကျတာကိုးနော်။ ရုပ်ရှင်မင်းသားတစ်ယောက်ကို ငေးကြည့် နေသလိုမျိုး ငေးကြည့်နေဖို့သာ ကောင်းသူ။ ခက်တော့တာပဲ။

ကြည့်စမ်းပါဦး. . . သူ့လို လူကြီးလူကောင်းတစ်ယောက်က သမီးကို သိပ်ချစ်သတဲ့။ ကောင်းတာပေါ့။ သို့သော် သူက သူမတို့နှစ် ယောက်စလုံးအပေါ် တူညီစွာ လိုက်လျောလွန်းပါသည်။ သူမတို့၏ 'ကျောင်းတက်တမ်း'ကစားနည်း စဖို့အတွက် သူက အားလုံးတာဝန်ယူ သည့်အပြင် ကျောင်းစတင်တက်သည့်နေ့ကလည်း ဖွင့်ပွဲတွေဘာတွေ လုပ်ဆောင်ပေးခဲ့သည်။ တော်တော်လာသည့်လူကြီးပါပဲ။

မည်သို့ပင်ဖြစ်စေ၊ ရွှေစင်မြင့်ခေါင်သည် မြင်းဆိုးလေးနှယ် ဆို တတ်သော်ငြား ခင်သတိုးနှင့် အဆင်ချောနေတော့သည်။ ထိုစဉ် ထုံး အတိုင်း အခန်းထဲသို့ မုန့်တိုင်းဝင်လာခဲ့၏။

"အလိုတော်! ကျုပ်သမီးလေး ညောင်းလိုသေရောပေါ့။ ဆယ် နှစ်နာရီတောင် ထိုးတော့မယ်။ မယ်မင်းကြီးမ. . . ကစားတာဆိုရင်လည်း ညည်းကစားနည်းကို ရပ်တော်မူပါ။ သမီး တော်တော်တောင် ညောင် သွားပြီ။ မဖြစ်ဘူး. . . မဖြစ်ဘူး. . . ကိုခေါင့်ကိုပြောလို့လည်း အလကား ပဲ။ ခင်သတိုး. . . ညည်းကို အတတ်ဆန်းလွန်းတယ်၊ ကလေးလည်း သူ့ကြောင့် ပျက်စီးနေတာပဲ။ တစ်ပတ်တစ်ခါ လေ့လာရေးခရီးထွက် တာနဲ့ဘာနဲ့။ သူထွက်ချင် သွားချင်တိုင်း"

ဖြစ်တောက် ဖြစ်တောက် ပြောဆိုရင်း ဒေါ်ရွှေယမင်းက ရွှေစင် မြင့်ခေါင်ကို ကုလားထိုင်မှဆွဲထူ၏။ သို့သော် ကလေးက ခပ်ရှိုင်းရှိုင်း





သူ့လက်ကို ပုတ်ချလိုက်သည်။ မမကြီး၏ယမ်းပုံမီးကျွဒေါသက ခင်သတိုး အပေါ်သို့သာ ပေါက်ကွဲသည်။

"ကြည့်စမ်း! ကြည့်စမ်း! ကလေးကို နင်မြှောက်ပေးထားတာ သွေးထိုးထားတာ မဟုတ်လား။ ငါ့သမီးတော့ ဆေးမိနေပြီ။ ခါတိုင်း အဒေါ်ကိုသိပ်ချစ်တဲ့ကလေး၊ အမယ်လေးတော်. . . ညည်းတော့ အလုပ် မြန်မြန်ဖြုတ်ပစ်မှပါ။ လာ. . . သမီး၊ အန်တီယမင်းနဲ့အတူ နေ့လယ်စာ စားရအောင်"

မမကြီး မည်သို့ပင် ဖြားယောင်းသော်လည်း ရွှေစင်မြင့်ခေါင်က ခေါင်းယမ်းပြီး အခန်းထောင့်ရှိ စင်ကလေးပေါ်မှ ဆွဲခြင်းကလေးကိုသာ လက်ညှိုးထိုးပြသည်။ မကြာခင်ကမှ အငယ်လေးပို့ထားသည့်ဆွဲခြင်းထဲ မှာ ထမင်းဘူး၊ မုန့်ဘူး၊ ရေဘူးနှင့် ကော်ဖီဘူးတို့ ပါရှိသည်။ တကယ့် ကျောင်းသားများလိုပေါ့။

"ကလေးပညာရေးမှာ စိတ်ဝင်စားတာ မမကြီး မကြိုက်ဘူး လား။ ကလေးကို ပညာတတ်မဖြစ်စေချင်ဘူးလားရှင့်"

ခင်သတိုးမှာ ဒေါ်ရွှေယမင်း၏စိတ်သဘောထားကို နားမလည်။ သူဟာ အဒေါ်အရင်းမှဟုတ်ရဲ့လား။

"အို! ညည်း ရူးနေလား ခင်သတိုး။ စကားမပြောနိုင်တဲ့ကလေး တစ်ယောက်ကို ဘယ်လိုလုပ်ပြီး ကျောင်းတက်လို့ရမှာလဲ။ ဘယ်လိုလုပ် ပြီး လူတော်သူတော် တိုးလို့ရမှာလဲ။ ငါ့သမီးမှာ ဆယ်သက်စားမကုန် တဲ့ ပစ္စည်းဥစ္စာတွေရှိတယ်။ ငါ့အမွေရော ကိုခေါင့်အမွေရော သူ့ပဲ ရမှာ။ ဒါတွေ ညည်းသိရဲ့လား"

"ဘာပဲဖြစ်ဖြစ် ကလေးစိတ်ဝင်စားသလောက် ပညာသင်ယူပါ



www.burmeseclassic.com

www.burmeseclassic.com



စေ။ အနည်းဆုံး မူလတန်းအဆင့်၊ အလယ်တန်းအဆင့်ပညာတွေ ပြီးဆုံးတော့ ကလေးဘဝရှေ့ရေးအတွက် ပိုလို့စိတ်ချရတာပေါ့။ မမကြီးတို့ ဦးမြင့်ခေါင်တို့က အသက်အတိုင်းဆို အရင်သေကုန်မှာ မဟုတ်လား။ ကျောင်းမှာ သွားမတက်တောင် အိမ်မှာ တက်ဖို့ သင်ဖို့ စီစဉ်ပေးသင့်ပါတယ်''

ခင်သတိုးက အကျိုးအကြောင်းရှင်းပြသော် ရွှေယမင်းက မဲ့ပြုံးပြုံးလိုက်သည်။ လူတစ်ဖက်သားကို အကောင်းမမြင်တတ်သည့် မိန်းမကြီးပါပဲ။

''ညည်းဉာဏ်တွေ ဒါအကုန်ပဲလား ခင်သတိုး။ ဒါမှ ညည်း ဒီအိမ်က မခွာရမှာမဟုတ်လား။ ညည်းက ကလေးရဲ့ဆရာမ လုပ်မယ်ပေါ့လေ''

ဒေါ်ရွှေယမင်း၏ ဒေါသကဲသောစကားကို ခင်သတိုး အေးအေးစွာပင် တုံ့ပြန်သည်။

''မမကြီး အထင်လွဲနေပါတယ်၊ ကျွန်မ သူတစ်ပါးအိမ်မှာ တ[..] သက်လုံး အစေအပါးလုပ်ဖို့ မရည်ရွယ်ပါဘူး။ အခု ကျွန်မချစ်သူ နိုင်[..] ခြားထွက်သွားတာ သုံးနှစ်ပြည့်ပါပြီ။ မကြာခင် သူပြန်လာပါလိမ့်မယ် ကျွန်မ ခြောက်လပဲ အလုပ်လုပ်မှာပါ။ ကျွန်မစေတနာက ကလေး[..] ပုံမှန်အနေအထားနဲ့ လူတောသူတော တိုးစေချင်တဲ့ဆန္ဒပါပဲ''

တကယ်က ခင်သတိုး ညာပြောလိုက်ခြင်းသာဖြစ်သည်။ အဆို[..] က ဒီမိန်းမကြီးကို လက်တလောအနိုင်ရဖို့ပင် မဟုတ်ပါလား။

''အပိုတွေ ပြောမနေပါနဲ့အေ၊ လူကြားကောင်းအောင် အ[..] ကောင်းဟစ်မနေနဲ့။ ညည်းခြေလှမ်းတွေ ကျုပ်ကြိုမြင်ပြီးသားပါ''





''အဲဒီလိုစိတ်မချတတ်ရင်လည်း ဘာဖြစ်လို့ ကျွန်မကို ငှားခဲ့သလဲ။ ခါတိုင်းလိုပဲ အရုပ်ဆိုးဆိုးကြီးတွေ ငှားပါလား''

''အောင်မယ်!. . . ညည်းကိုညည်း အထင်မကြီးပါနဲ့နော်၊ ရွှေယမင်း တို့ရာဇဝင်မှာ အလုပ်တစ်ခုကို အကြောင်းမဲ့ ဘယ်တော့မှမလုပ်ဘူး။ အေး. . .ကြည့်နေ၊ ကိုခေါင် မျက်နှာသာပေးတာနဲ့ ဘဝင်မြင့်နေတဲ့ ညည်းကို ငါ ဘယ်လိုဦးချိုးပြမလဲဆိုတာ စောင့်ကြည့်''

ပြောချင်ရာပြောပြီးလျှင် ဒေါ်ရွှေယမင်း အခန်းထဲမှ ထွက်ခွာသွားလေ၏။ ခင်သတိုးတို့နှစ်ယောက် သက်ပြင်းပြိုင်တူချမိကြသည်။ အတော်ခက်တဲ့ ဒေါ်ရွှေယမင်းပါပဲ။

''ကဲ. . .သမီးရေ၊ ဆယ့်နှစ်နာရီထိုးပြီ။ ကျောင်းဆင်းပြီ''

တကယ်ပင် ခေါင်းလောင်းလေးလှုပ်တော့ ရွှေစင်မြင့်ခေါင်က လည်း တကယ့်ကျောင်းသားများနှယ် ဝမ်းသာအားရ ကျောင်းဆင်းလေ၏။

''ကဲ. . .လာ၊ ဆရာမနဲ့အတူ ထမင်းစားကြမယ်''

ခင်သတိုး၏စားပွဲကုလားထိုင်မှာ နှစ်ယောက်သားအတူ ထမင်းစားကြသည်။ ယခုတော့ အခြေအနေအရ ခင်သတိုး ချဉ်ပေါင်ဟင်းနှင့် တင်းလွတ်ခွင့်ရနေ၏။ ရွှေစင်မြင့်ခေါင်စားသည့်အတိုင်း သူမလည်း မလွဲကောင်းသာ စားနေရသည်။ ခင်သတိုး မပျော်ပါ။ သူမက သူတစ်ပါး မေထာသည့် ရွှေထမင်းရွှေဟင်းထက် ချဉ်ပေါင်ဟင်းကိုသာ စားလိုသူဖြစ်သည်။

မမကြီးကတော့ ဒီယုန်မြင်လို့ ဒီခြုံထွင်တယ်လို့ ပြောတော့မှာပဲ။ ဦးမြင့်ခေါင်ကရော ဘယ်လိုထင်နေမလဲ။

www.burmeseclassic.com



ကလေး၏စတီးသုံးဆင့်ချိုင့်ထဲမှာ ထမင်းက တစ်ချိုင့်၊ ပုစွန် ထုပ် ဂျုံမုံကြော်ထားသည်က တစ်ချိုင့်၊ နောက် ကြက်သားပြုတ်ကြော် ခင်သတိုး၏သုံးဆင့်ချိုင့်မှာတော့ ထမင်းတစ်ချိုင့်၊ ငါးဆုပ်ဟင်းတစ်ချိုင့် နှင့် ဗာလချောင်ကြော်တစ်ချိုင့်ဖြစ်သည်။ ဟင်းကောင်းတွေချည်းပါပ

ကျောင်းဆင်းလို့ ထမင်းစားနေကြသည့်အတိုင်း သူမတို့ ထမင်း စားနေကြသော်လည်း ခင်သတိုးမှာ ရင်ပြည့်နေမိသည်။ သူမ၏စေတနာ တွေ ဝေဒနာအဖြစ်မခံနိုင်။ နောက် ချဉ်ပေါင်ဟင်းနှင့်သာ ထမင်းပို့ အငယ်လေးကို ခင်သတိုး ပြောရမည်။

ခါတိုင်းထက် မြိန်ရှက်စွာ စားဖော်ရနေသည့် ရွှေစင်မြင့်ခေါ် က ယခုတိုင်အရာမယွင်းသေးသည့် ခင်သတိုးကိုမော့ကြည့်ပြီး ခြေဟ လက်ဟန်ဖြင့် ထမင်းမြိန်မြိန်စားရန် တိုက်တွန်းရှာသည်။ သူမ မချိုပြုံး ပြုံးရပါလေ၏။ ခင်သတိုး ခံစားနေရတာ ကလေးကတော့ သိမည်မထင် ယခုနေ မမကြီးဝင်လာလျှင်ဖြင့် ကျိန်းသေ အထင်လွဲတော့မည်။

သက်ပြင်းတစ်ချက်ချရင်း ထမင်းနှင့် ဗာလချောင်ကြော်ကိုသာ သူမ စားသောက်နေမိခဲ့သည်။

▣

ညနေသုံးနာရီအထိ ကျောင်းတက်ချိန်၊ ပြီးလျှင် ကလေး အလိုကျ လေးနာရီအထိ ကလေးကစားချင်သည့်အတိုင်း ခင်သတိုး ကစားပေးရသည်။ သူမ၏အလုပ်က ကလေးထိန်းရန်လည်း ဖြစ်သည် မဟုတ်ပါလား။

ခြံနောက်ဘက်ရှိ ရေကူးကန်ထဲမှာ ရာဘာလှေလေး စီးခြင်း





ရေကူးသင်ပေးရခြင်းများလည်း လုပ်ပေးရသည်။ ဘာပဲလုပ်လုပ် ဦးမြင့် ခေါင်ကိုတော့ ကြိုတင်ခွင့်ပန်ရသည်ပေါ့။ သူ့ကိုခွင့်ပန်လိုက်ပါလျှင်လည်း ဘယ်တော့မှ ခွင့်မပြုတာမရှိ။ သူ့သမီးကသာ ပူဆာလျှင် ဒီအဖေကလည်း မိုးကြယ်ကိုပင် တက်ယူပေးနိုင်းလိမ့်မည်ထင်သည်။ ကလေးက ယခု အခါ စာနှင့်ရေးပြီး ပူဆာတတ်နေသဖြင့် ပိုပြီးအကွက်ကျနေလေတော့ သည်။

ယခုလည်း ရေကူးသင်ပေးနေရတာ သုံးရက်ပင် ရှိနေပေပြီ။ ကန်စပ်မှ သံလှေကားကိုကိုင်စေပြီး ခြေထောက်ခတ်စေခြင်း၊ သူမက ခါးမှကိုင်ထားပေးပြီး လက်ယက်စေခြင်းတို့တော့ ကျွမ်းကျင်လာပေပြီ။

နှစ်ယောက်စလုံး ရေကူးဝတ်စုံအဝါလေးများနှင့်မို့ ရွှေငါးလေး များသဖွယ်။ အိမ်မှာ မည်သည့်ယောကျ်ားသားမျှမရှိသည့်အတွက် ခင် သတိုး ရဲတင်းနေမိခြင်းဖြစ်သည်။ ဦးမြင့်ခေါင်က အမြဲတမ်း ညဉ့်နက်မှ အိမ်ပြန်လာတတ်သူ။

“ဟုတ်ပြီ သမီး၊ မကြောက်နဲ့နော်. . . အန်တီရှိတယ်၊ ကူးကြည့် မယ်”

ကလေးကိုလက်လွှတ်ပေးပြီး သူမက အသင့်အနေအထားဖြင့် စောင့်ရှောက်ရ၏။ နောက်ဆုံး ရွှေစင်မြင့်ခေါင် ရေကူးတတ်သွား သည်။

“သုံးရက်လေးရက်နဲ့ ရေကူးတတ်တာ သမီးအရမ်းတော်လို့ပဲ။ အန်တီတို့ငယ်ငယ်ကတော့ ဖေဖေက မြစ်ထဲပစ်ပစ်ချရင်းနဲ့ အရိုင်းတော် တတ်သွားတာပဲ။ ခုလို စနစ်တကျ သင်ရတာမျိုး မဟုတ်ဘူး”

ကန်စပ် ထီးကြားကြီးအောက်မှာ ခေတ္တအမောဖြေနေကြခိုက်



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်ခေါင်ကား ဝင်လာသည်ကို မြင်လိုက်ရသဖြင့် ခင်သတိုး အလန့်တကြား ရေထဲသို့ခုန်ချပစ်လိုက်သည်။ သူ ဘာဖြစ်လို့ အစောကြီးပြန်လာတာပါလိမ့်။ ခြံထဲမှာ နေရောင်ခြည်တွေ ဝင်းပတုန်းဖြစ်သည်။

ရွှေစင်မြင့်ခေါင်ကတော့ ကားထဲမှထွက်လာသည့် သူ့ဖခင်ကို ခုန်ဆွခုန်ဆွဖြင့် ဆီးကြိုပွေ့ဖက်သည်။

"ဟ! ဟ!. . . နေစမ်းပါဦး သမီးရဲ့ ဖေကြီးကို ရေတွေစိုကုန်ပြီ။ ကဲ. . . နှစ်ယောက်စာ ရေကူးဝတ်စုံတွေ ဝယ်ပေးထားတာ တတ်ရောတတ်ပြီလား။ ဟန်ရေးပြဖို့ဝယ်ပေးထားတာ မဟုတ်ဘူးနော်။ တကယ်အသုံးချမှ ဖေကြီးက ကျေနပ်မှာ သမီးရဲ့။ တကယ်ကူးတတ်သွားရင် ပင်လယ်ကမ်းခြေတစ်ခုခုကို လိုက်ပို့ပေးမယ်"

သမီးလက်ကိုဆွဲပြီး ဦးမြင့်ခေါင် ထီးရိပ်အောက်မှာ ဝင်ထိုင်လျှင် ခင်သတိုး ရေကူးကန်ထဲမှာ စိတ်ညစ်နေမိ၏။ တော်တော်အလိုက်မသိတဲ့လူကြီးပဲ။ အေးလေ. . . သူက ဒါမျိုးမြင်နေကျမို့ အားနာလိမ့်မည်မထင်။ တကယ်လည်း သူက ဘာမှမထူးဆန်းသလို ခင်သတိုးကို ခပ်ရဲရဲကြည့်၏။

"ကဲ! သမီး၊ ဖေကြီးကို ရေကူးပြဦးလေ။ ရဲရဲသာ ကူး. . . သမီးနစ်ရင် ဖေကြီး ဆင်းဆယ်မယ်။ ဖေကြီးက ရေကူးချန်ပီယံ"

တကယ်လည်း ဦးမြင့်ခေါင် ခင်သတိုးကို စနေခြင်းသာ ဖြစ်သည်။ သူက ရေကူးတတ်သူပင်မဟုတ်။ ရေကူးကန်ရှိနေရတာကလည်း လူကုံထံတို့၏စတိုင်အဖြစ်သာ။ ခင်သတိုး အားကစားမယ်ဖြစ်တာတော့ သူသိသည်။

သမီးက သူ့ဖခင်ရှေ့မှာ ကြွားချင်သဖြင့် ရေကန်ထဲသို့ ဝုန်းခနဲ ခုန်ချပစ်လိုက်ရာ ကျောက်ခဲရေမြှုပ်သလို ပလုံခနဲဖြစ်သွား၏။

"ဟဲ့. . . ဟဲ့"

ခင်သတိုး စိတ်ပူသွားပြီး ကလေးအနားသို့ လျှောခနဲရောက်လာသည်။

"သမီးကလည်း အရမ်းပဲ၊ ရေကူးဖြင့် မကျွမ်းသေးဘဲနဲ့"

သမီးရေမွန်းသွားသဖြင့် ဆက်လက်မကူးစေတော့ဘဲ ကလေးကို ဦးမြင့်ခေါင်လက်ထဲသို့ လှမ်းပေးလိုက်သည်။

"သမီး. . . ဒီနေ့တော်ပြီနော်၊ မနက်ဖြန်မှ ဆက်ကူးမယ်။ အဝတ်လဲတော့"

ကလေးကို မျက်နှာသုတ်စောင်ကြီးဖြင့် သူ ရေသုတ်ပေးပြီး၊ အဝတ်လဲပေးရန် ခင်သတိုး ကြံရာမရဖြစ်နေသည်။ ခက်တာပဲ။ သူ့ရှေ့ သူ့မျက်လုံးကြီးတွေရှေ့ကနေ ဘယ်လိုလုပ်ပြီး ရေထဲက တက်ရမှာလဲ။ ခင်သတိုးစိတ်ညစ်နေခိုက် သူက ကလေးကိုစွပြီးသွားပြီး သူမကိုလှမ်းကြည့်သည်။

"ကဲ. . . မင်းလည်းတက်တော့လေ၊ ဘာလဲ. . . ရေသူမ ခေါင်းလျှော်ရည် ကြော်ငြာမလို့လား"

ရေထဲမှ အဝါရောင်ဝတ်စုံဖြင့် လှပဝင်းလက်နေသည့် ခင်သတိုးသည် ဆံပင်တွေလည်း ရေတွေစိုလို့ဖြစ်သည်။

"ကိုယ်ကြည့်ဖူးတဲ့ ဂျိမ်းစဘွန်းကားထဲမှာတော့ မင်းသမီးက မင်းသားရှေ့ ရေထဲကနေ ခပ်ရဲရဲပဲ တက်လာတာပဲ၊ ရှိုးရိုးတောင် မဟုတ်ဘူးလေ"

သမီးကို သူ့ရင်ခွင်ထဲမှာ ချီထားရင်း သူမကို စိမ်ပြေနပြေ







www.burmeseclassic.com

www.burmeseclassic.com



စနေပုံက မခံချိမခံသာ။ ခင်သတိုးမှာဖြင့် ရေထဲမှာ လည်ပင်းနှင့်မျက်နှာပဲဖော်ပြီး မြှုပ်နေရတာ ချမ်းလှပြီဖြစ်သည်။

"ကိုကိုကြီးတို့ရေကူးကန်ကလည်း ကြည်လင်လိုက်တာနော်။ ကန်အောက်ခြေထိ တိုးလျှိုပေါက် မြင်နေရတယ်။ မထူးပါဘူးကွာ၊ တက်ခဲ့ပါတော့၊ ဘာလဲ. . . ကိုယ်လက်ကမ်းပေးရမှာလား။ ဒီလိုလား"

သမီးကို ဘေးထိုင်ခုံတစ်ခုမှာ ထိုင်စေပြီး၊ ဦးမြင့်ခေါင် ထလာခဲ့တော့ ခင်သတိုး အမြင်ကပ်သွားသည်။ ဒီလောက်ဆိုးတဲ့လူကြီး ရေထဲဆွဲချလိုက်မယ်။ ဒါမှ သူ့စမတ်ကျကျအဝတ်တွေ ရေစိုပြီး ရှုံးပွဲသွားရအောင်။

သူက ခင်သတိုးထင်သည့်အတိုင်း ရေကန်စပ်မှ လက်ကမ်းပေးလေ၏။ သူမ စိတ်ဆိုးဆိုးဖြင့် သူ့လက်ကိုဆွဲပြီး ရေထဲသို့ ဆွဲချပစ်လိုက်သည်။

"ဝုန်း!. . ."

ကလေးက လက်ခုပ်လက်ဝါးတီးရင်း အိမ်ဘက်သို့ ပြန်ပြေးသွားခိုက်၊ ဦးမြင့်ခေါင်မှာ ရေထဲနစ်ချည်ပေါ်ချည်။ ဟင်! သူ ရေမကူးတတ်ဘူးလား။ စိုးရိမ်စိတ်ဖြင့် ခင်သတိုး အနားရောက်သွားလျှင် သူက ကြုံးဖက်ထားတော့သည်။

"ကိုယ်ရေမကူးတတ်ဘူး ကောင်မလေးရဲ့၊ မင်းပဲ ကုန်းပေါ်ပို့ပေးဦး"

မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ခင်သတိုး သူ့ကို ကန်စပ်သို့ပို့ပေးပြီး ကန်ဘောင်ပေါ် တွန်းတင်ပေးရ၏။ ဦးမြင့်ခေါင်က သူမကိုပါ တစ်ခါတည်း ဆွဲတင်ပစ်လိုက်သည်။





"ကိုယ်မြင်ဖူးသမျှ မိန်းကလေးထဲမှာ မင်း အလှဆုံးပဲ၊ ရှေးတုန်းကဆို ဘုရင်ကတော်. . . အဲလေ. . . မိဖုရားဖြစ်မယ့်ရုပ်မျိုးပဲ။ ဆွဲဆောင်မှုအပြည့်၊ ညို့အားအပြည့်ရှိတယ်"

သူပြောနေခိုက် ခင်သတိုး သူ့အနားမှ အပြေးသွားပြီး မျက်နှာသုတ်စောင်ကြီးနှင့် တစ်ကိုယ်လုံး ရစ်ပတ်ပစ်လိုက်၏။ သူက ရယ်ဟာဟာဖြင့် စကားလှမ်းပြောနေပြန်သည်။

"အခုတော့ မရတော့ဘူး၊ မင်းအလှတွေအကုန် ကိုကိုကြီးမြင်သွားပြီ"

ခင်သတိုး ထိတ်လန့်နေဆဲ၊ ထပ်မံလိပ်ပြာလွင့်စေသည့်အဖြစ်ကတော့ အိမ်ပေါ်ထပ်မှ မမကြီး၏ မီးဝင်းဝင်းတောက်သည့်အကြည့်များကြောင့်ပင်ဖြစ်သည်။

◙◙◙



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

ငယ်ငယ်က ကြောင်နှင့်ကြွက် ကစားသလိုပါပဲ။ ကြောင်တွေ တစ်ပြုံကြီးရှိသည့်အိမ်မှာ ခင်သတိုး အနေကျုံ့လှသည်။ သူတို့က ကြောင် တွေလို ခင်သတိုးကို လိုက်နှောင့်ယှက်သော်ငြား ကိုယ်က ကြွက်ကလေး နှယ် အနေကျုံ့မိသည်။ ကြောက်တော့ မကြောက်နိုင်ပါဘူးနော်။ ခင် သတိုးဆိုတာ ပန်းကလေးလိုလှပေမယ့် ကရာတေးမယ်ပါပဲ။ ထွက်ပေါက် ပိတ်တဲ့တစ်နေ့ အားလုံးကို တိုက်ခိုက်ပစ်လိုက်မည်။

ကလေးနှင့်အတူ နေ့တာရှုပ ကိစ္စများကို ဖြတ်ကျော်ရသည့်အခါ ဦးမြင့်ခေါင်နှင့်မမကြီးကို တဒင်္ဂမေ့မေ့သွားရသည်။ ရွှေစင်မြင့်ခေါင်သည် ခင်သတိုးအတွက် ဒိုင်းကလေးလိုပါပင်။ အကာအကွယ်ရသည်။

သည်ကနေ့တော့ ခင်သတိုး ရှောင်လွှဲလို့မရတော့။ သည်နေ့ ဦးမြင့်ခေါင်၏မွေးနေ့ပွဲလုပ်မည်။ မနေ့ကတည်းက သည်ပွဲကိုတက်ဖို့ရာ အတွက် ကလေးနှင့်သူမဖို့ အဝတ်အစားများလည်း ဝယ်ပေးပြီးဖြစ်သည်။

မနေ့ညဦးပိုင်းကအဖြစ်ကို သူမ ပြန်လည်ရင်ခုန်မိပြန်သည်။





ခါတိုင်းက သူနှင့်မဆုံချင်လို့ ခင်သတိုး သတိထားနေမိသမျှ ညကတော့ သူ လျှပ်တစ်ပြက်ဝင်လာခဲ့သည်။ တကယ်ပါပဲ၊ ကြောင်တစ်ကောင်လို ညင်သာသည့်သူ။ ခင်သတိုးနှင့်သမီးရှေ့သို့ အထုပ်များပစ်ချလိုက်တော့မှ သူမ လန့်ဖျပ်မော့ကြည့်မိတော့သည်။ သမီးကတော့ သူ့ဖေကြီးကို ဝမ်းသာအားရထ၍ ကြိုဆိုသည်။

ခပ်တည်တည်ပဲ ခင်သတိုး ရှောင်ထွက်ဖို့ ထရပ်လိုက်သော်လည်း သူက ဖျတ်ခနဲ ဆွဲထားပစ်လိုက်သည်။

"မသွားနဲ့ဦး။ မင်းရဲ့တိုက်ကွက်တွေ ကိုကိုကြီးကန့်ကွက်တယ်။ နက်ဖြန် ကိုကိုကြီးရဲ့မွေးနေ့လုပ်မှာ။ အဲဒါ မင်းသိရဲ့လား"

ကလေးက ဖခင်ပေါ်မှာ ရှင်မြူးနေရာမှ သူ့အတွက် အထုပ်ကို ဆင်းဖောက်ကြည့်နေပြန်သည်။ ခင်သတိုး သူ့ကိုမှုန်ကုပ်ကုပ် ပြန်ကြည့် ပစ်လိုက်၏။

"သိသားပဲ၊ အဲဒါ ကျွန်မနဲ့ဘာဆိုင်သလဲ။ ကျွန်မက သမီးရဲ့ ကလေးထိန်းပဲ။ ရှင့်ရဲ့ကလေးထိန်းမှမဟုတ်တာ"

သူမ၏ရန်စကားကို ဦးမြင့်ခေါင် သဘောတကျရယ်မောနေလေသဖြင့် ခင်သတိုး စိတ်ဆိုးမိသည်။ ဘာရယ်စရာပါလို့လဲ. . . ဟင်း။

"ဘာပဲဖြစ်ဖြစ်ကွာ. . . မနက်ကျရင် မင်းတို့နှစ်ယောက် ကိုကိုကြီးရဲ့မွေးနေ့ပွဲကို တက်ရမယ်။ စောစောကလို ပစ်ပစ်ခါခါ သူစိမ်းစကားတွေ မပြောစမ်းပါနဲ့ မခင်သတိုးရယ်"

သူ့စကားကို ခင်သတိုး လှုဖြတ်ပြောလိုက်သည်။

"သူစိမ်းပဲဟာ၊ သူစိမ်းစကားပြောတာ ဆန်းသလား"

"မင်း. . . စကားကို အနိုင်နဲ့မပြောနဲ့နော်၊ ကိုကိုကြီးက မင်း



www.burmeseclassic.com

www.burmeseclassic.com



ထက် စကားအရာမှာ ပိုကျွမ်းတယ်သိလား။ မင်းငိုနေရလိမ့်မယ်''

သူ့တည်ကြည်သောဟန်နှင့်အပြောကြောင့် ခင်သတိုး အနည်းငယ်ဖြုံသွား၏။ ဟုတ်တယ်. . . တော်ကြာ ပေါက်ကရတွေ သူလျှောက်ပြောလျှင် သူမ မခံချင်ဖြစ်ဦးမည်။ ခင်သတိုး သူဆွဲထားသည့် လက်ကောက်ဝတ်ကို ရုန်းဖယ်လိုက်သည်။

''လူကိုများ တရားခံဆုပ် ဆုပ်ထားလိုက်တာ''

''မင်းက ဘယ်လိုဆုပ်စေချင်သလဲ. . . ဒီလိုလား''

သူက လက်ကောက်ဝတ်မှ လက်ဝါးသို့ပြောင်းပြီး ဆုပ်ကာ၊ ခင်သတိုး၏လက်ဖဝါးနုနုလေးများကို သူ့လက်ညှိုးဖြင့် ကုတ်နေလိုက်သေး၏။ သူမ အရမ်းစိတ်ဆိုးသည်။ ဒါ လူကို မခန့်လေးစားလုပ်တာ။ မထီမဲ့မြင်လုပ်တာ။ သူ့ရဲ့သက်စွဲမကာတဲ့ ရည်းစားတွေကို ဆက်ဆံသလို ဆက်ဆံတာ။ ခင်သတိုး ကိုယ့်လက်ကို ဆောင့်ဆွဲယူပြန်သည်။ မရ။

''ဦးမြင့်ခေါင်. . . ကျွန်မစိတ်ဆိုးလာပြီနော်၊ ရှင် ကျွန်မကိုအနိုင်မကျင့်နဲ့။ ဟိုမှာ သမီးကြည့်နေပြီ''

သမီးနှင့်ချောက်လိုက်မှ သံလိုက်နှယ် ကပ်ထားသူကြီးက မိုးသံကြားသည့် တောက်တဲ့ကြီးနှယ် ဖျတ်ခနဲခွာဆုတ်၏။ ခင်သတိုးရင်ထဲ ခံစားလိုက်ရသည်။ သူ. . . သူ့သမီးကို သိပ်ချစ်သည်။

''ဆောရီးကွာ. . . ဘာပဲဖြစ်ဖြစ် ကိုကိုကြီးရဲ့မွေးနေ့ကို သမီးနဲ့မင်း တက်ပါ။ မွေးနေ့လက်ဆောင်တွေဘာတွေ ကြီးကြီးကျယ်ကျယ် စဉ်းစားမနေပါနဲ့။ အနမ်းတစ်ခုစီလောက်ပေးရင် ကိုကိုကြီးအတွက် တန်ဖိုးအရှိဆုံးလက်ဆောင် ဖြစ်မှာပါ''

တော်တော်လာသည့်လူကြီးပါပင်။ သို့သော် အံ့ဩစရာတော့





နဲ့ သည်လိုလူမျိုးဟာ သည်လိုပြောမှာပါပဲ။ ခင်သတိုး သူ့ကိုဥပေက္ခာပြုခြင်းဖြင့် ဆန့်ကျင်သည်။

သည်စဉ် သမီးက သူ့အတွက် ဝယ်လာသည့်အထုပ်ထဲမှ တော်တော်လှသည့် ဇာကါဝန်ပန်းရောင်နုနုလေးကို ထုတ်ယူပြီး သူ့ဖခင်ထံသို့ ပြေးလာခဲ့သည်။

''လာ. . . သမီး၊ ဖေကြီးဝတ်ပေးမယ်။ မနက်ဖြန်အတွက် ရိုးဝယ်ပေါ့ကွာ၊ ဖေကြီးမွေးနေ့ပွဲကျရင် သမီးပါကူပြီး ဧည့်ခံပေးရမယ်နော်။ သမီးက ဖေကြီးရဲ့အရေးကြီးဆုံးပုဂ္ဂိုလ်ပဲ။ လာ. . . အစမ်းဝတ်ကြည့်ရအောင်။ ဟော့! ထုတ်လေ၊ မင်းလည်းဝတ်ကြည့်ပါဦး။ မင်းခန္ဓာကိုယ်နဲ့ မှန်းပြီးဝယ်လာရတာ ကိုယ်မှကိုက်ပါ့မလားဘဲ''

သူပြောသော်လည်း ခင်သတိုး မကြားချင်ယောင်ဆောင်ပြီး၊ ကြည့်လက်စအခွေကိုသာ ဆက်လက်ကြည့်နေလိုက်သည်။

''ကျွန်မ မယူချင်ပါဘူး၊ အထူးသဖြင့် ရှင်ဝယ်ပေးထားတာ ပိုပြီးတောင် မလိုချင်သေးတယ်''

ခင်သတိုး မကြားတကြားပြော၏။ သို့သော် သူကြားပါသည်။

''ဒီကလည်း ဝယ်ပေးချင်လို့ ဝယ်ပေးတာမဟုတ်ပါဘူးနော်။ ကိုယ့်အိမ်မှာနေပြီး စုတ်ပြတ်သတ်နေရင် ကိုယ်လည်း သိက္ခာကျလို့''

''ဘာသိက္ခာကျစရာရှိလို့လဲရှင်၊ ကျွန်မက ကလေးထိန်းပဲဟာ။ ကလေးထိန်းတစ်ယောက်က ဘာတွေများထူးပြီး ပြောင်ယောင်နေရဦးမလဲ။ ဘာလဲ. . . ရှင်က အငယ်လေးတို့အတွက်ပါ ဝတ်စုံတွေ ဝယ်ပေးတာလား''

ခင်သတိုး၏ ဒေါကြီးမောကြီးစကားကို သူကတော့ ခပ်ပြုံးပြုံး



www.burmeseclassic.com

www.burmeseclassic.com



ပင် တုံ့ပြန်သည်။

"မတူဘူးလေ၊ အငယ်လေးတို့က တစ်စား၊ မင်းက တစ်စားပဲ။ ပြီးတော့ မင်းက သမီးရဲ့ဆရာမ။ သမီးဘေးနားမှာရှိနေရမယ့်သူဆိုတော့ မင်းလှနေဖို့လည်းလိုမယ်။ ကြည့်နေပါ. . .နက်ဖြန်ကျရင် ကိုကိုကြီးရဲ့မွေးနေ့ပွဲဟာ ဖက်ရှင်ရှိုးတွေထက်တောင် မပိုရင်ပြော။ ဘာပဲဖြစ်ဖြစ်ကွာ. . .ကိုကိုကြီးက တာဝန်အရ ဝယ်ပေးသလို မင်းကလည်း တာဝန်တစ်ခုထမ်းဆောင်သလိုမျိုး ဒီဝတ်စုံကိုဝတ်ပြီး မွေးနေ့ပွဲတက်ပါ။ သမီးအနားမှာ မင်းရှိနေရမှာပဲလေ"

"ဒီလိုဆိုရင်တော့ ဝတ်ရမှာပေါ့၊ တာဝန်အရပေါ့နော်။ ဖြစ်ပါတယ်။ နောက် ကျွန်မတာဝန်ထမ်းဆောင်ချိန်ပြီးရင် ထားခဲ့မယ်"

"ဒီအထိ ကိုကိုကြီး မတွေးသေးပါဘူး။ နောက်လာမယ့် ကလေးထိန်းတွေက မည်းမည်းဝဝ ဆုံတိုတိုကြီးတွေဖြစ်ချင်ဖြစ်နေမှာပေါ့။ နိုး နေစမ်းပါဦး. . .ခင်သတိုးက ဒီအလုပ်ကို ခဏပဲလုပ်မှာလား၊ လစာနည်းလို့လား။ ကိုယ်က မင်းတော်ရင်တော်သလို ဆုကြေးတွေဘာတွေ ပေးဖို့လည်း စဉ်းစားထားပါတယ်"

"ကျေးဇူးတင်ပါတယ်၊ ဘာမှတော့ ပြောလို့မရသေးဘူး"

စကားပြောရင်း သမီး၏ဂါဝန်လေးက ဝတ်လို့ပြီးသွားသည်။ ပန်းနုရောင်ကောင်မလေးသည် သိပ်လှနေ၏။ ဂါဝန်ဖားဖားဝဲဝဲလေးကို ဘိုမရုပ်လေးနှယ် ပတ်ချာလည် လှည့်ကစားရင်း ကလေးက ပျော်ရွှင်နေသည်။

"ကဲ! ခင်သတိုးလည်း အထုပ်ဖောက်ပြီး ဝတ်ကြည့်ဦး"

သူ အတန်တန်တိုက်တွန်းသဖြင့် စိတ်မချမ်းမသာနှင့်ပင် သူ





အထုပ်ဖောက်ရသည်။ သူဘယ်လိုပင်ပြောပြော ခင်သတိုး လိပ်ပြာမလုံ။ ဒါ ပိုးကြေးပန်းကြေးပေးတာလား။ ဒါမှမဟုတ် ဖြားယောင်းသိမ်းသွင်းမလို့လား။ အခုနေ မမကြီးရောက်လာလျှင်ဖြင့် ပွဲကြည့်ကောင်းလိမ့်မည်။

ခင်သတိုးအတွက်လည်း ပန်းနုရောင်ဂါဝန်ပဲ ထွက်လာလေ၏။ ပုံက ဆန်းပြားလိုက်သည်မှာ သတို့သမီးဝတ်ဖို့ပင် ကောင်းတော့သည်။ လုပ်နုရွှလွန်းသည့် ဇာဂါဝန်လေးကို သူမ အလန့်တကြားလွှတ်ချလိုက်မိသည်။

"ဟယ်! မဟုတ်တာ၊ ကျွန်မက သမီးလေးရဲ့ကလေးထိန်းပဲ။ ဒီဝတ်စုံနဲ့ ကျွန်မ အမြင်မတော်ပါဘူး။ သူများတွေ ဘာပြောမလဲ။ ဟင့်အင်း. . .ကျွန်မ ကိုယ့်ရှိတာနဲ့ပဲတက်မယ်"

"မရဘူး. . .မင်းကလည်း သာမန်ကလေးထိန်းမှမဟုတ်ဘဲ။ ဘွဲ့ရထားတဲ့ ကလေးထိန်းဆရာမလေ။ ဒီလောက်တော့ ရှိမှာပေါ့။ ပြီးတော့ တစ်လငါးသောင်းရတဲ့ ကောင်မလေးတစ်ယောက်အနေနဲ့ ဒီဝတ်စုံမျိုး ဝယ်နိုင်လောက်ပါတယ်။ ယုတ္တိရှိပါတယ်လေ"

"ဒါပေမဲ့ လစာတွေက မေမေ့ဆီ အကုန်ပို့ပြီးပြီရှင့်။ ကျွန်မမှာ ပိုက်ဆံမရှိကြောင်း အနည်းဆုံး မမကြီးသိတယ်။ ဒီအိမ်သားတွေ သိတယ်။ အို. . .သူများတွေလည်း သိချင်သိမှာပေါ့"

"ထားလိုက်စမ်းပါကွာ၊ ဒါတွေကို ဂရုစိုက်မနေပါနဲ့။ အဓိကက မင်းနဲ့သမီး လှနေဖို့ပါပဲ"

ခင်သတိုးမှာ ပန်းနုရောင်ဂါဝန်လေးကိုကိုင်ကာ ငိုင်နေမိခဲ့သည်။ သူ့ဆန္ဒအတိုင်း ရဲရဲတော့မှာလား။ တော်တော်တော့ စိတ်ပျက်ရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ အငိုလွယ် အရှိုက်ခက်ဆိုတာ ဒါမျိုးဖြစ်မည်။

မနေ့ညက ကိစ္စများကို သတိရနေရာမှ နာရီသံများက သူမကို တပ်လှန့်နှိုးဆော်နေပြန်သည်။ ယခုညနေ သုံးနာရီ၊ ဦးမြင့်ခေါင်၏မွေးနေ့ ပွဲက ညနေခြောက်နာရီမှာ စလိမ့်မည်။ မမကြီးအပါအဝင် တစ်အိမ်သား လုံး သဲသဲလှုပ်မျှ ပြင်ဆင်လုပ်ကိုင်နေကြသည်ကို ခင်သတိုးနှင့် ရွှေစင် မြင့်ခေါင်တို့ ကျောက်ဖြူဝရန်တာလေးမှ လှမ်းကြည့်နေကြသည်။

"သမီး ငြိမ်ငြိမ်လေး ကြည့်နော်၊ လသာဆောင်က ထိုးကျသွား မယ်"

တစ်တောင်သာသာခန့်သာမြင့်သည့် အင်္ဂတေလက်ရန်းဘောင် ခုံပုလေးတွေဖြင့်ထိုင်ရင်း ကလေးက အားမလိုအားမရဖြစ်နေစဉ် သူမတို့ အနားသို့ မမကြီးရောက်လာ၏။

"ဟော့! နင်တို့နှစ်ယောက် ဒီပွဲကိုမတက်ရဘူးနော်၊ ကိုယ့်အခန်း ထဲမှာပဲ ကိုယ်နေကြ။ အလကား. . .မွေးနေ့ပွဲမှာ အရက်တွေဘာတွေ ပါလိမ့်မယ်။ ဒါ လူကြီးပွဲ. . .ကလေးပွဲမဟုတ်ဘူး။ ပြောထားပါမယ်"

"ဦးမြင့်ခေါင်ကတော့ တက်ရမယ်ပြောတယ်။ ဘယ်သူ့စကား နားထောင်ရမှာလဲ"

"ဟဲ့! သူက ဘာနားလည်တာမှတ်လို့၊ ညည်းတို့ အကြောင်း တစ်ခုခုပြပြီး ငြင်းလိုက်ပေါ့။ မပြောတတ်တော့ဘူးလား၊ ခေါင်းကိုက် ဖင်ကိုက်လို့ဆိုပြီး အကြောင်းပြပေါ့"

"သမီးသဘောကရော၊ သမီးက အရမ်းစိတ်ပါနေတာ"

"အို. . .သမီးက ကလေးပဲ။ ညည်းမြှောက်ပေးရင်သာ အ ရခက်မှာ။ သမီးလေး လူပုံအလယ်မှာ အရှက်ကွဲမယ့်ကိစ္စကြီး ငါခွင့်





နိုင်ဘူး။ သမီး. . .အန်တီ စားစရာတွေ ပို့နိုင်းလိုက်မယ်သိလား။ ဒီလသာ ဆောင်ကပဲ ကြည့်နေနော်။ ကြည့်စမ်း! ဘယ်လောက်လှလိုက်မလဲလို့။ အောက်မှာ ဆူက ဆူပါဘီသနဲ့ကွယ်။ ပြီးတော့ သမီးလေး အမူးသမား တွေ ကြောက်တယ်ဆို။ ဒီနေ့ အမူးသမားတွေလာမှာ သမီးရဲ့"

ဒေါ်ရွှေယမင်း၏အပြောကြောင့် ရွှေစင်မြင့်ခေါင် တွေဝေသွား ၏။ ခင်သတိုး မတတ်နိုင်။ သူမက ဒီပွဲအပေါ် ခံစားချက်ရှိသူမဟုတ်။ ကလေးအနားမှာသာ ခင်သတိုး နေချင်ပါ၏။ ကလေး၏သဘောအတိုင်း သာ လုပ်ဆောင်သွားရန်သာ။ ခက်တော့ခက်သည်။ အိမ်ကြီးရှင် နှစ် ယောက်၏ သဘောထားတွေက ဆန့်ကျင်ဘက်မို့ ခင်သတိုး ဘယ်လို လိုက်နာရမှန်းပင် မသိတော့။

အငယ်လေးပြောသလို နီးရာဓား ကြောက်ရမှာပဲ။

၉

ယခုတော့ ခင်သတိုးနှင့် ရွှေစင်မြင့်ခေါင်တို့ ကိုကိုကြီး၏အမိန့် အရ တစ်ခုသောစားပွဲမှာ ရောက်ရှိနေကြသည်။ ဈာကုံထံတို့၏မွေးနေ့ပွဲ သည်။ စိတ်ဝင်စားဖွယ်ရာကောင်းလှ၏။ လက်ဆောင်ထုပ်များ ပေး ရင်း တချို့ကောင်မလေး ခပ်ကဲကဲများက ဦးမြင့်ခေါင်၏လက်ခုံကို ကြသည်။

ယမကာတွေ၊ အစားအသောက်တွေ စုံလင်ကြသည့်ပွဲမှာ တီး တွေကလည်း မြူးကြွငြိမ့်ညောင်းလှသဖြင့် လာသမျှ ပရိသတ်အတော် များမှာ စိတ်တွေကြွနေသလား မပြောတတ်တော့ပေ။

ခင်သတိုးတို့နှစ်ယောက် စားပွဲထောင့်ကလေးမှာ နေရာယူ၍



www.burmeseclassic.com

www.burmeseclassic.com



ခပ်ကုပ်ကုပ်ကြည့်နေမိကြသည်။ အနောက်တိုင်းဝတ်စုံဖြင့် လှပခန့်ငြား လှသည့် ဦးမြင့်ခေါင်၏အနီးမှာ ကြွေရုပ်ကလေးနှယ် လှပနုရွသည့်ပုလဲနီက တပူးတွဲတွဲရှိနေပါလေ၏။ မီးခိုးရောင်ရွှေမင်းသား၏နံဘေးမှာ ပုလဲနီ၏အသွင်က စိန်မှုန်လေး လက်နေသည့်နှယ်။

ခင်သတိုးတို့ကတော့ ပွဲကြည့်ပရိသတ်ပေါ့။ သိပ်သဝန်တိုတတ် သည့်မမကြီးက ဒီတစ်ခါ သဘောကောင်းစွာဖြင့် တပြုံးပြုံးဖြစ်နေပြ သည်။ ပင်လယ်လို မာယာများတဲ့မိန်းမကြီးပါပဲ။

သူလည်း ယခုည တော်တော်လှနေသည်။ ဘယ်လိုကြောင့် ပဲ လှလှ၊ လှတာကို သူမတို့သဘောကျပါသည်။

မကြာမီ ခင်သတိုးတို့ထိုင်နေသည့် ခပ်မှောင်မှောင်စားပွဲအနီး သို့ ဦးမြင့်ခေါင်တို့စုံတွဲ ရောက်လာခဲ့သည်။ ကိုကိုကြီး သူမတို့ကို မျှော် နေပုံရသည်။ အသူရကာယ်ဘုံမှာ သူပျော်နေသည်ဖြစ်မည်။ သူတို့စုံတွဲ ခင်သတိုးတို့ကိုမမြင်။ ထို့အတူ မည်သူ့ကိုမျှလည်း မြင်ပုံမရတော့။

"ကိုကိုကြီးကို မွေးနေ့လက်ဆောင်ပေးမယ်"

ခင်သတိုးတို့ သွေးလန့်သွားကြသည်။

"ဟုတ်တယ်၊ ပုလဲနီ ဒီနေ့ အဆောင်ပြန်နိုင်မှာမဟုတ်တော့ ဘူး"

"ဒါဆိုလည်း ကိုကိုကြီးရဲ့အိမ်မှာပဲ အိပ်လိုက်ပေါ့။ အောက်ထပ် မှာ ဧည့်သည်တွေအတွက် အခန်းတွေ အများကြီးရှိတယ်"

ပုလဲနီ၏ ဆည်းလည်းသံနှယ် ရယ်သံလေးက အသည်းအေး သံသဖွယ်။

"ရပါတယ်၊ ပုလဲနီတို့က ကိုကိုကြီးအနားမှာသာ နေခွင့်ရမယ် ဆိုရင် အောက်ထပ်မကလို့ လှေကားပေါ်မှာ ဝပ်နေဆိုရင်တောင် ဝပ်မယ့် သူပါ"

"ပုလဲနီ. . . ကိုကို့ကို သိပ်ချစ်တယ်သိလား၊ ဘယ်လိုပုံစံမျိုးနဲ့ ပဲ နေရနေရ ကိုကို့အနားမှာ နေခွင့်ရရင်ပြီးရော။ ပုလဲနီ ကိုကိုကြီးတို့ ကို မရှုပ်ပါဘူးနော်. . . စိတ်ချပါ"

ခင်သတိုးနှင့်ကလေးမှာ အသက်ပင် ရဲရဲမရှူဝံ့။ ကိုယ့်လှုပ်လိုက် လျှင် သူတို့သိသွားမှာစိုးသည်။ ပန်းခြံကလေးများအနီးသို့ သူတို့ရောက် သွားမှ သူမတို့ မျက်လုံးချင်းဆုံမိကြသည်။ သမီး၏မျက်ဝန်းလေးများမှာ ကြေကွဲရိပ်တို့ စွန်းထင်းနေလေ၏။ ဖခင်က မွေးနေ့ပွဲတစ် လျှောက်လုံး ခံထားသလိုဖြစ်ရသည့်ကြားထဲ မဖွယ်မရာအဖြစ်ကိုလည်း မြင်ရချေ သေး၏။

"ဘာမှမဟုတ်ပါဘူး သမီးရယ်၊ သမီးဖေဖေကြီးက ဗီဒီယိုရိုက် သလို အစမ်းလေ့ကျင့်နေတာပါ။ သူက ချောတယ်မဟုတ်လား။ အဲဒီနေ့ ကျရင် သမီးလည်း ကလေးဇာတ်ဆောင်ဝင်လုပ်ရမယ်သိလား။ ကဲ! လာ၊ ဒီအနားက လာဘ်မကောင်းဘူး။ တို့အခန်းပဲ တို့ပြန်သွားရအောင်"

ခင်သတိုး ဖျောင်းဖျချော့မော့သော်လည်း ကလေးက လေးတွဲ့ စွာ လိုက်ပါလာခဲ့သည်။ ပန်းနုရောင်ဇာဂါဝန်လေးများဖြင့် အရုပ်ကလေး များနှယ် တင့်တယ်လှပနေသည့်သူမတို့အား ဧည့်ပရိသတ်များက သတိ ထားမိကြသည်။ ခင်သတိုးတို့ လှေကားအလယ်သို့ရောက်စဉ်မှာပင် တစ် အိမ်လုံး မီးများ ပြတ်သွားလေတော့သည်။

"ဟာ! သမီးရေ. . . လိမ့်ကျမယ်နော်၊ လာ. . . အန်တီ့လက်ကို တွဲထား"



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထဲမှာ ရုတ်ရုတ်သဲသဲဖြစ်နေကြတာ ငါးမိနစ်ခန့်ကြာ လေမလား။ သူမတို့နှစ်ယောက် ယောကျ်ားပေါ်မှာပင် လက်တွဲကာ မီး လင်းလာမည့်အချိန်ကို စောင့်နေမိကြ၏။

"ဟော! မီးတွေ ပြန်လင်းလာပြီ"

ခင်သတိုးနှင့်သမီး အိမ်ပေါ်ကျောက်ဖြူလသာဆောင်လေး ရောက်ရှိသွားကြသည်။

ဒီနေ့ ဇန်နဝါရီ ၁ ရက်။

နှစ်သစ်မှာမွေးတဲ့ ကိုကိုကြီး စိတ်နှလုံးချမ်းမြေ့ရွှင်လန်းပါစေ

နှင်းမှုန်တဖွဲဖွဲညမှာ လှုကုံထံများ ပျော်ရွှင်နေသည့် မွေးနေ့ က အိပ်မက်ထဲမှ နိဗ္ဗာန်ဘုံနှယ်။

◙◙◙



## အခန်း(၉)

လရောင်ဖြင့် ဝင်းပနေသည့် ကျောက်ဖြူလသာဆောင်မှာ ခင်သတိုး ငြိမ်သက်စွာ ထိုင်နေမိခဲ့သည်။ ရင်ထဲမှာ မကြည်လင်။ လူအများ အိပ်စက်အနားယူနေကြချိန်ပေမယ့် သူမ အိပ်လို့မရ။ လသာဆောင်မှာ ထွက်ထိုင်နေမိသည်။ ဒီနေရာမှ ကလေး၏အခန်းကိုလည်း မြင်ရသည်။ ဦးမြင့်ခေါင်၏အခန်းကိုလည်း မြင်ရသည်။ သူတို့နှစ်ခြိုက်စွာ အိပ်ပျော် နေကြပါလိမ့်မည်။

စိတ်ဆိုတာ အံ့ဩစရာပါပဲ။ ကိုကိုကြီးဟာ လူချောလူပွေကြီး ပဲ ကြည့်စမ်း! မိန်းကလေးတွေရဲ့ ကွဲသွားတဲ့နှလုံးအသည်းတွေပေါ်မှာ သူကစားရက်တယ်။ ဒါကိုလက်ခံရက်နှင့်တောင် သူမကရော အပြင်မှာ ဟန်လုပ်နေရပေမယ့် ကိုကိုကြီးကို ရင်ထဲမှာ နှစ်သက်နေတာပဲ မဟုတ် လား။

'ပုလဲနီ ကိုကို့ကိုသိပ်ချစ်တယ် သိလား၊ ဘယ်လိုပုံစံမျိုးနဲ့ပဲ နေရ နေရ. . . ကိုကို့အနားမှာ နေရပါစေနော်"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခင်သတိုး ကြားယောင်နေမိပြန်သည်။ သူကတော့ ရယ်
မောလို့။ သားကောင်ကို မသနားတတ်တဲ့မုဆိုးတစ်ဦးလိုပါပဲ။

"ဟင်!"

ထွက်တော့မည့် အာမေဋိတ်သံကိုထိန်းချုပ်ရင်း ခင်သတိုး
သက်စွာ တုန်လှုပ်သွားရသည်။ ကိုကိုကြီးအခန်းထဲမှ ဒေါ်ရွှေယ
ထွက်လာလို့ပါပဲ။ ညအိပ်ဝတ်စုံပါးပါးလုပ်လုပ်ဖြင့် ယမင်းရုပ်တုတစ်
လှနေသေးသည့် ဒေါ်ရွှေယမင်းအသွင်က ကျေနပ်နှစ်သိမ့်မှုဖြင့် ဝင်း
နေသယောင်။

သူမ လသာဆောင်မှာရှိနေတာ မမကြီး သိသွားမှာစိုးသ
ခင်သတိုး မလှုပ်ဝံ့။ သူလည်း လသာဆောင်ဘက် ထွက်လာလျှင်
ခင်သတိုး အသတ်ခံရလေမလား။ သူမ ဖြုန်းခနဲလန့်သွားမိပြန်သ
ဒီလသာဆောင်ပေါ်မှ နွေယမင်း ပြုတ်ကျဖူးသတဲ့။ ဒါဟာ သွေးရိုး
ရိုးလား၊ လုပ်ကြံမှုလား။

ခင်သတိုး စိုးရိမ်နေသော်လည်း မမကြီးက သူ့အခန်းထဲသို့
သွားသဖြင့် သူမ အသက်ရှူလို့ရသွားသည်။ သို့သော် လုပ်ကြံမှုကြီးထ
ခုကို မျက်ဝါးထင်ထင်မြင်လိုက်ရသည့်နှယ် ခင်သတိုး ဆောက်တည်
မရ တုန်လှုပ်မိသည်။

ကိုကိုကြီးဟာ အသားစားကျားကြီးပဲ။ ကြည့်စမ်း! ဘာမှမ
ဘူး။ ဒါဖြင့် ဒီအိမ်ကြီးဟာ သားရဲတွင်းကြီးပေါ့။

သူမ ဦးမြင့်ခေါင်ကို အော်ဂလီဆန်အောင် မုန်းတီးခါးသ
သွားမိသည်။ သူဟာ မုန်းထိုက်သည့်သူ။

အခြေအနေတွေ အနည်းငယ်ငြိမ်သက်သွားသည်နှင့် သူမ ကို





ခန်းထဲသို့ ယုန်ကလေးတစ်ကောင်နှယ် လစ်ခနဲဝင်ပြေးခဲ့သည်။ အခန်း
ထဲမှာ ရွှေစင်မြင့်ခေါင်လေး အပူအပင်ကင်းစွာ အိပ်ပျော်နေသည်ကို မြင်
တွေ့ရတော့ ခင်သတိုးရင်ထဲ နင့်ခနဲခံစားလိုက်ရသည်။

လောကကြီးကတော့ ဘာတွေဖြစ်လာဦးမလဲ။

ကလေးရေ. . . မင်းအနားမှာ ငါ အမြဲစောင့်ရှောက်နေဖြစ်ဦး
မယ်ပါ။

▣

BURMESE CLASSIC

လောကကြီးသည် အထက်အောက် ပြောင်းပြန်လှန်ပစ်လိုက်
သည့်နှယ်။

နွေးထွေးလုံခြုံမှုများဖြင့် ပျော်ရွှင်စရာ ဝင်းပနေသည့်အိမ်ကြီး
တစ်လုံး သွေ့ခြောက်ကြမ်းတမ်းပြီး အန္တရာယ်၏အငွေ့အသက်ကို ရနေ
သည်ကို ခင်သတိုး ခံစားနေရသည်။

အိမ်ရှိ လူအများ၏မျက်နှာမှာ ပျော်ရွှင်ချမ်းမြေ့မှုများ ရှာမတွေ့
တော့။ ဒေါ်ရွှေယမင်းကိုလည်း ခင်သတိုး မတွေ့ရသလောက်ပင်။

သူမတို့ ပုံမှန်အတိုင်း ကျောင်းတက်ကြသော်လည်း စနေနှင့်
တနင်္ဂနွေနှစ်ရက်မှာ အနားယူကြသည်။ ဆောင်းနံနက်တွေမှာ လမ်းလည်း
လျှောက်ခွင့်မရသဖြင့် ကိုယ့်အခန်းထဲမှာသာ နံနက်ဦးကို ကြိုဆိုကြရ
သည်။

"ဖေကြီး အိမ်ပြန်မလာတာ သုံးရက်ရှိပြီနော်၊ သမီးအရမ်းကို
သတိရနေတာပဲ။ ဖေဖေ ဘာလုပ်နေတာလဲဟင် အန်တီ၊ ခရီးသွားနေ
သလား"



www.burmeseclassic.com

www.burmeseclassic.com



ပန်းခင်းတစ်ခုလုံးသို့ ဆီးမြင်နေရသည့် ပြတင်းပေါက်အနား ထိုင်ခုံတစ်လုံးစီဖြင့် ထိုင်နေကြရာမှ ကလေးက စာရေးမေးသည်။

"မအားလို့နေမှာပေါ့ သမီးရယ်၊ ဖေကြီးက သမီးကိုသိပ်ချစ် တာ သမီးသိတယ်မဟုတ်လား"

ခေါင်းလေး တဆတ်ဆတ်ညိတ်လျက် သမီးငြိမ်သက်နေရာ အခန်းထောင့်ရှိ တယ်လီဖုန်းလေးသို့ လက်ညှိုးထိုးပြသည်။ သူ က ၏အလိုကျ ဆက်သွယ်ပေးရတာလည်း အခါခါ။ သို့သော် သူ့ကုမ္ပ မှာလည်း ဦးမြင့်ခေါင် ရှိမနေပါချေ။

"မရွှေစင်နဲ့မမ. . . လက်ဖက်ရည် အသင့်ရှိပါပြီ"

အငယ်လေး အခန်းဝမှာပေါ်လာသဖြင့် သူမတို့ ခေါင်းညိတ် လိုက်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့ကြသည်။ ယခုတော့ ခင်သ သည်လည်း အိမ်ကြီးရှင်တစ်ယောက်နှယ်။ ကလေးနှင့်တစ်တန်းတည် နေရ စားရပါချေ၏။ မည်သူ့အမိန့်တော့ မသိ။

ခမ်းနားသော ထမင်းစားခန်းသို့ဝင်ခဲ့ရတော့ သည်အိမ်ကိုရောက် ရှိသည့် မူလအစကို သူမ မြင်ယောင်မိပြန်သည်။ ခန့်ညားဝင်းပမှုများ သူ့ကို ဒီစားပွဲမှာပင် စတင်တွေ့ခဲ့ရသည်မဟုတ်ပါလား။

"ကျန်တဲ့သူတွေရော ပြီးသွားပြီလား အငယ်လေး"

မီးဖိုထဲမှာ ဒေါ်ဆုံနှင့်အေမီ အလုပ်ရှုပ်လျက်။ လင်းလင်းကတော့ ဈေးသွားနေသည်ဖြစ်မည်။

"မမကြီးက အပြင်ထွက်သွားပါတယ်၊ ကိုကိုကြီးကတော့ ခ မှုပြန်မလာဘဲ"

"အေးဟယ်. . . ဘာတွေဖြစ်နေကြမှန်းလည်း မသိဘူးနော်"





"အမယ်လေး မမရယ်၊ ကိုယ့်ဘာသာ စားကြသောက်ကြစမ်း ပါ။ စား. . . သမီး. . . စား၊ အဲဒီပူတင်းပူပူလေးက ဒေါ်ဆုံလက်ရာလေ။ သူကြီးတွေမဟုတ်တာနဲ့ မရွှေစင်လေး မျက်နှာညှိုးနေရရှာပြီ။ တို့တွေ တိရစ္ဆာန်ရုံသွားကြဦးမလား"

ကလေးက ခေါင်းခါပြပြီး တိတ်ဆိတ်ငြိမ်သက်စွာပင် လက် ဖက်ရည်သောက်နေသည်။ ခင်သတိုးလည်း စိတ်မသက်မသာဖြင့် လက် ဖက်ရည်သောက်နေရာမှ အငယ်လေး၏မျက်ရိပ်ပြခဲ့မှုကြောင့် မယောင် မလည်ဖြင့် သူရှိရာမီးဖိုဘက်သို့ လိုက်သွားရသည်။

"သမီး ခဏနေဦးနော်၊ အန်တီ သမီးဖို့ မုန့်ထပ်ယူဦးမယ်"

မီးဖိုထဲသို့ရောက်သော် သူတို့လေးယောက်ကို မျက်နှာပျက်စွာ တွေ့လိုက်ရသည်။

"ဟင်! လင်းလင်း၊ ဈေးမသွားသေးဘူးလား။ ငါဖြင့် နင့်မမြင် ရတော့ ဈေးသွားပြီမှတ်လို့"

"ရှူး. . . တိုးတိုး၊ လင်းလင်း ဈေးမသွားရသေးဘူး မမရဲ့။ မနေ့က ကြားခဲ့ရတဲ့သတင်းကို လင်းလင်းမအောင့်နိုင်တာနဲ့ ခုမှပြောပြ နေတာ"

"ဟင်! ဘာလဲ. . . ဘာတွေလဲ"

"မနေ့က လင်းလင်း ဈေးထဲမှာ ပုလဲနီသူငယ်ချင်းနဲ့တွေ့ခဲ့ရ တယ်။ ပုလဲနီ အဆောင်ကပျောက်နေတာ သုံးရက်ရှိပြီတဲ့။ လင်းလင်း လည်း ပြောလိုက်တယ်၊ ကိုကိုကြီးပျောက်နေတာလည်း သုံးရက်ရှိပြီ လို့"

"ဟင်. . . ဒါဆို သူတို့"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ...နိုးပြီး တစ်နေရာရာ ထွက်သွားရအောင်လည်း ကိုကိုကြီးက ကလေးမှမဟုတ်တာနော်"

"ပုလဲနီဘက်က သဘောမတူလို့ ပုန်းနေကြတာများလား။ ဒါ[illegible] နဲ့ မမကြီးပြောတော့ သူ့မတ်က ဘယ်မိန်းမကိုမှ အတည်မယူပါဘူးဆို"

"မသိဘူးလေ၊ အခု သူလည်း ဘာတွေများယာခတ်နေတယ် မသိဘူး၊ ဈေးဖိုးတောင် မပေးခဲ့ဘူး"

"ကလေးတော့ သနားစရာကွယ်၊ ဖအေကို နေ့တိုင်းမေးတယ် အခု ရွှေစင် မဆိုးတော့ပါဘူးဟယ်။ မျက်နှာလေးကို ညှိုးနေတာပဲ"

သူမတို့ပြောနေခိုက် ကလေးရောက်လာသဖြင့် အားလုံးစကား[illegible] ပြတ်သွားကြရသည်။ ပြောထားသည့်အတိုင်း ခင်သတိုး ကလေးဖို့ မု[illegible] ထပ်ယူပြီး စားပွဲသို့ပြန်လာကြသည်။

သူမရင်ထဲမှာ တင်းကျပ်လျက်။ ကိုကိုကြီး တကယ်ပဲ ပုထ[illegible] နှင့်လက်ထပ်လိုက်ပြီလား။ အိုလေ...သူ့ကို ငါမုန်းနေတယ်မဟုတ်လား[illegible] မမကြီးကတော့ ဘယ်ခံနိုင်မလဲ။ သူတို့နှစ်ယောက်ရဲ့ပတ်သက်မှုကရော[illegible] ကလေးကို မုန့်များခွံ့ကျွေးရင်း သူမ အတွေးများနေမိခဲ့သည်။

◙◙◙

## အခန်း(၁၈)

"ဖေကြီး အိမ်ပြန်မလာတာ လေးရက်ရှိပြီ"

နံနက်လက်ဖက်ရည်ဝိုင်းမှာ ဒေါ်ရွှေယမင်းပါ ရှိနေ၏။ ကလေး[illegible] ယခုအခါ သူသွားလေရာ စာအုပ်နှင့် ဘောပင် ယူဆောင်ခဲ့သည်မို့ သူ့အန်တီယမင်းကို စာဖြင့်မေးသည်။

ရွှေစင်မြင့်ခေါင်းမှာ ဖခင်ပျောက်နေသဖြင့် တစ်ချိန်လုံး ဆောက်[illegible]ည်ရာမရဖြစ်နေရှာတော့သည်။ ခင်သတိုးတို့ အတန်တန် ချော့မော့ ဖျောင်းဖြထားလို့သာ။

"ခါတိုင်းလည်း သမီးဖေကြီးက ဒီလိုပဲ ခရီးထွက်နေကျပဲဟာ၊ [illegible]ကြာခင် ပြန်လာမှာပေါ့ကွယ်။ မြန်မြန်ပြန်လာဖို့ အန်တီယမင်း ပြော[illegible]ယ်နော်"

မမကြီးက ပြုံးစလွယ်ချော့မော့သည်။ သူ့အသွင်ကလည်း ရေး[illegible]ကြီးသုတ်ပြာဟန်။ မမကြီးသည် ယခုတလော အိမ်ကပ်လှသည်မရှိ။ [illegible]နေ့လုံးတစ်လုံးနှင့် အလုပ်များချင်များ။ မများလျှင်လည်း အပြင်သို့သာ





www.burmeseclassic.com

www.burmeseclassic.com



ကားတစ်စီးဖြင့် ထွက်နေတတ်သည်။

သို့သော် သူက ခါတိုင်းလည်း ဒီလိုပါပဲ။ သူ့မှာလည်း သူ့စီးပွားရေး၊ သူ့သောကနှင့်သူဖြစ်မည်။

"ဒါဆို ခုပြောပေးပါ အန်တီယမင်း။ ဖေကြီးရှိတဲ့နေရာနဲ့ ... ဆက်သွယ်ပေးပါ။ ခါတိုင်းက ဖေကြီးခရီးထွက်ရင် သမီးကိုနှုတ်ဆက် သွားတယ်"

ကလေး၏စာမျက်နှာများမှာ ဖခင်ကိုတမ်းတသည့် စာကြောင်းများ မေးခွန်းများဖြင့် ပြည့်နှက်လာသလို၊ ကလေး၏မျက်ဝန်းမှာလည်း ဖခင်အတွက် ရတက်ပွေသည့် မျက်ရည်များ ပြည့်လျှံလာခဲ့သည်။ ခင်သတိုး မကြည့်ရက်ပါ။ မမကြီးက ခပ်ချောချောပါန့်ပြီး လက်ဖက်ရည် ဝိုင်းမှ ထသွားတော့သည်။

"အခုသွားတာက ဘယ်နှုတ်ဆက်နိုင်မလဲ၊ အရေးကြီးလွန်း... ကိုး။ သမီးဖေကြီး နောက်မိန်းမ နိုးပြေးသွားတာ ဖြစ်ချင်ဖြစ်မှာ... ညည်းက ခပ်ဆိုးဆိုး၊ မိထွေးက ဆိုးဆိုးဆိုနဲ့တော့ တွေ့ကြသေးတာ... မှတ်ထား မိရွှေစင်၊ မိထွေးဆိုတာ ဘယ်တုန်းကမှ မကောင်းဘူး။ ညည်း... သားအဖရဲ့ချစ်ခြင်းကို အကြမ်းပတမ်းခွဲပစ်မယ့်သူချည်းပဲ။ ကဲ... စိ... ဖြောင့်ဖြောင့်သာ ဆော့ကျန်ခဲ့၊ အန်တီယမင်း သမီးဖေကြီးကို အိမ်... ခေါ်လာရအောင် ရှာလိုက်ဦးမယ်"

ဒေါ်ရွှေယမင်းက စကားကို လက်လွှတ်စပယ်ပြောပြီး ခင်... ကျော့ ခပ်ရှုံ့ရှုံ့ရမ်းထွက်သွား၏။ ရွှေစင်မြင့်ခေါင် ဘယ်လိုဖြစ်ကျန်ခဲ့... ဟု တစ်ချက်မျှပင် လှည့်ကြည့်ဖော်မရ။

ထိတ်လန့်ချောက်ချားမှုနှင့် ကြေကွဲမှုတို့ စွန်းထင်းသွား...





ကလေး၏ရုပ်ကလေးကြောင့် ခင်သတိုး သမီးကိုပြေးဖက်မိသလို၊ အငယ်လေးနှင့် ဒေါ်ဆုံလည်း အနားသို့ အရေးတကြီး တိုးကပ်လာခဲ့ကြသည်။ ကလေးက ဝမ်းပန်းတနည်း ရှိုက်ကြီးတငင်ငိုလေသည်။

"တိတ်ပါ သမီးရယ်၊ သမီးအန်တီက စိတ်မရှည်တော့လို့ ပြောချင်ရာပြောခဲ့တာပါ။ ဖေကြီး ပြန်လာမှာပါ၊ မနက်ဖြန်လောက်ဆို ပြန်လာမှာပါ"

ကလေးက ရှိုက်ငိုရင်းမှ ခေါင်းကို ပြင်းထန်စွာ ရမ်းခါလေသည်။ မနက်ဖြန်ဆိုတာကို သူကလေး မစောင့်နိုင်၊ မခံစားနိုင်။ နေ့တိုင်းနေ့တိုင်း အိမ်ပြန်လာလျှင် သူ့အတွက် ကစားစရာများ မုန့်များ ချစ်ခြင်းမေတ္တာများ သယ်ဆောင်လာခဲ့သည့်ဖေကြီးကို သူချစ်သည်။ တစ်ရက်ဆိုတာကိုပင် မခွဲနိုင်ပါ။

"အို...ဒေါ်ဆုံကလည်း ကိုကိုကြီးက ညနေပြန်လာမှာပါ၊ ခါတိုင်းလိုပေါ့။ သမီးအတွက် ရထားလေးတွေ ဝယ်လာပြီး ပြန်လာမှာနော်။ ကလေးက လိမ္မာပါတယ်ကွယ်။ ကလေးဖေကြီး ညနေဆို ပြန်လာမှာပေါ့"

အငယ်လေးစကားကို သမီးက ခေါင်းခါငြင်းပယ်ပြန်သည်။ ညနေဆိုတာလည်း ကြာလွန်းသည်။ လေးရက်ကြီးတောင် ခွဲခွာပြီးပြီမို့ နောက်ထပ်ဘယ်လောက်မျှ ထပ်မစောင့်ချင်တော့။ ခင်သတိုး သက်ပြင်းချမိ၏။ ဦးမြင့်ခေါင်ကိုလည်း ကျိန်ဆဲမိသည်။ ဘယ်အရပ်ပဲ ရောက်နေနေ၊ ဘယ်လောက်ချောသည့်နတ်သမီးကိုပဲ နိုးပြေးပြေး၊ သမီးထံ ဖုန်းလေးတစ်ချက်လောက်တော့ ဆက်သင့်သည်။

သူ ဘာဖြစ်နေတာလဲ...သူ ဒီလောက်တောင် သားမေ့ သမီး

www.burmeseclassic.com



မေ့ဖြစ်နေရသလား။ သို့သော် ညက သူမ၏အိပ်မက်ထဲမှာတော့ သူ အရမ်းညှိုးချုံးနေခဲ့သည်။

"ခင်သတိုးရယ်၊ ကိုကိုကြီးသမီးကို စိတ်ချပါရစေနော်"

ဟု အထပ်ထပ်မှာခဲ့သည်။ ဒါတကယ်လား။ အိပ်မက်ဆိုတာ အတိတ်နိမိတ်လား။ ဒါမှမဟုတ် ကိုယ်က စွဲလန်းလွန်းလို့ မက်တာလား။

အစားစားဖို့တောင် ငြင်းပယ်နေသည့်သမီးအတွက် သူမ လိမ်ညာချော့မော့ရပြန်သည်။ မည်သို့ပင်ဖြစ်စေ ခင်သတိုး၏ တည်ကြည်ရဲရင့်သည့်ဟန်ပန်ကိုတော့ သမီးက ယုံကြည့်သည်။

"ကဲ! သမီး၊ ဒီလက်ဖက်ရည်နဲ့ ဒီမုန့်လေးတော့ ကုန်အောင်စားလိုက်။ ပြီးရင် အန်တီတို့ ခါတိုင်းလိုပဲ တယ်လီဖုန်းအနားမှာ ထိုင်စောင့်ကြမယ်။ သူကလည်း သူ့ဟန်းဖုန်းတောင် မေ့ထားခဲ့ရအောင် ဘာတွေများ အရေးကြီးနေပါလိမ့်။ ဒါပေမဲ့ ကြည့်နေ၊ ဒီနေ့ သမီးဖေကြီးဆီက အဆက်အသွယ် ရကိုရမှာ။ ညက အန်တီ အိပ်မက်မက်တယ်၊ သိလား။ ကဲ...စား၊ ပြီးရင် အန်တီတို့ ဖုန်းနားထောင်ကြမယ်"

ဒီတော့မှ သမီးက အစားအသောက်ကို တာဝန်တစ်ရပ်နှယ်ကြိုးစားစားသောက်သည်။

သည်စဉ် လင်းလင်း အနားသို့ကပ်လာခဲ့သည်။

"မမသတိုး၊ မမကြီး ဈေးဖိုးမပေးတာ နှစ်ရက်ရှိပြီ။ လင်းလင်းတို့လည်း မတောင်းရဲလို့"

အဲဒါမှခက်သည်။ ခင်သတိုးမှာ ပိုက်ဆံတစ်ပြားမှမရှိ။ လူကပြောင်ပြောင်ရောင်ရောင်ရှိသော်ငြား ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင် ဖြစ်နေသည်မဟုတ်လား။





"ဒါဆိုလည်းဟာ ရှိတာသာချက်၊ အိမ်မှာလည်း ဘယ်သူမှ ထမင်းစားကြတာမှ မဟုတ်တာ။ သမီးအတွက်သာ တစ်ခုခုလေး စီစဉ်ပေး။ ငါတို့ကတော့ ဖြစ်သလိုပေါ့။ ငါးခြောက်လေး ဘဲဥလေး မရှိဘူးလား။ သမီးလေးက ငါးခြောက်နဲ့ ဘဲဥဟင်းဖ် ကြိုက်ပါတယ်။ အင်း...ဒီအိမ်လည်း တပ်ပျက်ကြီးဖြစ်နေပြီ"

ခင်သတိုး ညည်းတွားမိသည်။ အရမ်းစိတ်ပျက်စရာကောင်းတာပဲ။ ကိုကိုကြီးမရှိတာနှင့် ဒီအိမ်ဟာ ဒီလောက်တောင် ကျက်သရေကင်းမဲ့သွားရသလား။ အို...ငါ သူ့ကိုမုန်းပါတယ်။ မမကြီး သူ့အခန်းထဲမှ တပိုကရှိုထွက်လာပုံက ခင်သတိုးနှလုံးသားထဲမှာ ခါးတူးစွာ စွဲလမ်းမှတ်မိနေသည်။

"ဘဲဥနဲ့ ငါးခြောက်တော့ ရှိပါတယ်၊ ခေါက်ဆွဲစည်းတွေလည်း ရှိသေးတယ်။ ပုစွန်ခြောက်လည်းရှိတယ်"

"ဒါဆို ရတာပဲဟာနော်၊ ဒေါ်ဆုံ...ကျွန်မတို့အတွက် ငံပြာရည်ချက် ချက်၊ ချဉ်ပေါင်ဟင်းချက်ဖို့ ဟင်းရွက်ဖိုးရော ဘယ်သူခထားခိုက်မလဲ။ နောက် ကျွန်မပြန်တောင်းပေးပါ့မယ်။ ခြော်...ဒုက္ခ ဒုက္ခ၊ တို့အဖြစ်တွေက လူရယ်စရာကြီး။ နတ်ဘုံနတ်နန်းလို ခမ်းနားတဲ့အိမ်ကြီးမှာနေပြီး ဟင်းရွက်ဖိုးတောင်မရှိတဲ့ဒုက္ခ"

မကြာမီ ထမင်းစားခန်းမှာ လူစုကွဲသွားကြသည်။ တပ်ပျက်ကြီးကို ဆက်လက်ချီတက် ကျားကန်ကြမည်။ ဒီတပ်ပျက်ကြီးမှာ ခင်သတိုးကို ဗိုလ်လုပ်စေကြတာတော့ ကံကြမ္မာ၏ ရွေးချယ်မှုဖြစ်မည်။ သောသောဆယ် သမီးစိတ်ပြေလက်ပျောက် မေ့မေ့ပျောက်ပျောက်ဖြစ်အောင် ထုပ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ခုရက်များမှာ ခင်သတိုး သမီးကိုစာသင်လို့မရ၊ ရေကူးခိုင်းလို့မရ၊ ခက်တာပါပဲ။

သမီးက လမ်းမပေါ်သို့ လက်ညှိုးထိုးပြီး သူမကို အတင်းဆွဲခေါ်နေသဖြင့် ကလေးအတွက် ရင်နင့်ရပြန်သည်။

သူ့ဖေကြီးကို လမ်းမပေါ်မှ ကြိုဆိုဖို့ဖြစ်ပါလိမ့်မည်။

"အငယ်လေးရေ၊ ငါတို့ အိမ်ရှေ့လမ်းမှာ လမ်းခဏလျှောက်နေတယ်ဟေ့"

သတင်းပေးခဲ့ရင်း သူမတို့ လမ်းထွက်လျှောက်ဖြစ်ခဲ့ကြသည်။

◙

နံနက်ဦးမို့ နှင်းက မပြယ်သေး။ လောကသည် သဲသဲကွဲကွဲ မရှိဘဲ အရာရာ မှုန်ဝါးဝါးဖြစ်နေသည်။ တစ်ခုသောနံနက်ခင်းကို ခင်သတိုး နာကျင်စွာ သတိရမိပြန်သည်။ မည်သို့ပင်ဖြစ်စေ အမြဲတမ်း အပြစ်ရှာ တတ်သည့်မမကြီးနှင့်စာသော် ကိုကိုကြီးသည် နူးညံ့သိမ်မွေ့သူ။ နှစ် လိုဖွယ်ကောင်းသူဖြစ်သည်။

နံနက်ဦးကို ကြိုဆိုဖို့ ခင်သတိုးတို့ လမ်းထွက်လျှောက်သည့် အဲဒီနေ့က ကိုကိုကြီးလည်း နောက်မှလိုက်ပါလာခဲ့သည်။ ပန်းနုရောင် ဂွမ်းသားဝတ်စုံဖြင့် ရွှေစင်မြင့်ခေါင်းလေးက ပန်းသီးတစ်လုံးလို ချစ်စရာ ကောင်းသလို သူမကလည်း တစ်စုံတည်းသော ယုန်မွှေးခေါင်းစွပ်အ[illegible] အင်္ကျီအဖြူဖြင့် ငွေလမင်းနှယ် တင့်တယ်နေခဲ့သည်။ လူငယ်လေးတ[illegible] ယောက်နှယ် ပေါ့ပါးသောအပြုံးဖြင့် သူ သူမတို့အနားသို့ရောက်ခဲ့စဉ်[illegible] သမီးကိုရော သူမကိုရောပါ ပခုံးများဖက်ခဲ့သည်။ ပလက်ဖောင်းပေါ်[illegible]





သုံးယောက်အတွဲလိုက်။

ကိုယ့်ပခုံးကို မြဲမြဲနှင့်ရဲရဲဆုပ်ကိုင်လာသည့် သူ့လက်များအား ခင်သတိုး ခပ်ဆတ်ဆတ်ပုတ်ချခဲ့၏။ သူကတော့ မသိကျိုးကျွံပြုကာ တိုးလို့တောင် ဖက်ထားခဲ့သည်။

"အသာလိုက်ခဲ့စမ်းပါကွာ၊ ကြည့်စမ်း! ဘယ်လောက်ပျော်ရွှင်ကြည်နူးဖို့ ကောင်းလိုက်သလဲ"

"ဩော်. . . ရှင်ပျော်ရွှင်ကြည်နူးဖို့ ကျွန်မက ပခုံးဖက်ခံနေရမယ်ပေါ့။ ဟုတ်လား"

"အိပ်မက်ထဲမှာဆို ဒီ့ထက်ဆိုးတယ်။ မင်းကို ကိုယ်လုပ်ချင်သလို လုပ်နေတာ။ သိလား"

သူ့စည်းလွတ်ဝါးလွတ်စကားကြောင့် ခင်သတိုး သူ့ရှေ့မှ မာရသွန်မယ်တစ်ဦးလို ပြေးထွက်ခဲ့ဖူးပါသည်။ သူ့ရယ်ဟာဟာအသံတို့နှင့်ဝေးရာ။

သူဟာ ခင်သတိုးရဲ့နှလုံးသားကို အကြိမ်ကြိမ်ထိတ်လန့် နာကျင်စေသူပါပဲ။ ဒါနဲ့များတောင် သူမ သူ့ကို နာကြည်းစွာ အမြဲသတိရနေမိပါသည်။

အိမ်ရှေ့လမ်းမကြီး၏ ရှင်းသန့် ကျယ်ပြန့်သော ခမ်းနားမှုမှာ ခင်သတိုးတို့ သူ့ကိုရှာဖွေကြသည်။

ကမ္ဘာမြေကြီးပေါ်မှာ လမ်းမတွေကတော့ အများကြီးပါပင်။ ရှင် ဘယ်လမ်းမှာရှိသလဲ။ ရှင်ရွေးချယ်တဲ့လမ်းဟာ ကွေ့ကောက်မှုတွေ ကင်းရှင်းပြီး ဖြူစင်မြင့်မြတ် စာနာတတ်ပါစေလို့ ကျွန်မဆုတောင်းလိုက်ပါတယ်။

အိမ်နှင့်ခပ်ဝေးဝေးသို့ ရောက်လာကြသဖြင့် သူမတို့ အိမ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



သို့ ပြန်လှည့်လာခဲ့ကြပြန်သည်။ ခင်သတိုးမျက်စိထဲမှာ ညက သမီးရေး ခဲ့သည့် စာလုံးလေးများကို မြင်ယောင်မိပြန်သည်။

“အန်တီ့ကို သမီးသိပ်ချစ်တယ်၊ သမီးမှာ ရှိတဲ့ပစ္စည်းတွေ ကစား စရာတွေအားလုံးကို ပေးပစ်လိုက်နိုင်တဲ့အထိ ချစ်တယ်။ ဒါပေမဲ့ ဖေကြီး ကတော့ သမီးအတွက်ပဲ”

“ဘာလို့ ဒီလိုစကားတွေ ပြောနေရတာလဲသမီးရယ်၊ အန်တီ က သမီးအတွက် လာနေတာ။ သမီးကိုပဲ ချစ်တာ။ သမီးဖေကြီး အန်တီက မုန်းတောင်မုန်းသေး”

ကလေးက စာအုပ်လေးထဲ ရေးချပြန်၏။

“အန်တီယမင်းက ပြောတယ်၊ ဖေကြီးက အန်တီ့ကိုချစ် တယ်တဲ့။ သမီးကိုမချစ်တော့ဘူးတဲ့”

ဒီမိန်းမကြီး အလွန်မုန်းစရာကောင်းသည်။ တို့မီးရှို့မီးလုပ်သွား သည်။

“ကြိုကြိုးစည်ရာ သမီးရယ်၊ သမီးမြင်သားပဲ။ အန်တီ သမီး ကြီးကို ဘယ်လောက်မုန်းတယ်ဆိုတာ”

ကလေးက ခေါင်းခါရင်း ခပ်သွက်သွက်ရေးပြန်သည်။

“ဖေကြီးကိုမချစ်ရင် တော်ပြီ၊ မုန်းတော့မမုန်းပါနဲ့နော်”

ခင်သတိုး သက်ပြင်းချနေမိရပါ၏။ ဒီသားအဖကြားမှာ နေရ မလွယ်ပါလား။ ဖအေက ကဲကဲ၊ သမီးက သူ့ည်းသည်း။ ခြောက်လျှ မှ အေးမည်။

သူမတို့နှစ်ယောက်သား ပလက်ဖောင်းဘေးမှာ ရပ်ရင်း ခါ ဦးမြင့်ခေါင် ပြန်လာတတ်ရာ လမ်းမဘက်သို့ မျှော်ကြည့်ကြပြန်သည်။





ကလေးက အိမ်ဘက်သို့ပြန်မလှည့်ချင်။ သူ့ဖခင်ကို အိမ်ထဲမှမျှော်ရသည် ထက် လမ်းမမှမျှော်ရခြင်းကို ရွှေစင်မြင့်ခေါင် ပိုမိုအားရှိပုံရသည်။

သည့်စဉ် ခင်သတိုးတို့ရပ်နေရာသို့ အငှားကားတစ်စင်း ဖျတ် ခနဲ ထိုးရပ်လာခဲ့၏။ သူမတို့ ကြောင်ကြည့်နေကြဆဲ၊ ကားထဲမှ လူနှစ် ယောက် လျှင်မြန်စွာ ထွက်လာပြီး ခင်သတိုးတို့ကို ကားထဲသို့ ထိုးသွင်း ခေါ်ဆောင်သွားလေတော့သည်။

အဖြစ်အပျက်က မယုံနိုင်လောက်အောင် လျှင်မြန်စွာ ဖြစ်ပွား သွားခဲ့သဖြင့် မည်သူမျှ သတိမထားမိနိုင်တော့ချေ။

◙

တက္ကစီကားလေးက အလုံပိတ်ထားရသည့်ကြားထဲ မြားတစ် စင်းလိုလည်း မြန်လွန်းလှသည်။ ခင်သတိုးနှင့်ရွှေစင်မြင့်ခေါင်မှာ တစ် ယောက်နှင့်တစ်ယောက်ဖက်လျက် လိုက်ပါလာခဲ့ကြရသည်။ နံနက်ခင်း က နှင်းမှုန်တို့ဖြင့် ဝေဝါးတွေပြားဆဲ။

“ငြိမ်ငြိမ်လိုက်ခဲ့နော်၊ ရီတီးယားတားမလုပ်နဲ့”

သူမအနားမှလူက ခင်သတိုး၏နံကြားသို့ ဓားတစ်ချောင်းဖြင့် ထိုးထိုက်ရင်း ကြိမ်းမောင်းသည်။ ဘယ်လိုကြီးလဲ၊ ကလေးကို ပြန်ပေးဆွဲ တာလား။ သူမကို အန္တရာယ်ပြုမလို့လား။ ဘာကြောင့် သူတို့ကို ဖမ်းလာ ကြတာလဲ။ တစ်ဆုံးတွေးရင်း ခင်သတိုး ချွေးပြန်လာခဲ့သည်။

“ကျွန်မတို့ကို ဘာလုပ်ရအောင် ဖမ်းလာခဲ့တာလဲ။ ဘာလဲ၊ ပြန်ပေးဆွဲတာလား။ ရောင်းစားမလို့လား”

“စကားမရှည်နဲ့၊ ရောက်တော့သိလိမ့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးပုံပေါက်နေသည့်ထိုလူများကို ခင်သတိုး လှေ့လာရူးစ
အကဲခတ်နေမိဆဲ၊ ကလေးက စတင်ငိုရှိုက်လေတော့သည်။ သမီးအရ
ကြောက်နေပုံရ၏။

"တိတ်ပါ သမီးရယ်၊ အန်တီတစ်ယောက်လုံးရှိတယ်သိလာ
ဘာမှမကြောက်နဲ့"

သမီးကိုအားပေးရင်း သူမ အကြံထုတ်ရသည်။ သူမတို့ ယ
လိုအဖမ်းခံရတာ မည်သူမျှလည်း သိမည်မထင်။ သူတို့ခေါ်ဆောင်သွ
ရာသို့ မလိုက်ဘဲ လမ်းမှာထွက်ပြေးမှသာ ခင်သတိုးတို့ မျှော်လင့်ချ
ရှိမည်။ ကလေးနှင့်အတူ ထွက်ပြေးနိုင်ဖို့သာ သူမစဉ်းစားရပါ၏။

ကံကဆိုးချင်တော့ လမ်းမကြီးကလည်း ကားရှင်းလှသည်။ မြ
တွင်းကျော်လာပြီလည်းဖြစ်သည်။

"မောင်စက်ရေ. . .နောက်က ကားတစ်စီး ပါလာပါလား"

"သူ့ဘာသာသွားတာ နေမှာပါကွာ၊ အရှိန်မြှင့်တင်လိုက်"

"အရှိန်မြှင့်တင်လို့ မရတော့ဘူး၊ မြို့ထဲမှာ ဒီထက်ပိုတင်ရ
အဖမ်းခံရလိမ့်မယ်"

ကားမောင်းသူနှင့် သူမအနားမှလူ၏ အပြန်အလှန်ပြောစကာ
များကိုနားထောင်ရင်း ခင်သတိုး နောက်သို့ ကားမှန်မှတစ်ဆင့် ကြ
လိုက်သည်၊ ဒီကားဟာ သူ့ဘာသာသွားသည့်ကားလား။ ဒီကားနောက်
လိုက်သည့်ကားလား။ မျှော်လင့်ချက်ဖြင့် ငေးကြည့် ဆုတောင်းနေရသည်

"ဟာ! ဟာ!"

"ကျွီ. . . ကျွီ. . ."

တစ်ဖက်မှကားက မိုက်မိုက်မဲမဲပင် သူမတို့ကားရှေ့သို့ ဖြ





ဝီတ်ပစ်လိုက်သဖြင့် ကားဘရိတ်ပွတ်ဆွဲသံများနှင့် ဆဲသံ၊ ဆိုသံများ
ရှုပ်သွားခဲ့သည်။

မြို့ပြင်လမ်းမ ဖြစ်နေသဖြင့် ကားရှင်း၊ လမ်းရှင်းနေသည့်အတွက်
ပြဿနာတော့ ထူးထူးထွေထွေမရှိ။

တစ်ဖက်ကားပေါ်မှာလည်း မောင်းသူနှင့်စီးသူ နှစ်ယောက်သာ
ပါရှိပါသည်။ နှစ်ယောက်စလုံး အမွေးတွေ ဗရပျစ်ဖြင့်။ ခင်သတိုးတို့ကား
ပေါ်မှ လူနှစ်ယောက်စလုံး ဒေါသတကြီးဖြင့် ဆဲရေးထိုးကြိတ်ဖို့အတွက်
ခုန်ဆင်းလိုက်ကြသည်။

သူတို့ သွေးဆာနေကြတုန်း ခင်သတိုး အကြံထုတ်ရမည်။ ပွဲ
သိမ်းတုန်း ဖျာခင်းရမှာပဲ။ သို့သော် လူရှင်းလှသည့် လမ်းမကြီးတစ်
လျှောက် ကလေးနှင့်ထွက်ပြေးလည်း ပြန်ဖမ်းမိလိမ့်မည်ထင်သည်။ သူမ
က ချင့်ချိန်အကြံထုတ်နေဆဲ၊ တစ်ဖက်မှာလည်း ရန်ပွဲက အကြီးအကျယ်
ဖြစ်နေလေ၏။

"ဘယ်လိုလုပ်တာလဲ၊ ကားပျက်သွားရင် လျော်မှာလား"

"လုပ်ကွာ. . . ချကွာ. . . အလကားကောင်တွေ"

တစ်ဖက်နှင့်တစ်ဖက် ထိုးကြိတ်နေစဉ် တစ်ဖက်ကားမှ နောက်
ထပ်လူတစ်ယောက် ဖျတ်ခနဲထွက်လာပြီး သူမတို့နှစ်ယောက်ကို ကား
ပေါ်သို့ ဆွဲတင်လိုက်သည်။

ဒီတစ်ခါတော့ သူမတို့ မငြင်းမဆန် လိုက်ပါသွားကြသည်။
အဘယ်ကြောင့်ဆိုသော် သူမတို့ကိုဆွဲခေါ်သွားသူသည် ဦးမြင့်ခေါင်ဖြစ်
နေလို့ပင်။

မကြာမီ တိုက်ခိုက်နေသည့် လူနှစ်ယောက်လည်း ကားဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြေးလာကြသဖြင့် မထင်မှတ်ဘွာပင် သူမတို့ကားက အလျင်ထွက်ခွာလာခဲ့ကြသည်။

ကားလေးက တစ်နေရာသို့ ဦးတည်ပြေးလွှားလျက်။

◙◙◙

အခန်း(၁၁)

"တိတ်ပါ သမီးလေးရယ်၊ တိတ်ပါ။ သမီးကို ဖေကြီးပစ်ထားတာ မဟုတ်ပါဘူး။ အခြေအနေတွေ အရမ်းရှုပ်ထွေးနေလို့ပါ"

စကားမပြောတတ်သည့် သမီးလေးကို ရင်ခွင်ထဲမှာ တင်းတင်းဖွေ့ရင်း သူမျက်ရည်ဝဲနေတာ မြင်ရတော့ ခင်သတိုး ကြေကွဲလွန်းရပါသည်။

သူဟာ ဘာကြီးပဲဖြစ်နေနေ၊ သူမ မိုက်မိုက်မဲမဲ ခွင့်လွှတ်ပစ်လိုက်ချင်စိတ်များ ပေါက်မိသည်။ သို့သော် ခင်သတိုး စိတ်ကိုတင်းရပါမည်။

ကျဉ်းကျပ်လှသည့်ကားလေးထဲမှာ ကလေး၏ငိုရှိုက်သံလေးက သူမရင်ကို နာကျင်စေပါသည်။ ခင်သတိုးမှာလည်း မျက်ရည်လည်ရွဲ။

"ရောက်ပြီ ဆရာ၊ အားလုံးအဆင်သင့်ပဲ"

ဒရိုင်ဘာ၏စကားကြောင့် ကားလေးထဲမှာ ကြေကွဲခံစားနေရသည့် ခင်သတိုး ကားအပြင်ကို လှမ်းမျှော်ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်! "

သူမတို့ရောက်နေတာ ဘာတံတားတစ်ခုဖြစ်သည်။ သဘော် မော်တော်အဝင်အထွက်များကိုလည်း မြင်နေရပါ၏။ ခင်သတိုးမှာ ဒီနေ များကို မကျွမ်းကျင်သဖြင့် ဘယ်ရောက်မှန်းမသိသော်လည်း သဘော် ဆိပ်တစ်ခုဆိုတာတော့ ခန့်မှန်းလို့ရသည်။

"လာ"

သူက သမီးကိုရော သူမကိုပါဆွဲခေါ်တော့ ခင်သတိုး တွန့် ဖြစ်ရပြန်သည်။ သူမက ဘာလဲ၊ ဘယ်ကိုလိုက်ရမှာလဲ။ အပျိုစင်တ ယောက်ပီပီ ခင်သတိုး ကြောက်ရွံ့တုန်လှုပ်မိ။ သူဟာ လူဆိုးတစ်ယော လည်းဖြစ်လို့နေသည်မဟုတ်လား။ သူ လူကြီးလူကောင်းမဟုတ်။

ဘောတံတားပေါ်မှာ လူတွေ ရှုပ်ယှက်ခတ်လျက်။ ခင်သ သူ့လက်ထဲမှ မိမိလက်ကို တုံ့ပြန်ဆွဲရုန်းမိသည်။

"ဝမ်းနည်းပါတယ် ဦးမြင့်ခေါင်၊ အခု ဘယ်ကိုသွားမှာလဲ။ တွေဖြစ်နေတယ်ဆိုတာလည်း ကျွန်မ မသိဘူး။ ဦးမြင့်ခေါင်တို့သာ သွားမယ့်လမ်းမှာ ကျွန်မ မလိုအပ်ဘူးထင်ပါတယ်။ ကျွန်မကို ထာ တော့။ ကျွန်မ ကိုယ့်အိမ်ပဲ ပြန်ပါရစေတော့ရှင်"

ခင်သတိုး၏စကားကြောင့် သူ တုန်လှုပ်ကြေကွဲသွားပုံက သိ သာသာ။ သူမသည် သူ့အတွက် တကယ်ပဲ အရေးပါသတဲ့လား။ ခ သတိုး တွေဝေနေမိသည်။

"မင်းမပါဘဲ ဘယ်ဖြစ်မလဲကွယ်၊ အခုလို ကိုကိုကြီးဘဝအတွ အလွန်အရေးကြီးနေတဲ့အချိန်မှာ မင်းအတူရှိနေပါလို့ ကိုကိုကြီးတော ပန်ပါရစေ"





"တကယ်ဆို ပုလဲနီကို ရှင်ခေါ်သွားရမှာ။ သူက ရှင့်အတွက် ဆို အသက်ပါပေးချင်တဲ့သူလေ"

ခင်သတိုးအပြောမှာ ဦးမြင့်ခေါင် တုန်လှုပ်ဖြူဖွေးသွားပြန်သည်။ သူ ခင်သတိုးလက်ကို လုံးဝမလွှတ်ခဲ့။

"ဒီစကားတွေ မပြောပါနဲ့ကွယ်၊ ကဲ! အချိန်မရှိတော့ဘူး ခင် သတိုး။ သမီးရဲ့အနားမှာ မင်းရှိနေမှဖြစ်မယ်။ သမီးအတွက် မင်းမရှိလို့ ဖြစ်ဘူး"

"ကောင်းပြီ၊ ရှင့်စကား ရှင်မှတ်ထားနော်။ ကျွန်မ သမီးအတွက် လိုက်မှာ။ ကျွန်မအတွက် လုံခြုံရေးကိုလည်း ရှင် အာမခံရမယ်"

ခင်သတိုးစကားအပေါ် သူက တုံ့ပြန်ချက်မပေးခင် နှစ်ယောက် လုံးကို မော်တော်တစ်ခုထဲသို့ ဆွဲခေါ်သွားခဲ့သည်။ မော်တော်ပေါ်သို့ သူမတို့ရောက်သည်နှင့် မော်တော်စထွက်လေသည်။ နှင်းမှုန်ကြားမှ လှမ်း မြင်ဖူးမျှော်ရသည့် ရွှေတိဂုံစေတီတော်ကြီးထံ ခင်သတိုး ဆုမွန်ကောင်း များ တောင်းနေမိစဉ်၊ သမီးကတော့ သူ့ဖေကြီးနှင့်တွေ့ရသဖြင့် လွန်စွာ ပျော်ရွှင်နေပုံရသည်။

တစ်ယောက် စိတ်ဆင်းရဲနေရပေမယ့် တစ်ယောက် ပျော်ရွှင် နေတယ်ဆိုရင် တော်သေးတာပေါ့ သမီးရယ်။

အန်တီ မင်းကိုချစ်ပါတယ်. . .

◙◙◙



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

ပင်လယ်ကမ်းခြေတစ်ခုရဲ့ မထင်မရှားရွာလေးတစ်ရွာ။ ဒါမ
ရနိုင်ရိုးမရဲ့ အစွန်အဖျားလား။ ဒါမှမဟုတ် ဧရာဝတီတိုင်းထဲမှာပဲလား

လူတွေနှင့် အတတ်နိုင်ဆုံး ကင်းရှင်းအောင် သူနေနေတာ အ
ကြောင့်များလဲ။ ငါးခြောက်စင်ကလေးများ။ ငါးဖမ်းလှေကလေးများဖြ
သဲသောင်ပြင်တွေ၊ တမျှော်တခေါ်ရှိနေသည့် ပင်လယ်ရွာကလေးက ဓ
ချိုကားချပ်တစ်ချပ်နှယ်။ သို့သော် ခင်သတိုး မပျော်ပါ။ သူမတို့သည်
အပျော်ခရီးထွက်လာခြင်းမဟုတ်။ ခင်သတိုးရင်ထဲမှာ မရှင်း။

သူ ဘာတွေလုပ်လာခဲ့တာလဲ။ သူ ဘာတွေဖြစ်လာခဲ့သ
ခင်သတိုးရင်ထဲမှာ နောက်ကျိုရှုပ်ထွေးနေခဲ့သည်။ သမီးကတော့ ပင်လ
လေ ဆားငံရနံ့ကို ရှူရှိုက်ရင်း၊ ဖခင်မေတ္တာကိုအပြည့်အဝခံယူရင်း အပျေ
ရွှင်ဆုံး ဖြစ်နေလေတော့သည်။

သဲသောင်ဒီရေအကျမှာ စွတ်စိုသော သောင်ပြင်တစ်လျှော
လမ်းလျှောက်ရင်း၊ ခရုကလေးတွေ ကောက်ရင်း သူတို့သားအဖ လ





လျှောက်ထွက်သွားကြသည်။ သမီးစိတ်ကလည်း မလွယ်။

ခင်သတိုးကိုချစ်သော်လည်း သူ့ဖခင်နှင့်အရောတဝင်နေတာ တွေ့လျှင် သူကလေး မပျော်ရွှင်နိုင်တော့။ ကလေးရင်ထဲမှ ပူပင်သောက ကို သူမတို့လူကြီးများ စာနာ နားလည်ရပေမည်။

ရွာအစွန်ရှိ ခြေတံရှည်အိမ်ကလေးမှ ခင်သတိုး မှန်းမျှော်ကြည့် လိုက်သည်။ သူတို့သားအဖ ပြန်မလာကြသေး။ ထမင်းဟင်းများ ချက် ပြုတ်ပြီးစီးပြီဖြစ်သဖြင့် အိမ်ရှေ့ခန်းရှိ ဝါးဆက်တီလေးများမှာ ထိုင်ရင်း တဲလားတံခါးလေးမှ ပင်လယ်ပြင်သို့ငေးကြည့်ရင်း ခင်သတိုး၏မျက်လုံး များ ဝေဝါးစွတ်စိုလာခဲ့ကြသည်။

သူမ မှားသွားပြီ။ သူမ ခြေလှမ်းမှားခဲ့ပြီ။ ကိုယ့်အဖြစ်ကို ပြန် သည်ဆန်းစစ်ကြည့်မိပြန်၏။ မေမေ့ဆီပြန်မရောက်ရတာလည်း လေးလ ဝင် ပြည့်တော့မည်။ တယ်လီဖုန်းအဆက်အသွယ်သာ ပြုလုပ်ခဲ့ရ၏။

ကြည့်စမ်း. . .ကျားရဲရာ ကြမ္မာ မရိုးသာတဲ့။ ခင်သတိုးဟာ ယောကျ်ားတစ်ဦးနဲ့အတူ တစ်ခရီးတည်းသွားနေမိခဲ့တယ်။ သမီးတော့ ပါတာပေါ့လေ။ သို့သော် သမီးသည် သူမအတွက် သံချပ်ကာဝတ်စုံတော့ မဟုတ်။ ဘာမှမရေရာသည့်အနာဂတ်အတွက် ခင်သတိုး ဒီထက်မက ငိုရှိုက်သင့်ပေသည်။

အပျိုစင်တစ်ယောက်အနေနှင့် သူမ အရဲကိုးလွန်းခဲ့သည်။ သတိ တွေ ချွတ်ယွင်းလွန်းခဲ့သည်။ လုံခြုံမှုမရှိသည့်အိမ်ကလေးထဲမှာ သူမ ဘယ်လောက်ကြာကြာအထိ ကံကြမ္မာနှင့် အလောင်းအစားပြုလုပ်ရမှာ လဲ။

သူဟာ မိန်းကလေးများကို ပန်းသီးလုံးများနှယ် တကျွတ်ကျွတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုက်ဝါးစားတတ်သူ။

ရွှေရောင်မီးလုံးများနှင့် ရွှေရောင်တလက်လက် ဝင်းပနေသည့် အချစ်ယစ်ဖိပလ္လင်များကို ဖန်ဆင်းတတ်သူ။

အလို! ဒါနှင့်များတောင်မှ သူမ သူ့ကိုတကယ်မုန်းနိုင်ခဲ့လို့လား။

ခနော်နီခနော်နဲ့ ဝါးစားပွဲလေးပေါ်မှာ မျက်နှာအပ်ရင်း၊ ဝါးကြမ်းခင်းလေးပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ချရင်း ခင်သတိုး အားပါးတရ ငိုကြွေးပစ်လိုက်မိသည်။ မေမေရယ်. . . သမီးကိုကယ်ပါဦး။ သမီးကို ဆုံးမဩဝါဒတွေ ပေးပါဦး။ နှံ့ထဲမှာ နစ်တော့မယ့်ပန်းတစ်ပွင့်ကို မေမေ့မေတ္တာနဲ့ လန်းဆန်းတင့်တယ်စေပါဦးနော်။

ရင်ထဲမှသောကများကို မျက်ရည်အဖြစ် ဖွင့်လှစ်ဖောက်ထုတ်ခွင့်ရသဖြင့် သူမ အနည်းငယ်သက်သာရာရလေမလား။ အချိန်ကာလ၊ နေရာ၊ အားလုံးကိုရော လောကကြီးကိုရော ခင်သတိုး တခဏမေ့လျော့သွားခဲ့သည်။

"ခင်သတိုး"

နားထဲမှာခေါ်သံတစ်ခုနှင့်အတူ သူမ ခွေ့ခနဲမြောက်ပါသွားရသဖြင့် ခင်သတိုး လန့်ဖျန့်သွားခဲ့သည်။

သူ. . .

"မငိုပါနဲ့ အချစ်ရယ်၊ ကိုယ့်ကြောင့် မင်းအရမ်းစိတ်ညစ်နေပြီလားဟင်။ ကိုယ်တို့သားအဖကို ပစ်မသွားလိုက်ပါနဲ့ဦးနော်"

သူ့နှုတ်မှ ပွင့်လင်းသည့် ဝေါဟာရတစ်ခုအတွက် ခင်သတိုး လိပ်ပြာလွင့်မတတ် ခံစားလိုက်ရသည်။ သူဟာ မိန်းကလေးများကို ချစ်တတ်သူမဟုတ်။ သူ့သမီး၊ သူ့ဘဝ၊ သူ့မိသားစုကိုသာ ချစ်တတ်သူ





ဒါဟာ ဖြားယောင်းမှုတစ်ခုပါပဲ။

တင်းကျပ်စွာ ပွေ့ဖက်ထားသည့်သူ့လက်များမှ ခင်သတိုး အားတင်းရုန်းထွက်သည်။

"သမီးရော"

"သမီး အဖော်ကလေးတွေနဲ့ ကစားကျန်ခဲ့တယ်။ ဒီအနားက နစ်အိမ်ကျော်လေးတင်မှာပါ"

သူက သူမကိုပြန်လည်ယုယ ပွေ့ချီဖို့ ကြိုးစား၏။ သူ့လက်များကိုတွန်းဖယ်ရင်း ခင်သတိုး ကိုယ့်မျက်ရည်များကို ပြောင်စင်နေအောင် အရင်သုတ်သည်။ ပင်လယ်လေကြောင့် ဖြူဝင်းနုဖတ်နေသည့် သူမ၏ မျက်နှာသည် ပန်းသွေးရင့်ရောင် ပြောင်းတော့သည်။

"ပြောပါဦး အချစ်ရယ်၊ တစ်ယောက်တည်းထားခဲ့လို့ ငိုသလားကွယ်။ ကိုယ် ထမင်းဟင်းကျချက်တော့လည်း မင်းက လက်မခံဘူးလေ။ တိုကိုကြီး ဘာလုပ်ရမှာလဲ။ သမီးကလည်း. . ."

သူ့စကားများကို လက်ကာ ဟန့်တားပြီး ခင်သတိုး တည်ကြည်စွာ သူ့ကိုရင်ဆိုင်လိုက်သည်။ ရဲရဲရင့်ရင့်။

"တဆိတ်. . . ဦးမြင့်ခေါင်ရဲ့စကားတွေ ပြန်လည်ပြင်ဆင်ပါဦး။ ကျွန်မဟာ ဦးမြင့်ခေါင်တို့သားအဖရဲ့ လခစားပါ။ လခစားပေါ့နော်. . . ဒီလိုပဲ ပြောရမှာပေါ့။ ကျေးဇူးပြုပြီး စည်းကလေးတစ်ခုတော့ ခြားပေးပါ။ ကျွန်မကိုဆက်ဆံရင် အလုပ်သဘောအရပဲ ဆက်ဆံပါ။ ဟိုးအရင်က ရှင်တွေ့ဖူးခဲ့တဲ့မိန်းကလေးတွေနဲ့ ရောထွေးမပစ်ပါနဲ့။ ကျွန်မဟာ ရှင့်ရဲ့ ငွေဝယ်ကျွန်တစ်ယောက်မဟုတ်သလို အပျော်ရည်းစားတစ်ယောက်လည်း မဟုတ်တာ ရှင်သတိထားလိုက်ပါဦးနော်။ ကျွန်မ ရှင့်ကိုလေးစားပါရစေ"

www.burmeseclassic.com



ခင်သတိုး၏ ပြတ်သားသောစကားများကြောင့် ဦးမြင့်ခေါင် ထိတ်လန့်နာကျင်သွားပုံက မဖုံးသာ မဖိသာ။ သို့သော် သူ ချက်ချင်းပင် ပြင်ဆင်ဖုံးဖိဖို့ ကြိုးစားလိုက်သည်။

"အပြောကတော့ ရက်စက်လိုက်တာ။ မင်းမှာ ဒီလိုသဘောထားတွေရှိတာ ကိုကိုကြီး တကယ်အံ့ဩတယ်။ ဒါ မင်းစိတ်ဆိုးလို့ စိတ်ကောက်လို့ တမင်ပြောနေတာမဟုတ်လား။ မင်းမှာ အနစ်နာခံတတ်တဲ့စိတ်ဓာတ်မျိုးရှိတာ ကိုယ်သိပါတယ်။ ခုလိုသိပ်ပြီးအရေးကြီးနေတဲ့အချိန်အခါမျိုးမှာ ကိုကိုကြီးတို့ ကျောချင်းကပ်ပြီး ဘဝကိုကြံ့ကြံ့ရင်ဆိုင်ရမှာပါ"

"ရှင်ပြောနေတာတွေ ကျွန်မ တစ်လုံးမှနားမလည်ဘူး။ ဘာဖြစ်လို့ ကျွန်မကို ဒီလိုအပိုင်တွက်ရတာလဲ။ ဦးမြင့်ခေါင် မှားနေပြီ။ ကျွန်မဟာ ရှင့်တို့လခစားလေ၊ မပြီးဆုံးသေးတဲ့စာချုပ်အတွက် ကျွန်မရဲ့တာဝန်ဝတ္တရားတွေကို လိုက်လံထမ်းဆောင်နေတာပါ။ ရှင် ဆုချချင်ရင် ဝန်ထမ်းကောင်းအဖြစ်သာ ဆုချပေတော့"

"မင်း ဘာတွေပဲ တမင်ပြောပြော... ကိုကိုကြီး မင်းကိုချစ်တယ်။ ကျေးဇူးတင်တယ်။ ရဲဘော်ရဲဘက်တစ်ဦးအနေနဲ့ အားကိုးတယ်"

သူက ပြောပြောဆိုဆိုဖြင့် ခင်သတိုးကို လှမ်းယူဆွဲပွေ့ပြီး နမ်းရှိုက်ဖို့ ကြိုးစားနေတော့သည်။

"ရှင် လွှတ်နော်၊ ကျွန်မ ဒီလောက်ပြောပြနေတဲ့ကြားထဲက ရှင် မယုံနိုင်တာ မတတ်နိုင်ဘူး။ ပြီးတော့ ရှင့်လိုလူစားရဲ့အချစ်ဆိုတာကိုလည်း ကျွန်မလက်မခံနိုင်ဘူး။ မယုံကြည်ဘူး။ ရှင့်မှာ ကိုယ့်အတွက်ကို ဗဟိုပြုတဲ့ စိတ်ခံစားမှုတွေပဲရှိတယ်"





သူမ၏စကားများကြောင့် သူအံ့အားသင့်နေဆဲ၊ ခင်သတိုး လှေကားဆီသို့ ခပ်သွက်သွက်ပြေးသွားလိုက်သည်။

"ခင်သတိုး"

သူ့အသံက နာနာကျင်ကျင်။

"မခေါ်နဲ့... ရှင် ဒီလိုသာ စော်ကားနေမယ်ဆိုရင် ကျွန်မ ပင်လယ်ထဲကို ပြေးဆင်းသွားလိုက်မယ်။ ဟုတ်တယ်... ကျွန်မဘဝက ဘာတွေများ ထူးခြားတောက်ပြောင်လာဦးမှာလဲ။ ကျွန်မ သေတာပဲကောင်းတယ်"

"မင်းကို ကိုကိုကြီး တကယ်ချစ်တာပါ။ ကိုယ့်ကို နားလည်မှုတွေ မလွဲပါနဲ့။ မင်းကိုစော်ကားဖို့ ကိုယ် တစ်ခါမှမတွေးခဲ့ဖူးပါဘူး"

"မယုံဘူး... ရှင်ဟာ အသားစားကျူးတဲ့ခြင်္သေ့ပဲ။ ရှင့်လိုလူမျိုးရဲ့ တဖျတ်ဖျတ်ပွင့်တဲ့အချစ်ဆိုတာကိုလည်း ကျွန်မ မယုံကြည်ဘူး။ ကဲ! ဒါဆို ရှင် ကျွန်မကိုတကယ်လက်ထပ်မှာလား၊ လက်ထပ်ဖို့အထိ ချစ်တာလား... ပြော"

တံခါးပေါက်ဝမှနေပြီး ခင်သတိုး တမင်အော်မေးပစ်လိုက်သည်။ သူ အရှိုက်ထိသွားပုံရ၏။ သူက မုသားစကားကိုတော့ ချိုအီမြိန်ရှက်စွာ ပြောတတ်သူမဟုတ်။

"ဘယ်နှယ့်လဲ... ရှင်ထိသွားပြီမဟုတ်လား။ ကျွန်မ တမင်မေးပစ်လိုက်တာပါ။ ဒီမေးခွန်းကို ရှင်မဖြေပါနဲ့။ ကျွန်မကလည်း ရှင်တို့သားအဖရဲ့ကျဉ်းမြောင်းတဲ့စည်းဝိုင်းထဲကို မဝင်ချင်ပါဘူး။ ရဲဘော်ရဲဘက်တွေ ဘာတွေ လာပြောမနေနဲ့။ ကျွန်မမှာ ဝင်ငွေရှိသမျှတော့ သည်စင်းပေးဆပ်နေရမှာပဲ။ ကဲ... စိတ်ချမ်းချမ်းသာသာ နေပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ခင်သတိုး မတ်တပ်ဝါးလှေကားလေးမှ အပြေးဆင်းလာခဲ့သည်။ သူ ဘယ်လိုဖြစ်ကျန်ခဲ့လေမလဲ။ သူခံစားနေရလေမလား။ သူမရင်ထဲ နှင့်နေအောင် ပူပင်ခံစားရပါသည်။ သို့သော် ရင်ထဲမှာပဲ သိမ်းထားလိုက် ပါမည်။

◙

ညနေစာထမင်းဝိုင်းလေးက တိတ်တိတ်ဆိတ်ဆိတ်။ သမီးက စကားမပြောတတ်လို့ မပြောသော်လည်း ဦးမြင့်ခေါင်လည်း စကားမပြော ချေ။

သူမတို့ ပင်လယ်ရွာကိုရောက်တာ သုံးရက်ရှိပြီပေါ့။ ဒီအိမ်လေး မှာ သုံးယောက်သားနေနေရပေမယ့် မိသားစုပုံစံမျိုး စည်းလုံးချစ်ခင် မသွားမိစေဖို့ ခင်သတိုး သတိထား၍နေသည်။ တစ်တီတူးငှက်ကလေး လို အကြောက်လွန်သည်ပဲပြောပြော၊ အပျိုဇီဇာအရ မိုးပြိုမှာကို သူမ သေမတတ်ကြောက်ပါသည်။

ရင်ထဲမှာဝေဒနာတွေ ရေစီးကမ်းပြိုလိုက်မိပေမယ့် ခင်သတိုး လုံအောင်ဖုံးဖိသိုဝှက်ထားခဲ့သည်။ သူမက တကယ့်အလုပ်သမားတစ်ယောက် နှယ်။ သူတို့သားအဖအနီးမှာ လိုအပ်တာ လုပ်ကိုင်ပေးနေခဲ့၏။ အင်္ဂလိပ် ခေတ်က စားပွဲထိုးဘွိုင်ကုလားများလိုပေါ့။ ဒီအနေအထားကို သူမ ရွေး ထားလိုက်သည်။ ကိုကိုကြီးထံမှ မသက်မသာသက်ပြင်းချသံများကို နား အဖြစ် သူမရရှိသည်ပေါ့။

"သမီး... ဒီပုစွန်ထုပ်မီးဖုတ် စားဦးလေ၊ ဒါ ရန်ကုန်မှာ ဘယ်စားရမလဲ။ သံပရာရည် ညှစ်ပေးမယ်နော်"





ကလေးကိုပြုစုရင်း သူ့ကိုလည်း သူမ မသိမသာလုပ်ကိုင်ပေး သွား၏။ ခရီးသွားဟန်လွှဲပုံစံမျိုးနှင့်သာ။

"မင်းပါ တစ်ခါတည်းဝင်စားလိုက်ပါလား။ တော်ကြာ မိုးချုပ် တော့မယ်။ သိမ်းရဆေးရမှာနဲ့ ကူမယ့်သူလည်းရှိတာမဟုတ်ဘူး"

"ရပါတယ်၊ ကျွန်မ လုပ်နိုင်ပါတယ်"

"ပြောလိုက်ရင် ဒါပဲ၊ မင်းဟာ ခင်သတိုးမှဟုတ်ရဲ့လား"

"ဘာလဲ... ရှင်က ပင်လယ်သရဲမ မှတ်လို့လား"

ခင်သတိုးနှင့်စကားပြောရတာ အဆင်မပြေသဖြင့် ကိုကိုကြီး စိတ်မချမ်းမသာဖြစ်ရသည်။ သူမ မတတ်နိုင်။ သူမ သူ့ကို သေမတတ် ကြောက်နေမိတာလည်း အမှန်။

ကြည့်စမ်း! သူဟာ နတ်နေကိုင်းပင် ထားတတ်သူမဟုတ်၊ အား လုံးသိမ်းကြုံးပြီး ရိုက်သိမ်းခုတ်လှဲတတ်သူဖြစ်သည်။

သူမတို့ စကားပြော အဆင်မပြေဖြစ်နေသော်လည်း သမီးက တော့ နှစ်ထောင်းအားရ ပျော်ရွှင်နေခဲ့သည်။ သူ့မှာ ကလေးပီပီ အပူ အပင်မရှိ။ တံငါရွာမှ ကလေးများနှင့်အတူ ပြေးလွှားဆော့ကစားခွင့်ရသည့် အပြင် ဖခင်ကိုလည်း အချိန်ပြည့်ပိုင်ဆိုင်နေရလို့ဖြစ်မည်။

"တော်ပြီလား၊ ထမင်းနည်းနည်းထပ်ယူပါဦး"

"တော်ပြီ"

ထမင်းနည်းနည်းပဲစားပြီး ကိုကိုကြီး ထသွားသောအခါ ခင် သတိုး စိတ်မကောင်းဖြစ်ရသည်။ သူက အိမ်ပေါ်မှာပင်မနေဘဲ အိမ်ရှေ့ သဲသောင်ပြင်ကြီးအထိ ဆင်းသွားခဲ့လေသည်။

"ဟော... သမီး၊ အန်တီ့ကိုစောင့်ဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



ကလေးကလည်း မြိန်ရှက်စွာ စားနေသည့်ထမင်းပန်းကန်ကို တန်းလန်းထားပစ်ခဲ့ပြီး သူ့ဖခင်နောက်သို့ ပြေးဆင်းလိုက်သွားခဲ့ပြန်သည်။ ခင်သတိုး သက်ပြင်းချရပါ၏။ ဒီသားအဖသည် နှလုံးသားတစ်ဆက်တည်း ဖြစ်သည်။ ဘော်တော်ကိုင်တွယ်ရကျုပ်ပါဘီ။

သူမတစ်ယောက်တည်း ထမင်းစားပြီးနောက် ခင်သတိုး မီး ထဲမှာ အိုးများ ခွက်များ ဆေးကြောသိမ်းဆည်းရပါ၏။ သူမ ကျွမ်းကျင် သောအလုပ်များပေမို့ များမကြာမီ ပြီးဆုံးသွားခဲ့သည်။

အမှောင်ထု ရစ်သန်းလာသည့်အိမ်ကလေးထဲမှာ ဖယောင်းတိုင် မီးများ ထွန်းညှိပြီးနောက် အိမ်ရှေ့ညှော်ခန်း ဝါးဆက်တီလေးများမှ ဝင် လယ်ပြင်ရှုခင်းသို့ ခင်သတိုး မှန်းမျှော်ကြည့်နေခဲ့သည်။

ငါးရှာထွက်ရာမှ ပြန်လာကြသည့် တံငါလှေကလေးများနှ သောင်စပ်မှ သက်ဆိုင်ရာ ဖနီးမယား သမီးသားတို့၏ ကြိုဆိုသံများ အိမ်ကလေးပေါ်မှ ကြားနေရသည်။ ကောင်းကင်မှ လခြမ်းကလေး အလင်းနှင့် လူသားတို့၏ချစ်ခြင်းမေတ္တာတို့ကြောင့် ပင်လယ်ရွာကလေ သည် ပိုပြီးလင်းလက်အသက်ဝင်နေသလို သူမ ခံစားနေရသည်။

ဒါဟာ အပျော်ခရီးတစ်ခုဆိုလျှင် ဒီရှုခင်းတွေနှင့် ဒီလူသားတ မှုတွေသည် ခင်သတိုးရင်ကို ပျော်ရွှင်မှုတွေ ပေးနိုင်ပါလိမ့်မည်။ ယ တော့ ဘာမှန်းမသိရသည့် အခြေအနေတွေကြားထဲမှာ မိမိဘဝအတွ လည်း စိုးရိမ်ပူပန်နေရသဖြင့် ခင်သတိုး မပျော်ရွှင်နိုင်။ ခက်တာပဲ။

အိမ်ကလေးပတ်လည် ရှေ့နောက်ဝဲယာတွေမှာ အုန်းပင်ကလ များရှိသဖြင့် လရောင်လင်းဖြာနေပုံက အုန်းလက်တွေပေါ်မှာ ငွေရေ ဆမ်းထားသည့်နှယ်။ ညှင့်ကက်ကလေးများ၏အသံကိုနားထောင်ရင်း ကို





ကြီးတို့သားအဖကို သူမ မျှော်ကြည့်နေမိသည်။ သူတို့သားအဖနှင့် သူမ ဆက်ဆံရေးကို တမင်ဖြတ်တောက် စိမ်းကားမိတာ သူမ မှန်ကန်ပါ ရဲ့လား။

အိုလေ. . . ဒီလိုမှမလုပ်ရင်လည်း အခြေအနေက မလွယ်ဘူး။ ခင်သတိုး ပင်လယ်ပြာကြီး၏ လရောင်လက်သည့် လှိုင်းဂယက်များကို သိမှတ်မဲ့စွာ ငေးကြည့်နေစဉ်မှာပင် ကိုကိုကြီးတို့သားအဖ အိမ်ပေါ်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

'တီဗွီတော့ ဖွင့်ကြည့်မနေဘူး''

ကိုကိုကြီးက တစ်ယောက်တည်းရေရွတ်ရင်း သမီးကို ပေါင် ပေါ်သို့ပွေ့တင်ထား၏။ တစ်နေကုန်ဆော့ထားသဖြင့် သမီးက အိပ်ချင် နေပုံရသည်။

"လာလေ. . . တီဗွီလာကြည့်ပါလား"

"ဟင့်အင်း. . . ရတယ်၊ ကျွန်မ အိပ်တော့မယ်"

သမီးရှေ့မှာမို့ ကိုကိုကြီးက ဘာစကားမျှ ထပ်မပြောတော့ဘဲ သားအဖနှစ်ယောက် တီဗွီရှေ့မှာ ထိုင်ကြသည်။ ခင်သတိုး အိပ်ခန်းတွင်း သို့ ဝင်လာခဲ့ပါ၏။ သစ်လုံးတိုင်လေးများနှင့် ဆောက်ထားသည့် လေး င်အိမ်မြင့်လေးမှာ မီးဖိုခန်းနှင့် ညှော်ခန်းပါ တွဲဖက်တည်ဆောက်ထား သဖြင့် အိပ်ခန်းက တစ်ခန်းပဲ ပါရှိပါသည်။ အခြေအနေအရ ထိုအိပ်ခန်း ကို ခင်သတိုးနှင့် ရွှေစင်မြင့်ခေါင်တို့ သိမ်းပိုက်ထားရပါသည်။ သူကတော့ အိပ်ခန်း၏အပြင်ဘက် ဘုရားစင်ရှေ့မှာ တီဗွီထားရာအခန်းမှာ အိပ်ရ သည်။

တောအိမ်ကလေးများပီပီ အပွင့်းခန်းမှာ ပြုတင်းပေါက် မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ အခန်းတံခါးတွေဘာတွေလည်း မရှိပါ။ တကယ်ကျတော့လည်း သူမ၏လုံခြုံရေးသည် ကိုကိုကြီး၏သစ္စာတရားအပေါ်တွင် မူတည်သည့်သာဖြစ်သည်။ တစ်ခုတော့ရှိသည်ပေါ့။ ကိုကိုကြီးကို ဖြားယောင်းသည့် အပြုအမူမျိုး ခင်သတိုး မလုပ်မိစေရန်ဖြစ်သည်။

သူမ လုံလုံခြုံခြုံ ပိပိပြားပြား အတာတ်နိုင်ဆုံးနေရမည်။ မအိပ်ချင်သော်လည်း အတွင်းခန်းထဲမှာ ငြိမ်သက်စွာ လဲလျောင်းရင်း ခင်သတိုး၏စိတ်များ လွင့်ပါးနေမိသည်။

ရန်ကုန်မှာတုန်းက သူမတို့ကို ဘယ်သူတွေက ဖမ်းခေါ်သွားတာလဲ။ ကိုကိုကြီးက ဘယ်လိုလုပ်ပြီး အဲဒီလူတွေလက်မှ ကယ်တင်ခေါ်ထုတ်နိုင်ခဲ့တာလဲ။

ကိုကိုကြီးကရော ဘာပြစ်မှုတွေရှိလို့ ယခုလို လူသွားလူလာကျဲပါးသည့် ပင်လယ်ရွာလေးမှာလာပြီး ခိုအောင်းနေရတာလဲ။ သူ့လုပ်ငန်းတွေကိုတော့ ကိုယ်စားလှယ်တွေ မန်နေဂျာတွေနှင့် လွှဲထားလေသလား။

သည်စဉ် အိမ်ရှေ့ခန်းမှ ကိုကိုကြီး၏ခေါ်သံ ကြားလိုက်ရသည်။

"ခင်သတိုး. . . သမီးအိပ်နေပြီ၊ ကိုယ်လာပို့ရမလား"

သူ့စကားကြောင့် သူမ ကမန်းကတန်း ထထိုင်ရသည်။

"ဟင့်အင်း. . . ရှင်ဝင်မလာနဲ့၊ ကျွန်မ လာခေါ်မယ်"

ထူထူထဲထဲဝတ်စုံများကို သပ်ရပ်အောင်ပြုပြင်ပြီး ခင်သတိုး အခန်းပြင်သို့ထွက်ခဲ့သည်။ သမီးက သူ့ဖခင်အပေါ်မှာ အိပ်ပျော်နေပါလေ၏။

"သမီးကိုယ်လေးက အနှင့်သား၊ ကိုကိုကြီး သွားပို့လိုက်ပါ့မယ်"





"နေပါစေ၊ ကျွန်မ နိုင်ပါတယ်. . . ပေး"

သူမ၏စိုးရိမ်တကြီးအသံနှင့် ဟန်ကြောင့် ကိုကိုကြီး မချင့်မရဲ ...နေရသည်။

"နေစမ်းပါဦး. . . ကိုယ်က စေတနာနဲ့ ဦးဆောင်လုပ်ကိုင်နေတဲ့ ...ရာမှာ မင်းက ဒီလောက်စိမ်းကား ပြတ်တောက်ပြနေတော့ ကိုယ် ...မလည်နိုင်တော့ဘူး။ မင်းဟာ ဘယ်လိုမိန်းကလေးလဲ"

သူ့စကားကို ဘာမှမတုံ့ပြန်ဘဲ ခင်သတိုး ကလေးကိုသာ ဆွဲ...ပွေ့ချီလိုက်သည်။ သူ့ဘာသာ ပြောချင်တာပြောပါစေ။ သူမ သည်းခံ...က်မည်။

"နေဦး. . . ပြီးရင် မင်းအပြင်ပြန်ထွက်ခဲ့ဦး၊ မင်းနဲ့စာရင်းရှင်း...ာတွေ ရှိသေးတယ်"

သူ့လေသံကြောင့် ခင်သတိုး ထိတ်လန့်တုန်လှုပ်သွားရသည်။ ...ာများမှားသလဲ။ သူမ စဉ်းစားထူပူနေမိသည်။ အတွင်းခန်းနှင့်အပြင်...က ပါးထရံတစ်ချပ်သာ ခြားသဖြင့် မမြင်ရသည်မှလွဲပြီး စကားလုံး... ပီပီသသကြားရသည်။ သို့သော် ခင်သတိုး ငြိမ်သက်နေမိသည်။ ...းကို အိပ်ရာပေါ်တွင် ညင်သာစွာချပြီး ခြင်ထောင်ချခြင်း၊ စောင်ခြုံ...ခြင်းများကို ခင်သတိုး အချိန်ဆွဲလုပ်နေလိုက်သည်။

"ဟေ့! အပြင်ထွက်ခဲ့လို့ ပြောနေတယ်နော်၊ မင်း ကိုယ့်ကို ...ထိမဲ့မြင်လုပ်နေတာ များလှပြီ။ ကိုယ်သည်းမခံနိုင်တော့ဘူး"

အလို! နေရင်းထိုင်ရင်း ပြဿနာပေါ်နေရပါလား။ သမီးဘေးနား... ငုတ်တုတ်ကလေးထိုင်ပြီး ခင်သတိုး ချွေးပြန်နေမိသည်။ ခေါင်း...ညင်းက သူမရင်ကို မအေးမြစေနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် အပြစ်မရှိအပြစ်ရှာပြီး ကျွန်မကို ပြဿနာမရှာနဲ့နော်
ကျွန်မ ရှင့်တရားခံမဟုတ်ဘူး။ ဘာမှရှင်းစရာအကြောင်းလည်း မရှိဘူး"

"အထဲကနေ အော်မနေပါနဲ့၊ သမီးနိုးသွားလိမ့်မယ်။ ကျေး
ပြုပြီး အပြင်ခဏလောက် ထွက်ခဲ့ပါ မခင်သတိုး"

"မထွက်နိုင်ဘူး. . . ပြောစရာရှိရင် မနက်ကျမှပြော။ ကျွ
အရမ်းအိပ်ချင်နေပြီ"

"မနက်ကျတော့လည်း သမီးရှေ့မှာ စကားများများပြော
ဘယ်ရမလဲ။ သမီးအကြောင်းလည်း မင်းသိသားနဲ့"

"ဒါတော့ ကျွန်မ မတတ်နိုင်ဘူးလေ။ ရှင့်သဘောပဲ"

အိမ်ကလေးထဲမှ စကားသံများ ခေတ္တငြိမ်သက်သွားကြပြန်
ထရံတစ်ချပ်သာ ခြားထားသည်မို့ အပြင်မှ ကိုကိုကြီး၏အသက်ရှူ
ပြင်းပြင်းများကို ခင်သတိုး ကြားနေရသည်။ သူမ အလွန်ထိတ်လန့်
၏။ ငါ့အဖြစ်က ကောသရာဇာခြင်္သေ့ကြီးကို တုတ်နှင့်ထိုးဆွမိတဲ့ က
တစ်ယောက်လို ဖြစ်နေပြီလား။ နေရာမှာတင် ငုတ်တုပ်ကလေးထိုင်
အသက်ပင်မရှူမိအောင် ခင်သတိုး ငြိမ်သက်နေမိသည်။

"ခင်သတိုး"

နာကျင်အက်ကွဲနေသည့် ကိုကိုကြီး၏အသံကြောင့် သူမ
တစ်ပြင်လုံး ဆတ်ခနဲနာကျင်သွားမိ၏။ သို့သော် ခင်သတိုး ခေါင်
ခပ်ကြွမ်းကြွမ်း ခါရမ်းလိုက်သည်။ ဒါ. . . မာယာတွေပဲ။ ငါ ဘယ်
မှ မကျဆုံးစေရ။

"မင်းဟာ ကိုယ့်မာနတွေကို အကြိမ်ကြိမ်ထိပါး ထိုးဆွခဲ့တ
ဘုရားရေ! ဘယ်အလုံးတွေကိုများ သူက နာကျင်နေရပါ





င်သတိုး ဘုရားတနေမိခဲ့သည်။

"ကိုယ့်လိုလူမျိုးရဲ့ တဖျပ်ဖျပ်ပွင့်တဲ့အချစ်ကို လုံးဝမယုံကြည်
နိုင်ဘူးဆိုတာတော့ ကိုယ်အရမ်းဝမ်းနည်းပါတယ်။ ကိုယ့်ဘဝခရီးလမ်း
တွေ ကြမ်းတမ်းကွေ့ကောက်နေတုန်းမို့ မင်းကို ခုချက်ချင်း လက်မထပ်
နိုင်ပေမယ့် တစ်နေ့နေ့မှာတော့ မင်းကို ကိုယ်လက်ထပ်မယ်"

"သမီးကရော"

ခင်သတိုး လွှတ်ခနဲ လန့်မေးမိသည်။ ဟုတ်တယ်. . . သမီး
ာ သူ့ဖခင်ကို မည်သူနှင့်မျှ ကြည်ဖြူစေးအပ်ချင်သည်မဟုတ်။ ဒါလည်း
သဘာဝကျတာပါပဲ။ ကလေးအတွေးဖြင့် သူ့အသိုက်အမြုံလေး မပြိုကွဲ
သွားရလေအောင် သူကလေး အစွမ်းကုန် ကာကွယ်ပေလိမ့်မည်။

အပြင်ဘက်မှ ကိုကိုကြီး၏အသံ အတန်ကြာပျောက်ကွယ်သွား
ခဲ့သည်။ ခင်သတိုး သက်ပြင်းချပြီး သမီးဘေးမှာ လဲလျောင်းလိုက်သည်။
ိလောက်ဆို သူမ သဘောပေါက်ပါသည်။

▣▣▣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

မနက်စာချက်ပြုတ်ပြီးနောက် ခင်သတိုး အားလပ်သွားပေပြ
အိမ်ကလေးပေါ်မှ မြင်နေရသည့် ပင်လယ်ပြာကြီးကို သူမစိတ်ကြိုက်
ငေးမောခွင့်ရသွားပြီလည်းဖြစ်သည်။ ပင်လယ်ကြီးနှင့်အတူ ငါးဖမ်းလေ
ကလေးများကိုပါ သိမှတ်မှဲ့စွာ ငေးမောရင်း လက်ရှိဘဝကို သူမ နှစ်သ
နေမိပြန်သည်။

ပုထုဇဉ်စိတ်ဆိုတာ ခက်တာပဲ။ ကြည့်စမ်း! အင်္ဂလိပ်ခေတ်
သုံ့ပန်းတစ်ဦးလို ဖမ်းဆီးချုပ်နှောင်ခံထားရသည့်အခြေအနေမျိုးမှာတော
သူမ အနည်းငယ်ပျော်ရွှင်နေမိသတဲ့လား။

ဟုတ်သည်။ မညာမတာဝေဖန်ကြည့်ရလျှင် ခင်သတိုး ယ
နေနေရသည့်ဘဝကို ကြည်နူးနှစ်သက်မိသယောင်။ ကိုကိုကြီးတို့သာ
အဖနှင့် နေ့တစ်ရွာ နီးကပ်စွာပြုစုလုပ်ကျွေးခွင့်ရနေသည်ကိုလည်း သူ
ကျေနပ်သည်။ သူ့ကို ကလန်ကဆန်လုပ်နေမိတာကတော့ တစ်မျိုးပေ
လတ်ဆတ်သည့် ပင်လယ်လေကိုရှူရင်း လှပသည့်ပင်လယ်





ရွာလေးမှာ အရာအားလုံးကိုမေ့လျော့ပြီး ခင်သတိုး နေလိုသွားပါဘီ။ ဒါဟာပဲ မိုက်မဲရူးသွပ်ခြင်းတစ်မျိုးလား။ အို. . . ကျွန်မ သူ့ကိုချစ်မိသွားပြီလား။

တုန်လှုပ်ယိမ်းယိုင်စွာဖြင့်ပင် အိမ်ရှေ့စားပွဲလေးပေါ်မှ သတင်းစာအဟောင်းများကို ခင်သတိုး ဆွဲယူကြည့်ရှုမိသည်။ ကိုကိုကြီးတို့သားအဖကတော့ ရွာထဲသို့ ခေတ္တလမ်းလျှောက်ထွက်သွားနေကြသည်။ ခင်သတိုးမှာ ရွှေစင်မြင့်ခေါင်ကို လောလောဆယ် စာသင်ပေးစရာ မလိုတော့ပေ။ ကလေးက အတွေ့အကြုံသစ်မှာ ပျော်ရွှင်ကြည်နူးရင်း ရွာထဲမှကလေးများနှင့် ရောထွေးဆော့ကစားနေသည်သာ များသည်။ ဒါလည်းကောင်းသောအလားအလာပင်ဖြစ်သည်။

"ဟင်! "

လွန်ခဲ့သည့်သုံးရက်က သတင်းစာမှာ လူပျောက်ကြော်ငြာတွေ့ရသဖြင့် ခင်သတိုး လန့်သွားသည်။ ပုလဲနီ. . . လင်းလင်းပြောခဲ့သလိုယောကျ်ားနောက် လိုက်သွားတာမဟုတ်ဘူးလား။ ကိုကိုကြီးနဲ့အတူရှိနေခဲ့တာမဟုတ်ဘူးလား။ အခု ပုလဲနီ ဘယ်ရောက်သွားသလဲ။

ရင်ထဲမှာ ကိုကိုကြီးရယ်လို့ခေါ်နေမိပေမယ့် ခင်သတိုး သူ့ကိုလုံးဝယုံကြည်မှုမရှိခဲ့။ ပုလဲနီကိစ္စအတွက် သူ့ကိုဖွင့်ဟမေးပစ်ဖို့ သူမဆုံးဖြတ်ချက်ချမိသည်။ ဒီလောက်တော့ မေးရမှာပဲ။ မေးခွင့်ရှိသည်ဟုလည်း ခင်သတိုး ထင်သည်။ သူမဟာ ဘုမသိဘမသိနှင့် သူ့ဘဝရဲ့တစ်စိတ်တစ်ဒေသထဲမှာ ပါဝင်နေရသူလည်းဖြစ်သည်။

မကြာမီ သူတစ်ယောက်တည်း အိမ်သို့ပြန်လာခဲ့သည်။ သူ့ကိုကြည့်ရသည်မှာ စိတ်ပင်ပန်း ညှိုးငယ်နေသယောင်။ ဤသို့ဆိုပြန်တော့

www.burmeseclassic.com

www.burmeseclassic.com



လည်း ခင်သတိုး သူ့ကိုသနားမိပြန်သည်။

"ကလေးရော"

"သမီး...သူ့သူငယ်ချင်းတွေနဲ့ ကစားကျန်ခဲ့တယ်"

"ဘာဖြစ်လို့ ပြီးစလွယ်ထားခဲ့ရတာလဲ၊ ရန်ကုန်တုန်းကလိုမျိုး ကျွန်မတို့ကို ကားနဲ့ဖမ်းသွားမယ့်သူတွေဘာတွေရှိနေရင် ဘယ့်နှယ်လုပ်ပါ့မလဲ"

ခင်သတိုး၏ ခပ်ဆတ်ဆတ်စကားကြောင့် ကိုကိုကြီး တွန့်ခနဲ ဖြစ်သွား၏။

"မင်းက ဘယ်လိုထင်လို့လဲ၊ ဒီရွာမှာတော့ အန္တရာယ်မရှိဘူးလို့ ကိုယ်ထင်တာပဲ။ နေစမ်းပါဦး ခင်သတိုးရယ်၊ မင်းဟာ ကိုကိုကြီးကို တမင် မသေသေအောင် ညှင်းပန်းနှိပ်စက်မယ်လို့များ ကြံစည်စိတ်ကူးထားလေရော့သလား"

ဆွေးဆွေးမြည့်မြည့် သူ့စကားကြောင့် ခင်သတိုး ပြုံးယောင် သန်းသွားရသည်။

"ရှင် အထင်မှားနေပြီ၊ တကယ်က ကျွန်မကသာ ညှင်းပန်း နှိပ်စက်ခံနေရတာပါ။ ကျွန်မက ရှင့်လို ကေသရာဇာခြင်္သေ့ကြီးကို ဘယ် လိုများ ဒုက္ခပေးနိုင်မှာလဲရှင်။ ကဲပါ...ကျွန်မ တောင်းပန်ပါတယ်နော်"

လက်ထဲမှသတင်းစာကို သူမြင်အောင်ဖြန့်ပြရင်း ခင်သတိုး စကားစဖြတ်သည်။ ပုလဲနီပျောက်နေတာ သူသိမှာပင်။ သူ ဘယ်မှာထား ပစ်ခဲ့သလဲ။ ယောက်ျားတွေဟာ သိပ်ရက်စက်တာပဲ။

"ဘာ သတင်းထူးတွေများ ကြည့်နေသလဲ"

ကိုကိုကြီး၏မေးခွန်းကို သူမ သတင်းစာလူပျောက်ကြော်ငြာကို





ထိုးပြခြင်းဖြင့် ဖြေကြားလိုက်၏။

"သြော်...ပုလဲနီအကြောင်းလား"

"ဟုတ်တယ်၊ ကျွန်မတို့ထင်နေတာက ရှင်နဲ့အတူ ပျောက်သွားတာလို့ ထင်နေခဲ့တာ။ ခုတော့ မျက်စိလည်သွားပြီ။ ရှင် သူ့ကိုဘယ်မှာ ထားခဲ့သလဲ"

သူမ၏ပြောင်ကျကျမေးခွန်းများကို သူက မဖြေကြားဘဲ၊ ဝါး ကုလားထိုင်လေးပေါ်မှ ပင်လယ်ကြီးအား ငေးမောနေခဲ့သည်။ ခင်သတိုး မကျေနပ်။

"ပြောလေ...ကိုကိုကြီး၊ သူ့ကို ဘယ်မှာထားခဲ့သလဲ"

သူမ၏စကားကြောင့် ဦးမြင့်ခေါင် ဆတ်ခနဲလှည့်ကြည့်ပြီး...

"မင်း...ကိုယ့်ကို ကိုကိုကြီးလို့ခေါ်ပြီနော်၊ ဒါပေမဲ့ မင်းမေး ခွန်းကတော့ ကိုယ့်ကိုကြိုးကွင်းစွပ်တဲ့မေးခွန်းပဲ။ မင်းဟာ လူတစ်ဖက် သားရဲ့အရိုက်ကို လက်သီးနဲ့ ခဏခဏထိုးချတတ်တဲ့ သူငယ်မပဲ။ မင်း နွာနဲ့ လက်ဝှေ့ထိုးပါလား"

"ဒါ...ကျွန်မ မလွန်ဘူးလေ၊ ပုလဲနီဟာ ကိုကိုကြီးရဲ့ရည်း စားမဟုတ်လား။ သူပျောက်နေတာ ရှင် သိမ်းဝှက်ထားလို့ပေါ့။ ပုလဲနီ ကို ဒီခေါ်မလာဘဲ ကျွန်မကိုသက်သက်နှိပ်စက်နေတာတော့ ကျွန်မ နား လည်နိုင်ဘူး"

သူမ၏စကားအတွက် ဒီတစ်ခါ သူသည်းခံနိုင်ပုံမရ။ ဝါးကုလား ထိုင်ပေါ်မှ ထလာပြီး ခင်သတိုးကို ဆွဲယူပွေ့ချီချခဲ့သည်။

"မင်းဟာ ငတုံးမလေးပဲ၊ အခု ကိုကိုကြီးရဲ့နှလုံးသားထဲမှာ မင်းပဲရှိတယ်။ အပိုစကားတွေ မပြောချင်ဘူးကွာ၊ ပင်ပန်းညှိုးချုံးနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီးရဲ့နှလုံးသားကို မင်းရဲ့မေတ္တာရေစင်အေးအေးနဲ့ ဖျန်းပက် ငြိမ်း
ချမ်းပေးပါနော်''

စောစောက အငိုက်မိသွားပေမယ့် ယခု ခင်သတိုး သူ့လက်များမှ ခိုင်မာစွာ ရုန်းထွက်ပစ်လိုက်သည်။ သူမ စိတ်ဆိုးနေပါ၏။

''ကိုကိုကြီး. . . ဖယ်နော်၊ ဒါ ရှင်. . . ကျွန်မကို လျှော့တွက်တာပဲ. . . အထင်သေးတာပဲ။ ဘာမှန်းညာမှန်းမသိတဲ့ ရှင့်ပြဿနာတွေအတွက် စာနာစိတ်နဲ့ ကျွန်မကူညီဖေးမနေတာ လူသားဆန်တဲ့စိတ်ဓာတ်ကြောင့်ပဲ။ ကျွန်မ ရှင့်ကိုချစ်နေလို့မဟုတ်ဘူး''

''မင်း. . . ကိုကိုကြီးကိုမချစ်ဘူးဟုတ်လား၊ အံ့ဩစရာပဲ''

''ဘာအံ့ဩစရာရှိလဲ၊ ဘာလဲ. . . ရှင်က မိန်းကလေးမှန်သမျှ ငါ့ကိုချစ်နေမှာပဲလို့ ဘဝင်မြင့်နေလို့လား''

''ဒီလိုတော့မထင်ပါဘူး၊ ဒါပေမဲ့ မင်း. . . ကိုကိုကြီးကိုချစ်နေတာတော့ ကိုကိုကြီးသိတယ်''

''အဲဒါ ရှင်မှားတယ်၊ ရာသီပေါ်ပန်းတွေလို အချိန်တိုင်းမှာ ပြောင်းလဲဖူးပွင့်တတ်တဲ့ ရှင့်အချစ်တွေကို ကျွန်မမှ မယုံကြည်ဘဲ။ ဘယ်တော့မှ ရှင့်ကို ကျွန်မ ပြန်မချစ်နိုင်ဘူး။ ကျွန်မရင်ထဲမှာ သမီးရှိတယ် ပြီးတော့ ပုလဲနီရှိတယ်''

ပြီးတော့ ဒေါ်ရွှေယမင်း ရှိသေးတယ်ဟုတော့ သူမ မပြောတော့ပါ။ ရင်ထဲမှပဲ နာကြည်းနေမိသည်။ သူက သက်ပြင်းရှည်ကြီးတစ်ချက် မှုတ်ထုတ်လိုက်၏။

''ကိုကိုကြီးတို့ နားလည်မှုတွေ လွဲမှားနေပြီ။ ပုလဲနီဟာ ကိုယ့်ကိုမပိုင်သေးပါဘူး။ ကိုကိုကြီး သူ့ကို တစ်ခါမှချစ်ခွင့်မပန်ခဲ့ဘူး။ လက်ထပ်မယ်လို့ ကတိမပေးခဲ့ဖူးဘူး''





''ဒါပေမဲ့ သူဟာ ရှင့်ရည်းစားပဲမဟုတ်လား၊ ဒါ. . . မြန်မာပြည်နော်၊ နိုင်ငံခြားတိုင်းပြည်တွေမှာလို တွဲရုံတွဲပြီး ပစ်ထားခဲ့လို့မရဘူး။ ကာယကံရှင်မိန်းကလေးအဖို့ အရမ်းနစ်နာတယ်''

''ဒါတော့ မင်းအစွန်းရောက်တာ၊ ခေတ်နောက်ကျတာပဲ''

''ကိုကိုကြီး ဝန်ခံတယ်မဟုတ်လား၊ ပုလဲနီနဲ့ချစ်ခဲ့တယ်မဟုတ်လား။ ကျွန်မက အယူသီးတယ်''

''ဘာပဲဖြစ်ဖြစ် ကိုကိုကြီးဘဝကို အချစ်ဆုံးသူနဲ့ပဲ တည်ဆောက်ချင်ပါတယ်''

သူ့အပြောကြောင့် ခင်သတိုး ဆည်းလည်းသံနှယ် ရယ်မောမိသည်။ ရင်ထဲမှာတော့ နာတာပေါ့လေ။

''ကိုကိုကြီး မှားနေပြီ၊ ကိုကိုကြီးလိုလူမျိုးအတွက် အချစ်ဆိုတာ ဘယ်ဆုံးနိုင်မလဲရှင်။ သစ်ရွက်များလို ရာသီနဲ့လိုက်ပြီး ရွက်ဝါဟောင်းတွေ ကြွေလိုက်၊ ရွက်သစ်တွေ ဖူးပွင့်ဝေလိုက်ပေါ့။ ဒီမှာ. . . ကျွန်မ အကောင်းဆုံးအကြံပေးခဲ့မယ်နော်၊ ကိုကိုကြီးရဲ့ဘဝအတွက် ကိုကိုကြီးနဲ့စရိုက်တူမယ့် ခပ်ပေါ့ပေါ့ကောင်မလေးမျိုးတွေရှာပါ။ ချစ်ကြတဲ့အခါ စိတ်တူသဘောတူချစ်ပြီး မုန်းကြတော့လည်း ဘက်ညီတာပေါ့နော်။ ဒီကစားပွဲမှာ ကျွန်မကိုတော့ ခွင့်လွှတ်လိုက်ပါ''

''. . .''

''နောက်တစ်ခုလည်း ကျွန်မပြောချင်ပါသေးတယ်၊ ကိုကိုကြီး ကျွန်မကို ဘယ်တော့မှ နိုင့်ထက်စီးနင်းမလုပ်ပါနဲ့။ ဒါ မင်းမဲ့တိုင်းပြည် မဟုတ်တာ ကျွန်မသိတယ်။ ကျွန်မ အခုလို အတောင်ကျိုးငှက်လို နေ



www.burmeseclassic.com

www.burmeseclassic.com



နေပေးနေတာ ကိုကိုကြီးတို့သားအဖကို စေတနာရှိလို့ပါ။ ကျွန်မကိုလွှော
မတွက်ပါနဲ့. . . ဒါပါပဲ''

ငြိမ်သက်တွေဝေနေသည့် သူ့အနားမှ ခင်သတိုး ငြင်သာစွာ ထွက်ခွာခဲ့သည်။

သမီးကို ရွာထဲမှ သွားခေါ်မည်။ နေ့လယ်စာကျွေးပြီး တစ်ရေးတော့ အိပ်ခိုင်းရပေဦးမည်။

◙◙◙



## အခန်း( ၁၅ )

ယနေ့ညနေစောင်းမှာ အိမ်တံခါးပိတ်ခဲ့ပြီးနောက် ခင်သတိုး ကမ်းခြေဘက်သို့ လမ်းလျှောက်ဆင်းခဲ့သည်။ သူတို့သားအဖမှာလည်း အိမ်ကပ်သည်မရှိ။ သမီးမှာ အဖော်အပေါင်းတွေနှင့် ပျော်ရွှင်ကြည်နူးနေသမျှ ဖအေကလည်း သူ့သမီးအပါးမှာ တရံမပြတ် စောင့်ရှောက်ပေးနေခဲ့သည်။

ခင်သတိုး လိုချင်တာလည်း ဒါပါပဲ။ သမီးသည် သာမန်ကလေးများကဲ့သို့ ရယ်မောပျော်ရွှင် ပေါ့ပါးလွတ်လပ်နေခဲ့ပြီ။ ဒီလိုဖြစ်အောင်ပဲ သူမ ပြုစုပျိုးထောင်ပေးနေခဲ့ရာမှ ယခုတော့ အခြေအနေအရ ပြောင်းလဲမှုတွေ လျှင်မြန်တိုးတက်နေခဲ့သည်။

သမီး. . . သူမကို မခင်တော့ဘူးလား။ ရင်ထဲမှာ ဝမ်းနည်းနင့်ကျင်မိပေမယ့် ဒီကလေးကို အမှီအခိုကင်းသည့် သာမန်ဘဝသို့ ခင်သတိုး ရောက်စေချင်ပါသည်။ မကြာမီ သူတို့ အကူအညီမလိုတော့သည့်အခါ ခင်သတိုးလည်း အိမ်ပြန်မှာပေါ့။ ကမ္ဘာပေါ်မှာ ဖြူစင်လွတ်လပ်သည့် အလုပ်တွေ ရှိဦးမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကမ်းခြေတစ်လျှောက် ဖြည်းညင်းစွာ လမ်းလျှောက်နေရင်းမှ ကျောက်ဆောင်တစ်ခုမှာ သူမ ထိုင်ဖြစ်သည်။ ပင်လယ်လေ၏ တသုန်သုန်ဖြန်းပက်မှုမှာ ခင်သတိုး၏ဆံနွယ်တွေ တဖျတ်ဖျတ်လွင့်ပါးနေ၏။ ခါးထိအောင် ရှည်လျားဖြောင့်စင်းသည့် ဆံနွယ်များက သူမတစ်ကိုယ်လုံးကို လွှမ်းခြုံဝေ့ဝဲလျက်။

အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့် လိုက်ပါလာကြရပေမယ့် ကိုကိုကြီးဝယ်ပေးထားသောဝတ်စုံများက အများအပြား။ အလကားရတိုင်း စုံအောင်တော့ ခင်သတိုး လျှောက်မဝတ်ပါ။ သုံးလေးစုံလောက်သာ ရွေးချယ်ဝတ်ဆင်ဖြစ်သည်။

သူမ ဝတ်ဆင်ထားသည့် ကြည်ပြာရောင်ဝတ်စုံလေးက ထူထူထဲထဲရှိပေမယ့် လေတိုက်တိုင်း အသားမှာကပ်အောင် ပျော့ပျောင်း အိဖတ်နေတော့ ခင်သတိုး မတတ်နိုင်။ ဒီနေ့ခေတ်အဝတ်အစားတွေက ဒီလိုချည်းပါပဲ။ အေးလေ. . . သူမလည်း ဒီနေ့ခေတ်ကလူပါပဲ။

ပင်လယ်ကြီးထဲသို့ နေလုံးကြီးများ ငုံလျှိုးဆင်းသက်တော့မည်။ ငါးဖမ်းလှေများ ကမ်းစပ်သို့ ပြန်လာနေကြပုံတို့ကလည်း ကဗျာတစ်ပုဒ်နှယ်။ ရောက်လေရာအရပ်မှာ ဇဟုသုတရှာချင်သူပီပီ ခင်သတိုး ရွာထဲသို့ လျှောက်ကြည့်ချင်ပါ၏။ လှေလာချင်ပါ၏။ သို့သော် ကိုကိုကြီးက မလွှတ်။ သူကတော့ ဘယ်သူ့အဆက်အသွယ်နှင့် လာနေသည်မသိ။ တစ်ရွာလုံးကိုများ မီးသေနေသလားပင်မသိ။

အဝေးမြင်ရွာအနေအထားကတော့ မဆိုးလှပါ။ အင်တာနက်ခေတ်ကြီး၏ ပင်လယ်ရွာကလေးမှာ ကုန်စုံဆိုင်ကြီးတွေ၊ ဗီဒီယိုရုံနှင့် စာသင်ကျောင်းကလေးရှိသည်။ ရွာဘက်သို့ငေးလိုက်၊ ပင်လယ်ပြင်သို့





ငေးလိုက်နှင့် ခင်သတိုး တမေ့တမောရှိနေခိုက် သူမအနီးသို့ စက်လှေတစ်စီး ထိုးဆိုက်လာခဲ့သည်။

"အားပါးပါး. . . ဒီလူ့ရွာမှာ ဒီလိုအလှလေးမျိုးလည်း ရှိနေတာနော်။ ဒါ ပင်လယ်နတ်သမီးလား၊ ရေသူမလား။ လူလား နတ်လား"

"ဘာကြောင်တာလဲ"

စက်လှေပေါ်မှလူ၏ဟန်ပန်က အမေရိကန်လူနီရိုင်းနှယ်။ နီကျင်ကျင်ဆံနွယ်ရိုင်းများက ရွှေရောင်လဲ့ကာ ဝေ့ဝဲဖွာကျနေသလို ခပ်ထွားထွားကိုယ်ဟန်ကလည်း အမြဲစိမ်းသစ်ပင်တစ်ပင်လို တောင့်မတ်ကြည့်ကောင်းနေ၏။ သူ့မျက်နှာက တိကျတောက်ပနေမှုသည် အရိုင်းဆန်နေသော်လည်း သဘာဝကျကျစတိုင်က ကျောက်ဆစ်ရုပ်နှယ်။ သူ ရွာသားလား။ သူမနှင့်ရွယ်တူလောက်လား။

"မင်းရဲ့မိသားစုရော"

"ဘယ်သူတွေလဲ"

"မင်းရဲ့ယောက်ျားနဲ့၊ မင်းရဲ့သမီးပေါ့"

သူတို့ရွာက ဒီလိုပဲထင်နေကြသတဲ့လား။ အေးလေ. . . ထင်လည်းထင်စရာပေါ့။ သူမ ရှက်ရွံ့သိမ်ငယ်သွားပေမယ့် ထိုလူရွယ်ကို အလျှော့မပေး။

"ဒါဆို ရှင်က ကျွန်မကို အိမ်ထောင်ရှင်မှန်းသိရဲ့နဲ့ ဘာလို့လာ [illegible] စနေတာလဲ။ ရှင်တို့ရွာက ဒီလိုပဲလား"

ခင်သတိုး၏စကားကြောင့် လူရွယ် မခံမရပ်နိုင်ဖြစ်သွားခဲ့သည်။

"မင်းကို ကလေးအမေလို့မထင်ပါဘူးနော်။ ကလေးက [illegible]လောက်၊ မင်းက အသက်နှစ်ဆယ်တောင် ပြည့်မှာမဟုတ်သေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်းဖြစ်ရင် မိထွေးပဲဖြစ်ရမယ်''

လူရွယ်၏စကားကြောင့် သူမ မခံမရပ်နိုင်ဖြစ်ရပြန်သည်။ တော်တော်ကြောတဲ့လူပဲ။

''မှားတယ်. . . ကျွန်မက သူတို့ရဲ့အနိုင်းအစေ၊ ကလေးထိန်းထမင်းချက်''

လွှတ်ခနဲ သူမ ဝန်ခံချက်ပေးမိသည်။ အပျိုစင်ပီပီ ကိုယ့်ကို မိထွေးထင်တာလည်း မခံနိုင်။ သူမ၏စကားအတွက် လူရွယ် တော်တော်ကျေနပ်သွားပုံရသည်ကိုမြင်ရမှ ခင်သတိုး ဇဝေဇဝါဖြစ်ရ၏။ သူမ ပြောမိတာ မှားသလား မှန်သလား။

''ထင်သားပဲ. . . မင်းဟာ သူတို့နဲ့ဘာမှမတော်မှန်း မဆိုင်မှန်း ကိုယ်သိနေတယ်လေ။ ဒါပေမဲ့ကွာ. . . အပျိုတစ်ယောက်အနေနဲ့ ဒီအလုပ်ကြီးကတော့ မနိုင်ပါဘူး။ ကြည့်စမ်း! ဘယ်လောက်အန္တရာယ်များလိုက်သလဲ။ ယောကျ်ားတစ်ယောက်နဲ့ တစ်အိမ်တည်းလည်း အတူနေရသေးတယ်''

''ကလေးလည်း ပါပါတယ်''

သူမ စောဒကတက်မိသည်။ မခံမရပ်နိုင်လည်းဖြစ်ရ၏။ သူ့အကြောင်းကျနေတာပဲ။

''ထားကွာ. . . ကလေးက တကယ်တမ်းကျ ဘာတတ်နိုင်တာမှတ်လို့။ ပြီးတော့ သူက မင်းကို သူ့မိန်းမလို့ပြောထားတာ''

လူရွယ်၏စကားကြောင့် ခင်သတိုး မျက်လုံးပြူးရ၊ ထိတ်လန့်သွားရသည်။

''ဟင်! ဒီလိုပဲပြောသလား''





''ဟုတ်တယ်၊ ဒီလိုပဲပြောထားတယ်။ သူ မင်းကို တစ်ခုခုလုပ်လည်း မင်းမှာ ဘာမှကာကွယ်ပိုင်ခွင့်မရှိဘူး။ ကဲ. . . ဘယ်လောက်နစ်နာလိုက်သလဲ''

ကျဆုံးသွားသည့်နေလုံးကြီးကို ငေးမောရင်း ခင်သတိုးရင်မှာ တစစ်စစ် နာကျင်လာခဲ့သည်။ နေလုံးကြီးလိုပဲ ငါ့ရဲ့သိက္ခာတွေလည်း ကျဆုံးသွားခဲ့ပြီပေါ့။

လူရွယ်ကိုကျောခိုင်းရင်း အိမ်ပြန်ဖို့ ခင်သတိုး မတ်တပ်ရပ်လိုက်သည်။ သူ့ကိုနှုတ်မဆက်တော့။ သူဟာ သူစိမ်းတစ်ဦးပဲ။

''စိတ်မကောင်းမဖြစ်ပါနဲ့လေ၊ လောကကြီးကလည်း ဆန်းကြယ်ပါတယ်၊ အထူးသဖြင့် မင်းလိုမိန်းမချောလေးတစ်ယောက်အတွက်ဆို အသက်ပေးပြီးတော့တောင် ကာကွယ်ပေးချင်နေတဲ့ ယောကျ်ားတွေ အနည်းဆုံး တစ်ယောက်တော့ ရှိနေပါတယ်။ ကိုယ့်နာမည် ဗသက်ပါ။ မင်းတို့အိမ်နဲ့ ငါးအိမ်ကျော်မှာ ကိုယ်နေတယ်။ ရော့!. . . ဒီကစားစရာ သေနတ်လေး ယူထား။ မင်းမှာ အကြောင်းကိစ္စရှိရင် ပစ်ဖောက်လိုက်၊ ဒိုင်းခနဲသေနတ်သံလေးကြားရင် ကိုယ် မင်းခြေရင်းအရောက် ချက်ချင်းပြေးလာခဲ့မယ်''

''အရေးထဲ ကဗျာဆန်နေရသေးတယ်။ ရှင်ပြောတာတွေကို ကျွန်မနားမလည်ဘူး။ ဘာလဲ. . . ရှင် ကျွန်မကို လူပျိုစကားပြောနေတာလား''

ဗသက်၏အပြုံးက သူ၏ကြမ်းတမ်းသည့်အလှကို လင်းလက်နေယ်စေသည်။ ခင်သတိုး မျက်မှောင်တွန့်နေမိပါ၏။

''လူပျိုပြောတဲ့စကားမို့ လူပျိုစကားလို့သတ်မှတ်ရင်လည်း ရပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါပေမဲ့ ကိုယ်တို့တောသားတွေရဲ့စကားက မင်းတို့မြို့ကြီးသား
တွေရဲ့စကားလို ပြီးလွယ် ပျောက်လွယ် မေ့လွယ် မဟုတ်ဘူးနော်"

"တော်စမ်းပါရှင်၊ ကျွန်မဘာသာတောင် စိတ်ညစ်လွန်းလို့
တော်ပြီ. . . ကျွန်မပြန်တော့မယ်၊ မှောင်လာပြီ"

"လသာနေပါတယ်ဗျာ၊ မမှောင်သေးပါဘူး"

"လရောင်ရဲ့အလင်းက လူတွေရဲ့စိတ်ကို ဝေဝါးတွေပြား
တယ်။ ကဲ. . . ကိုဇသက်၊ ကျွန်မသွားပြီ။ ဒါထက် ရှင်တို့ရွာမှာ ဒီက
ကစားစရာသေနတ်က ဒီတစ်လက်တည်းရှိတာ သေချာရဲ့လား။
ကြာ. . ."

"ဟာ! သေချာတယ်. . . သေချာတယ်၊ မခင်သတိုး စိတ်
ဒီသေနတ်မျိုး ဒီတစ်လက်ပဲရှိတယ်။ သေနတ်အစစ်သံနီးပါး အသံကျ
တယ်။ ကျွန်တော် ဘယ်နေရာရောက်ရောက် ဘယ်လောက်ပဲ အိပ်
နေနေ ဒီသေနတ်သံကြားရင် ကျွန်တော့်နှလုံးသားက နိုးကြားသွား
ပါ"

သူ့စကားကိုကျောခိုင်းရင်း ခင်သတိုး အိမ်ဘက်သို့ပြေး
လာခဲ့သည်။ သူမ၏လက်ထဲမှာ ကလေးကစားစရာသေနတ်ကလေး
လာခဲ့တာလည်း ခင်သတိုး အံ့ဩနေမိ၏။ ဇသက်ဆိုတဲ့လူဟာ တ
ရော အားကိုးရပါ့မလား။ သို့သော် ကိုကိုကြီး၏သစ္စာတရားကိုလည်း
ခင်သတိုးယုံကြည်နေမိလေဆဲ။

"ခင်သတိုး ဘယ်တွေလျှောက်သွားနေတာလဲ၊ အရမ်း
နေပြီ။ ကိုကိုကြီးတို့ လိုက်ရှာလိုက်ရတာ"

လမ်းတစ်ဝက်မှာပင် ခင်သတိုး ကိုကိုကြီးတို့သားအဖနှင့်





လေသည်။ ကမ်းခြေတစ်လျှောက် ခပ်ဖြည်းဖြည်းမောင်းလိုက်လာသည့်
ကလေ့ကိုလည်း သူမတို့မြင်နေရပါ၏။ ဆံပင်ဖွာဖွာ စတိုင်မိမိနှင့်ပေ
ယ့် လရောင်အလင်းမှာ မျက်မှန်အမည်းလေး တပ်ထားပုံက ရယ်စရာ။

ခင်သတိုး လှမ်းကြည့်နေရာသို့ ကိုကိုကြီးပါ လှမ်းကြည့်လေ
၏။ သူ နှာခေါင်းရှုံ့သွားသည်။

"ညကြီးမင်းကြီး မျက်မှန်နဲ့တောသား၊ သူ ဘယ်သူလဲ၊ မင်း
နဲ့သိသလား"

"အစက မသိဘူးလေ၊ ခုမှသိတာ။ သူ့နာမည် ဇသက်တဲ့"

"မိန်းမတွေများ သေတ္တာထဲထည့်ပိတ်ထားတာတောင် ပိုးဟပ်
နဲ့ ညားတယ်ဆိုတာ ဒါမျိုးဖြစ်မှာပဲ"

"သမီးရှေ့မှာ ပေါက်ကရတွေ လျှောက်ပြောမနေနဲ့။ ကျွန်မ
မဖြစ်ချင်ဘူး"

သေနတ်ကလေးကို ခါးကြားထိုးရင်း အိမ်ပြန်နှင့်ဖို့ သူမ စိတ်
လိုက်သည်။

"သမီးရေ. . .'အန်တီ ရှေ့ကပြေးမယ်နော်၊ သမီးနောက်က
ဖမ်း။ သိလား. . . စိန်. . . စိန်ပြီဟေ့"

မပျော်တော့တာ ကြာပေမယ့် သူမ ကိုကိုကြီးရှေ့မှာ ဇသက်
မြင်ကွင်းမှ ချက်ချင်းပျောက်သွားချင်သဖြင့် သမီးနှင့်ပြေးလွှားဆော့
ရင်း အိမ်သို့ရောက်အောင် ပြေးနှင့်လေတော့သည်။

◙◙◙



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

"ဘာတွေချက်နေသလဲ မခင်သတိုး"

အိမ်ကလေးနှင့်တွဲဖက်ထားသော မီးဖိုထဲမှာ ချက်ပြုတ်ကြော် လှော်နေသည့် ခင်သတိုး လန့်သွားရပါ၏။

"ဗသက်"

ကိုယ့်ထက်အသက်ကြီးနိုင်သော်ငြား သူ့ကိုလေးစားစရာ မ ချေ။ အရိုင်းအတိုင်း ပွင့်ပွင့်လင်းလင်း ဆက်ဆံနိုင်အောင် သူ့ရုပ်က သားကြည်စင်နေသလို...

သူမတို့အိမ်အနေအထားတွေကလည်း အိမ်ပေါ်တက်လိုက်သည် နှင့် အခန်းရှိသမျှ မြင်နေရသည်သာ။ အခြားအခန်းများမှာ ကလေ လေးဘာလေး ကာထားသော်ငြား မီးဖိုခန်းမှာ ကာမထားပါချေ။

"ရှင့်မှာ ဘာအလုပ်မှမရှိဘူးလား။ ဆယ့်နှစ်ရာသီ အားယ နေတာပဲလား"

"ကိုယ်ပိုင်အလုပ်တွေပဲလေ၊ ပင်လယ်ထဲက ငါးတွေက ကို





အခုမဖမ်းသေးလည်း ဘယ်မှထွက်မပြေးပါဘူး။ ပြီးတော့ ခုအချိန်ဟာ အရေးအကြီးဆုံးအချိန်မဟုတ်လား"

ဗသက်စကားကို သူမ နားမလည်နိုင်ပါ။ ဘာအရေးကြီးတာ လဲ။ သူက သူမ၏မီးဖိုခန်းလေးထဲ ဝင်လာဖို့ဟန်ပြင်လိုက်သည်။ ခင် သတိုး ဟန့်တားလိုက်ပါ၏။ ကိုကိုကြီးပြန်လာလျှင် မလွယ်။ သူမလည်း ကြိုက်ပါ။

"အိမ်ရှေ့ကုလားထိုင်လေးတွေပေါ်မှာပဲ နေပါ ကိုဗသက်။ ရှေ့ ထိုးလာရင် ကျွန်မ သေနတ်နဲ့ပစ်လိုက်မှာနော်"

သူမ၏စကားကြောင့် ဗသက်က ရယ်မောသော်လည်း အိမ် ရှေ့ဝါးကုလားထိုင်လေးများပေါ်မှာပင် ထိုင်လေ၏။

"ဘယ်နှယ့်လဲ...ကိုယ်ပေးထားတဲ့သေနတ်လေးဟာ တစ်နေ့ တော့ မင်းအတွက် အသုံးကျမှာပါ။ ကိုယ် မီးဖိုထဲဝင်လာချင်တာက င်းကိုကူညီချင်လို့ပါ။ တစ်မျိုးမထင်ပါနဲ့။ ကိုယ်က ကိုယ့်မေမေကိုကူ နေကျလေ။ ပင်လယ်ကိုမထွက်တဲ့နေ့မျိုးတွေမှာ မေမေ့ကိုကူတာပေါ့။ ဘယ့်နှယ်လဲ"

"ဟင့်အင်း...ရတယ်၊ ကျွန်မဘာသာ ချက်မယ်။ ကျွန်မလုပ် နိုင်ပါတယ်"

မြို့မှာလို လျှပ်စစ်မီးဖိုတော့မရှိ။ ပင်လယ်ရွာကလေးမှာ လျှပ် စစ်မရ။ ထင်းမီးဖို မီးသွေးမီးဖိုများသာ သုံးလေ့ရှိကြသည့် ဒီနေရာမှာ မီးသွေးမီးဖိုများဖြင့် ခင်သတိုး ချက်ပြုတ်နေရသည်။ မီးဖိုနှစ်ဖိုဖြင့် ချက် နေသည်မို့ မအားလပ်တာတော့ အမှန်။ ဗသက်မှာ ဖင်တကြွကြွဖြစ်နေ သည်။

www.burmeseclassic.com

www.burmeseclassic.com



"မြို့ကြီးသူတွေများ တယ်ပြီး စည်းကမ်းကလနားတွေ များတာပဲနော်။ ထမင်းချက်တာ ယောက်ျားဝင်ကူရင် ရဲကြီးတတ်သလား"

ဂျင်းဘောင်းဘီရှည်၊ တီရှပ်လက်ပြတ်နှင့် ကျောက်ဆစ်ရုပ်နှယ် ဖုထစ်ရှန်းကြွနေသည့် ယောက်ျားသားကြီးကလည်း ယခုတော့ လေတိုး မခံနိုင်အောင် နုနေပုံရ၏။ ယမင်းရုပ်ကလေးတစ်ယောက်တည်း အလုပ်တွေ ဖိစီးနေပုံအား မကြည့်ရက်သည့်နှယ်။

"ကျွန်မက မြို့ကြီးသူလည်း မဟုတ်ပါဘူး။ ပြီး. . . မိန်းမသို တာ မွေးစကနေ သေသည်အထိ မီးဖိုချောင်ထဲမှာ အလုပ်လုပ်ရမှာ မဟုတ်လား။ တချို့များ အပြင်မှာ စီးပွားရှာတဲ့အလုပ်လည်း လုပ်ရ မီးဖိုထဲလည်းလုပ်ရ"

ဖသက်ကို အမြင်ကတ်ကတ်နှင့် သူမ ပြောပစ်လိုက်သည်။

"ဟာ. . . ဒါတော့ မခင်သတိုး အယူအဆတွေလွဲနေပြီ။ မိန်းမသားဟာလည်း လူပါပဲ။ မီးဖိုထဲမှာ ဘဝဆုံးသွားလို့ ဘယ်ဖြစ်မလဲ။ လောကကြီးထဲမှာ လေ့လာပျော်ရွှင်စရာတွေ အများကြီးရှိသေးတာပဲ။ ကံဆိုးတဲ့မိန်းမသားများကျတော့လည်း ဟုတ်တာပေါ့။ ယောက်ျားဆိုးဆိုးနဲ့ ရင် ယောက်ျားကိုလည်း ရှာကျွေးရ၊ အလုပ်တွေ နင်းကန်လုပ်ရ ကလေးတွေ တပြွတ်ပြွတ်မွေး. . ."

"အာ. . . တော်စမ်းပါ"

ဖသက်စကားကြောင့် ခင်သတိုး နားရှက်သွားပြီး သူနှင့် အ ဆွေးနွေးမှုမှမလုပ်တော့ဘဲ ကိုယ်လုပ်စရာရှိတာသာ လုပ်ကိုင်နေ တော့သည်။ ဒီမှာတော့ ငါးဖြစ်ဖြစ် ပုစွန်ဖြစ်ဖြစ် လတ်လတ်ဆတ်ဆတ် ရ၏။ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များနှင့် သားငါးများကို အာ



ပါးရချက်ပြုတ်ရတာ ဘယ်လောက်ပျော်စရာကောင်းလိုက်သလဲ။

မီးဖိုထဲမှာ ဘဝဆုံးနေတယ်လို့လည်း မထင်ပါဘူးနော်။ ကြိုက်သလိုချက်၊ ကြိုက်သလိုစားခွင့်ရနေတာများ ဘာနစ်နာတာမှတ်လို့။

"ကိုယ်သာဆို မခင်သတိုးကို အရုပ်ကလေးတစ်ရုပ်လို ရွရွလေး အလှကြည့်ထားပြီး အလုပ်တွေမှန်သမျှ ကိုယ်ပဲ ကြိုးလုပ်မိမှာပဲ"

"အပိုတွေ"

ဒီတစ်ခွန်းတော့ ခင်သတိုး ပြန်ပက်လိုက်မိသည်။ သူ့စကားတွေက လွန်လာပြီ။ အလကား. . . မဖြစ်နိုင်တာတွေ။ ဟုတ်တယ်လေ၊ ခေရှည်မှာ ဘယ်လိုလုပ်ဖြစ်နိုင်မှာတဲ့လဲ။

"အပိုမဟုတ်ပါဘူးဗျာ၊ ကဲ! အခုပဲ လက်တွေ့လုပ်ပြမယ်လေ။ မခင်သတိုး အပြင်ထွက်၊ ဒီမှာလာနား။ ကိုယ်ဝင်ချက်မယ်"

"ရှင် တကယ်ချက်တတ်ပြုတ်တတ်လို့လား"

"တကယ်ပေါ့၊ တကယ်ချက်တတ်တာပေါ့"

"ကဲ! ဒါဆို ရှင် ဆက်ချက်၊ အဲ. . . နေစမ်းပါဦး၊ ရှင် ဒီလို ကျွန်မကိုလာလုပ်ပေးတဲ့ရည်ရွယ်ချက်က ဘာလဲ။ ကျွန်မကို အူကြောင်ကြောင်မလုပ်နဲ့နော်"

ခင်သတိုးစကားကြောင့် ဖသက်က ရိုးရိုးကြီးပြုံးပြခဲ့သည်။

"အူကြောင်ကြောင်မလုပ်ပါဘူးဗျာ၊ မခင်သတိုး နည်းနည်းသက်သာလည်း နည်းလားဆိုပြီး ဝင်လုပ်ပေးမှာပါ။ ဒါဟာ အရည်အချင်းစစ်စာမေးပွဲတစ်ခုမဟုတ်မှန်း ကိုယ်သိပါတယ်။ ရွှေမင်းသားကြီးလို ချော်မော လှပတဲ့သူကိုပစ်ပြီး ကိုယ့်လိုတောသားတစ်ယောက်ကို စိတ်ကူးမယ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှန်းလည်း ကိုယ်နားလည်ပါတယ်''

''အပိုတွေရှင့်. . . ယောက်ျားလေးတွေဟာ အပိုစကားတွေ သိပ်ပြောတတ်တာပဲ။ ကဲ! လာချက်၊ ကျွန်မ ရှင့်ကိုသြဇာမပေးဘူးနော်။ ရှင် စိတ်ကူးတည့်သလိုချက်. . . ရှင် ဘယ်လောက်တော်သလဲ ကြည့်ရအောင်''

''ဟင်းချက်ကောင်းရင်ရော ဘာဆုချမလဲ''

''အမယ်. . . ကဲ! ရှင်က ဘာဆုတွေလိုချင်လို့လဲ၊ မတန်တရာတော့ မပေးနိုင်ဘူးပေါ့ရှင်''

''မတန်တရာလည်း မတောင်းပါဘူးဗျာ။ ကိုယ်က အခွင့်အရေးသမားတစ်ယောက် မဟုတ်ပါဘူး။ ဆုအဖြစ် မခင်သတိုး ကျွန်တော့်စက်လှေကလေး လိုက်စီးဖော်ရရင် ကျေနပ်ပါပြီ''

ဗသက် မီးဖိုထဲသို့ဝင်လာသောအခါ ခင်သတိုး အိမ်ရှေ့သို့ထွက်လာသည်။ ချက်စရာကြော်စရာဟင်းတွေ ရှိသေးသည်။ သို့သော် သူချက်ပေးမည်ဆိုလျှင်လည်း ပြီးတာပဲ။ ဒီလောက်စကားများသည့် တောသားကို အရည်အချင်းစစ်ကြည့်လိုက်ဦးမည်။

မကြာမီ ခင်သတိုး အိမ်ရှေ့ဝါးဆက်တီလေးပေါ်မှာ ပင်လယ်လေညှင်းခံရင်း မှိန်ကျနေလေတော့၏။ ဗသက်ကတော့ မီးဖိုထဲမှာ တပြုံးပြုံး။ စကားတော့ များပေးနေရတာပေါ့လေ။ ဒါမှ အလုပ်လုပ်သည့်သူလည်း အားရှိအောင်။

''ဟင်းတွေ ငံကုန်ဦးမယ်နော်၊ ရှင်တို့ပင်လယ်ပါးစပ်တွေက အငံစားလွန်းတယ်''

''စိတ်မချလည်း အနားမှာ ဟင်းလာမြည်းပေါ့။ ညွှန်ကြားချက်တွေ ပေးပေါ့ဗျာ။ ကျွန်တော် မခင်သတိုးကို ကိုက်မစားပါဘူး''

''မစား. . . စားစား. . . ကျွန်မက ယောက်ျားလေးတွေနဲ့ လက်ပွန်းတတီး မနေချင်ပါဘူးရှင်။ ကဲ! ရှင့်ဘာသာချက်၊ မင်းအောင်တော့ ချက်. . . အဲ''

ဗသက်နှင့်စကားပြောနေရင်းမှ ခပ်လှမ်းလှမ်းသောင်ပြင်ပေါ်သို့ မျက်စိရောက်သွားသဖြင့် သူမ ထိတ်လန့်သွားသည်။ သောင်ပြင်ပေါ်မှာ လမ်းလျှောက်နေသည့် လူနှစ်ယောက်။

ထိုလူနှစ်ယောက်ထဲမှ တစ်ယောက်သည် သူမတို့ကို ရန်ကုန်မှာ ကားနှင့်ဖမ်းဆီးသွားသူ။ သေချာရဲ့လား။ သူမ မျက်စိများ မှားလေသလား။

''ဘာလဲ. . . ဘယ်သူ့ကိုမြင်လိုက်လို့လဲ''

ခင်သတိုး တစ်နေရာသို့ စူးစိုက်ကြည့်ရင်း ငြိမ်သက်သွားသောအခါ သူက အရိပ်လိုက်ကြည့်နေသူပီပီ သူမ၏အနားသို့ရောက်လာ၏။

''ဟိုမှာ. . . သောင်ပြင်ကလူတွေကြားထဲက နှစ်ယောက်ကို ရှင်သိလား''

မြင်တာနှင့် သူစိမ်းပုံပေါက်နေသူ နှစ်ယောက်က အများကြားထဲမှာ ခပ်ထင်းထင်း။

''ဘယ်သိမလဲ၊ အဲဒါ ရွာခံတွေမှမဟုတ်တာ။ မခင်သတိုးနဲ့ရော သိသလား။ သူတို့အကြောင်း ကိုယ်စုံစမ်းပေးရမလား''

''ကျွန်မနဲ့လည်း ဘယ်သိမလဲရှင့်၊ အဲဒီလူတွေ ကျွန်မကိုဒုက္ခပေးဖူးတယ်။ ရှင်ကလည်း ထိုင်၊ ကွယ်ပြီးကြည့်ပါ။ ဟိုမှာ သူတို့ ဒီအိမ်ကိုလှမ်းကြည့်နေတယ်။ ဒုက္ခပဲ. . . ကျွန်မစိတ်ညစ်တယ်၊ ကြောက်တယ်၊







www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီးတို့သားအဖကလည်း ဘယ်ရောက်နေပါလိမ့်။ သူတို့မှာ လျှော် လည်နေဖို့ပဲသိတယ်"

ခင်သတိုး တကယ်ပင် စိတ်ညစ်လာရပါသည်။ ပြဿနာတွေ တက်တော့မည်။ သူတို့၏ပစ်မှတ်သည် ကိုယ်လား ကလေးလား။ ကိုကို ကြီးအတွက်လည်း သူမစိုးရိမ်ပါသည်။

"ရှင် သူတို့ကို စောင့်ကြည့်အကဲခတ်ပေးနေနော်။ ကျွန်မ မီးဖို ထဲကိုသွားမယ်။ သေချင်တာပဲရှင်. . . လောကကြီးက ပျော်စရာကောင်း နေရင် လူဆိုးတွေ ပေါ်လာတော့တာပဲ"

အသွားကြီးအိုလေးနှယ် ညည်းတွားရင်း ခင်သတိုး မီးဖိုထဲသို့ ရောက်သွားရပြန်သည်။ ဗသက် လုပ်ကိုင်ထားသည်များကို သူမ ဆက် လုပ်ရပါမည်။

"ရှင် သူတို့ကို ကွယ်ပြီးကြည့်နေနော်၊ ရှင့်ကို သူတို့မမြင်စေ နဲ့။ ရှင်ဟာ ကျွန်မတို့နဲ့ပတ်သက်ကြောင်း သူတို့မသိမှဖြစ်မယ်"

စိုးရိမ်ထိတ်လန့်နေသည့် ခင်သတိုးကို ဗသက်က ဖျောင်း နှစ်သိမ့်၏။

"ဒီလောက်မစိုးရိမ်ပါနဲ့ ခင်သတိုးရယ်၊ မင်းရှေ့မှာ ကိုယ်အမြဲ ရှိနေပါ့မယ်"

"အပိုတွေရှင်၊ ရှင် ကျွန်မအနားမှာ နှစ်ဆယ့်လေးနာရီ မနေ နိုင်ပါဘူး။ သူတို့ဒုက္ခပေးချင်ရင် အလွယ်လေးရယ်။ တစ်ခုတော့ရှိတယ် သူတို့အလိုရှိတာ ကျွန်မတော့ မဖြစ်နိုင်ဘူး။ ကလေးကိုလား၊ ကိုကိုကြီး ကိုလား။ တစ်ယောက်ယောက်ဖြစ်မယ်။ ဒါပေမဲ့ ကျွန်မကိုလည်း အ ပေးမှာပါပဲ"





"ကဲပါ ခင်သတိုးရယ်၊ ဘာပဲဖြစ်ဖြစ် မင်းနဲ့ပတ်သက်ရင် အား လုံးကို ကိုယ်အတတ်နိုင်ဆုံး ကူညီသွားပါ့မယ်။ မင်းအိမ်ရှေ့မှာ ဓားထမ်း ပြီး စောင့်ပေးရမယ်ဆိုလည်း ပြော"

"အရေးထဲရှင်. . . ရွှတ်နောက်နောက်တွေ ပြောမနေစမ်းပါနဲ့။ အဲဒီလူတွေ ဘယ်မှာတည်းပြီး ဘယ်လိုအကြောင်းပြချက်နဲ့ လာတယ် ဆိုတာသာ ရှင်စုံစမ်းပေး။ ကျွန်မကိုလည်း ပစ်မထားနဲ့။ အခု နေ့လယ် ကြီးတော့ သူတို့ ကျွန်မကို တက်ဆွဲမှာမဟုတ်ဘူး။ သူတို့ ဒီကထွက် သွားတာနဲ့ ရှင် ကျွန်မခိုင်းတာသာ လုပ်ပေးပေတော့။ သွားရင်းနဲ့ ကိုကို ကြီးတို့သားအဖကိုတွေ့ရင်လည်း အိမ်ကိုအမြန်ဆုံးပြန်ခဲ့ကြဖို့ ပြောပေး ပါ"

အခြေအနေတွေ အရေးကြီးနေပြီမို့ ဗသက် တည်ကြည်လေး နက်သွားခဲ့သည်။ ခင်သတိုး ဤမျှထိတ်လန့်နေသည်ကိုလည်း သူ မကြည့် ရက်။

"စိတ်ချပါကွယ်၊ မင်းနိုင်းတဲ့အတိုင်း ကိုယ်စုံစမ်းပေးပါ့မယ်။ ကျေးရွာအဖွဲ့အစည်းတွေဘာတွေကို အကြောင်းကြားထားလိုက်ရင်ရော ကောင်းမလား"

"ဘာမှအခြေအမြစ်မရှိဘဲနဲ့ သူတို့ကိုသွားဖမ်းလို့ ဖြစ်မလား ရှင့်။ ကဲပါ. . . ရှင်သာ သူတို့ဘာလာလုပ်သလဲ၊ ဘယ်မှာနေသလဲ သွား စုံစမ်းပေး"

မကြာမီ ဗသက်လည်း အရေးတကြီးထွက်ခွာသွားလေသည်။

◙◙◙



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

"ခင်သတိုး အရေးကြီးလို့ဆို၊ ဟိုတောသားပြောသွားလို့၊ ဘာလဲ...သူက အိမ်လာလည်တဲ့အဆင့်ထိ အရေးပါနေပြီလား။ သူ လာလည်တာ ဘယ်နှခါရှိပြီလဲ"

အိမ်ပေါ်သို့ အရေးတကြီးတက်လာပြီး သုန်မှုန်နေသည့် ကိုကိုကြီးအသွင်က ရည်းစားလူလု အူနုကျွဲခတ်အသွင်။

"သမီးရော...အခု အရေးကြီးနေပြီ၊ သိလား။ ကလေးတစ်ယောက်တည်း ထားမပစ်ခဲ့နဲ့တော့"

သူတစ်ယောက်တည်း ပြန်လာသည်မို့ ခင်သတိုး စိတ်ပူသွားရပြန်သည်။ တစ်ဖက်ကရန်သူများသည် ကလေးကို ရန်ရှာမှာစိုးရသည်။

"ဘာဖြစ်လို့လဲ၊ ဒီလောက်ခေါင်တဲ့ရွာကို ဘယ်ရန်သူက လိုက်လာနိုင်မှာမို့လို့လဲ။ ဟိုကောင်က မင်းရှေ့မှာ မင်္ဂလာယူချင်တာနဲ့ ခြောက်လှန့်တိုင်း လိမ့်ပိန့်ကြောက်မနေနဲ့ကွ"

မီးဖိုခန်းပေါက်ဝမှာ ခါးကြီးထောက်ပြီး ကိုကိုကြီး ဒေါပွနေသလို





ခင်သတိုးကလည်း ဒေါပွပါသည်။ သူတစ်ပါးအပေါ် တော်တော်အထင်သေးသည့် လူကြီးပါပင်။

"ရှင် သူတစ်ပါးကို အရမ်းစွပ်စွဲမနေနဲ့သိလား။ ဒီရန်သူက သူခြောက်တဲ့ရန်သူမဟုတ်ဘူး။ ကျွန်မတို့ကို ရန်ကုန်မှာတုန်းက ဖမ်းပြီးကားပေါ်တင်ခေါ်သွားတဲ့ရန်သူတွေရှင့်။ အဲဒါ ရှင်သိရဲ့လား။ ကျွန်မက ဘာမှမဖြစ်ဘူး။ ရှင့်တို့သားအဖကသာ သူ့ဒွေးတွေ၊ ဖာတ်ရှုပ်တွေ၊ အဲဒီရန်သူတွေဟာ ရှင့်နောက်လိုက်လာတာပဲဖြစ်ရမယ်။ တော်ပြီ...စေတနာထားလို့ ထားမှန်းမသိအောင် ရှင် ရိုင်းပျနေတဲ့နောက် ရှင်လည်း သေချင်သေ၊ ကျွန်မလည်း သေချင်သေ...အေးရော"

ချက်ပြုတ်ပြီးစီးသွားသည့် မီးဖိုထဲမှာ သိမ်းဆည်းရှင်းလင်းနေရင်းမှ ခင်သတိုး မျက်ရည်ကျရသည်။ သူမရင်ထဲမှာ သောက ဒေါသများနှင့် သူ့အတွက် စိုးရိမ်ပူပန်မှုများကြောင့် ဗလောင်ဆူနေ၏။ ဒါတွေ သူသိရဲ့လား။ အိုလေ...သူမသိတာဘဲ ကောင်းပါတယ်။

ခင်သတိုး တိတ်တနိုးမျက်ရည်ကျနေတာမြင်ရလျှင် ကိုကိုကြီး ထိတ်ပျာသွား၏။ သူ့ရင်ထဲမှ သောကထုထည်ကလည်း မသေး။ သူ မီးဖိုထဲသို့ ဝင်လာဖြစ်တော့သည်။

"မငိုပါနဲ့ ခင်သတိုးရယ်၊ မင်းမျက်ရည်တွေက ကိုကိုကြီးရဲ့ရင်ကို ပူလောင်လွန်းလှပါတယ်။ ကိုယ် အခုဘာတွေခံစားနေရသလဲ၊ မင်းသိလား"

သူက ခင်သတိုး၏ပခုံးနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင် ဖျစ်ညှစ်သည်။

"ကိုယ် အခု ကိုယ့်လက်ရှိပြဿနာတွေကို မေ့သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘဝဟာ အဓိပ္ပာယ်မရှိတော့သလိုပဲ။ ကိုယ့်ရင်ထဲမှာ မင်းပဲ။ မင်း အခု ကိုယ့်ကိုလွှမ်းမိုးချုပ်ကိုင်သွားပြီ''

သူဆုပ်ကိုင်ထားသည့်လက်များကို ခပ်ကြမ်းကြမ်းပုတ်ချရင်း ခင်သတိုး မိုက်ကြည့်ပြန်ကြည့်သည်။

''ကျွန်မကို ဒီလိုလာပြီး လုံးမချနဲ့...သိလား။ လောကကြီး အကြောင်းကို ကျွန်မ ဘာမှမသိပေမယ့် ရှင့်အကြောင်းကိုတော့ ကျွန်မ ကောင်းကောင်းသိတယ်။ ရှင် ကျွန်မစေတနာတွေကို မစော်ကားနဲ့။ ရှင် တို့သားအဖကို ကျွန်မ စေတနာရှိတယ်၊ မေတ္တာရှိတယ်။ ဒါပေမဲ့ ကျွန်မ မေတ္တာက တစ်မျိုးနော်။ ရှင်ထားသလိုနေ၊ ရှင်စေသလိုသွားပြီး ရှင့်အိမ် ထောင်ထဲဝင်ရမယ့် ပုလဲနီလိုမေတ္တာမျိုး မဟုတ်ဘူး''

''ကျွန်မကို ရှင့်အဓိပ္ပာယ်နဲ့ရှင် ချစ်တယ်...ချစ်တယ်လို့ လာ မပြောနဲ့၊ သိလား။ ကျွန်မ လူသတ်မိလိမ့်မယ်။ ရှင်ဆိုလိုတဲ့အဓိပ္ပာယ်ကို သိနေတဲ့နောက် ကျွန်မ ဘယ်လိုလုပ်ပြီး မျက်စိမှိတ် ပျော်နိုင်မှာတဲ့လဲ။ ဒီအတိုင်းသာ အလိုက်သင့်သာနေလိုက်၊ ကျွန်မတတ်နိုင်သမျှ ရှင်တို့ သားအဖကို စောင့်ရှောက်မယ်၊ ပြုစုလုပ်ကျွေးသွားမယ်၊ ကဲ...အခု ရှင် သမီးကို ရွာထဲမှာသွားခေါ်ပါ။ နောက် ကလေးကို တစ်ယောက်တည်း မထားခဲ့ပါနဲ့''

ခင်သတိုး၏စကားအရှည်ကြီးကြောင့် ကိုကိုကြီး မချိတင်ကဲ ဖြစ်သွားရသည်။ နားလည်မှုတွေလွဲနေသည့် ကောင်မလေးကိုလည်း စိတ် ကုန်သည်။ သို့သော် သူမ၏စကားလုံးခပ်ကြမ်းကြမ်းများထဲမှာ သူမ၏ စေတနာတွေကိုလည်း အထင်းသားမြင်နေရသဖြင့် ကိုကိုကြီး ခွင့်လွှတ် လိုက်ပါသည်။





သူ့အမိန့်အတိုင်း ရွာထဲသို့ ကလေး သွားခေါ်လိုက်ပါသည်။

''သူတို့လာတာ နှစ်ယောက်ပဲ၊ ရွာကို ငါးခြောက်လာသိမ်းတာ တဲ့။ ဟုတ်တယ်...ငါးခြောက်စင်တွေလိုက်ကြည့်ပြီး ပိုက်ဆံတွေ စရံ လျှောက်ပေးနေတယ်။ ဒါပေမဲ့ ရွာမှာက ဒီပြင်ကုန်သည်တွေက လက် ဦးပြီးသားဖြစ်နေတယ်လေ''

နေ့လယ်စာစားပြီးချိန်လောက်တွင် အိမ်သို့ ဖသက် ပြန်လည် ရောက်ရှိလာခဲ့သည်။ သမီးကိုချော့မော့ပြီး တစ်ရေးသိပ်ထားသဖြင့် အိမ် ရှေ့ခန်းစကားဝိုင်းမှာ ခင်သတိုးတို့သုံးယောက်သာရှိ၏။

''သူတို့ကလည်း ငါးခြောက်မလိုချင်တာနဲ့ အတော်ပဲပေါ့။ ဟန် ပြလုပ်နေတာပဲလေ။ သူတို့ ဘယ်မှာတည်းသလဲ''

''ရွာလူကြီးအိမ်နားမှာ တည်းတယ်၊ ရွာလူကြီးကလည်း ပညာ တတ်မဟုတ်တော့ သူတို့အကြိုက်ပေါ့''

ကိုကိုကြီးကမူ စကားတစ်ခွန်းမျှ ဝင်ပြီးမဆွေးနွေးချေ။ အဝေး မှိုင်ပင်လယ်ကြီးကိုသာ မျှော်ငေး တွေးဆလျက်။

''ခင်သတိုးတို့ အခုနေတဲ့အိမ်က ရွာစွန်ဖြစ်နေတယ်။ ကိုယ်တို့ ခြံဝိုင်းထဲမှာ အိမ်တစ်လုံးရှိသေးတယ်။ အစကတော့ ကိုယ့်အစ်မ လင် ယားနေတယ်လေ။ အခု သူတို့က ကြီးပွားသွားတော့ မြို့ကိုပြောင်း သွားကြပြီ။ အဲဒီအိမ်ကို ပြောင်းခဲ့ကြပါလား''

ဖသက်၏စကားကြောင့် ကိုကိုကြီး တွေဝေ ငေးမောနေရာမှ ဆတ်ခနဲလှည့်ကြည့်သည်။ သို့သော် ဘာစကားမှမပြောဘဲ ပင်လယ်ကြီး သို့ တစ်ဖန်ပြန်ငေးပြန်လေ၏။

ကိုကိုကြီး အသွင်ကိုကြည့်ရင်း ခင်သတိုး အသည်းယားမိသည်။

www.burmeseclassic.com



သူနှင့်မဆိုင်သည့်အတိုင်းပဲ။ အန္တရာယ်ဆိုတာကြီးကို သူ မယုံကြည်ဘူး လားမသိ။ သူမတို့ ပင်လယ်ရွာကိုရောက်နေသည်မှာလည်း ငါးရက်တိတိ ကြာသွားပြီဖြစ်သည်။ တစ်ဖက်ရန်သူများသည် ငါးရက်နှင့် အနံ့ခံလိုက် လာနိုင်စွမ်းရှိပေစွ။

''ဗသက်ပြောတာ ကိုကိုကြီး သဘောတူသလား။ ရွာထဲမှာ ဆိုတော့ ပိုကောင်းမှာပေါ့နော်။ ရန်သူတွေ အတင့်မရဲနိုင်ဘူးပေါ့''

ခင်သတိုးစကားကြောင့် ဗသက် အားတက်သွားသော်လည်း ကိုကိုကြီးကတော့ မထီတရီရုပ်နှင့် သူမကိုလှမ်းကြည့်သည်။

''မင်းကြောက်ရင် မင်းတစ်ယောက်တည်း လိုက်သွားလေ ကိုယ်တို့သားအဖကတော့ သေချင်သေ ရှင်ချင်ရှင်. . .ဒီအိမ်မှာပဲ နေမယ်''

''ဟင်! ရှင်. . . ရှင်''

မထင်မှတ်သည့်စကားကိုကြားလိုက်ရသဖြင့် ခင်သတိုး ဟန် မဆောင်နိုင်တော့။ နှလုံးသားသည် မီးလျှံထဲပစ်ချခံလိုက်ရသည့်နှယ် ဟုန်း ခနဲလောင်မြိုက် ပြာကျသွားသလို သူမ ခံစားလိုက်ရသည်။ ပိုးပိုးပေါက် ပေါက်ကျလာသည့် မျက်ရည်များကို မျက်စိမှိတ် ငြင်းပယ် ရမ်းခါရင်း ကြွတက်လာသည့် သောကရင်ဘတ်ကို တင်းတင်းဖိထားမိလေ၏။

အိမ်ကလေးပေါ်မှ သူမ ဘယ်လိုပြေးဆင်းပြီး သောင်ပြင်ပေါ် ဘယ်လိုပြေးလွှားနေမိမှန်း မသိတော့ပါ။ နေ့လယ်ခင်းနေပူရှိန်အောက် မှာ သောင်ပြင်လမ်းတစ်လျှောက် သူမ ပြေးလွှားနေမိလေတော့သည်။

သူမနောက်မှ အသံတွေ၊ တစ်ခုလား နှစ်ခုလား။ ဘယ်နှစ်ခု ဖြစ်ဖြစ်။





အို. . . စကြဝဠာကြီးရယ်။ နတ်ဆိုးတစ်ယောက်လို ဆိုးရွားလှ တဲ့ သူ့ကိုမှ ကျွန်မချစ်မိသွားခဲ့သတဲ့လား။ နှလုံးသားတွေ လောင်ဟပ် ပြာကျသွားအောင် သူရက်စက်ခဲ့တာတောင်မှ. . .

ကျွန်မ ခံစားရတုန်းပဲနော်. . .

ဥပေက္ခာတရားတွေ ကျွန်မကို ပေးစွမ်းစမ်းပါတော့။ လောက ကြီးရယ်. . . သောင်စမ်လမ်းတစ်လျှောက်သောမှ အုန်းပင်ညိုများက ရိပ် ခနဲ ရိပ်ခနဲ။

ငယ်ငယ်တုန်းက ရောဝတီမြစ်ကမ်းပါးမှာ အပြေးလေ့ကျင့်ခဲ့ သလိုပဲ ခင်သတိုး ပြေးလွှားနေမိတော့သည်။

မီးလောင်မြေနှယ် သူမ၏မီးသင့်နှလုံးသားများက ယခုကျမှ နေသာထိုင်သာ ရှိသွားခဲ့သလို။

''ခင်သတိုး''

တောရိုင်းတောင်ရိုင်းများနှင့်မို့ သူမကိုခေါ်သည့်အသံက မကောင်း ဆိုးဝါးများ ညာသံပေးပြီး လိုက်လာသည့်နှယ် အရုပ်လေးမျက်နှာသို့ ပွဲ တင်ညံ့လျက်။

သူမ လှည့်မကြည့်ခဲ့။ အသံရှင်ဟာ မည်သူပဲဖြစ်ဖြစ် ခင်သတိုး လှည့်မကြည့်ချင်တော့ပါ။ လောလောဆယ် သူမ ပြေးလွှားနေရသည်ကို ပဲ နှလုံးသားက နာကျင်မှုသက်သာသည်ဟု ထင်မှတ်မိ၏။

ဟိုး. . . သောင်ပြင်ဆုံးတဲ့အထိ၊ နောက်ဆုံး မိုးကုတ်စက်ဝိုင်း ကြီးအထိ ရောက်ချင်ရောက်ပါစေ၊ သူမ ပြေးမည်။

''ခင်သတိုး. . . အား. . .''

ပွဲတင်ညံ့နေသည့်အသံမှာ နာကျင်မှု စွက်ဖက်နေသဖြင့်၊ ခင်



www.burmeseclassic.com

www.burmeseclassic.com



သတိုး ရုပ်တဲ့ လှည့်ကြည့်လိုက်သည်။

"ကိုကိုကြီး"

နေရာမှာ မတ်တပ်ရပ်လိုက်တော့ သူမ မောဟိုက်ပန်းလျ... ခဲ့သည်။ သူမရောက်ရှိနေရာ အုန်းပင်အောက်မှာ အရုပ်ကြိုးပြတ် ... ချရင်း သူ့ကို ခင်သတိုး မှန်းမျှော်ကြည့်လိုက်သည်။

ကိုကိုကြီးရယ်. . . ကျွန်မတို့ ဝေးကြပါစို့နော်။ နှလုံးသား... ဘက်မညီတဲ့ဘဝမှာ ကျွန်မတို့ ကိုယ့်စိတ်ကို အလိုမလိုက်သင့်ပါဘူ...

မိန်းမသားဘဝဆိုတာ ပန်းကလေးလိုပါပဲ။

နေညိုညိုမှာ အငိုနဲ့ ကျွန်မ ဇာတ်မသိမ်းချင်ဘူး။ သော... လမ်းတစ်လျှောက် ကန္တာရခရီးသည်လို ခြေတစ်ဖက် ဒရွတ်ဆွဲလျ... သူ ပင်ပန်းမောဟိုက်စွာ လျှောက်လှမ်းလာသောအခါ ခင်သတိုး ... ငိုပစ်ချင်လောက်အောင် နှလုံးသားက ပင်ပန်းဆင်းရဲလွန်းလှသည်။ ... သော် သူမ သူ့ကို ဖေးမ ပြေးမကြိုမိပါ။

သူ့အသွင်က အိုစာနာကျင်လျက်။ ရွှေမင်းသားကြီး၏ ... ပတာနှလုံးသားသည် နာရီချိန်သီးနှယ်။ အချိန်တန်တော့လည်း ပုံမှ... ဖြစ်သွားမှာပါ။

"ခင်သတိုး"

သူက သူမ၏အနီးမှာ ပစ်လှဲပုံချရင်း အုန်းပင်ရိပ်မှာ မျက်... နားနေလျက်။ ကိုကိုကြီး စကားမပြောနိုင်။ ထို့အတူ သူမလည်း ... မပြောမိ။ ပင်လယ်လေညင်းနုထဲမှာ ခင်သတိုး၏ရှိုက်သံသဲ့သဲ့နှင့် ကို... ကြီး၏အသက်ရှူသံတို့သာ စီးမျောနေကြသည်။

"မင်း တော်တော်ရက်စက်တဲ့သူငယ်မပဲ"





သူပြောချင်တာ ပြောပါစေ။ သူမ နှုတ်တုန့်မပြန်မိ။ သူချစ်နေ... ...မှာထက် သူမုန်းသွားမှာကိုပဲ ခင်သတိုး ရူးမိုက်စွာ အလိုရှိသည်။ သူမ ...သွပ်နေပြီလားပင် မသိတော့။

"သမီးတစ်ယောက်တည်းမို့ ဗသက်ကို အစောင့်ထားခဲ့တယ်"

ရှိုက်သံစဲရန် နှုတ်ခမ်းကိုတင်းတင်းကိုက်ပြီး ခင်သတိုး သူ့ကို ...ငေးစိမ်းစိမ်းကြည့်နေမိသည်။ သူ့ကို ဘာစကားမျှပြောမနေချင်တော့။ ...နေ့လည်းမတွေ့ချင်။

"ဘာလို့ တစ်ယောက်တည်း စွတ်ပြေးရတာလဲကွာ။ ကိုကိုကြီး ...မှာ အဘိုးကြီးဖြစ်နေပြီ. . . သိလား။ မင်းနောက်ကို မင်းလိုပြေးလိုက်ရ ...ရာ နောက်တစ်ခါဆို သေမှာပဲ။ အခု ကိုကိုကြီးခြေထောက် လေဝင် ...သွားသလား၊ ခြေခေါက်သွားသလားမသိဘူး။ အပြန် မင်းပဲ ကိုကိုကြီး ...ကို ထမ်းခေါ်ပေတော့။ ဒါမှမဟုတ် မင်းအဆက်ကလေးကို ထမ်းခေါ် ...ခိုင်း"

သူဘာပဲပြောပြော ခင်သတိုး စကားပြန်မပြောမိပါ။ အုန်းပင်မှာ ...ရင်း ခပ်လှမ်းလှမ်းမှ ပင်လယ်ကြီးကိုသာ ငေးမျှော်ကြည့်နေမိခဲ့သည်။ ...သားတွေသာ ပင်လယ်ကြီးလို အမြဲတမ်း တစ်ရောင်တည်း ခြယ်နေ ...ရင် ဘယ်လောက်ကောင်းလိုက်မလဲ။

"ကဲ! အခု ကိုကိုကြီးတို့ ဘယ်လိုလုပ် ပြန်ကြမလဲ။ ရွာနဲ့လည်း ...တော်တော်ဝေးခဲ့ပြီ။ ဒီလိုလုပ်ကွာ. . . ကိုကိုကြီးကို မင်းတွဲ၊ တော်ရုံတွဲလို့ ...တော့ မရဘူးနော်။ မင်းခါးကိုဖက်၊ ပခုံးကိုဖက်ပြီး ဟီးလေးခိုလိုက် ...ပြီမှရမှာ။ အား. . . ကျွတ်! ကျွတ်! ခြေခေါက်သွားသလား မသိပါဘူး ...။ ချက်ချင်းပဲ ရောင်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း...ကျွန်မ ကိုကိုကြီးကိုမုန်းတယ်"

"ကဲပါ...မုန်းကာမှမုန်းရော၊ တွေ့တာတော့တွေ့ရမှာပဲ။ နော ပြီးမှ ဆက်မုန်း။ လာ...လောလောဆယ် ကိုကိုကြီးကိုဆွဲထူ"

သူက ဖြူနုသွယ်လျသည့် သူ့လက်များကို လှမ်းပေးသည် ခင်သတိုး သူ့ကိုဆွဲမထူပါ။ ထို့အတူ ကိုယ်တိုင်လည်း မထသေး။

"ထပါ ခင်သတိုးရယ်...အိမ်မှာ သမီးတစ်ယောက်တည်း ဗသက်က သူစိမ်းပါ။ ကိုကိုကြီး သမီးအတွက် စိတ်ပူတယ်။ မင်းမြ တဲ့အန္တရာယ်တွေကလည်း ရှိသေးတယ်မဟုတ်လား"

"ဒါဖြင့်လည်း ဘာဖြစ်လို့ ကျွန်မနောက် လိုက်လာရတာလဲ ကျွန်မက ဘာမှတန်ဖိုးမရှိတဲ့မိန်းမပါ။ စိတ်ရူးပေါက်တိုင်း လျှောက်သွား နေတတ်တဲ့ အရူးမ"

သူက ခင်သတိုးပါးစပ်ကို သူ့လက်ဖဝါးနုနုများဖြင့် လှမ်းပိတ် ပြီး ညှိုးငယ်စွာ လှမ်းကြည့်ခဲ့သည်။

"ဒီလိုမပြောပါနဲ့ ခင်သတိုးရယ်၊ သမီးဘဝကို မင်းလည်း နား လည်ရဲ့နဲ့ ခင်သတိုးရယ်။ ကိုကိုကြီးဘဝမှာ သမီးအရေးပါသလောက် မင်းလည်း အရေးပါပါတယ်။ မတူညီတဲ့အချစ်တွေကိုတော့ မနှိုင်းယှဉ် ပါနဲ့အချစ်ရယ်။ ကဲပါ...ကိုကိုကြီးတို့ ပြန်ကြပါစို့နော်"

သမီးကို ခင်သတိုး သနားပါသည်။ လူတစ်လုံးသူတစ်လုံးသည် ဖြစ်စေချင်ပါသည်။ အထူးသဖြင့် သမီးကို ပုံမှန်ဘဝလေး ဖြစ်စေချင် သည်။

သို့သော် ခင်သတိုး ကိုကိုကြီးကို မကျေနပ်ပါ။ သူ့ကိုယ် ချစ်သည့်အတ္တနှင့် သမီးကိုချစ်သည့်အတ္တများကြားမှာ အဘယ်ကြောင့်



ပန်းကလေးတွေကို မြေစာပင်အဖြစ် ထွေခင်းကစားချင်ရသလဲ။

လောလောဆယ် သူ့ကိုမတွဲလျှင်လည်း သူမတို့ အိမ်ပြန်ရောက် နိုင်မှာမဟုတ်သဖြင့် ခင်သတိုး သူ့ကိုတွဲထူလိုက်ရသည်။

"အား..."

သူ့ခြေထောက်က အမှန်ပင် ရောင်ရမ်းလာသဖြင့် အထိမခံ နိုင်၊ မထောက်နိုင်ဖြစ်နေခဲ့သည်။ သူမ ငယ်ငယ်ကလည်း ခြေခေါက်လဲ ဖူးပါသည်။ အင်မတန်နာကျင်သဖြင့် မျက်ရည်ပေါက်ပေါက်ကျလုမတတ်၊ သူမခေါင်းကို အားပြုဖေးကိုင်ရင်း သူ ဒရွတ်ဆွဲလျှောက်နေရပုံမှာ မသက် သာရှိလှသည်။

"ကိုကိုကြီးကို ထားခဲ့တော့ကွာ၊ ခင်သတိုး အိမ်ကိုပြန်ပြေး။ သမက်ကိုသာ လွှတ်လိုက်တော့။ သူ့မှာ စက်လှေရှိတယ်မဟုတ်လား။ ကိုကိုကြီး မလျှောက်နိုင်တော့ဘူး။ ခင်သတိုးကိုလည်း အားနာတယ်"

သူက သူမခေါင်းကိုပြန်လွှတ်ရင်း အုန်းပင်ရိပ်မှာ ပြန်ထိုင်သည်။ သူပြောသလိုလုပ်ဖို့ ခင်သတိုး စဉ်းစားကြည့်၏။ မဖြစ်ပါ။ သူ့တစ်ယောက် တည်းထားခဲ့ဖို့ သူမ ဘယ်လိုမှ စိတ်မချ။ အန္တရာယ်ဆိုတာကြီးကို မေ့ ထားလို့မရ။

"ကျွန်မကို အားမနာပါနဲ့၊ ကိုကိုကြီးကို ကျွန်မတွဲခေါ်သွားမယ်၊ တစ်ယောက်တည်းတော့ ဘယ်လိုမှမထားခဲ့နိုင်ဘူး"

"ဒါနဲ့ စောစောက မင်းပြောတော့ မုန်းတယ်ဆို"

သူ့စကားကို ခင်သတိုး ဖြေရှင်းချက်မထုတ်ခဲ့။ သူ့ကိုသာ ဆွဲ ထူ ထရပ်စေခဲ့သည်။

'ယောက်ျားပဲ...အားတင်းလိုက်စမ်းပါ။ ကောင်းတဲ့ခြေထောက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ အားပြုလျှောက်ပေါ့။ ကျွန်မကိုမှီပါ''

ခင်သတိုးကိုတွဲရင်း သူတို့လျှောက်လာခဲ့ကြရသည်။ ခရီးတော့ သိပ်မတွင်။ လမ်းတစ်လျှောက် ကိုကိုကြီး၏ညည်းတွားသံများကသာ မင်း မှုနေခဲ့သည်။

◘

''မခင်သတိုး''

အဝေးကြီးမှပင် ပဲ့တင်ထပ်နေသည့် အသံစူးစူးသြသြကြောင့် ဖသက်လိုက်လာမှန်း သူမတို့သိလိုက်ကြရသည်။ ကိုကိုကြီးက ရှုံ့မဲ့သွား သော်လည်း ခင်သတိုးမှာ အားတက်ဝမ်းသာသွားရသည်။

သူ ဘယ်လိုမှလမ်းဆက်မလျှောက်နိုင်တော့သဖြင့် အုန်းပင် တစ်ပင်ရိပ်မှာ သူမတို့ နားခိုနေကြခိုက်မို့ ဖသက် ရောက်လာတာသည် အားတက်ဖွယ်။

''သမီးရော. . .သမီးတစ်ယောက်တည်း ထားပစ်ခဲ့ရသလား ကျွတ်! ဒုက္ခပဲ၊ ခင်သတိုး အိမ်ကိုအမြန်ပြေးစမ်း။ တော်ကြာ သမီးကို သူတို့ဖမ်းခေါ်သွားကြလိမ့်မယ်''

မြင်းရိုင်းတစ်ကောင်လို ကြံ့ခိုင်သန်စွမ်းသည့်ဖသက်အသွင်က ဤမျှပြေးလာရသော်လည်း မောပန်းဟန်မရှိ။ သူ၏မျက်နှာမှာ စိုးရိမ်စိတ် နှင့် ခင်သတိုးကို ဘေးမသီရန်မခ တွေ့လိုက်ရသဖြင့် ဝမ်းသာစိတ်တို့ သာ အထင်းသားပေါ်နေကြသည်။

''သမီးကို ကျွန်တော့်အိမ်ပို့ထားခဲ့ပါတယ်။ သမီးအတွက် စိတ် မပူပါနဲ့။ ခင်ဗျားတို့ တော်တော်ကြာနေတော့ စိတ်ပူတာနဲ့ ကျွန်တော်





လိုက်လာတာ။ ဘယ်လိုဖြစ်တာလဲ မခင်သတိုး''

ဖသက်က ရည်မွန်စွာ ရှင်းပြပြီးနောက် ခင်သတိုးကိုသာ အရေး တယူ ရှုန်းရှုန်းစားစားမေးလိုက်သည်။

''သူ ခြေခေါက်လဲသွားလို့ အဲဒါ လမ်းဆက်မလျှောက်နိုင်တော့ တာနဲ့ ဒုက္ခရောက်နေတာ။ ဖသက် လိုက်လာလို့ပေါ့''

ခင်သတိုး၏ အားကိုးတကြီးလေသံကို ကိုကိုကြီးက သဘော ကျပုံမရ။ သို့သော် သူဘာမှပြောမနေတော့။

''ကဲ! ခင်ဗျားကို ကျွန်တော် ထမ်းခေါ်မယ်။ မခင်သတိုးက နောက်က လိုက်ခဲ့ပေတော့။ လျှောက်နိုင်ရဲ့လား။ မင်းကြည့်ရတာလည်း အရမ်းပင်ပန်းနေတာပဲ။ နောက် တစ်ခုခုကို မကျေနပ်ရင် နေရာမှာတင် ခြေဆင်းငိုပစ်လိုက်၊ သိလား။ မဖြစ်ပါဘူး. . .ခင်သတိုးကို မိန်းကလေး ပီသသ နေတတ်ပြုမူတတ်အောင် သင်ပေးဦးမှပါ။ သောင်ပြင်ကြီးဆုံး အောင် လျှောက်ပြေးနေတော့ မင်း မောတာပေါ့ကွယ်''

ပြောတတ်သလိုပြော၊ ချော့တတ်သလို ချော့နေသည့် ဖသက် စကားကြောင့် ခင်သတိုးရင်ထဲ နင့်သွား၏။ တကယ်လည်း သူမ စိတ် ပန်း လူနွမ်းနေခဲ့သည်။ သို့သော် ကိုကိုကြီးကတော့ သူ့သမီးအတွက် အိမ်ကိုပင် အမြန်ပြန်ပြေးနိုင်းခဲ့သည်မဟုတ်ပါလား။

''မင်း ငါ့ကိုထမ်းနိုင်ပါ့မလား''

''ထမ်းနိုင်ပါတယ်ဗျာ။ ခင်ဗျားဟာ ကျွန်တော်ပစ်ခတ် ထမ်းပိုး ခဲ့ဖူးတဲ့သားကောင်၊ အမဲကောင်တွေလောက် မလေးပါဘူး''

''ဘာကွ''

သူတို့နှစ်ဦး၏ စကားပြောအဆင်မပြေမှုများကို ခင်သတိုး စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပူသွားသော်လည်း ဗသက်က ကိုကိုကြီးကို ဆွေ့ခနဲ မယူ၍ ညင်သာစွာ ထမ်းပိုးလိုက်သည်။

စကားတစ်ခွန်းမှ ထပ်မပြောတော့ဘဲ ရှေ့မှခပ်သုတ်သုတ်သွားနေသည့် ဗသက်နောက်သို့ သူမ အပြေးလိုက်ရလေတော့သည်။

◙◙◙



## အခန်း(၁၅)

ကျွန်မတို့ ဘယ်အချိန်ထိအောင် ဒီရွာမှာ နေအောင်းနေမှာလဲ။ ကိုကိုကြီးလုပ်နေတာ ဘာမှအဓိပ္ပာယ်မရှိဘူး''

ယခုတော့ သူမတို့အိမ်ကလေးက ပိုမိုစိုပြည်နေခဲ့သည်။ ခင်သတိုးဓါးဆန္ဒအရ ဗသက်က ညတိုင်း လာအိပ်ပေးနေလို့လည်းဖြစ်သည်။ အိမ်ရှေ့ခန်းမှ ဝါးဆက်တီလေးများမှာ လေးယောက်သား တီဗွီကြည့်ကြရင်း စကားစမြည်ပြောရင်း တစ်ခါတစ်ခါ လရောင်နှင့် ပင်လယ်ပြာကိုလည်း လှမ်းငေးကြည့်ကြသည်။

"ကျွန်တော်တော့ ဘာပဲဖြစ်ဖြစ် အခုလို မခင်သတိုးတို့ ရောက်နေတာ အရမ်းဝမ်းသာတယ်။ မပြန်ကြပါနဲ့ဦးဗျာ''

ဘာမသိညာမသိနှင့် စွတ်တင်နေသည့် ဗသက်ကို သူမ မျက်စောင်းထိုးလိုက်သည်။

"ရှင်လည်း ကျပ်ကျပ်သတိထား။ ပင်လယ်ထဲကို ငါးဖမ်းမခဲ့င်းဘဲ ကျွန်မတို့ဆီမှာချည်းပဲ အလုပ်ဆင်းနေလို့ ရှင့်မေမေက နှင်ချနေလိမ့်မယ်။ သိလား''



www.burmeseclassic.com

www.burmeseclassic.com



ခင်သတိုး၏ခပ်မာမာစကားကို သူက ဩဘာစာဖတ်ကြားခံရသည့်နှယ် တပြုံးပြုံးဖြစ်လျက်။

"ကိစ္စမရှိပါဘူးဗျာ၊ ဖေဖေနဲ့မေမေမှာ ဒီသားလေးတစ်ယောက်ပဲ ကျန်တော့တာပါ။ ငါးဖမ်းစက်လှေတွေက ကျောင်းတက်တုန်းကလည်း သူတို့အလုပ်သူတို့ လုပ်နေကြတာပါ. . . ရပါတယ်။ အခု ကိုယ် မေမေ့ဆီ ခွင့်တင်ထားတယ်လေ"

ဗသက်နှင့်သူမ၏ အပြန်အလှန်စကားများကို ကိုကိုကြီးက နှုတ်ဆိတ်နေခြင်းဖြင့် အသံတိတ်ဆန္ဒပြသည်။ သမီးကတော့ ဝါးစားပွဲလေးပေါ်မှ အစားအသောက်များကိုသာ တစ်ခုပြီးတစ်ခု ကောက်စားလျက်ရှိသည်။ စားပွဲပေါ်မှာ ငါးသလောက်ဥကြော်များနှင့် ပုစွန်ခြောက်သုတ် ဗသက်ယူလာသည့် အစားအစာများဖြစ်သည်။

သမီးက အစာစားလိုက်၊ သူ့ဖေဖေကို လက်နှင့်အမူအရာလုပ်ပြပြီး စကားပြောလိုက်နှင့် ပျော်ရွှင်ချမ်းမြေ့နေခဲ့သည်။ ဗသက်ကိုလည်း သူ ခင်ပါ၏။ ဗသက် လာအိပ်ပေးခဲ့တာလည်း နှစ်ရက်ရှိပြီဖြစ်သည်။ အခြေအနေတွေက အားလုံးငြိမ်သက်လျက်။

"အား. . . ကျွတ်! ကျွတ်! "

ညဘက်ရောက်လာလျှင် ကိုကိုကြီး၏ခြေထောက်ကအနာ ရှိုးလာခဲ့သည်။ ဆေးခန်းတွေဘာတွေ မသွားရဘဲ အကြောလိမ်းဆေး ဒဏ်ကြေလိမ်းဆေးများသာ လူးထားရသဖြင့်လည်းဖြစ်မည်။

"မနက်ဖြန်တော့ ကိုကိုကြီးကို ဗသက်ပြောတဲ့ ဆရာဝန်ဆီ လိုက်ပို့ပေးလိုက်ပါ။ သူက တော်ရုံတန်ရုံလူလောက်ဆီ ကုချင်တာမဟုတ်ဘူး"





"ဘယ်ဖြစ်မလဲ၊ မင်းတို့နှစ်ယောက်တည်း ကျန်ခဲ့မှာ စိတ်မချဘူး"

"ရပါတယ်ဗျာ၊ ဆရာဝန်ရှိတဲ့ရွာက ဒီလောက်လည်း မဝေးပါဘူး။ စက်လှေနဲ့သွားလိုက်ရင် တစ်မနက်ခင်းလောက်ပဲ ကြာမှာပါ။ နေ့ဘက်တော့ မခင်သတိုးတို့ ဘာမှမဖြစ်နိုင်ပါဘူး။ ဟုတ်တယ်. . . ခင်ဗျားခြေထောက်က ကြာရင်ပိုဆိုးသွားလိမ့်မယ်။ ပြီးတော့ ခင်ဗျားက ကျွန်တော်တို့လို အကြမ်းခံတာမဟုတ်ဘူး။ နုနုလေးရယ်"

ဗသက်၏စကားကို ကိုကိုကြီးက အဖက်လုပ်ပြီး ပြန်မပြောချင်။ သိန်းပေါင်းများစွာ ချမ်းသာကြွယ်ဝသည့်သူကြီးမှို ငါးဖမ်းသည့် တောသားအရိုင်းအစိုင်းလောက်ကို စကားပြန်မပြောချင်သည့်နှယ်။ ကိုကိုကြီးသည် ခင်သတိုးနှင့်လည်း ယခုတလော ရန်ချည်းဖြစ်နေရသည်။ ညနေက သမီးအောက်ဆင်းကစားနေတုန်း မီးဖိုထဲသို့ဝင်လာပြီး ရန်ဖြစ်ခဲ့သည့် သူ့စကားများကို ခင်သတိုး သတိရနေ၏။

"မင်းက အိပ်ဖန်စောင့်တွေဘာတွေနဲ့ပေါ့လေ ဟုတ်လား။ ဒီမှာ ခင်သတိုးရဲ့၊ မင်း အခုလို လန်းဆန်းတင့်တယ်နေနိုင်တာ ငါ့ရဲ့သစ္စာတရားကြောင့်ပါ။ ယောက်ျားတစ်ယောက်ရဲ့နောက်ကို ပေါက်လွှတ်ပဲစားလိုက်လာခဲ့ပြီး ခုထိ မင်း အပျိုရည်မပျက်သေးတာ ငါ့ရဲ့စောင့်ထိန်းနိုင်မှုကြောင့်လို့ပဲမှတ်။ မင်းသိပ်စွမ်းနေလို့လို့ ဘဝင်မမြင့်နဲ့။ မင်းဟာ ငါ့လက်ချုပ်ထဲက ရေပဲ"

"..."

"အေး. . . ငါ့ကိုတော့ အမြင်ကတ်အောင် လုပ်မလာနဲ့နော်။ မင်းအကောင် နောက် ညဘက် လာလာစောင့်အိပ်ရင် ငါ မင်းကို နေ့



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှာပဲ အရချစ်ပြလိုက်မယ်။ ချစ်တဲ့ကိစ္စဟာ ညဘက်ပဲလုပ်လို့ရတယ် မထင်နဲ့။ အချိန်မရွေး ဖန်တီးလို့ရတယ်. . . သိလား''

"ရှင် ကျွန်မကို နိုင့်ထက်စီးနင်းတွေ ပြောမနေနဲ့။ ကျွန်မစေတနာကို မစော်ကားနဲ့။ ကျွန်မ ရှင့်ရဲ့ငွေဝယ်ကျွန်မဟုတ်ဘူး။ ရှင့်ခြေထောက်က မထောက်နိုင်တော့ အရေးကြုံရင် အကူအညီရအောင် ဗသက်တို့ခေါ်ထားတာ. . . သိလား။ ရှင် ကျွန်မကို မထိနိုင်တာလည်း အထင်မကြီးပါဘူးနော်။ သမီးဆိုတဲ့တံတိုင်းကြီး ရှိနေသရွေ့ ရှင် ကျွန်မကို လက်ဖျားနဲ့တောင် တို့လို့မရတာ ကျွန်မသိတယ်။ ရှင် တစ်ခုခု ဉာဏ်များလာချင်ရင်လည်း ကျွန်မက သမီးရှေ့ ပြေးသွားလိုက်မှာပေါ့။ သွား။ ကျွန်မ ထမင်းချက်နေတာ လာမရှုပ်နဲ့။ ရှင် အပြင်မှာနေ၊ ကျွန်မ သမီးကို အခုအော်ခေါ်လိုက်ရမလား''

ဒီတော့မှ သူ အပြင်သို့ ပြန်ထွက်သွားခဲ့သည်။ မည်သို့ပင်ဖြစ်စေ၊ ဗသက် သူမတို့အိမ် လာအိပ်ပေးနေသည့်ကိစ္စအတွက် ကိုကိုကြီး အစာမကျေဖြစ်နေတာ ခင်သတိုးသိပါသည်။

"ကျွန်တော်တို့ရွာလည်း တွဲဖက်အလယ်တန်းကျောင်း ရတော့မယ်ဗျ။ ရွာကခေါ်တော့ ဒေသခံဆရာဆရာမ ရှိမှကောင်းမှာ။ မခင်သတိုးက အီးမေဂျာနဲ့ ကျောင်းပြီးထားတာဆိုတော့ ဒီမှာ အလုပ်ဝင်ရင် သိပ်ကောင်းမှာပဲဗျာ''

ဗသက်စကားက ဆွေးဆွေးမြည့်မြည့် တမ်းတမ်းတတ ရှိလှသည်။ သူ့အသွင်က နတ်သမီးနှင့်တွေ့သည့် ဘုရင်ကြီးနှယ်။ ဗသက် ရွှင်လန်းပေါ့ပါးသွားစေရန် ခင်သတိုး ဖြေဆေးထိုးပေးရပါသည်။

"မလုပ်နိုင်ပါဘူးနော်၊ ဗသက်တို့ရွာက တစ်လ ဘယ်လောက်





ပေးနိုင်မှာမို့လဲ။ အခု ကျွန်မ သမီးကိုထိန်းနေတာ တစ်လ ငါးသောင်းရတယ် သိလား''

"လူဆိုတာ ငွေနောက်ချည်းပဲ လိုက်လို့တော့ ဘယ်ဖြစ်မလဲဗျာ။ လောကကြီးထဲမှာ ငွေထက် တန်ဖိုးရှိတဲ့အရာတွေ အများကြီးရှိပါသေးတယ်၊ ဥပမာ– ဂုဏ်သိက္ခာတို့ ကိုယ်ကျင့်တရားတို့ လူ့တာဝန်ဝတ္တရားတို့။ မခင်သတိုးသာ ရွာမှာ ဆရာမဝင်လုပ်မယ်ဆိုရင် လူ့တာဝန်ဝတ္တရားကို ထမ်းဆောင်ရာလည်း ရောက်မယ်။ ဂုဏ်သိက္ခာလည်း ရှိမယ်''

"ကျွန်မကို မဆွယ်ပါနဲ့နော်၊ ကဲ. . . ဒါဖြင့် ရှင်လည်း ကျောင်းဆရာဝင်လုပ်ပါလား။ ကျောင်းဆရာဆရာမလုပ်မှ တာဝန်ကျေတာ မဟုတ်ပါဘူး''

"ကိုယ်ကတော့ ဘယ်လုပ်နိုင်မလဲကွယ်။ မိဘလက်ငုပ်လက်ရင်းဖြစ်တဲ့ ရေလုပ်ငန်း ငါးဖမ်းလုပ်ငန်းတွေကလည်း ကိုယ်ဦးစီးမှ ဖြစ်မယ်။ မြန်မာနိုင်ငံသူ နိုင်ငံသားတွေစားဖို့ ငါးပိငါးခြောက်တွေ ထုတ်လုပ်ပေးနေတာလည်း တိုင်းပြည်တာဝန်ထမ်းဆောင်ခြင်းတစ်မျိုးပါပဲ။ ဒါ သမ္မာအာဇီဝလုပ်ငန်းနဲ့ လူထုကို အလုပ်အကျွေးပြုခြင်းပေါ့''

"ကြီးကျယ်လိုက်တာ''

ဒါကတော့ ကိုကိုကြီး၏ ခပ်တိုးတိုးဝင်ရောက်ပြောဆိုလိုက်ခြင်းပင်ဖြစ်သည်။ သူ နားငြီးလာပြီဖြစ်မည်။

အလိုက်သိစွာပင် ခင်သတိုး သူတို့အတွက် အိပ်ရာပြင်ပေးလိုက်သည်။ သူမတို့အခန်းနှင့်ကပ်လျက် ဘုရားခန်းရှေ့မှာ ကိုကိုကြီးအိပ်ရာကိုပြင်ပေးပြီး ဗသက်အတွက်ကတော့ အိမ်ရှေ့ဧည့်ခန်းဖြစ်သည့် ငါး



www.burmeseclassic.com

www.burmeseclassic.com



ဆက်တီများကို နေရာရွှေ့ပြီးမှ ခင်းပေးရသည်။

"လရောင်ကတော့ အိပ်ပစ်လိုက်ရမှာ နှမြောစရာကောင်းအောင်ကို သာနေတော့တာပါပဲဗျာ။ အဲဒီလရောင်နဲ့ အဲဒီပင်လယ်ကြောင့် ကျွန်တော် ကိုယ့်ရွာကို ဒီလောက်ချစ်မက်နေတာ ထင်ပါရဲ့ဗျာ"

ဗသက်၏ ညည်းညည်းညူညူစကားက ကရုဏာသက်စဖွယ်။ သူ ဘယ်လိုမှမအိပ်ချင်သေး။ သို့သော် ကိုကိုကြီး မကြည်ဖြူသဖြင့် ခင်သတိုးက အိပ်ရာဝင်ပေတော့မည်။ သူတို့အနေအထားကို အကဲခတ်ပြီး ဗသက်ကျေနပ်မိပါ၏။ သူတို့ရွာသားတွေ ပြောနေကြသလို ကိုကိုကြီးနှင့် ခင်သတိုး အကြင်လင်မယားမဟုတ်ကြ။ တစ်ယောက်နှင့်တစ်ယောက် တိတ်တခိုး ကိုယ်စီချစ်နေကြလေသလားတော့ သူ မပြောတတ်။

မည်သို့ပင်ဖြစ်စေ သူ့ရင်ထဲမှာ မြတ်နိုးချစ်ခင်မိသည့် ခင်သတိုးအတွက် ဗသက် လိုရာဖြည့်စွမ်းပေးနေရတာ စိတ်ချမ်းသာပါသည်။

မိုက်မဲတယ်လို့ပင် ဆိုကြစေဦးတော့၊ ပင်လယ်ကိုချစ်သလို ထမင်းကိုချစ်သလို သူမကို ဗသက် ချစ်နေဦးမည်သာ။

"ကဲ. . . အားလုံးပဲ ကျွန်မတို့ အိပ်ရာဝင်တော့မယ်နော်။ သင်္ဂီရိယလေးနဲ့လည်း အိပ်ကြဦး။ ရန်သူက လက်တစ်ကမ်းမှာ"

နှစ်ယောက်စလုံးကို နှုတ်ဆက်ရင်း ခင်သတိုးနှင့် ရွှေစင်မြင့်ဆောင်တို့ အိပ်ရာဝင်ဖြစ်ခဲ့ကြသည်။

◘◘◘



## အခန်း ( ၁၈ )

နံနက်ခုနစ်နာရီကတည်းက ဆရာဝန်ရှိရာရွာသို့ ကိုကိုကြီးနှင့် ဗသက် စက်လှေနှင့် ထွက်ခွာသွားခဲ့သည်မှာ ယခုနေ့လယ် ၁၁ နာရီရှိသည်အထိ ပြန်ရောက်မလာသေး။ ခင်သတိုး သူတို့ကိုစိတ်ပူနေမိသည်။ လမ်းမှာ ဘာတွေများဖြစ်နေကြပါလိမ့်။

အရေးထဲ သမီးကလည်း ထုံးစံအတိုင်း ရွာထဲရှိ သူ့သူငယ်ချင်းများဆီ သွားကစားချင်နေသဖြင့် ခင်သတိုး မနည်းတားဆီးနေရပြန်ပါသည်။

"ဖေကြီး ပြန်လာရင် ဆူလိမ့်မယ် သမီးရဲ့။ ကစားချင်ရင် အန်တီနဲ့ကစားနော်။ ဒါမှမဟုတ် ပုစွန်ထုပ်မီးဖုတ် ထိုင်စားနေမလား သမီး။ အန်တီယူပေးမယ်"

ပင်လယ်ရွာမှာ ရေထွက်ပစ္စည်းတွေ အလျှံအပယ်ရသဖြင့် ဟင်းလျာတွေမှာ ပေါများလှပါသည်။ သို့သော် သမီးက ခြေဆောင့်ငိုယိုပြီး ဆန္ဒပြနေမြဲ။ သောင်ပြင်ဘက်သို့ လက်ညှိုးထိုးပြနေမှုကြောင့် သူ့အဖေကြီးကို ကြိုဆိုချင်နေတာမှန်း ခင်သတိုး နားလည်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထဲကပဲစောင့်ပါ သမီးရယ်၊ စက်လှေဝင်လာရင် အိမ်ပေါ်က မြင်ရဟာပါပဲ။ တော်ကြာ သမီးဖေကြီးက သူ့သမီးကို နေပူထဲထွက်ဆော့ရပါ့မလားဆိုပြီး အန်တီ့ကိုဆူဦးမယ်"

သမီးမှာ အမြဲတစေ သူလုပ်ချင်တာ ဖွတ်လုပ်တတ်သူပီပီ အိမ်ပေါ်မှပြေးဆင်းသွားပြီး သောင်ခြေကမ်းထိပ်သို့ ထွက်မျှော်ကြည့်နေသဖြင့် ခင်သတိုး မနေသာတော့ပါ။ ကလေးနှင့်သူမအတွက် ဦးထုပ်များယူပြီး အိမ်တံခါးပိတ်ကာ ကလေးနောက်သို့ လိုက်ရပါတော့သည်။

"သမီးရေ. . . ဟော့! သမီး ခဏနေပါဦး။ အန်တီ့ကိုစောင့်ပါဦး"

သမီးက ဖွတ်တရွတ်ကလေးပီပီ မနက်က သူ့အဖေကြီး စက်လှေနှင့်ထွက်သွားရာဘက်သို့ ကဆုန်စိုင်းလျက်။ သမီးသည် ပင်လယ်ရှာရောက်သည့် ဒီ ရှစ်ရက်ကိုးရက်အတွင်းမှာ အလွန်ပင် သန်စွမ်းနေပါချေ၏။

သမီးကို ခင်သတိုး မနည်းမီအောင် ပြေးလိုက်နေရသည်။ သမီးက အတန်ငယ် အကြောရနေသဖြင့် ခင်သတိုး လိုက်လို့မမီသေး။

"သမီးရေ. . . သမီး၊ ပြန်လာခဲ့. . . ပြန်လာခဲ့လေ"

သမီးကပြေးလေ၊ ရွာနှင့်ဝေးလေဖြစ်လာသဖြင့် ခင်သတိုး စိုးရိမ်စိတ်များ ပြည့်လျှံလာခဲ့သည်။ လူသွားလူလာမရှိသည့် ဒီတောင်သောင်စပ်တွေမှာ အန္တရာယ်ကျရောက်လာလျှင် မည်သို့လုပ်မည်နည်း။

"သမီးရေ. . . အန်တီ့ကိုစောင့်ပါဦးကွယ်"

တောစပ်မှာ သူမ၏အသံတို့ ပဲ့တင်ညံနေသော်လည်း သမီးကတော့ ပြေးမြဲ။ ခင်သတိုးကို ခြေလှမ်းကို ထပ်မံ မိုင်ကုန်တ[illegible]စဉ် အမှောင်ခေါင်းကို နောက်ဘက်မှ ခပ်ဖွဖွအရိုက်ခံလိုက်ရပြီး သူမ သတိမေ့လျော့သွားလေတော့သည်။





◙

"အား. . . သမီး. . . သမီးရေ. . . အန်တီ့ကို စောင့်ပါဦးကွယ်၊ သမီး. . ."

မှုးနောက်ရီဝေနေသည့်အာရုံတို့ကို စုစည်းပြီး ခင်သတိုး ကြိုးစားဖွင့်ကြည့်လိုက်သောအခါ သူမ၏ဘေးနားမှာ လူအများကိုတွေ့လိုက်ရလေသည်။ ထိုအတူ သူမရောက်ရှိနေတာကလည်း ကျယ်ဝန်းသပ်ရပ်သည့် အခန်းတစ်ခုအတွင်းမှာဖြစ်သည်။

"ကျွန်မ. . . ကျွန်မ ဘယ်ရောက်နေတာလဲဟင်၊ သမီးရော ကိုကိုကြီး. . . သမီးရောဟင်၊ သမီးက သူ့အဖေကြီးကိုထွက်ကြိုမယ်ဆိုပြီး လျှောက်ပြေးလို့ ကျွန်မ သူ့နောက်ကလိုက်ဖမ်းရတာ။ ကျွန်မ. . . ကျွန်မခေါင်းကို ဘယ်သူရိုက်လိုက်တာလဲ။ သူတို့. . . သူတို့လား၊ သမီးရော ကိုကိုကြီး။ သမီးကို သူတို့ဖမ်းသွားပြီလားဟင်။ ကျွန်မခေါင်းတွေနာလိုက်တာ၊ ရင်တွေလည်း တုန်လိုက်တာရှင်။ ပြော. . . ပြောကြပါဦး၊ သမီးရော"

သူမအနီးမှာ မတ်တပ်ရပ်ပြီး စူးရူးရဲရဲကြည့်နေသည့် ကိုကိုကြီးအသွင်ကြောင့် ခင်သတိုး တစ်စုံတစ်ခုကိုနားလည်လိုက်ရသည်။ သမီးကို သူတို့ဖမ်းသွားကြပြီပေါ့။

ခင်သတိုး အိပ်ရာပေါ်သို့ အရုပ်ကြိုးပြတ် ပြန်ပြုတ်ကျသွားပြီး မျက်ကြီးတငင် ငိုကြွေးမိသည်။ အန္တရာယ်သည် သူမတို့အကြိုက်မှာ ကျ

www.burmeseclassic.com



ရောက်ခဲ့ပေပြီ။

"သူ. . . သူတို့ဟာ ဒီတစ်ခါတော့ ကျွန်မကိုပါ ဘာလို့ခေါ် မသွားကြတာလဲ။ ဟင့်အင်း. . . ကျွန်မကို ဒီလိုတူးတူးခါးခါးကြီး မကြည့်ပါနဲ့ ကိုကိုကြီးရယ်။ ကျွန်မကို ဒီလိုကြည့်မယ့်အစား ရိုက်သတ်ပစ်လိုက်စမ်းပါ။ သတ်ချင်လည်း သတ်ပစ်လိုက်စမ်းပါနော်။ ဖသက်. . . ကျွန်မတို့ ရှင်တို့ဘယ်လိုတွေ့ခဲ့ကြတာလဲဟင်။ တကယ်က ကျွန်မသေသွားဖို့ကောင်းတာ။ ကျွန်မသေသွားမှ အေးမှာပါ"

ခင်သတိုးမှာ သူမအနီးမှာ ဝိုင်းအုံနေကြသည့်လူများကို သိမှတ်မဲ့စွာ လိုက်ကြည့်နေမိသည်။ အားလုံး လေးယောက်။ ကိုကိုကြီးမှအပ ကျန်သုံးယောက်ကတော့ သူမကို ကရုဏာသက်စွာ ငေးကြည့်နေကြ၏။ စကားတစ်ခွန်းမှမပြောဘဲ အံကိုတင်းတင်းကြိတ်ထားသည့်ကိုကိုကြီးမှာ သမီးအတွက် ခံစားနေရသည်ထက် ဒေါသစိတ်တွေသာ ပိုကဲနေသည်ကလည်း မယုံနိုင်စရာ။

ဪ. . . သူ့ရင်သွေးနှင့်ပတ်သက်လာတော့ ခင်သတိုး၏ အချစ်မဝင်နိုင်တော့ဘူးတဲ့လား။ သူ့အသွင်က ဒေါသတွေ အရမ်းကိုချုပ်တည်းထားရသည့်အသွင်။

ကြေကွဲထိတ်လန့်နေသည့်ခင်သတိုးအား ဖသက်က ညင်သာစွာ အားပေးပြောဆိုရင်း သူမ၏လက်နှစ်ဖက်ကို ယုယစွာဆုပ်ကိုင်ထားခဲ့သည်။

"ကိုယ်တို့စက်လှေနဲ့ပြန်လာတော့ ကမ်းခြေတောစပ်လမ်းမှာ မခင်သတိုး လဲကျနေတာ လှမ်းမြင်လိုက်ရတယ်။ မင်းဝတ်ထားတဲ့အဝတ်နီနီလေးက မင်းကိုကယ်လိုက်တာပဲ။ စက်လှေနဲ့ မင်းလဲကျနေတဲ့နေရာ





တ ဝေးပေမယ့် အကျီနီရဲရဲလေးကို ကိုယ်မှတ်မိလိုက်တယ်လေ။ ဘယ်လိုဖြစ်တာလဲကွယ်. . . မင်းခေါင်းမှာ သွေးတွေလည်းရွှဲလို့။ ဆရာဝန်ပါလာပေလို့သာပေါ့။ သူ့ကိုပြရင်း ကိုယ့်ဖေဖေနေမကောင်းတဲ့အတွက်ပါ ဆရာဝန်ပင့်လာခဲ့တဲ့အတွက် မင်းသက်သာရာရသွားတာ။ နေ့လယ်ခင်းကြီးဆိုတော့ မခင်သတိုးခေါင်းက သွေးတွေအရမ်းထွက်နေခဲ့တာ။ ဒါ ခင်သတိုးကိုကုပေးတဲ့ ဆရာဝန်ဦးကျော်ထက်ပါ။ ဒါကတော့ ကိုယ့်မေမေ ဒေါ်သင်းသင်းဋ္ဌေး"

နွမ်းလျသောအပြုံးဖြင့် အားလုံးကိုပြုံးပြလိုက်ပြီး ခင်သတိုး၏ အကြည့်က ကိုကိုကြီးထံမှာသာ ရပ်တံ့၏။ အသားညိုညိုတောင့်တောင့် မောင်းမောင်းနှင့် ကြင်နာတတ်သည့်ဆရာဝန်ကြီးနှင့် အသားဖြူဖြူ ရုပ်ချည်သန့်သန့် ဖသက်၏အမေတို့သည် သူမ၏အာရုံကို မဆွဲဆောင်နိုင်ခဲ့ပါ။

"ကျွန်မတို့ဘယ်လိုလုပ်ကြမလဲဟင် ကိုကိုကြီး၊ သမီးကို ကျွန်မတို့လိုက်ရှာကြရအောင်။ ဖသက်ရယ်. . . ကျွန်မတို့ကိုကူညီပါဦးနော်။ အန်တီ. . . အန်တီ့သားကို ကျွန်မတို့နဲ့ခဏလောက်ထည့်ပါနော်။ ဟိုလူတွေရော ရှိသေးရဲ့လား။ သူတို့နောက် လိုက်ကြရအောင်"

သူမ ရင်ပူဟပ်နေသော်လည်း ကိုကိုကြီးက အေးဆေးတည်ငြိမ်နိုင်လှသည်။ သူ့အသွင်က ခုပဲပေါက်ကွဲတော့မည့် မီးတောင်ကြီးနှယ်။

"ခုမှတော့ မစိုးရိမ်ပါနဲ့ ခင်သတိုး၊ မင်းပင်ပန်းလှပါပြီ။ သမီးဘယ်မှာရှိတယ်ဆိုတာ ငါခန့်မှန်းနိုင်ပါတယ်။ ကဲ. . . သတိရရင်လည်း ထ၊ ငါ မင်းကိုစောင့်နေတာ။ ငါတို့ ဒီရွာက အမြန်ဆုံးထွက်ခွာကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီး၏အသံက အေးစက်မာကျောလျက်။ ခင်သတိုး ယိမ်းပြာလွင့်မတတ် ခံစားလိုက်ရသည်။

"ဟင်! သမီးဘယ်မှာရှိတယ်ဆိုတာ ကိုကိုကြီးသိတယ်ဟုတ်လား။ ဒါနဲ့တောင် ဘာလို့လိုက်မခေါ်တာလဲရှင်။ ကျွန်မက ဘာမှအရေးမကြီးပါဘူး။ အဖိုးမတန်ပါဘူး။ သမီးကို သူတို့. . ."

ခင်သတိုး၏စကားကို ကိုကိုကြီးစိတ်ရှည်ဟန်မတူ။ ခပ်ငေါက်ငေါက်တို့ပြန်ပြီး သူမကိုဆွဲထူလိုက်သည်။

"အပိုတွေမပြောနဲ့ကွာ၊ အချိန်ကြာတယ်။ ထ. . . ခေါင်းလေးနည်းနည်းထိသွားတာနဲ့ မသေဘူး။ တဲပြန်ပြီး ပစ္စည်းတွေသိမ်းရအောင်ကိုယ့်မိတ်ဆွေတွေ စက်လှေစီစဉ်ပေးထားတယ်။ ပြီးရင် ထွက်မယ်"

ခင်သတိုးကို ကိုကိုကြီး ပိုင်ပိုင်နိုင်နိုင်ဆွဲခေါ်သွားတော့ သူမနွမ်းဖျော့စွာ ပါသွားရသည်သာ။ ကျန်လူများမှာ ရင်ထဲနင့်လျက် ကြည့်နေကြရုံပင်။ သို့သော် ဇသက် မနေနိုင်။ သူ့နှလုံးသားတွေ သူ့ရင်ဘတ်အပြင်သို့ ခုန်ထွက်ကြွေမွကုန်တော့မည်။

"ဟေ့လူ! ခင်ဗျားဘယ်လိုလုပ်နေတာလဲ၊ ဒါ သက်ရှိလူသားအရုပ်တစ်ရုပ်မဟုတ်ဘူး။ သူ့ခမျာ ဒီလောက်ထိပ်ကွဲ ခေါင်းကွဲဖြစ်ထားရတာ မူးဝေနေမှာပေါ့။ ဖြည်းဖြည်းပေါ့"

"ဒါဆိုလည်း စက်လှေပေါ်အထိ မင်းထမ်းပို့လေ။ ငါကတော့ သူ့ကိုကြိုးတုပ်ပြီးဖြစ်ဖြစ် ခေါ်သွားရမှာပဲ"

"ခင်ဗျားတော်တော်လူမဆန်တဲ့လူ. . . တောက်!"

လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ရင်း ဇသက် ပေါက်ကွဲနေတော့ ခင်သတိုး ဖြည်းညင်းစွာ မော့ကြည့် ဖျောင်းဖျမိသည်။





"သူ လုပ်ချင်သလိုလုပ်ပါစေ ဇသက်ရယ်။ သူ့ခမျာ သမီးတစ်ယောက်လုံး တဒင်္ဂဆုံးရှုံးနေရတာပါ။ ကျွန်မကိုယ်ချင်းစာနိုင်ပါတယ်။ ပြီးသမီးပျောက်သွားရတာ ကျွန်မကြောင့် ကျွန်မအမှုထမ်းပေါ့လျော့လို့ ဖြစ်ရတာပါ။ သူသတ်ပစ်ချင်တယ်ဆိုတောင် ကျွန်မ ခံထိုက်ပါတယ်"

သို့သော် ခင်သတိုး၏စကားကို ဇသက်လက်မခံနိုင်။

"ဒါ တမင်လုပ်တာမှမဟုတ်တဲ့၊ မခင်သတိုးရယ်. . . သူ့အလုပ်က ထွက်ပစ်လိုက်စမ်းပါ။ ကျွန်တော် မခင်သတိုးကို တစ်သက်လုံး. . ."

စကားက လမ်းတစ်ဝက်ရပ်ပြီး ဇသက် ကြေကွဲဆို့နင့်သွားခဲ့သည်။ ခင်သတိုးက ညင်သာစွာ ခေါင်းရမ်းပြုံးပြခဲ့ရင်း ကိုကိုကြီးနောက်သို့ လျှောက်လိုက်မိပါ၏။

"ဟေ့ကောင်! ကျန်ခဲ့နော်၊ ငါတို့ပြဿနာထဲ မင်းဘာမှမသိဘဲ ဝင်ပါစရာမလိုဘူး။ ငါတို့စာရင်းရှင်းစရာရှိသေးတယ်"

"ကျွန်တော် ခင်ဗျားတို့ကို ကူသိမ်းပေး. . ."

"မလိုဘူး. . . ပစ္စည်းတွေက ဘာမှအရေးမကြီးဘူး။ အားလုံးထားပစ်ခဲ့လို့ရတယ်။ အရေးကြီးတာတွေပဲ သယ်သွားမှာ။ မင်း ကျန်ခဲ့။ ဆက်ချင်ရင်လည်း ငါတို့ထွက်လာမှ နှုတ်ဆက်"

"ခင်ဗျား သူ့ကိုသတ်တော့မပစ်ဘူး မဟုတ်လား"

"အမှုတွေလေးအောင် လုပ်ပြန်ပါပြီ။ ခင်သတိုးဟာ ငါ့ချစ်သူပါကွ။ ကျန်ခဲ့. . . ကျန်ခဲ့"

နေရာမှာ ဇသက် တွေဝေကျန်ခဲ့စဉ် ခင်သတိုးမှာ ကိုကိုကြီးဆွဲခေါ်ရာ လမ်းတစ်လျှောက် မူးဝေမိုန်ဖျော့စွာ လိုက်ပါခဲ့ရသည်။ တစ်လောကလုံး ပြာလဲ့မှောင်ရီဝေနေတော့သလို သူမ ခံစားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့မရှိမဲ့ရှိမဲ့သိက္ခာတွေကို အဖတ်ဆည်တဲ့အနေနဲ့ ရှေ့မှာ ငါဖွင့်ချပြခဲ့တာကို ဟုတ်လှပြီထင်မနေနဲ့။ ဒီမှာ ခင်သတိုး ခေါင်းဆိုတဲ့ငါဟာ မင်းအရူးလုပ်လောက်စရာ အချဉ်တစ်ကောင်များ နေသလားဟင်"

အိမ်ပေါ်သို့ရောက်လျှင်ရောက်ချင်း တဖျတ်ဖျတ်လွင့်ပျာနေသည့် မီးလျှံမီးပွားများနှင့်။ ကိုကိုကြီး၏နှင့်သည်းသောစကားများက ကို နာကျင်စေခဲ့သည်။ ခင်သတိုးမှာ နားမလည်စွာ ငေးကြည့်ထိတ် နေလျက်သာ။

"ဒီလိုနုလမိန်းတုံးအကြည့်တွေနဲ့ မင်းကိုယ်မင်း ဖြူစင်သူ လို အယောင်မဆောင်နဲ့ . . . မရဘူး။ ငါ့ကိုတော့ မင်းဘယ်လိုမှ လို့မရဘူးမှတ်။ မင်းအကြောင်းတွေ ငါအားလုံးသိပြီးပြီ"

"ကိုကိုကြီး. . . ကျွန်မကို ဒီလိုငရဲခံနေရတဲ့စကားမျိုးနဲ့ စက်နဲ့။ မကျေနပ်ရင် သတ်ပစ်လိုက်သိလား။ ကျွန်မ ခံရဲတယ်။ ရှင်ပြော နေတာတွေ ကျွန်မ တစ်လုံးမှနားမလည်ဘူး"

သူမက ခပ်ဆတ်ဆတ်ပြန်အော်လျှင် ကိုကိုကြီး တမင်ယိမ်း ရယ်မောလေ၏။ မယုံနိုင်စရာကောင်းလိုက်တာ။

သူဟာ တစ်ခါက ကျွန်မကိုချစ်တယ်လို့ ပြောခဲ့ဖူးသူမှ ပါရဲ့လား။

"မင်း တော်တော်အိုက်တင်ကောင်းတယ်၊ ကဲပါကွာ. . . တွေလည်း သိပ်မရှိတော့ဘူး။ မင်းနဲ့ငါ တစ်ယောက်နဲ့တစ်ယောက် ချင်း ပြိုင်နေဖို့အချိန်မရဘူး။ ရော့! ဒီမှာ ဒါ မင်းအခန်းခေါင်းမိုးကြား က ရတဲ့စာ။ ဒီစာ အတွေ့နောက်ကျလို့ ခုလိုမဖြစ်သင့်တာတွေ





တာပဲ။ တကယ်ဆို ဒါ မင်းအမြော်အမြင်နည်းလို့ဖြစ်ရတာ။ တစ်နေ့ ရွှေတစ်လုံး ဥပေးမယ့်ဘဲငန်းကြီးကို ရထားတာတောင်မှ မင်းက ငန်းရင် ကိုခွဲပြီး အသည်းနှလုံးကို ရောင်းစားချင်သေးတာကိုးကွ။ မင်းဟာ လူပုံ လေးချောသလောက် အသည်းနှလုံးမရှိတဲ့မိန်းမ။ မင်း မူယာမာယာများ နေတာတွေကို ငါကတော့ အဟုတ်ကြီးမှတ်ပြီး တန်ဖိုးထားလိုက်ရတာ"

သူ့စကားများက ရင့်သီးစော်ကားလှသဖြင့် သူမနားထဲမှ သံပူ ရည်တွေနှယ် ပူလောင်လျှံထွက်ကုန်ကြသည်။

သူပစ်ပေးသည့် စာခေါက်ကလေးကိုသာ သိလိုဇောဖြင့် ခင် သတိုး အငမ်းမရဖွင့်ဖတ်မိသည်။ စာက မနေ့ကရက်စွဲဖြင့်. . .

*ခင်သတိုး*

*မနက်ဖြန်နေ့လယ် ၁၁ နာရီမှာ သမီးကိုလာပို့ပေးပါ။ ထုတ္တိ ရှိအောင် နည်းနည်းပါးပါးတော့ အနာခံရမယ်။ အဲဒီအတွက် မင်း တောင်းဆိုတဲ့ငွေ ငါးသိန်းကို မင်းမေမေဆီ ပို့ပေးလိုက်မယ်။*

*မမကြီး*

*ရွှေယမင်း*

"ဟဲ့င်!"

စာခေါက်ကလေး လက်ထဲမှလွတ်ကျသွားပြီး ခင်သတိုး၏နှင်း နှောက်များ ခေတ္တကြောင်အသွား၏။ ဒါ ထောင်ချောက်။ ဘယ်သူက ဘယ်သူ့ကို ဆင်တဲ့ထောင်ချောက်လဲ။ ဒီထောင်ချောက်မှာ ခင်သတိုး



www.burmeseclassic.com

www.burmeseclassic.com



သည် သားကောင်။ သို့မဟုတ် မမကြီးဆင်တဲ့ငါးများတံမှာ သူမသည် ငါးစာ။

မြစ်ဝကျွန်းပေါ်မှာနေခဲ့သူပီပီ ခင်သတိုး ငါးစာအရှင်ဖြင့် ငါးဖမ်းတာ မြင်ဖူးခဲ့ပါသည်။

ကြည့်စမ်း! ငါးအကောင်ကြီးကြီးတွေ ရလိုသည့်အခါ အသက်ပြင်းသည့်ငါးသေးသေးလေးတွေကို အရှင်လတ်လတ်ကျောမှာ ငါးမျှားချိတ်ဖြင့်ဖောက်ပြီး ရေထဲမှာ ချထားပေးတာပေါ့။ ဒီအခါ ငါးကလေးက ကိုယ့်ဘဝလွတ်မြောက်ရေးအတွက် ငါးမျှားချိတ်ဖောက်ချိတ်ခံထားရတဲ့ ကိုယ်လုံးလေးနဲ့ ကူးခတ်ရှာတယ်။ ငါးကလေး ကူးခတ်နေတာကို မြင်ရတဲ့ငါးကြီးကြီးတွေက အဲဒီငါးကလေးကိုပိတ်ဟပ်လိုက်တော့ ငါးကလေးရော ငါးကြီးရော ငါးမျှားချိတ်မှာမိသွားတော့တာပေါ့နော်။

"အဟက်! "

မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျရင်းမှ ပါးချိုင့်လေးများခွက်အောင် သွားစွယ်တန်းလေးတွေပေါ်အောင် ခင်သတိုးရယ်မောမိတော့ ကိုကိုကြီးက မျက်ခုံးပင့်ကြည့်ခဲ့သည်။

သူမ မချိတင်ကဲ ရေရွတ်မိပါ၏။

"မမကြီးရယ် . . . ရှင်တပ်လိုက်တဲ့ငါးစာမှာ ကျွန်မတင်မဟုတ်ဘဲ အပြစ်မရှိတဲ့ကျွန်မမေမေ့ကိုပါ ဘာလို့ဆွဲထည့်လိုက်တာလဲ။ တံလျှပ်ကိုရေထင်ပြီး ကူးခတ်မိမှားတဲ့ကျွန်မသာ ရှင်ပေးတဲ့လောကပြစ်ဒဏ်တွေကို ခံစားထိုက်ပါတယ်။ မေမေ့ကိုဘာလို့ဆွဲထည့်ရတာလဲရှင်"

သူမငြီးတွားသံက တိုးလွန်းလှသဖြင့် အငွေ့တထောင်းထောင်းထအောင် ဒေါသထွက်နေသည့်ကိုကိုကြီးတော့ ကြားမည်မထင်။ သူကြားလျှင်လည်း ယုံကြည်မည်မဟုတ်ပါ။ သူက သူ့အနာတရကိုမှ နာကျင်ခံစားတတ်သူ။ သူတစ်ပါးကို လှည့်ကြည့်တတ်သူမဟုတ်။





"ခင်သတိုးရယ် . . . မင်းလုပ်ရက်တယ်။ ငါဟာ စကားမပြောတတ်တဲ့သမီးလေးရဲ့ဆန္ဒကိုငဲ့ပြီး မင်းကိုလက်မထပ်နိုင်တာမှအပ အရာအားလုံးကို မင်းအတွက် ပေးစွမ်းချင်တဲ့သူပါ။ သမီးကလွဲပြီး မင်းယူရက်ရင် ငါ့အသက်ပါယူလိုက်ဦး။ ငါ့စည်းစိမ် ငါ့အသည်းနှလုံး ငါ့အသက်ပါမင်းကိုပုံအပ်ချင်တဲ့အထိ မင်းကိုငါချစ်မိတာပါ။ ခုတော့ ဘာမှအဓိပ္ပာယ်မရှိတော့ဘူး။ ကောင်းတာပေါ့လေ၊ မင်းအကြောင်းကို အချိန်မီသိလိုက်ရတာ ငါကံကောင်းတာပေါ့။ ဒါပေမဲ့ ငါ မင်းကိုမချစ်ဘဲတော့ မနေနိုင်ဘူးနော်။ ငွေမက်တဲ့မင်းကို ငါက မင်းလိုတဲ့ငွေပေးမယ်။ မင်းဆီက ငါလိုချင်တဲ့အချစ်ကိုယူမယ်။ ကဲ! သွားစို့ သမီး . . . မမကြီးဆီရောက်သွားပြီ။ ငါတို့ အရာအားလုံးကို ပြန်ပြီးရင်ဆိုင်ကြစို့"

အရေးကြီးသည့် ကိုယ်ပိုင်ပစ္စည်းလေးများကို သိမ်းဆည်းရင်း ကိုကိုကြီးက သူမကိုလှမ်းကြည့်သည်။ ခင်သတိုး နေရာမှမလှုပ်မိ။ အရာအားလုံးကို သူကြိုက်သလိုဖန်ဆင်းပြီး သူကြိုက်သလို ပြုမူနေသည့်ကြားမှ ခင်သတိုးကို တရားခံအဖြစ် စွဲချက်ကြီးကြီး တင်ထားသူကြီးအား အံ့ကြောက်ရွံ့စွာ သူမ မော့ကြည့်နေမိသည်။

သူဟာ အပြစ်ရှာတတ်တဲ့ ကေသရာဇာခြင်္သေ့ကြီး။ သူမကတော့ ခါးအဖောက်ခံထားရတဲ့ ငါးမလေးတစ်ကောင်။

"ဟင့်အင်း . . . ကျွန်မ ရှင့်နောက်ကိုပြန်မလိုက်တော့ဘူး။ ကျွန်မ ရှင့်ကိုကြောက်တယ်"

သူမ၏စကားကို ကိုကိုကြီးက သဘောကျစွာ ရယ်သွမ်းသွေး



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"ဘယ်ရမလဲကွာ၊ မင်း ဟိုမှာ ပြဿနာတွေ ရင်ဆိုင်ရဦးမယ်လေ။ အနည်းဆုံး မင်းလုပ်ဆောင်ခဲ့တဲ့အလုပ်တစ်ခုအတွက် ငွေငါးသိန်းသွားပြီးယူရဦးမယ်။ ပြီး. . . ငါကလည်း မင်းကိုမခွဲနိုင်ပါဘူး။ မင်း ဘယ်လောက်ပဲဆိုးဆိုး၊ မိန်းမဆိုးလေးကို ချစ်နေရဦးမှာပဲ။ ပြောခဲ့ပါပကော၊ မင်းကိုကြိုးတုပ်ပြီးဖြစ်ဖြစ် ခေါ်သွားရမှာပဲလို့။ ဗသက်လိုတောသားရဲ့ အဓွမဟေသီတောင်ညာစ်ဒေဝီဖြစ်ရတာထက် ကိုယ့်လိုလူမျိုးရဲ့ ရုံရွှေတော် အမြောင်မယားဖြစ်ရတာကမှ မင်းဘဝ ပိုပြီးတောက်ပြောင်ပါလိမ့်ဦးမယ်"

လူတစ်ဖက်သားကို စော်ကားနိမ့်ချလွန်းသည့် သူ့စကားလုံးများက အဆိပ်ရည်တွေနှယ်။

သူမ၏ သူ့အပေါ်ချစ်တတ်လွန်းသည့် နှလုံးသားလေး ဖျတ်ခနဲ ကွဲအက်ကြေမွသွားလုအောင်ပင် သူ့စကားက ရက်စက်လွန်းသည်။ ဘာပဲဖြစ်ဖြစ် လာမည့်ဘေး ပြေးတွေ့ရမှာပဲ။

လူဆိုတာ ကြုံလာသမျှပြဿနာတွေကို ဘေးမသီရန်မခအောင် အကောင်းဆုံးဖြေရှင်းရမှာ အမှန်ဖြစ်သည်။

သူ့အပေါ်ချစ်ခြင်း၊ မုန်းခြင်းတွေ တဒင်္ဂကုန်ခန်းသွားသည်မို့ ခင်သတိုးစိတ်တွေ တဖြည်းဖြည်းတည်ငြိမ်လာခဲ့သည်။

ကိုယ်ကောင်းရင် ခေါင်းဘယ်မရွေ့ပါတဲ့။ ဒီပြဿနာတွေမှာ သူမ လုံးဝကင်းရှင်းခဲ့သည်မို့ အဖြစ်အပျက်မှန်တွေ ပေါ်ပေါက်အောင် ခင်သတိုး သူ့နောက်သို့လိုက်သွားပြီး ရှင်းလင်းသည်အထိ ရင်ဆိုင်ရမည်။

မျက်ရည်များကို ပြောင်စင်နေအောင်သုတ်ရင်း သူမဆုံးဖြတ်





ချက်ချလိုက်သည်။

ကိုယ်မှမဟုတ်တာ မလုပ်တာဘဲ။ ရှင်းမှာပေါ့။ ရှုပ်နေတာတွေ ရှင်းမည်။ ခင်သတိုး အခန်းထဲသို့ဝင်ပြီး ယူစရာရှိတာလေးတွေကို လျှင်မြန်စွာယူငင်သိမ်းဆည်းနေစဉ် အိမ်ကလေးပေါ်သို့ ဗသက်တို့သားအမိ တက်လာခဲ့လေ၏။

"ကျွန်တော် အထုပ်တွေ စက်လှေဆီ သယ်ပေးမလို့ပါ။ မေမေကလည်း မခင်သတိုးကိုလာနှုတ်ဆက်တာ"

"မနက်ကျမှ သွားကြပါလားကွယ်၊ ညနေကြီး ညကြီးမင်းကြီး ဆက်သွားကြမလို့လား။ ပြီး. . . သမီးခေါင်းမှာလည်း ဒဏ်ရာရထားတာနဲ့"

လူကြီးသူမ စိတ်သက်သာရစေရန် ခင်သတိုး ပြုံးပြလက်အုပ်ချီပြီး နှုတ်ဆက်လိုက်ပါသည်။

"ရပါတယ် အန်တီ၊ အပန်းမကြီးဘူးဆိုရင်တော့ ဗသက်ကို ကျွန်မတို့နဲ့ ရန်ကုန်ကိုထည့်လိုက်စေချင်ပါတယ်။ ကျွန်မကိုပြုစုစောင့်ရှောက်ဖို့နဲ့ နောက်ပြီး သူ့ကို ကျွန်မရဲ့ဧည့်သည်အဖြစ်လည်း ဖိတ်ခေါ်ပါတယ်"

"တကယ်လားဟင် မခင်သတိုး"

"ဖြစ်ပါ့မလား သမီးရယ်၊ အန်တီတော့. . ."

သားအမိနှစ်ယောက်၏စကားများအဆုံးမှာ ကိုကိုကြီးက ဒေါသဖြင့် သူမကိုလှည့်ကြည့်သည်။

"အရေးကြီးတဲ့ခရီးမှာ လူပိုတွေ မတင်နိုင်ဘူး"

"လူပိုရယ် မဟုတ်ပါဘူးဗျာ၊ အရေးကြီးတဲ့ခရီးမှာ ကျွမ်းကျင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ စက်လှေမောင်းသ ဘားတွေ လိုပါတယ်။ ခင်ဗျားငှားတဲ့စက်လှေက စက်မကောင်းလို့ ကျွန်တော့်စက်လှေကို ပေးထားပါတယ်။ ကျေးဇူးပြု ပြီး ခင်ဗျားတို့ကို ကျွန်တော်ကိုယ်တိုင် ရန်ကုန်ကိုလိုက်ပို့ပါရစေ ခင်ဗျာ"

နောက်ဆုံးတော့ ဗသက် လိုက်ပို့ခွင့်ရခဲ့ပါသည်။

◙◙◙



## အခန်း(၁၉)

ဗသက်၏စက်လှေမောင်း ကျွမ်းကျင်မှုကြောင့် သူမတို့ ရန်ကုန်သို့ ဘေးမသီရန်မခ ပြန်ရောက်ခဲ့ခြင်းဖြစ်သည်။ လိုက်ပို့သည့် အခြား စက်လှေမောင်းသမားနှစ်ယောက်က ချက်ချင်းပင် မော်တော်ကြုံဖြင့် ပြန် လိုက်သွားခဲ့ကြသော်လည်း ဗသက်မှာ နောက်ဆံငင်လှသည်။ ခင်သတိုး ကိုစိတ်မချသဖြင့် မပြန်နိုင်ဖြစ်နေရသည်။

ယခုတော့ ကိုကိုကြီးသည် ကဲကဲမဆတ်နိုင်တော့ချေ။ ဗသက် ၏ စေတနာ၊ မေတ္တာများကို သူလျစ်လျူရှု၍မရနိုင်။ ဗသက်ကို သူ့အိမ် မှာ တည်းခိုနေထိုင်ဖို့ ဖိတ်ခေါ်ရတော့သည်။

ရန်ကုန်ဆိပ်ကမ်းမှာ အငှားကားတစ်စီးဖြင့် သူမတို့ အိမ်သို့ ယှဉ်မြန်စွာပြန်လာခဲ့ကြသည်။ အိမ်ဝင်းထဲသို့ဝင်လိုက်သည်နှင့် ခြံထဲမှာ အငယ်လေးနှင့်အတူ ပန်းခူးနေသည့်သမီးကို မြင်လိုက်ရသည်ကြောင့် သူမတို့အားလုံး ရင်အေးသွားကြရသည်။ ကိုကိုကြီးက ကားပေါ်မှအရင် ဆင်းပြီး သမီးကိုအပြေးပွေ့ချီသည်။

"သမီး"



www.burmeseclassic.com

www.burmeseclassic.com



သားအဖနှစ်ယောက်၏တွေ့ဆုံခန်းကို ခင်သတိုး မျက်ရည်ပြည့်လျှမ်းသောမျက်ဝန်းဖြင့် ငေးကြည့်နေမိသည်။ စကားမပြောတတ်သည့်သမီးလေး၏ လက်ဟန်ခြေဟန်စကားများကို အဘယ်သူက အလုံးစုံနားလည်နိုင်ပါ့မလဲ။ အဘယ်သူက အလုံးစုံစိတ်ရှည်နိုင်မှာတဲ့လဲ။ သမီးကိုငဲ့သည့် ကိုကိုကြီးကို ခင်သတိုးခွင့်လွှတ်နိုင်လာသည်။

သားအဖနှစ်ယောက်၏ မျက်ရည်များက သူတို့မျက်နှာများမှာ ပွန်းစိုရွှဲလျက်။ ကြည့်နေကြသူများမှာလည်း မျက်ရည်များဖြင့် ရင်နင့်ကြေကွဲနေကြသည်။ အတန်ကြာမှ ကိုကိုကြီးဖြေဆည်သွားနိုင်ခဲ့သည်။ ယခုတိုင် ငိုရှိုက်ဆဲ သမီးကို ရင်မှာပွေ့ရင်း ကလေး၏ခေါင်းလေးအားသူ့ပခုံးမှာ မှေးတင်ချီထားပြီး ကလေးကိုပွတ်သပ် ချော့မော့နေပါ၏။

"အငယ်လေး. . . ငါ့ သမီးတို့ကိုခေါ်သွားကြောင်း ဖုန်းဆက်ခဲ့တာ မမကြီးကိုပြောဖြစ်လား"

"ဟုတ်ကဲ့. . . ပြောပြခဲ့ပါတယ်၊ ပြောလို့လည်း လူပျောက်မတိုင်တာပေါ့"

"ငါ အဲဒီရွာမှာရှိကြောင်း၊ သူဘယ်လိုလုပ်သိသွားသလဲ၊ သူ့ကို ဘယ်သူသတင်းပေးသလဲ"

"မမကြီးက မိန်းမလည်ကြီးပဲ ကိုကိုကြီးရယ်၊ အခြေအနေထဲခခုကို သူဖြစ်ချင်ရင် ဖြစ်အောင်လုပ်တတ်ပါတယ်"

"အခု သူဘယ်သွားသလဲ"

"ကိုကိုကြီးမရှိတော့ ကုမ္ပဏီတွေကို သူပဲသွားတယ်လေ။ တော်ကြာ ပြန်လာမှာပါ။ သူဖုန်းဆက်တာ နှစ်ခါရှိပြီ၊ ကိုကိုကြီး ပြန်လာမလားမေးတာ"





အားလုံး ဧည့်ခန်းထဲသို့ ဝင်လာခဲ့ကြသည်။ မီးခိုးရောင်ဆိုဖာကြီးများပေါ်မှာ သူတို့အားလုံး သက်တောင့်သက်သာ ထိုင်ဖြစ်ကြသည်။ ကိုကိုကြီး၏ခမ်းနားကြီးကျယ်မှုတို့ကို မြင်ရသောအခါ ဖသက် အားငယ်သွားပါ၏။ တော်ရုံတန်ရုံမိန်းမဆိုလျှင်တော့ ကိုကိုကြီး၏စည်းစိမ်ချမ်းသာများကို ယစ်မူးမည်မလွဲ။

"မောင်ဖသက် အားမနာနဲ့နော်၊ ကိုယ်ပြောခဲ့ဆိုခဲ့မူးတာတွေကို မေ့ပစ်လိုက်ပါ။ ခင်ဗျားရဲ့အရည်အချင်းတွေကြောင့် ကိုယ်တို့ ခုလိုအဆင်ပြေပြေ ပြန်ရောက်ခဲ့ရတာလည်း ကျေးဇူးတင်ပါတယ်။ အငယ်လေးရေ၊ သူ့ကို အောက်ထပ်ကအခန်းတစ်ခုခုမှာ နေရာချထားပေးလိုက်ပါကွယ်။ ရောက်တုန်းရောက်ခိုက် စိတ်ချမ်းချမ်းသာသာနေပါ။ ကဲ! သမီး၊ ခဏဆင်းဦး။ ဖေကြီး အနားယူလိုက်ဦးမယ်။ ဖေကြီးအခန်းကို လိုက်ချင်လည်းလိုက်ခဲ့"

ယခုတော့ ကိုကိုကြီးက ခင်သတိုးကို ဘာမှပြောမနေတော့ပါ။ သူ့ရင်ထဲမှာ နာကြည်းနေဆဲပဲလား။ သို့မဟုတ် လျစ်လျူရှုလိုက်သလား။ သူမ မဝေခွဲတတ်ပါ။

သားအဖနှစ်ယောက် ခမ်းနားသည့်လှေကားတစ်လျှောက် တရွေ့ရွေ့တက်သွားသည်ကို ငေးမျှော်ကြည့်ရင်း ခင်သတိုးရင်ထဲမှာ သူမတို့တစ်ကမ္ဘာစီ ဝေးကွာသွားခဲ့ကြသည်။ သူမက မြေပြင်မှာကျန်ခဲ့ပြီး သူက ကောင်းကင်သို့ တရွေ့ရွေ့တက်သွားခဲ့လေပြီ။

သူမ၏အနားမှ သက်ပြင်းရှိုက်သံသဲ့သဲ့ကိုကြားလိုက်ရမှ ခင်သတိုးလှည့်ကြည့်ဖြစ်သည်။ စိုစွတ်သောမျက်ဝန်းများကြောင့် သူမ ဖသက်ကို ကောင်းစွာမမြင်ရ။



www.burmeseclassic.com

www.burmeseclassic.com



''ဒီမြေဟာ ကျွန်တော့်အတွက် မွန်းကျပ်လိုက်တာဗျာ။ ကမ္ဘာ မြေကြီးတစ်ခုလုံး ကိုယ့်အပေါ်ပြိုကျလာသလိုပါပဲ''

''စိတ်ချမ်းသာအောင်နေပါ ဗသက်ရယ်၊ ကျွန်မ ရှင့်ကိုခံစား တယ်။ တကယ်က ကျွန်မအဖြစ်ကမှ မရှုသာမရှုကြသာ''

ကိုယ့်အဖြစ်တွေ သူမသိသေးတာ သတိရသွားသဖြင့် ခင်သတိုး စကားကိုရပ်ပစ်လိုက်၏။ ထိုစဉ် လင်းလင်း သူမတို့အတွက် ကော်ဖီ လင်ဗန်းလေး ယူလာခဲ့သည်။

''မမခင်သတိုး အရမ်းလှလာတယ်၊ ခုမှအသက်ဝင်လာသလို ပဲ။ အစက အရုပ်ကလေးနဲ့ပဲတူတာ''

လင်းလင်း၏ပဋိသန္ဓာရစကားကို ခင်သတိုး မချိုပြုံးဖြင့် တုံ့ပြန် မိသည်။

ဒါပေမဲ့ လောကထဲမှာ ငါမပျော်တော့ပါဘူးကွယ်။

''ကိုကိုကြီးတို့သားအဖဆီလည်း စားစရာတစ်ခုခု သွားပို့လိုက် ပါဦး''

''ဟုတ်ကဲ့. . . အေမီသွားပို့ပါလိမ့်မယ် မမ၊ လင်းလင်းကို ခွင့် ပြုပါဦး''

ဗသက်ကိုတိတ်တခိုးကြည့်ရင်း လင်းလင်း မီးဖိုထဲသို့ပြန်ဝင်သွား ခဲ့သည်။ နံနက်ဆယ်နာရီခန့်ရှိပြီမို့ နေ့လယ်စာအတွက် သူတို့အလုပ်ရှုပ် နေကြပေလိမ့်မည်။

''ကိုဗသက်နေရမယ့်အခန်းကို အငယ်လေး ပြင်ပြီးပါပြီရှင့်''

တစ်နေရာမှထွက်လာသည့်အငယ်လေး၏စကားကြောင့် ဗသက် ထရပ်လိုက်ပါသည်။ သူ့လက်ထဲမှာ ကျောပိုးအိတ်ကိုဆုပ်ကိုင်လျက်





''မခင်သတိုးက အပေါ်ထပ်မှာဟုတ်လား။ ကိစ္စရှိရင် ကျွန်တော့် ဆီပြေးလာခဲ့နော်။ ဒါမှမဟုတ်ကလေးသေနတ်ကလေးကို ဖောက်လိုက်''

''မစိုးရိမ်ပါနဲ့ရှင်၊ သေနတ်သံကြားလို့ တစ်မြို့လုံး ထိတ်လန့် တုန်ကြပါဦးမယ်။ ဗသက် စိတ်ချမ်းသာအောင်နေပါနော်။ ဘုရားတွေ ဘာတွေလည်း ဖူးဦးမလား။ အခြေအနေတွေကောင်းရင် သမီးနဲ့ကျွန်မ လိုက်ပို့ပါ့မယ်''

''နေပါစေဗျာ၊ ကျွန်တော် ရန်ကုန်ကိုနှံ့စပ်ဖူးပါတယ်။ ကျောင်း တက်တုန်းက လေးနှစ်တောင် နေခဲ့ရတာပဲ။ ပြီး. . . ကျွန်တော် မခင် သတိုးကိုစောင့်ရှောက်ဖို့ လိုက်လာတာပါ။ အပျော်ခရီးထွက်လာတာ မဟုတ်ပါဘူး။ လိုတာရှိရင် ကျွန်တော့်ကိုခိုင်းပါနော်။ ကျွန်တော် အဲဒီ အခန်းလေးထဲကနေ အချိန်ပြည့် မခင်သတိုးရဲ့အသံကို နားစွင့်နေမယ်''

နှစ်ဝင်သွားသည့်အသံကြောင့် ခင်သတိုး သဲကွဲစွာမကြားရသော် လည်း သူ့ဆိုလိုချက်ကို နားလည်လိုက်ပါသည်။

ဗသက်ဝင်သွားသည့်အခန်းကလေးကို တစ်ချက်ကြည့်ပြီးနောက် ခင်သတိုး အပေါ်ထပ်သို့တက်ခဲ့ရသည်။

▣▣▣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၈)

"ကဲ! မင်းပြဿနာကို ဘယ်လိုရှင်းမလဲ"

"ရှင်. . ."

သမီးအခန်းထဲမှာ သူပါရှိနေသဖြင့် ခင်သတိုး သမီးဧ[cut off]ခန်းလေးအတွင်းသို့ ဝင်ရောက်ငေးငေါင်နေစဉ် ကိုကိုကြီး ရောက်ရှိ[cut off]ခဲ့ခြင်းဖြစ်သည်။

"အူကြောင်ကြောင်ရုပ် လုပ်မနေပါနဲ့။ သမီးကို မင်း ငါးသ[cut off]နဲ့ရောင်းစားလိုက်ပြီး ပိုက်ဆံလည်းမရဘာမရဆိုရင်တော့ ရှုံးစ[cut off]အထင်လွဲတာပဲ မင်းအဖတ်တင်မှာပေါ့"

ရင်ထဲမှာ နာကြည်းလွန်းသဖြင့် သူ့စကားများက ခင်သတို[cut off]ကို ထပ်မံမချေမွနိုင်တော့။

"ရှင် ကျွန်မကိုစော်ကားလွန်းလှပြီ။ မမကြီးဟာ ဘယ်လို[cut off]ပတ်နဲ့စပ်တယ်ဆိုတာ ရှင်သိရဲ့နဲ့ ကျွန်မအပေါ် ထောင်ချောက်ဆင[cut off]တာကို ရှင်ယုံသလား။ ပြီး. . . ကျွန်မ ရှင့်ရှုံးစားမဟုတ်ဘူး။ မ[cut off]တပတ်မလုပ်နဲ့"





"အေးပေါ့ကွာ. . . နောက်က ခွေးလိုတကောက်ကောက်လိုက်ပါနေတဲ့ကောင်ကလည်း ရှိနေတော့ မင်းဘဝမြင့်ချင်စရာပေါ့။ ပြောလိုက်ပါရဲ့နော်၊ စိတ်ကူးတွေလည်း လွဲချော်နေပါဦးမယ်။ အဲဒီကောင်မှာရှိတဲ့ ညည်းစိမ်ဥစ္စာအားလုံးဟာ ကိုယ်စီးနေတဲ့ကားတစ်စီးစာတန်ဖိုးမရှိဘူးဆိုတာလည်း သတိရဦး။ ကိုယ်သာဆို တောသားတစ်ယောက်ရဲ့ အဂ္ဂမဟေသီတောင်ညာစံဒေဝီဖြစ်ရတာထက် ရှင်ဘုရင်တစ်ယောက်ရဲ့ ရံရွှေတော်ပျော်တော်ဆက်ပဲ လုပ်မှာပေါ့"

"သမီးရော. . . သမီးကိုဘယ်မှာထားခဲ့သလဲ"

"စိတ်ချ! သမီးကို အငယ်လေး နေ့လယ်စာကျွေးဖို့ လာခေါ်သွားတယ်"

"ဒါဆိုရင် သမီးကို ကျွန်မ ငါးသိန်းနဲ့ရောင်းမစားခဲ့ကြောင်း မမကြီးရှေ့မှာ ဖြေရှင်းမယ်။ တစ်ခုတော့ရှိတယ်နော်၊ မမကြီးက ပြောင်ကျကျုံးကွယ်နေရင်တော့ ကျွန်မ သူ့ကိုသတ်ပစ်ရလိမ့်မယ်။ အဲဒီပြဿနာရှင်းသွားရင် ကျွန်မ ဒီအလုပ်ကထွက်ပြီ"

သူက စာသင်ခန်းတံခါးကို လှည့်ပိတ်လိုက်သေးသည်။ ပြီးမှ ခင်သတိုးထံ တန်းတန်းမတ်မတ်လျှောက်လာခဲ့၏။

"ကိုယ့်ကို ဒီလိုလုပ်လို့ ဘယ်ရမလဲကွာ။ မင်းကို ဘယ်ပြန်လွှတ်နိုင်မလဲ။ ပြောခဲ့ပါပကော. . . လက်ထပ်ခြင်းကလွဲလို့ ကိုယ့်မှာရှိသမျှ ညည်းစိမ်ဥစ္စာတွေအားလုံးကို မင်းကြိုက်သလို လုပ်ခွင့်ရမယ်လို့။ ဘယ့်နှယ်လဲ"

ကိုကိုကြီးက ယုပ်နေကျအလုပ်တစ်ခုကို လုပ်နေသည့်နှယ် သူမကို ဆွဲယူပွေ့ဖက်ပြီး ကျွမ်းကျင်စွာနမ်းလိုက်သည်။ ခင်သတိုး ခေါင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



မှုးနောက်လာကာ သူ့လက်ထဲမှာ ပျော့ခွေပုံကျလုမတတ်။

ပင်လယ်ရွာမှာနေခဲ့တုန်းက ဘာမှမဖြစ်ဘဲ၊ ယခုကျမှ တစ်
ဖြစ်ရတော့မလား။

"ကျွန်မကိုလွှတ်ပါ၊ ခေါင်းတွေအရမ်းမူးတယ်"

ဒီတော့မှ သူမ၏ဒဏ်ရာကို သူသတိရသွားပြီး ကြည့်လိုက်
သည်။

"ဆောရီးကွာ. . . ကိုယ်အသည်းယားလာလို့ပါ။ ကဲ! ဒါဆိုလည်း
ဆေးခန်းတစ်ခုခုသွားရအောင်"

"နေပါစေတော့၊ ကျေးဇူးပြုပြီး ရှင် ကျွန်မကိုထားခဲ့ပါ။ ပြဿနာ
တွေ ဘာမှမရှင်းရသေးခင် ကျွန်မကို စကားလုံးတွေနဲ့လည်း မနှိပ်စက်
နဲ့၊ လူကိုလည်း မနှိပ်စက်ပါနဲ့။ ကျွန်မ အနားယူပါရစေ။ ရှင်သွားပါတော့
နော်"

"မင်းဟာ အရူးပဲ၊ အသည်းနှလုံးမရှိတဲ့အရူး"

ကိုကိုကြီးထွက်သွားမှပင် ခင်သတိုး စာကြည့်ခန်းလေးထဲ
ကောင်းစွာအနားယူဖြစ်ခဲ့သည်။

မမကြီးနှင့်စာရင်းရှင်းဖို့အတွက် သူမ အားမွေးရပါဦးမည်

⊡

ခင်သတိုး အိပ်ပျော်နေရာမှ နိုးလာသောအခါ စာသင်ခန်း
က အထူးပင်တိတ်ဆိတ်နေခဲ့သည်။ မြို့ထဲမှ အော်ဂင်နာရီသံတစ်ခု
လိုက်ရသည်ကြောင့် ညနေငါးနာရီပင် ရှိပြီဖြစ်ကြောင်း သူမ သိရှိရသည်
ခေါင်းမှဒဏ်ရာနှင့် ခရီးပန်းမှုတို့ကြောင့်တစ်ကြောင်း ခင်သတိုး ကော





မှာ အိပ်ပျော်သွားမိခြင်းဖြစ်သည်။

အလို! ဗိုက် ဘယ်လိုနေမလဲ။ လောလောဆယ် ဗိုက်က
သူမ၏ပြဿနာဖြစ်သည်။ ရေမိုးချိုးအဝတ်အစားလဲဖို့ ခင်သတိုး နှစ်
ယောက်အတူနေခဲ့ရာ ရွှေစင်မြင့်ခေါင်၏အခန်းသို့ သွားရသည်။

"အို. . ."

သမီးအခန်းထဲမှာ ကိုကိုကြီးကိုပါတွေ့ရသဖြင့် ခင်သတိုး စိတ်
ညစ်ညူးသွားသည်။ သူက သရော်တော်တော်အပြုံးဖြင့် နှုတ်ဆက်သည်။

"ဘယ့်နှယ်. . . တကယ်အိပ်ပျော်သွားတာလား၊ မမကြီး ၁၁
နာရီလောက်က ပြန်လာသေးတယ်"

"ကျွန်မကိုနိူးရောပေါ့၊ သူက ဘာပြောသေးလဲ"

"မသိဘူးလေ၊ မင်း သူနဲ့မျက်နှာချင်းမဆိုင်ချင်ဘူးလားလို့"

"ဘာရှင့်!. . . ကိုကိုကြီးစကားတွေ သိပ်တရားလွန်လာပြီနော်။
အဖြစ်အပျက်တစ်ခုကို တစ်ဖက်သတ်ဆုံးဖြတ်တာ ပညာရှိမဟုတ်ဘူး"

"ရှူး. . . သမီးကြည့်နေပြီ"

ရထားတွဲလေးဖြင့် ဆော့ကစားနေသည့်သမီးက ခင်သတိုးတို့
နှစ်ယောက်ကို စူးစမ်းမော့ကြည့်နေသဖြင့် သူမ ကိုယ့်ဒေါသတွေကို ပြန်
မြိုချရပြန်သည်။

"ကဲ. . . ထမင်းလေးဘာလေး မဆာဘူးလား။ ခုညနေစာတော့
စားဖြစ်အောင်စားရမယ်"

"စားမှာပေါ့၊ ဒါပေမဲ့ ကျွန်မ ရေချိုးရဦးမယ်။ သမီးရော ရှင်
ရေချိုးပေးထားသလား"

"သမီးက ကိုယ့်ဘာသာချိုးတယ်၊ သမီး ကိုယ့်အားကိုးကိုး



www.burmeseclassic.com

www.burmeseclassic.com



တတ်နေပြီ''

"ကောင်းတာပေါ့၊ ကလေးထိန်းငှားစရာမလိုတော့ဘူးပေါ့။ တစ်လ ငါးသောင်းဆိုတဲ့ငွေ မကုန်တော့ဘူး''

ခင်သတိုး သူ့ကို စကားအကောင်းမပြောချင်၊ ရင်ထဲမှ နာကြည်းမှုကြောင့်ပေလော မသိ။

သားအဖနှစ်ယောက် အောက်ထပ်သို့ ဆင်းသွားကြတော့မှ ခင်သတိုး ရေချိုး၊ အဝတ်လဲလိုက်သည်။ ကြုံသလိုဆွဲဝတ်လိုက်ပေမယ့် ပန်းနုရောင်ဖျော့ဖျော့ဝတ်စုံက သူမနှင့်လိုက်ဖက်နေပြန်သည်။

ထမင်းစားခန်းထဲမှာ မမကြီးနှင့်တွေ့ရမလားမသိ။ သူမရင်ခုန်သံတွေ မြန်နေတာတော့အမှန်။ ပြဿနာက ရောမပြဿနာကြီး။ ကိုယ်ကျင့်တရား၊ ဂုဏ်သိက္ခာ၊ အားလုံးနှင့်လဲလှယ်ရမည့်ပွဲ။ မမကြီး ဖြောင့်မတ်မည်မထင်။ အဘယ်သူကရော လူလယ်ခေါင်မှာ ကိုယ့်အထုပ်ကိုယ်ဖြည်ပြမည်နည်း။ ခင်သတိုး မမကြီးကိုမငဲ့နိုင်ပါ။

ကိုယ့်အကျိုးတရားအတွက် သူတစ်ပါးကို ခုတုံးလုပ်သူ၊ လိမ်လည်လှည့်ဖျားသူဟာ သူရဲဘောကြောင်တဲ့အတ္တသမားစစ်စစ်ပဲ။

မကျေနပ်စိတ်များဖြင့် ခင်သတိုး ထမင်းစားခန်းထဲသို့ ဝင်လာခဲ့သည်။ ထမင်းစားပွဲမှာ မမကြီးကိုမတွေ့ရ။ ကိုကိုကြီး၊ ဗသက်နှင့်သမီးကိုသာ တွေ့ရသည်။

ကိုကိုကြီးက စားပွဲထိပ်မှာ နေရာယူထားပြီး သူ့ညာဘက်မှာ သမီးနှင့်ဗသက်တို့ ဆက်တိုက်နေရာယူထားကြပါ၏။ ခင်သတိုးဝင်လာသည်နှင့် ကိုကိုကြီးက သူ့လက်ဝဲဘက်မှာ ညွှန်ပြထိုင်စေသည်။

"ဟင့်အင်း. . . အဲဒါ မမကြီးနေရာပဲ၊ ကျွန်မ မထိုင်ဘူး''





ပြောသော်လည်း သူက ဖွတ်တရွတ်ပင် ထိုင်စေ၏။ သူ့စကားကို မနာခံလျှင် ယခုပင် သတ်တော့မည့်ရုပ်နှင့်။

"ဒီတစ်ခါတော့ မရဘူး၊ မမကြီးအလာကို ကျွန်မ တစ်ညလုံး ထိုင်စောင့်မယ်''

"ထားလိုက်စမ်းပါကွာ၊ အဲဒီပြဿနာက အေးအေးရှင်းလည်း ရပါတယ်။ အခု ထမင်းသာဖြောင့်အောင်စားစမ်းပါ''

"မထားနိုင်ပါဘူး၊ ဒါ ရောမပြဿနာကြီးပဲ''

"ကဲကဲ. . . မင်းသဘောပါ၊ ခုတော့ ထမင်းစား၊ ကိုဗသက်စားဗျာ။ ခင်ဗျားတို့ရွာလောက်တော့ အစားအသောက်တွေက မလတ်ဆတ်ဘူး''

ထမင်းဝိုင်းမှာ အထူးပင် တိတ်ဆိတ်လှသည့်ဗသက်ကို ခင်သတိုး ယခုမှလှမ်းကြည့်ဖြစ်သည်။ ဗသက်အသွင်က ကြေကွဲညှိုးငယ်၊ ဆို့တင်ကဲအသွင်။

"ဗသက်. . . စားလေ''

ခင်သတိုး တစ်ချက်ပြုံးပြလိုက်မှ ဗသက် အနည်းငယ်စိတ်သက်သာရာ ရသွားသည်။

"ကျွန်တော် မနက်ပြန်မှနဲ့တူတယ်၊ မခင်သတိုး ကျွန်တော် ဖိုးကြီး လူပေါကြီးဖြစ်နေပြီနဲ့တူပါရဲ့ဗျာ''

"ဟာ! ဘယ်က ပိုရ ပေါရမှာလဲ၊ ဗသက်. . . ရှင် ကျွန်မအတွက် လိုအပ်ပါတယ်။ ကျွန်မ ဒီအိမ်မှာ ပြဿနာလေးတွေရှင်းပြီးရင် မြန်အောင်ကို ရှင့်စက်လှေနဲ့ပို့ပေး။ ရန်ကုန်မြစ်ကနေ ဧရာဝတီမြစ်ကို ဆန်တက်မယ်။ ကျွန်မ မေမေ့ဆီပြန်တော့ ရှင်ပို့ပေးမယ်မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



ဗသက်က အားတက်သရော ခေါင်းညိတ်သည်။ ကိုကိုကြီးက တော့ စိတ်ဆိုးမာန်ဆိုးဖြစ်နေပုံရ၏။

''မိန်းမဆိုတာ ဝက်နဲ့တဲ့ဗျ။ ရှေးစာဆိုတွေ ပြောခဲ့ဖူးတာ။ အဲဒီမှာ စက်လှေတစ်စီးနဲ့ ကမ္ဘာသာ ပတ်ကျန်ခဲ့ကြပေတော့''

လူလိမ္မာအမျက် အပြင်မထွက်ဆိုပေမယ့် ကိုကိုကြီးက သိသိ သာသာပင် ထိုးနှက်တိုက်ခိုက်ခဲ့ပြီး ထမင်းစားပွဲမှ ထသွားလေတော့ သည်။ သူထသွားတော့ သမီးကလည်း ငိုမဲ့မဲ့ဖြင့် စားလက်စ ပွန်းခတ် ရင်းတို့ကိုချပြီး မတ်တပ်ရပ်သည်။ ခင်သတိုး မနေသာ။

''စားလေ သမီး၊ ဒီတစ်ပန်းကန်လေးတော့ ကုန်အောင်စား လိုက်နော်''

''ဦးမြင့်ခေါင်တစ်ယောက်ကလည်းလေ၊ သူ့သမီးကိုတော့ ငဲ့ ဖို့ကောင်းပါတယ်''

ထမင်းဝိုင်းမှာ သူမနှင့်ဗသက်သာ ကျန်ခဲ့သည်။ သမီးက ခင် သတိုး တားရှ်မရ။ သူ့ဖခင်နောက်သို့သာ အပြေးလိုက်သွားခဲ့သည်။ မကြာမီ ကားထွက်သွားသံ ကြားလိုက်ရ၏။

''သူ သူ့သမီးကို အများကြီးငဲ့ပါတယ်၊ သူဟာ ကမ္ဘာပေါ်မှာ သမီးကိုအချစ်တတ်ဆုံး ဖခင်တစ်ယောက်ပါ ဗသက်ရယ်''

ခင်သတိုး၏အသံက နာကျင်အက်ကွဲနေတော့ ဗသက် ထိတ် လန့်စွာ မော့ကြည့်မိသည်။ သူမတို့ဟာ ဘာတွေလဲ။ ဘယ်လောက်ထိ နက်ရှိုင်းနေကြသလဲ။

'မခင်သတိုး''

ဗသက်၏ညည်းညူသံက ဒဏ်ရာရသားကောင်၏အသံနှယ်။





စားလက်စထမင်းကိုပင် လက်စမသတ်နိုင်တော့အောင် သူမ ၏နှလုံးသားတွေ ခါးသည်းလာသောအခါ နာကျင်ပြုံးတစ်ခုဖြင့် ဗသက် ကို နှုတ်ဆက် ထွက်ခွာလာခဲ့မိပါသည်။

◙◙◙



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၁)

ကျောက်ဖြူဝရန်တာနိမ့်နိမ့်လေးမှာ လရောင်ဖြင့် လင်းဖြာ လှပလျက်။ ခြံထဲမှ စံပယ်ရုံကလေးကိုလည်း လှမ်းမြင်နေရသေးသည်။ ပန်းရန့်တို့ဖြင့် လင်းမွှေးလှပနေသော်လည်း ခင်သတိုးမှာ မျက်ရည်လည်ရွဲ။

သူမ ယခုစောင့်နေတာ မမကြီးကိုလား။ ယခုတိုင် ပြန်ရောက်မလာကြသေးသည့် ကိုကိုကြီးတို့သားအဖကိုလား။

ဘဝသည် အချည်းနှီးပါပဲ။ နာကြည်းဖွယ်ကောင်းပေစွ။

ကြည့်စမ်း! သူမ အသက်တမျှ တိတ်တခိုး ချစ်ကြင်စွဲလန်းခဲ့ရသူကလည်း အနှစ်မဲ့လူသားတစ်ယောက်သာဖြစ်ခဲ့သည်။

သူ့ကိုယ်သူချစ်သည့်အတ္တနှင့် သမီးကိုချစ်သည့်အတ္တများကြားမှာ ပန်းကလေးတွေကို လောင်မြိုက်ကြွေလွင့်စေခဲ့သူ။

မမကြီးကရော. . . သူတို့ယန္တယား၊ သူတို့လမ်းကြောင်းမှာ သူမ၏ဘဝကို ချုနင်းခဲ့သူ။ ဂုဏ်ပကာသနအသိုင်းအဝိုင်းဆိုတာ ကိုယ့်အတ္တအတွက်ပဲ လောင်မြိုက်နေတတ်ကြသူလား။



ဟင်! သူမကရော လောကအကျိုး လူသားတွေရဲ့အကျိုးကို မဆောင်ရွက်ဘဲ ကိုယ်ပိုက်ဆံရလိုမှုသက်သက်အတွက် ဒီအသိုင်းအဝိုင်းမှာ တွယ်ကပ်နေခဲ့တာပေ့ါ။

ကမ္ဘာလောကကြီးတစ်ခုလုံး ရုတ်ခနဲမည်းမှောင်သွားသလို သူမ ခံစားလိုက်ရသည်။ အသေးအဖွဲကိစ္စတွေနှင့် အချိန်ကုန်မခံတော့ဘူး။

ငွေအတွက် ဘဝကို မစတေး. . .

ထို့အတူ အချစ်အတွက်နှင့်လည်း ဘဝကို အသိမ်ဖျင်းမခံနိုင်တော့။

ယခုမှ ခင်သတိုး ဘဝင်ကျ နေသာထိုင်သာရှိသွားစဉ် အိတ်ထဲမှ နိုးလို့ခုလုအရာလေးကို ဆွဲထုတ်ကြည့်မိပြန်ပါ၏။

“ဪ. . .”

ကလေးကစားစရာသေနတ်ကလေး။ ဗသက် ပေးခဲ့ဖူးသည့်ဒီသေနတ်ကလေးက မသိလျှင် တကယ့်မိန်းမကိုင် ပစ္စတိုသေနတ်ကလေးနှယ်။ ဂျင်းကုတ်ထဲမှာ ထည့်ထားသည့်အတိုင်း သေနတ်ကလေးက ရှိနေခြင်းဖြစ်သည်။

ညဆယ်နာရီခန့်ရှိနေပေမယ့်လည်း ကိုကိုကြီးတို့သားအဖရော၊ မမကြီးရော မည်သူမျှပြန်မလာကြသေး။ ထို့အတူ ခင်သတိုး အိပ်ရာမဝင်သေးပါ။ သူတို့နှင့်တွေ့ဆုံ၊ စာရင်းရှင်းပြီး မနက်ကျရင်တော့ ကိုယ့်မြို့ကို ပြန်တော့မည်။

လိပ်ပြာသန့်သန့်ဖြင့် ဘဝကို တစ်ကပြန်စမည်။ အလဟဿနေထိုင်မိခဲ့ခြင်းအတွက် လောကကြီးကို သူမ အလျော်အစားပြန်ပေးရမည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော!"

သည်စဉ် ခြံထဲသို့ မမကြီး၏ကား ပြန်ဝင်လာသဖြင့် ခင်သတိုး တစ်ကိုယ်လုံးတောင့်တင်းသွားသလို ခံစားလိုက်ရသည်။ သူမ အသင့် ပြင်ဆင်ထားမိ၏။

တွေ့ကြသေးတာပေါ့ မမကြီးရယ်...

ရှင့်ရဲ့မင်းသမီးမျက်နှာဖုံး၊ အတ္တမျက်နှာဖုံးကို ကျွန်မ ချွတ်ချပ် လိုက်မယ်။

လှေကားမှတက်လာသည့် မမကြီး၏ခြေသံက သူမကို ခုန်အုပ် တော့မည့် ကျားတစ်ကောင် နီးကပ်လာသည့်နှယ်။ မကြာမီ ကျောက်ဖြူ ဝရန်တာရှေ့သို့ မမကြီး ဘွားခနဲရောက်လာခဲ့သည်။ ဒါ သူထိုင်နေကျ ပဲလေ။

"မမကြီး"

ခင်သတိုး၏နာကျင် စူးရှသည့်အသံက မမကြီးကို တော်တော် ထိတ်လန့်သွားစေမည်။

"ခင်သတိုး"

"ဟုတ်တယ်...ကျွန်မပဲ။ ရှင် ဒီနေ့တော့ ကိုယ့်အပြစ်ကိုယ် ဝန်ခံရလိမ့်မယ်။ ဖြူစင်သန့်ရှင်းတဲ့ကျွန်မကို ရှင်ဘာကြောင့် ညစ်နွမ်းစေ ရတာလဲ"

"နင်ဘာတွေလာပြောနေတာလဲ၊ ငါတစ်လုံးမှလည်း နားမလည် ပါလား။ ဘာလဲ...မောင်ခေါင်နဲ့လိုက်သွားလို့ နင့်ဘဝ ပျက်လာခဲ့လို့ လား...ဟုတ်လား။ ဒီလောက်ချောမောလှပတဲ့ ရွှေမင်းသားလေးထက် ယောက်နဲ့ ဆယ်ရက်လောက် အပျော်ခရီးထွက်၊ ရွှေလည်တွဲလာခဲ့ရတာ





များ နင်က နာတယ်ထင်လို့လား"

အနားသို့ချဉ်းကပ်လာသည့်အတွက် မမကြီးထံမှ ခင်သတိုး ယစ် ရွှေရည်အနံ့ ရလိုက်သည်။

"မမကြီး ဘယ်လိုစကားပြောလိုက်တာလဲ။ ကျွန်မပြောနေတာ က ရှင် ကျွန်မကို ခုတုံးလုပ်လိုက်တဲ့ကိစ္စပဲ။ ကိုယ့်ယောကျ်ား ကိုယ်ပြန် လာစေချင်ရင်လည်း လိုက်ခေါ်ပါလား။ ခုတော့ သမီးကိုလာခိုးတဲ့ကိစ္စ မှာ ကျွန်မကပဲ ငွေငါးသိန်းနဲ့ လဲလှယ်ခဲ့သယောင်ယောင် ရှင်ဟာ တော် တော်အရှက်မရှိတဲ့မိန်းမကြီးပဲ"

"ဘာ...ဘာ...ဘာ"

တစ်ကိုယ်လုံး ဓာတ်လိုက်ခံရသည့်နှယ်၊ မမကြီးမှာ ဒေါသတွေ ဖြင့် တွန့်လိမ်သွားခဲ့၏။ သူ့ဒေါသတွေက ယမ်းပုံမီးကျသည့်နှယ်။

"ဟင်! နင်...နင်...စော်ကားလှချည်လား။ နင်ပဲ ငါးသိန်း နဲ့ လဲလိုက်ပြီးတော့"

မမကြီး ဇွေ့ဇွေ့ခုန်နေသကဲ့သို့ ခင်သတိုးလည်း မခံမရပ်နိုင် ဖြစ်ရပါသည်။ သူ့လောက်တော့ ဒေါသတွေ မထန်ပြင်း။

"အခု ဒီမှာ ဘယ်ကြားခံလူမှမရှိဘူး။ ရှင် အမှန်အတိုင်းပဲပြော၊ အရှက်မရှိ လိမ်ညာပြောနေတဲ့ရှင့်ကို ကျွန်မ သတ်မိလိမ့်မယ်"

"အောင်မယ်! နင့်လိုအစားကများ...ငါ့ကို"

ခင်သတိုးကို လျှပ်တစ်ပြက်ခုန်အုပ်၊ တွန်းချဖို့ မမကြီး ကြံစား တော့ သူမ ဉာဏ်ဆင်ရသည်။ ဂျင်းကုတ်ထဲမှ သေနတ်ကလေးကို ခင် သတိုး ဖျတ်ခနဲဆွဲထုတ်လိုက်သည်။

"ရှင် အခုရှေ့မတိုးနဲ့နော်၊ ကျွန်မ ရှင့်ကိုပစ်ချလိုက်မယ်။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



က ရှင်ထင်နေသလိုမဟုတ်ဘူး။ နွေယမင်းသေဆုံးမှုအတွက် စုံစမ်း အထောက်ကလွှတ်လိုက်တဲ့ ဒုရဲအုပ်ပဲ။ အခု ဒီရောက်တော့မှ ရှင်ဟာ နွေယမင်းတင်မဟုတ်ဘူး. . . ပုလဲနီကိုပါ သတ်ခဲ့တဲ့တရားခံမကြီးမှန်း သိ တော့တယ်။ ဒီဝရန်တာဟာ ရှင်လူသတ်နေကျ နေရာကြီးမဟုတ်လား"

တကယ်က ခင်သတိုး ရမ်းပစ်လိုက်သည့်မြားတစ်စင်းသာ ဖြစ် သည်။ သို့သော် အရက်မူးနေသည့်မမကြီးအတွက်မူ ကြောင်ရုပ်နှင့် ကြွက် သေတော့ပေမည်။

မမကြီးရဲ့မျက်လုံးကြီးများ အဆမတန်ပြူးထွက်လာပုံကတကယ် ပင် ကြောက်စရာကောင်းလှပါသည်။ ထိုအတူ သေနတ်ကိုလည်း သူ ကြောက်ပုံရ၏။

"နင် ငါ့ကိုမတရားမစွပ်စွဲနဲ့"

"မတရားစွပ်စွဲတာ မဟုတ်ဘူး။ အခု ကျွန်မ သဲလွန်စတွေ အကုန်ရထားပြီ။ လူသတ်မှုနှစ်မှုနဲ့ ရှင်ထောင်ကျဖို့သာပြင်ပေတော့။ ရှင် က ကိုယ့်မတ်ကိုကြိုက်နေတဲ့ မိန်းမကြီးမဟုတ်လား။ ရှင်တို့နှစ်ယောက် တိတ်တခိုးညားနေတာလည်း ကျွန်မမြင်ခဲ့တာပဲ။ ရှင်တို့ရဲ့ မယားမယား များတဲ့ပွဲမှာ ကြားကမိန်းကလေးတွေ သေကြေရတာတော့ စိတ်မကောင်း စရာပဲ"

ခင်သတိုး၏စကားကြောင့် မျက်လုံးကြီးပြူးနေသည့် မမကြီး တဟင်းဟင်းရယ်လိုက်သည်။ ဒီမိန်းမကြီး အနည်းငယ်ရူးသွပ်နေပြီလား ပင် မသိ။

"နင် ဒီတစ်ခုတော့ မှားတယ်။ မောင်ခေါင့်ကို ငါဘယ်တုန်းက မှ မပိုင်ဆိုင်ခဲ့ရဖူးဘူး။ သူ့ကို ဘယ်လိုဖြားယောင်းခဲ့ ဖြားယောင်းခဲ့ ငါ ဘယ်တုန်းကမှ မအောင်မြင်ခဲ့ပါဘူး။ သူ့ကို ငါ ဟိုး. . . ငယ်ငယ်လေး ကတည်းက အသည်းပေါက်မတတ် ချစ်ခဲ့တယ်။ သူကတော့ ငါ့အပေါ် တကယ့်အစ်မအရင်းလိုပဲ သဘောထားခဲ့တာ။ ဒီတော့ သူ့သိပ်ချစ်တဲ့ မိန်းမတွေကို ငါမုန်းတာ ဆန်းသလား။ နွေယမင်းက ငါ့ညီမပဲ၊ ငါမသတ် ခဲ့ပါဘူး။ တစ်ယောက်တစ်ခွန်း စကားများရင်း သူ့ဒေါသနဲ့သူ ပြုတ်ကျ သွားခဲ့တာပါ။ ပုလဲနီကိုတော့ ငါးမိနစ်လောက် မီးပျက်သွားတုန်း ဆေး ခတ်လိုက်တာပဲ။ သူ့အနားမှာ ပုလဲနီသေဆုံးသွားတော့ ငါကပဲ မသိချင် ယောင်ဆောင်ပြီး ဖျောက်ဖျက်ပေးလိုက်တယ်လေ"

"ဒါဆို သူက ရှင့်ကိုကျေးဇူးတင်ရမှာပေါ့။ ဘာဖြစ်လို့ ထွက် ပြေးသွားရတာလဲ။ ကျွန်မတို့ကိုရော ဘာလို့ ရှင်က ဖမ်းဆီးခဲ့ရတာလဲ"

"ဟဲဟဲ. . . ဒီနေ့ကတော့ နင်ရော ငါရော ဒီလောကမှာ မရှိ မှုဖြစ်မယ့်နေ့ပဲ။ ငါလည်း မသေခင် ရင်ဖွင့်သွားချင်တယ်။ နင်လည်း မသေခင် နားထောင်သွားလိုက်ပေတော့။ မောင်ခေါင်က တွေဝေတတ် သူပဲ၊ နှလုံးသားကလည်း ပျော့ညံ့လိုက်သေးတယ်။ ပုလဲနီကိစ္စနဲ့ပတ် သက်ပြီး ထိတ်လန့်ကြောက်ရွံ့ ရှောင်ထွက်ပြေးရုံမက၊ ငါ့ကိုလည်း အထင် လွဲလိုက်သေးတယ်လေ"

"တကယ်လည်း ရှင့်လက်ချက်ပဲဟာ၊ ရှင် ဒီလောက် သူ့ကို ချစ်နေရင်လည်း ရှင်ပဲယူလိုက်ပါလား။ ဘာဖြစ်လို့ သူများတွေကို ဒုက္ခ ပေးနေရတာလဲ"

"နင်ပြောသလို မလွယ်လို့ပေါ့။ သူက အခု ငါ့ကိုမယုံတော့ ဘူးလေ။ သူ နင့်ကိုချစ်နေမှန်းသိလို့ ငွေငါးသိန်းနဲ့ အထင်လွဲအောင်လုပ် တာလည်း ငါ့လက်ချက်လို့ သူထင်နေတယ်။ ငါတို့ နွေလယ်က တွေ

www.burmeseclassic.com



ဆုံ ပေါက်ကွဲပြီးပြီ။ အခြေအနေမကောင်းဘူး။ သူ. . . သူ ငါ့ကိုထားခဲ့တော့မယ်။ အဲဒါ နင့်ကြောင့်. . . သိလား. . . အဲဒါ နင့်ကြောင့်''

အချစ်ရူးများသည် အလွန်ကြောက်ဖွယ်ကောင်းပေစွ။ မမကြီးသည် မျက်လုံးကြီးတလည်လည်နှင့် သူမထံ လက်ဆန့်တန်းလျက် တရွေ့ရွေ့ တိုးကပ်လာခဲ့သည်။ သူ့မှာ ဆင်ခြင်တုံတရားများ မရှိတော့ပြီထင့်။

"ရှင် ရွှေ့မတိုးနဲ့နော်၊ ရှင် အခုရပ်လိုက်။ ကျွန်မ ပစ်ထည့်လိုက်မယ်"

တဒင်္ဂရူးသွပ်နေသူကြီး၏လက်မှာ သူမ တစ်ခုခုဖြစ်သွားနိုင်သည့်မို့ ခင်သတိုး သေနတ်တစ်ချက် ပစ်ဖောက်လိုက်လျှင်တော့၊ ကစားစရာသေနတ်ကလေးက ဒိုင်းခနဲမြည်ပြီး မီးပွင့်သွားခဲ့၏။ သို့သော် အခြေအနေတွေကို မမကြီး သိနားလည်သွားပြီး တဟားဟားအော်ရယ်လျက် ခင်သတိုးကို ခုန်အုပ်လိုက်တော့သည်။

သူမ အလန့်တကြား ထိုင်ချလိုက်စဉ် အားခနဲ အသံနက်ကြီးကြားလိုက်ရပြီးနောက် ခင်သတိုးလည်း မူးနောက်ရီဝေ သတိလစ်သွားခဲ့လေတော့သည်။

◙

"အန်တီ. . . အန်တီ. . . အန်တီ"

ခင်သတိုးနားထဲမှာ အသံယာအချိုမြဆုံး ဆွဲလည်းသံလေးတစ်ခုကြောင့် သူမ ရုတ်တရက်လန့်နိုး သတိရသွားခဲ့သည်။

"ဟင်! သမီး"

"အန်တီ"





"ဟင်! သမီး. . . သမီး. . . စကားပြောနိုင်သွားခဲ့ပြီ ဟုတ်လား"

သူမ အလန့်တကြား ရုန်းထထိုင်လိုက်တော့၊ သူမကိုပွေ့ချီထားသူက ကိုကိုကြီးဖြစ်လို့နေပြန်သည်။ သမီးက သူတို့နှစ်ယောက်၏နံဘေးမှာ ပြုံးရွှင်ရယ်မောလျက်။ ဧည့်ခန်းဆိုဖာရှည်ကြီးပေါ်မှာ သုံးယောက်အတူ။

တစ်အိမ်လုံးလင်းအောင် ထိန်ထိန်ငြီးနေသည့် မီးရောင်များအောက်မှာ အိမ်သားတွေအားလုံး စုဝေးလျက်ရှိသည်။ ခင်သတိုး အခြေအနေတွေကို ရုတ်ချည်းသတိရသွားခဲ့သည်။

"မမကြီးရော. . . မမကြီး. . . သူ. . . သူ"

"သူ့အကုသိုလ်ကံနဲ့ သူပေါ့ကွယ်၊ သူကလည်း နောက်ဆုံးအချိန်မှာ သူ့အပြစ်အားလုံးကို ဖြောင့်ချက်ပေးခဲ့ပါတယ်"

"အခု မိုးလင်းတော့မှာလားဟင်၊ ကျွန်မ ဘယ်လောက်တောင်ရဲဘောကြောင်ခဲ့ပါလိမ့်။ အကြာကြီးပဲ သတိလစ်သွားနေခဲ့ရသလား"

သူမက ညည်းညူရင်း ရုန်းထွက်ဟန်ပြင်တော့၊ ကိုကိုကြီးက ဆိုဖာပေါ်မှာ အသာအယာ ဖေးမထိုင်ပေးခဲ့သည်။

"မင်းရဲ့ခေါင်းကသွေးတွေ ပြန်စိမ့်ထွက်နေတယ်လေ။ အားနည်းတာရော ထိတ်လန့်မှုတွေပါပေါင်းပြီး ရှော့ခ်ဖြစ်သွားတာပါ။ ကိုကိုကြီးဆမ်းဒေါက်တာနဲ့ခေါ်ပြီး ကုသပေးခဲ့ပြီးပါပြီ။ ကိုကိုကြီးတို့ကတော့ တစ်ညလုံး ရဲတပ်ဖွဲ့နဲ့ နပန်းလုံးနေရတာပေါ့ကွာ။ မင်းတစ်ယောက်ပဲ သက်တောင့်သက်သာ နားနေရတာ"

"အဲဒါတောင် ဖေဖေက အန်တီ့ကိုစိတ်မချလို့ အနားမှာထားတာသာ ကြည့်"

www.burmeseclassic.com



"သမီးက စိတ်မဆိုးဘူးလား အန့်တို့ကို"

ခင်သတိုး အခြေအနေတွေကို နားမလည်နိုင်ဖြစ်နေရသည်။ မမကြီး သေဆုံးသွားခဲ့ပြီလား။ ကျောက်ဖြူဝရန်တာလေးကို ခင်သတိုး ကြောက်ရွံ့ထိတ်လန့်မိပါသည်။

"ကိုကိုကြီးတို့သားအဖတွေ အခုနားလည်မှုရသွားကြပြီ။ ခင်သတိုး နောက်ဘယ်တော့မှ စိတ်မညစ်ရတော့ပါဘူး"

"ကျွန်မ ဘာမှနားမလည်ပါလားရှင်၊ ကျွန်မကိုရှင်းပြကြပါဦး ဗသက်ရော"

ကိုကိုကြီးက သူမ၏ဘေးမှာဝင်ထိုင်တော့ သမီးက ဖခင်ရှင် ခွင်မှာဝင်ထိုင်ပြီး ခင်သတိုးလက်ကို ဆုပ်ကိုင်ထားခဲ့သည်။

"သေနတ်သံကြားတော့ အိမ်သားတွေအားလုံး ပြေးတက်သွားကြတယ်။ ရဲကင်းကလည်း ဝင်လာခဲ့တယ်လေ။ မမကြီး ဝရန်တာက ပြုတ်ကျပြီးတဲ့အချိန်လောက်မှာပဲ ကိုကိုကြီးတို့သားအဖလည်း အိမ်ပြန်ရောက်ခဲ့တယ်။ သမီးက မမကြီးရဲ့ရုပ်ပျက်ဆင်းပျက်ကိုမြင်ပြီး အဆိုးထဲကအကောင်း. . . အော်ရင်းဟစ်ရင်း စကားပြန်ပြောလာနိုင်ခဲ့တယ်"

"သမီးအတွက် ကျွန်မ ဝမ်းသာပါတယ် ကိုကိုကြီး။ မမကြီး မသေခင် ဖြောင့်ချက်ပေးခဲ့တဲ့ကိစ္စတွေထဲမှာ ငွေငါးသိန်းကိစ္စရော ပါခဲ့သလား"

ခင်သတိုးအမေးကြောင့် ကိုကိုကြီး နာကျင်အိုစာသွားခဲ့သည်။

"သူမပြောခင်ကတည်းက ကိုကိုကြီး ဇဝေဇဝါအဆင့်ပဲ ရှိခဲ့တာပါ။ မင်းက ဗသက်ကို အရမ်းအားကိုးနေလို့ ကိုကိုကြီး မနာလိုဖြစ်ပြီး နှိပ်လိုနှိပ်စက်တွေပြောခဲ့မိတာ ခွင့်လွှတ်ပါကွယ်"





"ရပါတယ်၊ ကိုကိုကြီး သံသယတွေရှင်းသွားရင် ပြီးတာပါပဲ။ ကျွန်မကို မနက်ကျရင် ပြန်ခွင့်ပြုပါတော့။ သမီးအတွက်လည်း ကျွန်မ စိတ်အေးသွားပါပြီ။ သမီးပုံမှန်ပြန်ဖြစ်သွားခဲ့ပြီပဲ"

ကိုကိုကြီးက မျက်ရိပ်နှင့် နှင်ပေရော့ထင့်။ ညှော်ခန်းထဲမှလူများ အလျှိုလျှိုနှင့် ပျောက်ကုန်ကြပေသည်။ ခင်သတိုးအနားမှာ သူပဲရှိတော့သည်။

"ကိုကိုကြီးကို စိတ်ဆိုးမပြေသေးဘူးလား အချစ်ရယ်။ ဗသက်လည်း မနက်စောစောပဲ သင်္ဘောဆိပ်ကို ဆင်းသွားခဲ့ပြီ"

"သူနဲ့ကျွန်မက ဘာမှမဟုတ်သေးပါဘူး။ သူမရှိလည်း ကျွန်မ အိမ်ပြန်ရမှာပဲ။ ကျွန်မဘဝကို ကျွန်မဖန်တီးမယ်"

ကိုကိုကြီးက သူ့အနားမှ ခင်သတိုးကို သူ့ပေါင်ပေါ်သို့ ပွေ့ချီဆွဲယူခဲ့သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်၊ မင်းဖန်တီးတဲ့ဘဝထဲမှာ ကိုကိုကြီးနဲ့ သမီးကိုလည်း ပါခွင့်ပြုပါ။ လူ့လောကအကျိုးရှိတဲ့အလုပ်တွေ လောကထဲမှာ ပြည့်လို့ပါ။ သမ္မာအာဇီဝအလုပ်မှန်ရင် လောကကို အကျိုးပြုတာပါပဲ။ အခု ကိုကိုကြီးလေ. . . မင်းကိုခြွင်းချက်မရှိ အားလုံးပုံပေးနိုင်ပါပြီ"

"ဘာရယ်. . . ဘယ်လို"

"ဒီလိုလေ. . . လက်ထပ်ခြင်းရော ဘာရော. . . ကိုကိုကြီးရဲ့ ဘဝအစိတ်အပိုင်းအားလုံးကို မင်းကိုပုံပေးနိုင်ပါပြီ။ ကိုကိုကြီး မင်းကို လက်ထပ်ယူနိုင်ပါပြီ"

"သမီးကို ရှင်မငဲ့တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ခင်သတိုး၏စကားကြောင့် ကိုကိုကြီးက ရှက်ရွံ့စွာပြုံးပြီး သူမ ရင်ခွင်မှာ သူ့မျက်နှာကြီးကိုဝှက်၏။

"အခု သမီးနဲ့ကိုကိုကြီး ငြိမ်းချမ်းရေးရသွားပြီ။ အန်တီ့ကိုလက်ထပ်ခွင့်မရရင် ကျောက်ဖြူဝရန်တာလေးပေါ်က ဖေကြီး ခုန်ချမယ်လို့ ပြောလိုက်လို့လေ"

"အလကား . . . တကယ်ခုန်ချမှာလည်း မဟုတ်ဘဲနဲ့"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ အလုပ်ဖြစ်ဖို့သာ အဓိကပါ။ ကိုကိုကြီး ပန်းပေးပါတယ် အချစ်ရယ်။ တကယ်ပဲ အရှုံးပေးပါတယ်နော်"

ဖြန့်ထားသည့်သူမလက်ဖဝါးထဲသို့ ကိုကိုကြီးက တကယ်ပင် စံပယ်ပွင့်လေးတစ်ပွင့် ထည့်ပေးခဲ့ပါသည်။ ။

ကြယ်စင်မှူးဝေ

ဒီဇင်ဘာ ၂၀၁၄ တွင်
ဖတ်နိုင်ပါပြီ

**မမသန္တာမောင်**
ယုရယ် ... သူရယ် ... ကျွန်တော်ရယ်

**ကြယ်စင်မှူးဝေ**
ပန်းတွေပြုံတဲ့ရာသီ

**မယ်ခိုင်**
ရေစက်ခါး

**မိုးစက်ပွင့်**
ညယမင်းရဲ့ လမင်းကိုကို

**အလင်းသစ်**
ကိုယ့်သခင်

**ခေတ်ပါပြီ**
အမုန်းစက်ကွင်းဆီမှ လွှန်မြောက်၍

www.burmeseclassic.com